
www.burmeseclassic.com

သောင်းဝေဦး

ထင်ရှားကျော်ကြား ဗိုလ်ချုပ်ကြီးများနှင့်
သူတို့၏ တိုက်ပွဲကွပ်ကဲမှုများ အမှတ် (၅)

# ဗိုလ်ချုပ်ကြီးဝီလီယံစလင်း နှင့် မြန်မာပြည်တိုက်ပွဲစဉ်များ



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်ကြီးဝီလီယံစလင်းနှင့် မြန်မာပြည် တိုက်ပွဲစဉ်များ

## မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

### အခန်း(၁)
### ဝီလီယံစလင်းအကြောင်းတစေ့တစောင်း


၁။ နိဒါန်း ၁
၂။ စလင်း၏ငယ်ဘဝ ၂
၃။ အခြားအဆင့်မှသည် အရာရှိဘဝသို့ ၄
၄။ စလင်းနှင့် ပထမကမ္ဘာစစ်ကြီး ၅
၅။ စလင်းနှင့်အာရှတိုက်သားဂေါ်ရခါးများ ၈
၆။ စလင်းနှင့်ထူးခြားသော ဝါသနာတစ်ခု ၁၁




### အခန်း(၂)
### မြန်မာပြည်စစ်မြေပြင်သို့


၇။ ထိုစဉ်က မြန်မာပြည်အခြေအနေ ၁၅
၈။ ဝီလီယံစလင်းကို တာဝန်ပေးအပ်ခြင်း ၂၂


### အခန်း(၃)
### မြန်မာနိုင်ငံမှ ခွာစစ်ဆင်ရာဝယ်


၉။ ခွာစစ်နိဒါန်း ၂၇
၁၀။ ရွှေတောင်တိုက်ပွဲ ၃၀
၁၁။ ရွှေတောင်တိုက်ပွဲနှင့် စာရေးသူ၏သုံးသပ်ချက် ၃၅
၁၂။ ရေနံချောင်းတိုက်ပွဲ ၃၇
၁၃။ ရေနံချောင်းတိုက်ပွဲနှင့် စာရေးသူ၏သုံးသပ်ချက် ၄၉
၁၄။ ဗြိတိသျှတို့၏ခွာစစ်စီမံချက် ၅၁
၁၅။ ကျောက်ဆည်တိုက်ပွဲ ၅၅
၁၆။ မဟာမိတ်တို့၏ နောက်ဆုံးခွာစစ် ၆၀




www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)
## မဟာမိတ်တို့စစ်ရှုံးရသောအကြောင်းအရင်းများ


၁၇။ ကွပ်ကဲမှုအနေအထား ၇၂

၁၈။ ရည်ရွယ်ချက်ရွေးချယ်ခြင်းနှင့် ထိမ်းသိမ်းခြင်း ၇၃

၁၉။ အထက်မှ ညွှန်ကြားချက်များယွင်းခြင်း ၇၃

၂၀။ စစ်အတွက်အသင့်ပြင်ဆင်ထားမှုမရှိခြင်း ၇၄

၂၁။ စစ်လက်နက်ပစ္စည်းလုံလောက်စွာမရှိခြင်း ၇၅

၂၂။ လုံလောက်သော လေ့ကျင့်ရေးမရှိခြင်း ၇၆

၂၃။ သတင်းမရရှိခြင်း ၇၇

၂၄။ တပ်အင်အား လုံလောက်စွာမရှိခြင်း ၇၈

၂၅။ အုပ်ချုပ်ရေးနှင့် ထောက်ပံ့ရေး ညံ့ဖျင်းခြင်း ၇၈

၂၆။ ဒေသအလိုက်နေထိုင်သူများ ၇၉


## အခန်း(၅)
## ဗိုလ်ချုပ်ကြီးစလင်းနှင့် ရခိုင်တိုက်ပွဲစဉ်များ


၂၇။ ပထမမြောက် ရခိုင်တိုက်ပွဲစဉ် ၈၄

၂၈။ ဒုတိယမြောက် ရခိုင်တိုက်ပွဲစဉ် ၈၅




## အခန်း(၆)
## အင်ဖာကိုဟီးမားတိုက်ပွဲစဉ်များ


၂၉။ နိဒါန်း ၉၉

၃၀။ စစ်ဆင်မှုအစပိုင်း ၁၀၃

၃၁။ ဗြိတိသျှတို့၏ ခုခံကာကွယ်မှု ၁၀၅

၃၂။ ဗြိတိသျှတို့ အရေးသာလာခြင်း ၁၀၆

၃၃။ ဂျပန်တို့၏ နောက်ဆုံးထိုးစစ် ၁၀၇

၃၄။ စစ်ဆင်ရေးပြီးဆုံးခြင်း ၁၀၈


## အခန်း(၇)
## အင်ဖာတိုက်ပွဲများအပြီး နှစ်ဖက်တပ်မှူး အပြောင်းအလဲများ


၃၅။ ဂျပန်တပ်များ၏ အပြောင်းအလဲ ၁၁၁

၃၆။ မဟာမိတ်တို့ဘက်မှ အပြောင်းအလဲ ၁၁၃




www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)
## စလင်း၏မြန်မာပြည်သိမ်းစစ်ဆင်ရေး


၃၇။ စီမံချက်အိပ်က်စ် ဝိုင် ဇက် ၁၁၉
၃၈။ ယေဘူယျ အခြေအနေ ၁၂၁
၃၉။ ဒုတိယမြောက် ကွိဗက်အစည်းအဝေး ၁၂၅
၄၀။ မြေပြင်တပ်ဖွဲ့များနှင့် စစ်ဌာနချုပ်များကို ပြန်လည်ဖွဲ့စည်းခြင်း ၁၂၇
၄၁။ ချင်းတွင်းမှ ဧရာဝတီသို့ ၁၃၀
၄၂။ မူလစီမံချက် ၁၃၁


## အခန်း(၉)
## မိတ္ထီလာတိုက်ပွဲ


၄၃။ နှစ်ဖက်တပ်များ အခြေအနေ ၁၃၈
၄၄။ မဟာမိတ်တို့၏ မြန်မာပြည် ပြန်လည် သိမ်းပိုက်ရေး စီမံချက် ၁၄၁
၄၅။ ဂျပန်တို့၏စီမံချက် ၁၄၃
၄၆။ အင်္ဂလိပ်တို့၏ မိတ္ထီလာ တိုက်ပွဲစီမံချက် ၁၅၁





၄၇။ တိုက်ပွဲမတိုင်မီ အခြေအနေ ၁၅၆
၄၈။ မိတ္ထီလာသို့ ချီတက်ခြင်း ၁၅၈
၄၉။ ဆယ်ရွာ၊ သေယောက် ဒေသစစ်ဆင်ရေး ၁၇၄
၅၀။ ဥယျာဉ်ရွာတိုက်ပွဲ ၁၇၆
၅၁။ မိတ္ထီလာကို သိမ်းပိုက်ခြင်း ၁၈၂
၅၂။ ဂျပန်တို့၏ တန်ပြန်တိုက်စစ် ၁၉၃
၅၃။ တိုက်ပွဲ အရှုံးအမြတ် ၂၀၇
၅၄။ ကျင့်သုံးခဲ့သော နည်းဗျူဟာများ ၂၀၈
၅၅။ မန္တလေးမြို့သိမ်းတိုက်ပွဲ ၂၁၉


## အခန်း(၁၀)
## မြန်မာပြည်အလယ်ပိုင်းမှ သံချပ်ကာ စစ်ဆင်ရေးများ


၅၆။ တိုက်ပွဲအတွက်ဖွဲ့စည်းခြင်း (စစ်အင်္ဂါစဉ်များ) ၂၃၀
၅၇။ စစ်ဆင်ရေးများ ၂၃၂
၅၈။ မိတ္ထီလာတိုက်ပွဲ နှင့် မန္တလေးတိုက်ပွဲ ၂၄၀
၅၉။ သုံးသပ်ချက် ၂၅၁




www.burmeseclassic.com

www.burmeseclassic.com


အခန်း (၁၁)
ပျော်ဘွယ်မှ ရန်ကုန်သို့ချီတက်ခြင်း

အခန်း (၁၂)
ဗိုလ်ချုပ်ကြီး ဝီလီယံစလင်း၏ တိုက်ပွဲကွပ်ကဲမှုများ

၆၀။ နိဒါန်း ၂၈၁
၆၁။ စစ်အောင်ရာသော အကြောင်းကြီးများနှင့် ချိန်ထိုးသုံးသပ်ခြင်း ၂၈၃
၆၂။ စလင်းနှင့် ခံခွာတိုက်ချီစစ်ကဏ္ဍကြီးလေးရပ် ၂၉၃

အခန်း (၁၃)
ဝီလီယံစလင်းအပေါ်ရှုမြင်သုံးသပ်ချက်

၆၃။ စာရေးသူ၏ရှုမြင်သုံးသပ်ချက် ၃၀၇
၆၄။ နိဂုံး ၃၁၄




## စာရေးသူ၏အမှာ

ဒုတိယကမ္ဘာစစ်က မြန်မာပြည် စစ်မြေပြင် အကြောင်းရေးသွားကြသည့်စာအုပ်များထဲတွင် အပြည့်စုံဆုံးဟု ဆိုနိုင်သော စာအုပ်ကား "Defeat into Victory" "**အရှုံးမှ အနိုင်သို့**"ဆိုသော စာအုပ်ကြီးဖြစ်သည်ဟု ဖတ်ဖူး သူအတော်များများက ပြောကြသည်။ ကျွန်တော်လည်း ထိုသို့ယူဆပါသည်။

ရေးသူကား ဗိုလ်ချုပ်ကြီးဆာဝီလီယံစလင်း Field Marshal Sir William Slim ပင်တည်း။

ဒုတိယကမ္ဘာစစ်စဖြစ်ပြီး သိပ်မကြာမီ အရှေ့ဘက် စစ်မျက်နှာ၌ ဂျပန်က အင်္ဂလိပ်နှင့် အမေရိကန်ကို စစ်ကြေငြာကာ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



စသည့် နိုင်ငံများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်တိုက်တော့၏။ ဂျပန်က ဤသို့တိုက်လာလိမ့်မည်ဟု ထင်မထားသော အင်္ဂလိပ်နှင့် မဟာမိတ်တို့ တိုက်ပွဲတိုင်း အရေးနိမ့်ရတော့၏။ မြန်မာပြည်တိုက်ပွဲစဉ်များ၌လည်း ဂျပန်တွေ ဒေါနတောင်ကျော်ပြီး ကော့ကရိတ်စတိုက်မှ ဟာချပြီဟော့ ဆိုပြီး ပထမပွဲမှာပင် စစ်ဦးဘီလူးဂျပန်တို့ကို ဖျားသွားပြီး အင်္ဂလိပ်တို့ဒလကြမ်း ခွာစစ်ဆင်သွားကြရတော့၏။ ကော့ကရိတ်ပြီးတော့ မော်လမြိုင်။ မော်လမြိုင်ပြီးတော့ စစ်တောင်း၊စစ်တောင်း ပြီးတော့ ရန်ကုန်စသည့် အရေးကြီးတိုက်ပွဲများအားလုံးရှုံးပြီး အင်္ဂလိပ်တွေ မြန်မာပြည် စစ်မြေပြင်မှ ခွေးပြေးဝက်ပြေး ပြေးကြရတော့၏။

ပြေးပြီးရင်းနေကြသော အင်္ဂလိပ်တပ်တွေကို ထိမ်းရန်အိန္ဒိယတာဝန်ခံ ဗိုလ်ချုပ်ကြီးဝေဗယ်လ်နှင့် ဗြိတိသျှ နန်းရင်းဝန်ကြီးချာချီတို့ ခေါင်းခြင်းရိုက် တိုင်ပင်ကာ လူရှာကြရတော့သည်။ နောက်ဆုံးတော့ သွေးအေးအေး နဲ့တပ်ကို ထိန်းနိုင်မည့်သူ၊ သမာသမတ်ရှိသူ၊ ခွာစစ် ကျွမ်းကျင်သူတစ်ဦးကို အာဖရိကစစ်မြေပြင်၌ သူတို့ သွားတွေ့သည်။ချက်ချင်းပင် သူ့အား အာဖရိကမှ အိန္ဒိယသို့ ခေါ်ယူပြီး မြန်မာပြည်စစ်မြေပြင်သို့ စေလွှတ်၍ လေ့လာစေ





သည်။ ပြီးမှအကျိုးအကြောင်းကို ပြောပြသည်။ မြန်မာပြည်၌ အသစ်ဖွဲ့စည်းသော အမှတ်(၁) မြန်မာ့တပ်မကြီး၏ တပ်မမှူးကြီးခန့်လိုက်သည်။ ခွာစစ်ကို ဦးစီးခိုင်းသည်။ အမှန်မှာ ဘပ်ပျက်ဗိုလ်လုပ်ခိုင်းခြင်းသာဖြစ်၏။

တာဝန်ပေးခံရသူကား တစ်ခြားသူမဟုတ်ပါ။

Defeat into Victory စာအုပ်ကြီးကို ရေးသားခဲ့သည့် ဗိုလ်ချုပ်ကြီး ဆာဝီလီယံစလင်းပါပင်တည်း။

ဝီလီယံစလင်းသည် စစ်သားတစ်ဦးအနေဖြင့် သွေးအေး၏။ ပြဿနာရပ်များကို ခေါင်းအေးအေးနှင့် စဉ်းစားနိုင်၏။ဖြေရှင်းနိုင်၏။ လူတိုင်းနှင့် သင့်တင့်အောင် ပေါင်းသင်းတတ်၏။ ခင်တတ်မင်တတ်၏။လူ့ဂွစာ အမေရိကန် ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် တဲ့အောင်ပေါင်း၏။ စတီးဝဲလ်ကို လူတကာက မျက်မုန်းကျိုးနေချိန်၌ သူက အကောင်းမြင် သည်။ စတီးဝဲလ်နှင့်သာမကမိမိထင်ရာမြင်ရာကို ဖွတ်ရွတ် ပြောတတ်သည့် ဝင်းဂိတ်လိုလူမျိုးကိုလည်းသူ ထိမ်းနိုင်၏။ အဆင်ပြေအောင် သူစွမ်း ဆောင်နိုင်၏။ ကုန်ကုန် ပြောရလျှင် ကျွန်တော်တို့ မြန်မာခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း ကိုပင် သူကအတွေ့ခံပြီးစကားပြောခဲ့၏။ သူမေးသမျှ ဗိုလ်ချုပ်အောင်ဆန်းက မှန်မှန်ကန်ကန် ဖြေဆိုသည့် အခါ



www.burmeseclassic.com

www.burmeseclassic.com



သွားလာဆက်ဆံခဲ့လေသည်။ရလဒ်ကား ဂေါ်ရခါးများက စလင်းအားလူတစ်ယောက်အနေနှင့်သော်လည်းကောင်း၊ ရဲဘော်ရဲဘက်တစ်ဦးနေနှင့်သော်လည်းကောင်း အသိအမှတ်ပြုလက်ခံကြခြင်းဖြစ်ပေသည်။ ထိုလက်ခံမှုကား အပြန်အလှန် သစ္စာရှိကြပြီးသူတို့၏ မိသားစုဝင်အကြီးအကဲတစ်ဦးအဖြစ် မိဘသဖွယ်ချစ်ခင် လက်ခံခြင်းမျိုးဖြစ်ပေသည်။

ဤသို့သောသူ၏ ဆက်ဆံရေးကြောင့် တစ်ဦးမေတ္တာတစ်ဦးမှာဆိုသကဲ့သို့ ဂေါ်ရခါးများ၏တုန့်ပြန်မေတ္တာကိုရရှိခဲ့ရာ ဒုတိယကမ္ဘာစစ်၌ မြန်မာပြည်ကို ပြန်တိုက်ရမည့် အမှတ်(၁၄)တပ်တော်ကြီးကို သူကွပ်ကဲပြီး ဖွဲ့စည်းရာ၌ ဂေါ်ရခါးစစ်သားများသည် ထိပ်ဆုံးက ပါဝင်ခဲ့ကြလေ၏။ သူ့တပ်တော်တွင် အာရှတိုက်သားစစ်သားများ အများဆုံး ပါဝင်ခဲ့ကြလေသည်။

သူသည် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာ စစ်ကြားထဲတွင် အချိန်ကာလအတော်များများ ဂေါ်ရခါး စစ်သားများ အာရှတိုက်သားစစ်သားများနှင့်သာ အတူနေခဲ့ရလေသည်။





## စလင်း၏ထူးခြားသော ဝါသနာတစ်ခု

စလင်းသည် ကုန်သည်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်သော်လည်း အရောင်းအဝယ်လုပ်ငန်းကို လုံးဝ စိတ်မပါဘဲ စစ်သားဘဝကို ရဲဘော်အဆင့်မှပင် စတင်ဝင်ရောက်ခဲ့သူဖြစ်၏။ စစ်တိုက်ခြင်းကို သူ့ဘဝလိုခံယူ၍ တကယ့်စစ်သား အစစ်ဖြစ်၏။ စစ်တိုက်ခြင်းမှလွဲ၍ သူ့တွင် အခြားထူးခြားသော ဝါသနာတစ်ခုရှိ၏။ ထိုဝါသနာကား စာပေရေးသားခြင်းပင်တည်း။

၁၉၂၆ခုနှစ် သူ့အသက် ၃၃နှစ်တွင် လူပျိုကြီးစလင်းအိမ်ထောင်ကျတော့၏။ နှစ်နှစ်တစ်ယောက် ဇနီးသည်က ကလေးများ မွေးလေရာ စစ်တပ်က လစာမှလွဲ၍ အခြားဝင်ငွေမှမရှိသော စလင်းတို့မိသားစု၌ ငွေကြေးမလုံလောက်မှု ပြဿနာကြီးထွားလာခဲ့လေသည်။ ထိုအခါ စလင်းသည် စာပေရေးသားခြင်းဖြင့်သမာအာဇီဝ ဝင်ငွေရှာခဲ့ရတော့၏။

၁၉၃၀ခုနှစ်တွင် ဗြိတိသျှစာနယ်ဇင်းများတွင် ထည့်သွင်းဖော်ပြသော ဝတ္ထုတိုတစ်ပုဒ်အတွက် စာမူ ၁၅ [illegible] ရရှိပြီး ဆောင်းပါးတစ်ပုဒ်အတွက် ဂိနီ ၃၀ ခန့်ရရှိလေရာ



www.burmeseclassic.com

www.burmeseclassic.com



စလင်း၏အချိန်ပိုင်းစာရေးဆရာအလုပ်သည် သူ၏အပိုဝင်ငွေဖြစ်ပြီးလျှင်ငွေကြေးအခြေအနေမှာ အတော်အတန်ပြေလည်လာခဲ့သည်။ စလင်းသည်လည်း အောင်မြင်သော စာရေးဆရာဖြစ်ခဲ့လေ၏။

စလင်းသည် အင်သိုနီးမီးစ် (Anthony Mills) ဟူသော ကလောင်နာမည်ဖြင့် ဗြိတိသျှစာနယ်ဇင်းများတွင် ဝတ္ထုဆောင်းပါးများကို မှန်မှန်ရေးသား ဖော်ပြခဲ့လေသည်။ သူတွင် ပြောင်မြောက်သော စာပေအရည် အသွေးရှိရုံမျှမက **"အမှတ်(၁၄)တပ်တော် ရဲဘော်များနှင့် ဆက်ဆံဆွေးနွေး ခဲ့သော အချက်များ"**ကို အခြေခံလျက် အခြေအနေမှန်နှင့် ဖြစ်ရပ်များကို ကွက်ကွက်ကွင်းကွင်း ထင်မြင်လာအောင် ရှင်းရှင်းလင်းလင်း ရေးသားနိုင်သော သူ၏ စာပေစွမ်းရည်က စာဖတ်ပရိသတ်၏ စိတ်အာရုံအား နှိုးဆွပြီး ဆက်လက်စိတ်ဝင်စားနေအောင် လုပ်ဆောင်နိုင်သော အရည်အသွေးများ ရှိခဲ့လေသည်။

ဤအကျိုးဆက်၏ရလဒ်ကား ကျွန်တော်တို့တပ်တွေ အကြိမ်ကြိမ်အခါခါ ပြန်ဖတ်နေရသည့် မြန်မာပြည်စစ်မြေပြင်အကြောင်းရေးသားထားသည့် " Defeat into Victory " စာအုပ်ကြီးပေါ်ထွက်လာခဲ့ခြင်းပေတည်း။





တပ်မဟာမှူးဘဝတွင် တိုက်ပွဲ၌ ဒဏ်ရာရရှိသဖြင့် ဆောင်းဆေးရုံတက်ရောက်ကုသရ၏။ ဆေးရုံမှဆင်းလာသောအခါ သူ့အား အနားပေးသည့်သဘောဖြင့် ဗိုလ်ချုပ်ကြီးဝေဗယ်လ်၏ ကွပ်ကဲမှုအောက် အရှေ့အလယ်ပိုင်းဒေသစစ်ဦးစီးအဖွဲ့၏အဖွဲ့ဝင်အဖြစ် ခန့်အပ်ခဲ့၏။ သူ၏ ရိုးသားကြိုးစားမှုများကြောင့် မကြာမီမှာပင် သူ့အား ဗိုလ်မှူးချုပ် Brigadier အဆင့်မှ ဗိုလ်ချုပ် Major General အဆင့်သို့ တိုးမြှင့်ခန့်အပ်လိုက်၏။ အီရန်နှင့် ဆီးရီးယားရှိ တပ်များကို ကွပ်ကဲရန် တာဝန်ပေးအပ်ခြင်းခံရလေသည်။

သူကွပ်ကဲရသော တပ်များနှင့် အီရန်၊ အီရတ်၊ ဆီးရီးယားစသည့် မက်ဆိုပိုတေးမီးယားဒေသ သဲကန္တာရများ၌ စလင်းစစ်တိုက်ကောင်းနေစဉ် ၁၉၄၂ခုနှစ် မတ်လ ပထမပတ်၌ သူ့ထံသို့ အောက်ပါအတိုင်းကြေးနန်းဝင်လာ၏။

"ဤကြေးနန်းရလျှင်ရခြင်း သင့်၏တာဝန်ကို ဒုတပ်မှူးကြီးသို့ လွှဲအပ်ခဲ့ပြီး အိန္ဒိယနိုင်ငံ စစ်ဌာနချုပ်သို့ အမြန်ဆုံးသတင်းပို့ရန်"

စလင်းမှာ စစ်တိုက်ကောင်းနေစဉ် အခေါ်ခံရ၍ အဝေဇဝါဖြစ်နေရှာ၏။ သို့ရာတွင် စစ်သားပီပီ ပေးသည့် အမိန့်အတိုင်း နောက်နေ့တွင် အီရတ်သဲကန္တာရထဲမှ



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံ ဂွာလီရာမြို့သို့ ရေယာဉ်ပျံကလေးနှင့် သွားခဲ့ရပြီးဂွာလီရာမှ နယူးဒေလီသို့ မီးရထားဖြင့် ဆက်ထွက်ခဲ့ရ၏။

နယူးဒေလီစစ်ဌာနချုပ်က ဘာမှမပြော၊ နောက်တစ်နေ့တွင် ကာလကတ္တားသို့ လေယာဉ်ဖြင့် ပို့ပေး၏။ ကာလကတ္တားမှလေယာဉ်ဖြင့် မြန်မာနိုင်ငံ စစ်တွေသို့ ပို့ပြန်၏။ စစ်တွေတွင် ရက်အနည်းငယ်နေပြီး မကွေးသို့ လေယာဉ်ဖြင့် သွားရ၏။ မကွေးမှ နောက်တစ်နေ့ ပြည်သို့ ရောက်သွားပြီး ဗိုလ်ချုပ်ကြီးအလက်ဇန္ဒားနှင့်တွေ့ရာ အလက်ဇန္ဒား ရှင်းပြမှအသစ်ဖွဲ့စည်းလိုက်သည့် မြန်မာ့ တပ်မကြီး(၁)၏ တပ်မမှူးကြီးတာဝန်ယူကာ ဒုဗိုလ်ချုပ်ကြီး အဆင့်ဖြင့် မြန်မာပြည်ခွာစစ်ကို ဦးစီးရတော့မည် ဆိုသည်ကို စလင်း ရှင်းရှင်းလင်းလင်း သိရလေတော့သည်။



# အခန်း(၂)

# မြန်မာပြည်စစ်မြေပြင်သို့

## ထိုစဉ်က မြန်မာပြည်အခြေအနေ

၁၉၃၉ခုနှစ် စက်တင်ဘာလတွင် ဂျာမနီက ပိုလန်ကို ဝင်တိုက်၍ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားတော့၏။ ဂျာမနီတို့ဘက်၌ အီတလီတို့ပါဝင်၍ မဟာမိတ်တို့ဘက်၌ အင်္ဂလန်နှင့် ပြင်သစ်တို့ အဓိကဖြစ်သည်။

ထိုအချိန်၌ စလင်းသည်တပ်မမှူးတာဝန်နှင့် အီရတ်တွင် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။ အရှေ့ပိုင်းနှင့် မြေထဲပင်လယ်ဒေသ၌ ဂျာမန်နှင့်အီတလီ ပူးပေါင်းတပ်များသည် ဗြိတိသျှတပ်များနှင့် ဘတပြန်ကျားတပြန် တိုက်ခိုက်နေကြသောကာလဖြစ်၏။ ဗြိတိသျှတို့သည် သဲကန္တာရတိုက်ပွဲများ၌ နိုင်တစ်ခါ ရှုံးတစ်လှည့်နှင့် စစ်ရေးချိန်ခွင်လျှာ မရေမရာမသေမချာဖြစ် နေသောကာလဖြစ်၏။

ထိုအချိန်မှာပင် အာရှအရှေ့ဖျားမှ နေမျိုးနွယ် ဂျပန်များက တစ်စခန်းထလာပြီး အင်္ဂလိပ်နှင့်အမေရိကန်တို့



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြေငြာ၍ ကမ္ဘာစစ်ကြီးထဲပါလာတော့၏။ အင်္ဂလိပ်တို့အဖို့မှာ မြေပူရာ ကင်းမှောက်ခဲ့ပြီတည်း။

ဂျပန်တို့သည် ၁၉၄၁ခုနှစ် ဒီဇင်ဘာ(၈)ရက် စစ်ပွဲစသည်နှင့် အရှေ့တောင်အာရှမှ မလေးရှား၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာ စသောအင်္ဂလိပ်၊ ဒတ်ချ် နှင့် အမေရိကန်တို့အုပ်ချုပ်နေသည့် နိုင်ငံများကို တစ်ချိန် တည်း တစ်ပြိုင်တည်းဝင်ရောက်တိုက်ခိုက်လေတော့သည်။

မြန်မာပြည်ကို ဝင်တိုက်သော ဂျပန်ဒုဗိုလ်ချုပ်ကြီး အီးဒ၏အမှတ်(၁၅)တပ်တော်သည် ယိုးဒယားပြည် မှတဆင့် ဒေါနတောင်တန်းကိုကျော်၍ပထမဆုံး ကော့ကရိတ်ရှိ ဗြိတိသျှတို့၏ အမှတ်(၁၆)တပ်မဟာကို တိုက်လေသည်။ တပ်မနှစ်ခုဖြင့် ဝင်တိုက်ခြင်းဖြစ်ရာ ဗြိတိသျှတို့တပ်ပျက်ပြီး ပြေးရတော့သည်။ ထိုနေ့ကား ၁၉၄၂ခုနှစ် ဇန်နဝါရီ ၂၀ ရက်နေ့ပင်တည်း။

ဂျပန်တို့သည် ကော့ကရိတ်ကို သိမ်းပြီးသည်နှင့် မများမကြာမီ မော်လမြိုင်ကို ချီတက်လုပ်ကြံကြ၏။ ဂျပန်တို့တွင် ကြည်းတပ်မှအမှတ်(၃၃)နှင့်အမှတ်(၅၅)တပ်မ နှစ်ခုပါဝင်လေသည်။ မော်လမြိုင်ခံစစ်ကို အင်္ဂလိပ်တို့က တပ်မဟာ နှစ်ခုနှင့်ခုခံခဲ့၏။ အမှတ်(၂)မြန်မာပြည် တပ်မဟာ နှင့်





အမှတ်(၁၆)တပ်မဟာတို့ ဖြစ်၏။ တပ်မဟာ မှူးများမှာ ဂျေကေဂျုန်းစ်နှင့်ဂျေဘော့တို့ဖြစ်၏။

မော်လမြိုင်တိုက်ပွဲတွင် ခံစစ်နည်းဗျူဟာများယွင်းပြီး ဝိတ်ဓာတ်မကောင်းသော အင်္ဂလိပ်တပ်များမှာ ဂျပန်ကို ဘစ်ရက်သာ ကောင်းကောင်းခုခံနိုင်၍ သံလွင်မြစ်ကိုကူးပြီး အနောက်ဖက်ကမ်းကို ဒရောသောပါးဆုတ်ပြေးကြတော့၏။ ဇန်နဝါရီ၃၁တွင် မော်လမြိုင်မြို့ ဂျပန်လက်တွင်းသို့ ကျသွားတော့၏။ ထိုအချိန်က မြန်မာပြည် စစ်မြေပြင်တပ်မှူးကြီးမှာ ဒုဗိုလ်ချုပ်ကြီးဟတ်တွန်ဖြစ်၏။ သူ့အောက်တွင် အထက်က ဖော်ပြခဲ့သည့် တပ်မဟာ နှစ်ခုကို ကွပ်ကဲဖို့အတွက် အမှတ် (၁၇)အိန္ဒိယတပ်မကို တာဝန်ပေးထားပြီး တပ်မမှူးမှာ ဒေဂျာဂျီစမိုက်ဖြစ်၏။

ဤနေရာတွင် ပြောစရာတစ်ခုရှိပါသည်။

အင်္ဂလိပ် တို့အကြောင်းပါခင်ဗျာ။ အင်္ဂလိပ်ခေါ် ဗြိတိသျှတို့သည် သူတို့ကိုယ်သူတို့ အလွန်အထင်ကြီး၏။ အာရှတိုက်သားများကို အလွန်အထင်သေး၏။ သူတို့ဥရောပ တိုက်သားများကိုမှ လူထင်သူများဖြစ်၏။ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတိုက်သားများကိုမူ အထင်သေး အမြင်သေး ဆက်ဆံလေ့ရှိ၏။ ယခုလည်း ဂျပန်ကို အတော်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အထင်သေးထားသည်။ ဂျပန်တို့ စစ်မတိုက်ဝံ့ဟု ယူဆသည်။ ဗြိုန်းကနဲဒိုင်းကနဲ ဂျပန်တို့က ပုလဲဆိပ်ကမ်း အလစ်ဝင်တိုက်မှ ဟ တိုက်ပြီဟေ့ဆိုကာ ကျောချမ်းပြ မှန်း သိကြတော့၏။

ဒါတောင် မလေးကျွန်းဆွယ်တိုက်ပွဲ၌ တိုက်ပွဲ စသည့်နေ့က စင်္ကာပူနှင့်မလေးကျွန်းဆွယ်တာဝန်ခံ ဗိုလ်ချုပ်ကြီးပါစီဗယ်လ်က စင်္ကာပူဘုရင်ခံဆာရှင်တန်သောမတ်စ် အား

"ဘုရင်ခံချုပ်ကြီးခင်ဗျာ ရန်သူဂျပန်တွေ ဆင်ဂိုရာနဲ့ ပါတာနီမှာ ကမ်းတက်ပြီး မလေးကျွန်းဆွယ်ကြီးကို စတိုက် နေပါပြီ"

ဟု သတင်းပို့သည့်အခါ

ဘုရင်ခံက

"အို ဒီလူပုကလေးတွေကို ပင်လယ်ထဲ ပြန်မောင်း ထုတ်ဖို့ သင်ကောင်းကောင်းတတ်နိုင်မယ်လို့ ကျွန်ုပ် မျှော်လင့်ပါတယ်"

ဟု ဆိုခဲ့လေသည်။ အတော်ရယ်စရာကောင်းလှ ပါ၏။

တကယ်တော့ သူထင်သလို မဟုတ်ပါ။ ရက်ပေါင်း တစ်ရာနဲ့ စင်္ကာပူကိုရအောင်တိုက်ရမည့် စီမံချက်ကို ဂျပန်





မြေပြင်တပ်မှူးမလေး ကျားကြီးယာမာရှိတာက ရက်ပေါင်း (၇၀)နဲ့ရအောင်တိုက်သွားသည်။ ပင်လယ်ကိုဖြတ် လာသည့် အာရှလူပုလေးများထံ ဥရောပတိုက်သား လူရှည်လူထွား ကြီးများ လက်နက်ချရတော့၏။

အင်္ဂလိပ်တို့ အားမတန်၍ မာန်လျှော့ကြရသည်။ အခုလည်း အဲဒီလိုပါပဲခင်ဗျာ။

ဂျပန်ကိုလျှော့တွက်ပြီး မြန်မာပြည် စစ်မြေပြင် အတွက် ဘာမှပြင်ဆင်မထားခဲ့။ ဝိတိုရိယအငူ အတိုက်ခံ ရမှု အမှတ်(၁၇)အိန္ဒိယတပ်မကို မြန်မာပြည်သို့ ကမန်း ကတမ်းပို့သည်။ထိုတပ်မမှ အမှတ်(၁၆)တပ်မဟာကို ဒေါန ဘောင်အနောက်ခြမ်းသို့ ပို့လိုက်သည်။ ကော့ကရိတ်တွင် တပ်စွဲစေသည်။ ထို့နောက် မော်လမြိုင်ခံစစ်အတွက် အမှတ် ( )မြန်မာပြည်တပ်မဟာကို တာဝန်ပေးသည်။ ထိုတပ်များမှာ ဇန်နဝါရီ ဒုတိယပတ်မှ ဤဒေသများသို့ ရောက်လာရာ ခံစစ်ပြင်ဆင်ချိန် တစ်ပတ်သာသာသာ အချိန်ရ၏။ ထိုအချိန် တွင် ကိုရှေ့ဂျပန်တို့က မော်လမြိုင်ကိုပင် ဗုံးစကြဲနေပါပြီ။ မော်လမြိုင်ကို ဗုံးနှစ်ခါသုံးခါကြဲခံရပြီး တုန်လှုပ်ချောက်ခြားနေ သော အင်္ဂလိပ်တပ်များကို ဂျပန်တို့ကစစ်ဦးဘီလူး ဝင်တိုက် ရာ တစ်ရက်သာခံပြီး အင်္ဂလိပ်တို့ မော်လမြိုင်ကို စွန့်ခွာ



www.burmeseclassic.com

www.burmeseclassic.com



ပြေးတော့၏။ မော်လမြိုင်အခြေအနေ လာကြည့်သော ဗိုလ်ချုပ်ကြီးဟတ်တွန်ပင်လျှင် မော်လမြိုင်လေဆိပ်၌ ဂျပန်ဗုံး ဒဏ်မှ သီသီကလေး လွတ်သွားခဲ့ခြင်းဖြစ်၏။

ထိုအချိန်က အိန္ဒိယနှင့် အာရှအရှေ့ဘက်ဒေသ များ၏တာဝန်ခံမှာ ဗိုလ်ချုပ်ကြီးဝေဗယ်လ်ဖြစ်သည်။ ဝေဗယ်လ်ကို ချာချီက ဂျပန်နှင့်စစ်ဖြစ်သည်ဆိုသည်နှင့် အာဖရိက မြောက်ပိုင်းမှ အိန္ဒိယသို့ပို့ခဲ့၏။

"အဲဒီဘက်က ခင်ဗျားနဲ့မှုဖြစ်မှာ၊ ဟိုမှာရှိတဲ့သူတွေ က မတိုက်ဖူးမခိုက်ဖူးတဲ့သူတွေများတယ်၊ တစ်သက်လုံး ဖိုင်တွဲတွေနဲ့ အလုပ်များနေခဲ့ကြတာ"

ဟုလည်းပြောခဲ့သည်။ သူပြောလည်းပြော လောက် စရာပါပေ။ စက်ာပူတာဝန်ခံဒုဗိုလ်ချုပ်ကြီးပါစီဗယ်လ် နှင့် မြန်မာပြည်တာဝန်ခံ ဒုဗိုလ်ချုပ်ကြီးဟတ်တွန်တို့နှစ်ဦးလုံး ရုံး Staff ကလာကြသူများဖြစ်သည်။ စစ်မြေပြင်တွင်ကြာရှည်စွာ နေခဲ့ဖူးခြင်းမရှိကြပါ။ ထို့ကြောင့် ချာချီက အထက်၌ဖော်ပြခဲ့ သည့်အတိုင်း ဗိုလ်ချုပ်ကြီး ဝေဗယ်လ် ကိုကွပ်ကဲရန် စေလွှတ် ထားခဲ့၏။ မြန်မာပြည်စစ်မြေပြင်ကိုမူ ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားအား ယာယီတာဝန်ပေးခဲ့၏။ ထို့နောက်စစ် တောင်းတံတားတစ်ပိုက်မှ ရန်သူကို ခုခံရန်ညွှန်ကြားလိုက်၏။





သို့ရာတွင် တောကျွမ်းသောဂျပန်များက စစ် တောင်းသို့ အလျင်အမြန်ချီတက်လုပ်ကြံကြ၏။ ဂျပန်တပ်မ (၃၃)နှင့် (၅၅)တို့၏ နှစ်ဖက်ညှပ် လုပ်ကြံမှုတို့ကြောင့် ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် စစ်တောင်း ကျဆုံးသွားခဲ့၏။ ထိုအချိန်တွင် စင်္ကာပူလည်း ဂျပန်တို့ လက်တွင်း ကျဆုံး ခဲ့ပြီးဖြစ်လေသည်။ ဂျပန်တို့သည် ရန်ကုန် ကိုသိမ်းရန် အဆောတလျင်ချီတက်လာကြ၏။ဆာဒေါ်မန်စမစ် ဦးစီး ရန်ကုန်အစိုးရလည်း ယခုပြင်ဦးလွင်ခေါ်မေမြို့သို့ ဖေဖော်ဝါရီ နောက်ဆုံးပတ်၌ ဒရောသောပါးပြေးလေတော့၏။ ရန်ကုန် တွင် အင်္ဂလိပ်မြို့စောင့်တပ်သာ ကျန်တော့၏။

ဇန်နဝါရီ ၆ ရက်နေ့တွင် ခွာစစ်ကို အလက်ဇန္ဒား ကိုယ်တိုင်ဦးစီးပြီး ရန်ကုန်မှ ထွက်ခွာရတော့၏။အလက်ဇန္ဒား နှင့်အတူ အမှတ်(၁၇)အိန္ဒိယတပ်မမှ စုပေါင်း စပ်ပေါင်း တပ်များနှင့် အားလုံးအင်အား ၄၀၀၀ခန့် ပါဝင်လေသည်။ ယာဉ်အစီးသုံးလေးရာနှင့်တကယ့် Great Convoy ကြီး ဖြစ်၏။ သူ့ယာဉ်တန်း၌ အမှတ်(၇) သံချပ်ကာ တပ်မဟာနှင့် အတူ အင်္ဂလိပ် အမှုထမ်းအရာထမ်းတို့၏ မိသားစုအားလုံး ပါဝင်လေသည်။ မတ်လ ၈ ရက်နေ့၌ ရန်ကုန်ကို အခုအခံ မရှိဘဲ ဂျပန်တို့ကသိမ်းတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ အလွန်ကျေနပ်သွားပြီး မြန်မာ့တပ်မတော်နှင့် သူလက်တွဲခဲ့၏။ မြန်မာပြည် တိုက်ပွဲစဉ်များ၌မြန်မာ့ တပ်မတော်၏ စွမ်းဆောင်ချက်များကို သူအသိအမှတ်ပြုခဲ့၏။

"မြန်မာနိုင်ငံကိုဒီလောက်မြန်မြန်ဆန်ဆန် ပြန်သိမ်းနိုင်တာ မြန်မာ့တပ်မတော်က ကူညီလို့ပါ" ဟု ဖွင့်ဟ ပြောဆိုခဲ့၏။

ယခုဤစာအုပ်တွင် ဖိုလ်ချုပ်ကြီးစလင်း၏ အထုပ္ပတ္တိကိုသာမက သူ့၏ ကျော်ကြားသော မြန်မာပြည် တိုက်ပွဲစဉ်များမှ တိုက်ပွဲအချို့နှင့် တိုက်ပွဲသုံးသပ်ချက်များကို ဖော်ပြသွားပါမည်။

စစ်ပညာအရ ပြောရမည်ဆိုက စစ်ကဏ္ဍကြီး (၄) ရပ်တွင် **ခွာစစ်**သည် အခက်ဆုံးဖြစ်ပါ၏။ စလင်း၏ ခွာစစ်ကား အလွန်ကောင်းမွန်ပါသည်။ရှုံးသည့်အခါ စလင်းတို့ ခွာစစ် ဆင်သွားပုံနှင့် မြန်မာနိုင်ငံတွင်း ပြန်ဝင်လာသည့်အခါ တိုက်စစ်၌ ကြည်းရေလေ ပူးပေါင်းကာအနိုင် တိုက်သွား ပုံများကို တင်ပြသွားပါမည်။

ဤစာအုပ်ငယ်လေးကို ဖတ်လိုက်ခြင်းအားဖြင့် ဒုတိယကမ္ဘာစစ်က မြန်မာ့စစ်သမိုင်းကို အစအဆုံး သိသွားယုံသာမက စစ်သူကြီးဆာဝီလီယံစလင်း၏ စစ်ရေးစွမ်းရည်





ကို အကဲခတ်နိုင်ပြီး ဘာကြောင့်ဂျပန်တွေ စစ်ရှုံးကြ၍၊ဘာကြောင့် အင်္ဂလိပ်တွေ စစ်နိုင်သွားကြသည့်ပါကို လွယ်ကူစွာနားလည်နိုင်ရန် အဓိကရည်ရွယ်ကြောင်းပါ ခင်ဗျာ။

ရွှင်လန်းချမ်းမြေ့ကြပါစေ
သောင်းဝေဦး

နေရာ။ ။ ရန်ကုန်မြို့
ရက်စွဲ။ ။ ၂၀၁၀ ပြည့်နှစ်၊ဖေဖော်ဝါရီလ (၁) ရက်



www.burmeseclassic.com

www.burmeseclassic.com



## ဝီလီယံစလင်းကို တာဝန်ပေးအပ်ခြင်း

ရန်ကုန်ကျသွားသည်နှင့် ချာချီက ဝေဗယ်လ်ကို ခေါ်တွေ့သည်။

''ကဲ ဗိုလ်ချုပ်ကြီးဝေဗယ်လ်၊ ခင်ဗျား ဘာလုပ်မလဲ။ တပ်တွေကို ဆက်ထားမလား၊ တိုက်မလား၊ ဆုတ်မလား''

''အင်အား ထပ်ဆောင်းမပေးနိုင်ရင်တော့ ဆုတ်ရမှာပဲ''

''ဘယ်လိုလုပ် ဆောင်းပေးလို့ရမှာလဲ၊ ဩစတြေးလျလဲ စိုးရိမ်နေရတဲ့ အခြေအနေပဲ''

''ဒါဆိုရင်တပ်တွေအားလုံး အိန္ဒိယအထိ ပြန်ခွာတာ အကောင်း ဆုံးဖြစ်ပါမယ်၊ အိန္ဒိယမှာ ပြန်စုဖွဲ့ပြီးမှ မြန်မာနိုင်ငံကို ပြန်တိုက်ပါမယ်''

''ခင်ဗျားဆီမှာ ရောက်နေတဲ့ အလက်ဇန္ဒားကို ကျုပ်ပြန်ခေါ်ဖို့ ရှိတယ်။ ခင်ဗျားလူသစ်ရှာပါ။ ပြီးတော့ ခွာစစ်အတွက် BurmaCorp မြန်မာ့တပ်မကြီးဖွဲ့ပြီး ခွာစစ်မှာပါတဲ့ တပ်တွေပေါင်းပြီး Overall Command တစ်ယောက်ထဲရဲ့ အောက်မှာထားပါ''

''ကောင်းပါပြီခင်ဗျာ၊ ကျွန်တော်လူရွေးလိုက်ပါမယ်''





ဝီလီယံစလင်းအား မြောက်အာဖရိကမှ မြန်မာပြည်စစ်မျက်နှာသို့ [illegible]တာဝန်ပေးခဲ့သည့် ဗြိတိသျှဝန်ကြီးချုပ် ဆာဝင်စတန် ချာချီ

www.burmeseclassic.com

www.burmeseclassic.com



ဝီလီယံစလင်းအား အာဖရိကမှ အိန္ဒိယစစ်မျက်နှာသို့ ခေါ်ယူခဲ့သည့်
ဗိုလ်ချုပ်ကြီးဝေဘဲယ်လ်

www.burmeseclassic.com

www.burmeseclassic.com



"ခပ်မြန်မြန်တော့ ရွေးဗျာ၊ အချိန်သိပ်မပေးနိုင်ဘူး"

ဝေဗယ်လ်သည် ဒုတိယကမ္ဘာစစ်မတိုင်မီကာလက ပင် အာဖရိကတိုက်၌တာဝန်ထမ်းဆောင်ခဲ့သူဖြစ်၏။ အာဖရိကတွင် သူနှစ်သက်သဘောကျသည့် တပ်မှူးနှစ်ဦးကို တွေ့ခဲ့၏။ တစ်ယောက်က လူကြီးတစ်ယောက်က လူငယ်။

လူကြီးက စလင်း။

လူငယ်က ဝင်းဂိတ်။

ချာချီပြောလိုက်သည်နှင့်သူသည် စလင်းကို ပြေး၍ မြင်လိုက်၏။ ထိုအချိန်က စလင်းသည် အီရတ် သဲကန္တာရ ထဲရှိ တပ်မတစ်ခုကို အုပ်ချုပ်နေသည့် တပ်မမှူး ဖြစ်၏။ သူအုပ်ချုပ်ရသည့်တပ်မမှာ အမှတ်(၁၀)အိန္ဒိယတပ်မဖြစ်၏။ ထိုတပ်မနှင့်အတူ သူသည်အီရတ်၊ဆီးရီးယားနှင့် ကတ်စပီယံ ပင်လယ်ကမ်းခြေအထိ တိုက်ပွဲဝင်ကာ အောင်မြင်မှုများ ရရှိနေချိန်ဖြစ်လေသည်။ ထိုစဉ်က ဝေဗယ်လ်သည် မြောက် အာဖရိက တပ်တော်စုမှူးကြီးဖြစ်၏။ ယခုအခါ တာဝန်ကို အော်ချင်လက်သို့ လွှဲပြောင်းကာ အာရှအနောက်ခြမ်း ဒေသများကို တာဝန်ယူနေရချိန်ဖြစ်၏။

ဝေဗယ်လ်က စလင်း၏ကြီးမားကြံ့ခိုင်သော ကိုယ် ခန္ဓာ မေးရိုးကားကားမျက်နှာတွင် စူးရှတောက်ပသော

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများနှင့်တောဆောင်းဦးထုပ်အောက်မှနေ၍ ယုံကြည်ချက်အပြည့်ရှိသော်လည်း ခက်ထန်မှုမရှိသော မျက်နှာနှင့် မိမိငယ်သားများကို ကိုယ်တိုင်ကိုယ်ကျ ခေါင်းဆောင်မှု ပေးနိုင်သည့် အံမခန်းစွမ်းရည်ကို သိရှိနေခဲ့ပြီး ဖြစ်လေသည်။

ထို့ကြောင့်

"မြန်မာပြည်ခွာစစ်ကို ဦးစီးဖို့ စလင်းကို ပေးပါရန်"

ဟု ချာချီထံ တောင်းဆိုလိုက်လေသည်။

"ခွင့်ပြုပါသည်"

ဟုလည်း ချာချီမှ ပြန်ကြားလိုက်၏။

မတ်လ ၉ရက်နေ့တွင်ပင် အီရတ်ရှိ စလင်းအား အိန္ဒိယသို့ ခေါ်ယူလိုက်ပြီး မြန်မာနိုင်ငံစစ်တွေမြို့သို့ စေလွှတ်ကာ ဗိုလ်ချုပ်ကြီးအလက်ဇန္ဒားနှင့်တွေ့ဆုံဆွေးနွေးစေ၏။ ဆောင်ရွက်ရမည့်တာဝန်များကိုပါပြောကြားလေတော့သည်။

"ခင်ဗျားကို ကျုပ်က တာဝန်လွှဲရမယ်"

"ခင်ဗျားတာဝန်က အခုဖွဲ့စည်းလိုက်တဲ့ မြန်မာ့ တပ်မကြီး(၁)ရဲ့ တပ်တွေကို စနစ်တကျစုဖွဲ့ပြီးခွာစစ်ကို အိန္ဒိယရောက်တဲ့အထိ ဆင်လာဖို့ပဲ"

"ဘယ်တပ်တွေပါမှာလဲ ခင်ဗျ"





"ပြောမယ်၊ အမှတ်(၁)မြန်မာ့တပ်မ၊ အမှတ်(၁၇) အိန္ဒိယတပ်မနဲ့အမှတ်(၇)သံချပ်ကာယန္တရားတပ်မဟာတို့ ပါတယ်"

"တပ်မှူးတွေက ဗရုစကော့ ရယ်၊ ကိုဝင်ရယ်၊ အင်းစတင်းရယ်တို့ပါပဲ"

ထိုသုံးဦးစလုံးမှာ စလင်းနှင့် အာဖရိက စစ်မျက်နှာ တွင် ကာလအတန်ကြာ ကြုံဖူးဆုံဖူးသူများ တစ်တပ်ထဲနေ ခဲ့ဖူးသူများဖြစ်ကြလေသည်။

စလင်းဝမ်းသာသွား၏။

မတ်လ ၁၂ရက်နေ့တွင် ဗိုလ်ချုပ်ကြီးအလက်ဇန္ဒား နှင့် တွေ့ဆုံရန် မကွေးမှ လေယာဉ်ဖြင့် ထွက်ခွာ၍ ပြည်သို့ သွားခဲ့၏။ အလက်ဇန္ဒားက ပြည်တွင် ကြိုရောက်နေသည်။

စလင်းသည်တပ်မှူးသုံးဦးကိုပါတွေ့ဆုံရပြီး အလက် ဇန္ဒားထံမှ တာဝန်လွှဲပြောင်းခြင်းကို လက်ခံလိုက်တော့၏။

"ကိစ္စမရှိပါဘူး ဗိုလ်ချုပ်ကြီး၊ ဒီတပ်မှူးသုံး ယောက်လုံးက ကျွန်တော့်ရဲ့သိဟောင်းကျွမ်းဟောင်း မိတ်ဆွေတွေပါ"စလင်းကပြောသောအခါ

အလက်ဇန္ဒားကျေနပ်သွား၏။

ကျေနပ်သွားယုံသာမက တာဝန်လွှဲပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးခြင်းပင် ပြည်မှ အိန္ဒိယသို့ လေယာဉ်ဖြင့် တစ်ခါတည်း ထွက်ခွာသွားလေတော့သည်။ သူ့အတွက်တော့ တာဝန်လွှဲပြီး သည်မို့ လွတ်ပြီ ကျွတ်ပြီ ဖြစ်သွားပေပြီ။

စလင်းကတော့ ခွာစစ်ဆိုသော ပြဿနာဦးခေါင်း ကြီးရင်ခွင်ပိုက်လိုက်ရတော့၏။



# အခန်း(၃)

## မြန်မာနိုင်ငံမှ ခွာစစ်ဆင်ရာဝယ်

**ခွာစစ်နိဒါန်း**

စစ်ကဏ္ဍကြီးလေးရပ်တွင် **ခွာစစ်** သည် အခက်ဆုံးဖြစ်၏။ ကိုယ့်တပ်တွေ အအုပ်အစည်းမပျက်အောင် ဗရမ်းပတာမဖြစ်အောင် တဖြည်းဖြည်းဟန့်စစ်ဆင်ကာ ဆုတ်ခွာရ၏။ ခွာစစ်၌ ကြားခံစစ် နေရာလေးတွေထားရ၏။

ယခုစလင်းလက်ခံလိုက်သော မြန်မာ့တပ်မကြီး (၁)မှာ ရန်သူနှင့် အဆက်မပြတ်ပဲ ရန်သူအမှတ်(၃၃)ဂျပန်တပ်မကထပ်ချပ်လိုက် စစ်ဆင်လျက်ရှိ၏။ ဒါ့သာမက ဂျပန်လေယာဉ်များက စလင်း၏တပ်မကြီးဌာနချုပ် အခြေစိုက်ထားသည့် ပြည်ကို မကြာခဏ ဗုံးကြဲတိုက်ခိုက်လျက်ရှိ၏။

အခြေအနေအရပ်ရပ်ကို သုံးသပ်နိုင်ရန် စလင်းက တာဝန်လက်ခံခဲ့ပြီးသည်နှင့် သူ့တပ်မကြီးမှ Staff များအား နောက်ဆုံးအခြေ အနေကို မေးမြန်းသည်။ Staff များက



www.burmeseclassic.com

www.burmeseclassic.com



အောက်ပါအတိုင်း တင်ပြကြ၏။

(က) အမှတ်(၁၇) အိန္ဒိယတပ်မသည် ပြည်နှင့် နတ်တလင်း ပေါင်းတည်ကြား တွင်ပြန် လည်စုဖွဲ့ပြီးစစ်တောင်း တိုက်ပွဲ၌ ဆုံးရှုံးခဲ့ သည့် လူလက်နက်ဖြည့်တင်းခြင်းအား ဆောင်ရွက်နေ ဆဲဖြစ်သည်။ လောလော ဆယ် ရန်သူနှင့် ထိတွေ့မှုမရှိသေးပါ။

(ခ) အမှတ်(၁)မြန်မာ့တပ်မသည် တောင်ငူ တစ်ဝိုက်တွင်ရှိ၍ တောင်ငူမြို့အရှေ့ဘက် သံတောင် ဘောဂလိကြီးမှ မော်ချီးဖား ဆောင်းနှင့်အနောက်ဖက် ပဲခူးရိုးမတောင် တန်းအား တပ်ဖြန့်ပြီးစစ်တောင်း မြစ်ဝှမ်း ကိုထိန်းချုပ်ထားသည်။ အမှတ်(၅)တရုတ် တပ်တော်ရောက်လာပါကဒေသကို တာဝန်လွှဲပေးပြီး အမှတ် (၁)မြန်မာ့တပ်မ သည် ပဲခူးရိုးမကိုဖြတ်ကျော်၍ မိမိတို့နှင့် လာရောက် ပူးပေါင်းရန် ဖြစ်သည်။လော လောဆယ်ရန်သူနှင့်ထိတွေ့မှု မရှိသေးပါ။





(ဂ) တရုတ်တပ်များသည် တောင်ငူ၏တောင် ဘက်ကို ဆင်းမည်မဟုတ်ပါ။ ထို့ကြောင့် မြန်မာ့တပ် မကြီး(၁)သည် တရုတ်တပ် များနှင့် မျဉ်းတစ်ဖြောင့်တည်း နေရာယူ၍ ရန်သူကို ပြည်မြို့တစ်ဝိုက်မှ ထိန်းချုပ် ထားရန်ဖြစ်၏။

ဒါကသူဆောင်ရွက်ရမည့် လောလောလတ်လတ် တာဝန်ဖြစ်၏။ မြန်မာပြည်မလာမီက အိန္ဒိယတွင်သူ့ ဘပ်တော်စုမှူးကြီး ဗိုလ်ချုပ်ကြီးဝေဗယ်လ်နှင့် သူတွေ့ခဲ့ ဲသေးသည်။

ဝေဗယ်လ်က အောက်ပါအတိုင်းမှာသည်။

“မင်းကို အခုဖွဲ့စည်းလိုက်တဲ့ မြန်မာ့တပ်မကြီး(၁)ရဲ့ တပ်မှူးကြီးခန့်လိုက်ပြီ။ဟိုမှာတပ်မသုံးခုရှိတယ်။ အသေးစိတ် ကို ဗိုလ်ချုပ်ကြီးအလက်ဇန္ဒားက ရှင်းပြလိမ့်မယ်၊ မင်းတာဝန် က ကားလမ်း၊ ရထားလမ်းတွေနဲ့ ရေနံမြေကိုထိန်းနိုင် သလောက်ထိန်းထားဖို့ပဲ။ တပ်အင်အားကတော့ ဖြည့်နိုင် ရင်ဖြည့်ပေးမယ်။ မဖြည့်နိုင်ရင်တော့ မင်းဟာ မင်းအဆင် ပြေအောင် ကြည့်စီစဉ်ပါ။ မြောက်ဘက်က ချန်ကေရှိတ်ရဲ့ တရုတ်တပ်တွေ ဆင်းလာဖို့လည်းပြောထားတယ် ညှိပြီး



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

## ဝီလီယံစလင်းအကြောင်းတစေ့တစောင်း

### နိဒါန်း

ကမ္ဘာ့သမိုင်း၌ သာမန်စစ်သားကလေးမှ ဗိုလ်ချုပ်ကြီးဖြစ်လာသူ အလွန်ရှားလှပါ၏။လက်ချိုးရေက လေးငါးဦးမျှသာရှိမည်ထင်၏။ ထင်ရှားသူများကို ပြပါဆိုပါက ကော်ဆီကန်တပ်ကြပ်ကလေးမှ ပြင်သစ်ဧကရာဇ်ဖြစ်လာသူ နပိုလီယံကို ဦးစွာပြရမည်ဖြစ်၏။

ဒုတိယပြရမည့်သူကား ပထမကမ္ဘာစစ်ကတပ်ကြပ်ကလေးဘဝနှင့် တပ်ကထွက်ခဲ့ပြီး ဒုတိယကမ္ဘာစစ်၌အာဏာရှင်ဖြစ်လာသူ ဂျာမဏီခေါင်းဆောင်ကြီးဟစ်တလာကိုပြရမည်ဖြစ်၏။

အလားတူပါပင် ဗြိတိသျှဗိုလ်ချုပ်ကြီး ဆာဝီလီယံစလင်း သည်လည်း သာမာန်စစ်သားကလေးမှ စစ်သူကြီး Field Marshal ဖြစ်လာသူပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



တော့ မင်းဆောင်ရွက်ပါ''

စလင်းက စစ်သားကောင်းပီသစွာ ''Yes ,Sir ဟုတ်ကဲ့ပါခင်ဗျာ'' ဟုသာ တုန့်ပြန်ခဲ့၏။ တပ်မမှူးကြီး အဖြစ်သူ့ကို တိုးမြှင်တာဝန်တိုးမြှင့်ပေးရုံသာမက ရာထူးကလည်း ဒုဗိုလ်ချုပ်ကြီးအဆင့်ကို တိုးမြှင့်ပေးထားပြီးဖြစ်၏။ သူ့အနေနှင့် ခေါင်းညိတ်ရုံကလွဲပြီး ဘာမှပြောစရာမရှိပါ။ မြန်မာပြည် အကြောင်းလည်း သူဘာမှမသိသေးပါ။

## ရွှေတောင်တိုက်ပွဲ

စလင်းသည် မြန်မာ့တပ်မကြီး(၁) တာဝန်ကိုလွှဲပြောင်းလက်ခံယူပြီးသည်နှင့် ပြည်မြို့တောင်ဘက်ရှိ ကိုဝင်၏ အမှတ်(၁၇) အိန္ဒိယတပ်မကို သွားစစ်သည်။ ကိုဝင်နှင့်သူသည် အမှတ်(၆)ဂေါ်ရခါးတပ်မဟာတွင် ယခင်ကနှစ်အတော်ကြာကြာ တာဝန်ထမ်းဆောင်ခဲ့ဖူး၍ ရင်းနှီးပြီးသားဖြစ်နေ၏။ အလားတူပင် အမှတ်(၁) မြန်မာ့တပ်မ တပ်မမှူးဘရုစကော့သည်လည်း ထိုဂေါ်ရခါး တပ်မဟာမှာပင် စလင်းနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့ ဖူးလေသည်။ လူဟောင်းနှစ်ဦးနှင့် ပြန်ဆုံရခြင်းသည် စလင်းအတွက်





ကံကောင်းသည်ဟု ဆိုရပေမည်။

သို့ရာတွင် သူ့ကံကောင်းမှုကား အစမှာပင် သွေးချောင်းစီးမှုများနှင့် စတော့၏။

အမှတ်(၁၇) အိန္ဒိယတပ်မကို စစ်ဆေးပြီးအပြန်၌ မြန်မာ့တပ်မ(၁)နှင့် တာဝန်လဲခဲ့သည့် တောင်ငူရှိ တရုတ်တပ်မကို အမှတ်(၅၅)ဂျပန်တပ်မက အပြင်းအထန် ဝိုင်းတိုက်တော့၏။ ဂျပန်တို့က စစ်တောင်းမြစ်ကို ကူးပြီး တောင်ငူမြောက်ဘက်ရှိ ရေတာရှည်ကို သိမ်း၍ တရုတ် တပ်များကို လေးဘက်လေးတန်ဝိုင်းထားသည်။ပျဉ်းမနားရှိ တရုတ်တပ်မကလည်း စစ်ကူသွား မပေးနိုင် ဖြစ်နေ၏။

**''တောင်ငူတွင် အဝိုင်းခံနေရသော မိမိတို့ တရုတ်တပ်များ ဂျပန်၏ဖိအား လျော့ရန်အတွက် ပြည်ဘက်မှ တန်ပြန်တိုက်စစ်တစ်ခုပြုလုပ်ပေးပါရန် မေတ္တာရပ်ခံအပ်''**

စလင်းထံသို့ ဗိုလ်ချုပ်ကြီး စတီးဝဲလ်က အထက်ပါအတိုင်းမေတ္တာ ရပ်ခံလာ၏။

စတီးဝဲလ်က မြန်မာပြည်ရှိ တရုတ်တပ်များကို ဘာဝန်ယူထားရသည့် အမေရိကန် ဗိုလ်ချုပ်ကြီးဖြစ်၏။ အလွန်မာနကြီးသူဖြစ်၏။ တော်တော့်လူကို သိပ်ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိသူ မဟုတ်။ သို့ရာတွင်စလင်းကိုမူ သူကလေးစား၏။ ထို့ကြောင့်သူတောင်းဆိုသည့် အကူအညီ ကိုပေးရန် အတွက် အမှတ် (၁၇)အိန္ဒိယတပ်မကို အုတ်ဖို အားပြန် တိုက်ရန် စလင်းက အမိန့်ပေးလိုက်သည်။ အမှတ်(၇) သံချပ်ကာ ယန္တရားတပ်မဟာက ပေါင်းတည်ကို ခြေကုတ် ယူထားရန်ဖြစ်သည်။

သံချပ်ကာ တပ်မဟာမှူးအင်းစတင့်က ခြေကုတ်ရရန် ပေါင်းတည်ကို တင့်ကားတပ်ရင်းတစ်ရင်း၊ အမြောက်တပ်ခွဲတစ်ခွဲ၊ ခြေလျင်တပ်ရင်းသုံးရင်းဖြင့် ဝင်တိုက်ရာ ဂျပန်တို့က အင်ကြီးအားကြီးဖြင့် ပြန်လည်တုန့်ပြန်လေတော့သည်။ အခြေအနေကို သတင်းပို့ရန်အတွက် တပ်မဟာမှ ဆက်ဆံရေးအရာရှိသည် ပေါင်းတည်မှ ပြည်ကို ဂျစ်ကားဖြင့် ပြန်သွားရာ ပြည်၏တောင်ဘက် (၁၀)မိုင်အကွာရှိ ရွှေတောင်ကို ဂျပန်များ သိမ်းထား ပြီးဖြစ်ကြောင်း တွေ့ရတော့၏။

ဂျပန်အမှတ်(၃၃) တပ်မမှ တပ်ရင်းကြီးတစ်ရင်းက B.I.A တပ်များနှင့်အတူ ဟသ်ာတဘက်မှကူးလာ၍ ရွှေတောင်ကို ဝင်သိမ်းလိုက်ခြင်းဖြစ်၏။

အခြေအနေကို သိလျှင်သိခြင်း စလင်းက တပ်မှူး





ကိုဝင်နှင့် တပ်ရင်းနှစ်ရင်းကို ရွှေတောင်ကို တိုက်စေသည်။ ပေါင်းတည်ရောက်နေသော သံချပ်ကာ တပ်မဟာမှူးအင်းစတင့်နှင့်တင့်ကား (၃၀)၊ မော်တော်ယာဉ် (၂၀၀)နှင့်အမြောက်အလက်(၂၀)တို့က ရွှေတောင်ကို တောင်ဘက်က ပြန်ဝင်လာသည်။

ဂျပန်တို့က Road Blockade လမ်းအတားအဆီးများပြုလုပ်ကာ ယာဉ်တန်းကြီးကိုဆီးကြို တိုက်ကြသည်။ လမ်းဆို့များကို ဂလော်စတာတပ်ရင်း(၁)မှ တပ်ခွဲနှစ်ခွဲ၊ သံချပ်ကာတပ်စုတစ်စုနှင့် ရှင်းလင်းစဉ် ဂျပန်စစ်သယာဉ်များက စစ်သေနတ်ဖြင့်ပစ်သည်။ ဤတိုက်ပွဲ၏ထူးခြားချက်မှာ B.I.A ဗမာ့လွတ်လပ်ရေးတပ်မတော် အင်အားများများစားစားဖြင့် ပါဝင်လာသည်။ ဂျပန်တို့ကလမ်းဘယ်ညာတွင် နေရာယူ၍တိုက်ရာB.I.A မှ ဗိုလ်ထွန်းရှိန်ခေါင်းဆောင်သော ရှေ့ဖျားတပ်ရင်းမှ အားလုံးနီးပါးဗြိတိသျှတင့်ကားများ၏ချေမှုန်းခြင်းခံရသည်။ B.I.A တွေတင့်ကားအတွေ့အကြုံမရှိခဲ့သဖြင့် ရဲတင်းစွာအနီးကပ်တိုက်ခိုက်ကြရာမှ အထိအခိုက်အကျအဆုံးများခြင်းဖြစ်သည်။ တိုက်ပွဲကာလအတွင်း တင့်ကားတစ်စီးတံတားပေါ်ရောက်စဉ် တင့်ကားပစ်အမြောက်မှန်သဖြင့် လမ်းပိတ်သွားပြီး လမ်းဘေးသို့



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲပျံ့နှံ့သွားခဲ့သည်။

ဗြိတိသျှတို့သည် မြို့ကိုကွင်း၍ လယ်တောကို ဖြတ်ပြီး ဆုတ်ရာတွင် ဗိုလ်ရန်နိုင်နှင့်B.I.Aအင်အား ၄၀၀ ခန့်ကပိတ်ထားသည်။ ၎င်းတို့ထံသို့ အင်္ဂလိပ် အရာရှိ တစ်ဦးနှင့် အိန္ဒိယတပ်တပ်သား ၇၀ ခန့် လက်မြှောက် ဝင်လာရာ B.I.A နှင့်အတူပါလာသော ဂျပန်အရာရှိ ဟီရာယာမ၊ အီကီဒါးနှင့် ဗိုလ်ရန်နိုင်တို့က လက်နက်ချ ရန်ပြောနေစဉ် ဗြိတိသျှတို့ဘက်မှ သေနတ်သံများ ပေါ်ထွက် လာပြီး ဂျပန် အရာရှိဟီရာယာမ၊ အီကီဒါးတို့နှစ်ဦး ထိမှန် ကျဆုံးသွားသည်။ ထိုအခါ ဗိုလ်ရန်နိုင်က တစ်ဦးမှ မချန်ဘဲ ပစ်သတ်ရန် အမိန့်ပေးလိုက်တော့သည်။

မိမိနှင့်အလွန်ရင်းနှီးသော ရဲဘော်နှစ်ဦး မိမိရှေ့၌ ပင် ကျဆုံးသွားသည်ကို မြင်ရ သဖြင့် မိမိစိတ်မထိန်းနိုင်ဘဲ ရုတ်တရက်ပြုမူမိကြောင်း နောင်အခါ ဒေါက်တာဘမော် အား ဗိုလ်ရန်နိုင်က ပြောပြဘူးသည်ဟု သိရပါသည်။ B.I.A ဘက်တွင် ကျဆုံးသူ(၆၀)ခန့်နှင့် ပျောက်ဆုံးသွားသူ အတော် များများလည်းရှိရာ မူလအင်အား ၁၃၀၀ အနက်မှ ၆၀၀ခန့် သာ တိုက်ပွဲအပြီး၌ကျန်သည်ဟု ဆိုပါသည်။ ဗြိတိသျှ တို့ဘက်တွင်လည်း တင့်ကား(၁၀)စီး၊ အမြောက် (၂)လက်





နှင့် ကျဆုံးဒဏ်ရာရ(၃၅၀)ရှိ၍ အဆုံးအရှုံး မနည်း လှပေ။ ရွှေတောင်တိုက်ပွဲကြောင့် တောင်ငူတိုက်ပွဲ၏ကြမ္မာ ကိုလည်း ထိုသို့မျှမပြုပြင်နိုင်ခဲ့ပေ။ ဂျပန်စစ်သမိုင်း မှတ်တမ်းများတွင်မူ ရွှေတောင်တိုက်ပွဲကို မှတ်တမ်း မတင်ခဲ့ကြသော်လည်း B.I.A ၏မြန်မာ့လွတ်လပ်ရေး တပ်မတော်ကမူ B.I.A ၏ပထမ ဆုံးသော တိုက်ပွဲကြီး ဖြစ်သဖြင့် စာရေးဆရာကြီးမြဒေါင်းညို ခေါ်ဦးအောင်သိန်းမှ ရွှေတောင်တိုက်ပွဲ ဟူသော စာအုပ်ကို ပြုခဲ့ရာ ယနေ့တိုင် ကျွန်တော်တို့ ဖတ်ရှုနေကြရပါသည်။

## ရွှေတောင်တိုက်ပွဲနှင့် စာရေးသူ၏တိုက်ပွဲသုံးသပ်ချက်

ရွှေတောင်တိုက်ပွဲမှာ စလင်းရာထူးလက်ခံပြီး ရက်သတ္တပတ်နှစ်ပတ်အတွင်း ပထမဆုံးကြုံရသောတိုက်ပွဲ ဖြစ်၏။

ဂျပန်တို့က မိမိတို့အား အတင်းလိုက်စစ်ဆင်နေ၏။ ဂျပန်တို့ကို B.I.A ကကူညီနေ၏။ အင်္ဂလိပ်ခေါ် ဗြိတိသျှ တို့ကို မည်သူကမှ မကူညီ။

ထိုအချိန်မျိုးတွင် စလင်းက အခြေအနေကို မသိ သေးဘဲ သံချပ်ကာတပ်မဟာဖြင့် ပေါင်းတည်ကို ရွေ



www.burmeseclassic.com

www.burmeseclassic.com



ကုတ်ယူရာတက်လာသော ဂျပန်အမှတ်(၃၃)တပ်မနှင့် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး နောက်ပြန်ဆုတ်ရ၏။ ဂျပန်တို့က သူတို့နည်းဗျူဟာအတိုင်း ရှေ့မှကြိုပြီးဖြတ်တောက် ပိတ်ဆို့ရာ ရွှေတောင်ကို B.I.A အကူအညီဖြင့်ပိတ်မိ၏။ ထိုအခါ အင်းစတင့်၏သံချပ်ကာ တပ်မဟာတစ်ခုလုံး ရွှေတောင်နှင့်ပေါင်းတည်ကြား၌ပိတ်မိသွားတော့၏။ စလင်းက အတင်းဖောက်ထွက်လာခိုင်းသည်။ တပ်မ(၁၇)နှင့် ခြေလျင်တပ်ရင်းနှစ်ရင်းကို ရွှေတောင်ဝင်တိုက်စေသည်။ တိုက်ပွဲမှာရွှေတောင်မြို့တွင်း၌ဖြစ်ပွားရာ မြို့တွင်းတိုက်ပွဲဖြစ်သွားတော့၏။ မတ်လ ၂၉ရက်မှ ၃၁ရက်နေ့အထိ သုံးရက်ကြာသည်။

သုံးရက်ကြာမှ ဗြိတိသျှတင့်ကားတပ် ရွှေတောင်နှင့်ပြည်ကို ကျော်သွားနိုင်သည်။ ဤတိုက်ပွဲ၌ တင့်ကားအကြောင်းမသိသည့် မြန်မာ့ B.I.A တပ်သား ၇၀၀ခန့် Casuality ရှိခဲ့ပြီး အင်္ဂလိပ်တို့ဘက်ကမူ ၃၅၀ ခန့် ကျဆုံးသွားသည်ကို တွေ့ရပါသည်။

B.I.Aအနေဖြင့် ခြေလျင်တင့်ပူးပေါင်းစစ်ဆင်ရေးကို လုံးဝနားမလည်သေးသဖြင့်သာ ယခုကဲ့သို့ အကျအဆုံး များခဲ့ရခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

တပ်မကြီးမှူးစလင်းအနေဖြင့်လည်း ယခုကဲ့သို့သာ





တိုက်ပွဲကြီးများမကြာခဏ ကြုံနေရပါက သူ့တပ်မကြီး တစ်ခုလုံးပြုတ်ပြုတ်ပြုံးသွားမည်ကို ချက်ချင်းသဘောပေါက်ကာ မြန်မာနိုင်ငံမှ အပြီးအပိုင် ထွက်ခွာသွားရေးသည်သာ အကောင်းဆုံးဖြစ်သည်ဟု ယူဆခဲ့ကြောင်း သုံးသပ်ရပါသည်ခင်ဗျား။

## ရန်ချောင်းတိုက်ပွဲ

ရွှေတောင်တိုက်ပွဲ၌ အထိနာပြီးနောက် စလင်းက သူ့ဘပ်မကြီးကို ပြည်တွင် ပြန်လည်စုဖွဲ့ခဲ့လေသည်။

ရွှေတောင်တိုက်ပွဲမှ ဆုတ်ခွာလာကြသော အမှတ်(၁)မြန်မာ့တပ်မကြီးသည် ပြည်မြို့၌ ပြန်လည်စုဖွဲ့ပြီး စလင်းက တပ်မကြီး၏ ဌာနချုပ်အား ပြည်မြို့မြောက်ဘက် ၃၅ မိုင်အကွာရှိ အောင်လံမြို့သို့ ရွှေ့ပြောင်းအခြေပြုခဲ့လေ သည်။ စစ်ချီစစ်တက်လုပ်နေသည့် မဟာမိတ်တပ်များ ပြည်မြို့ပတ်ဝန်းကျင်၌ ရှုတ်ထွေးနေ၏။ ဂျပန်တပ်များကလည်း ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှနေ၍ မြောက် ဘက်သို့ အဆောတလျင် ချီတက်နေကြသည်။ အချို့က ပြည်မြို့ကို ရှောင်ကွင်းပြီး အရှေ့ဘက်မှ တောတိုး၍ အောင်လံဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ချီတက်ကြ၏။

အချိန်ကား ၁၉၄၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ရွှေတောင်ကျပြီးကာစဖြစ်သည်။

စလင်း၏တပ်မကြီးဌာနချုပ်ရှိရာ အောင်လံသို့ ဗိုလ်ချုပ်ကြီးဝေဗယ်လ်နှင့် ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားတို့ ရောက်လာကြသည်။

"ကဲ မင်းတပ်တွေရဲ့ နောက်ဆုံး အခြေအနေကို ပြောပါဦး"

ဧပြီလ (၁) ရက်နေ့ နေ့လည် အောင်လံ၌ပြုလုပ်သည့် စစ်ဆင်ရေး အစည်းအဝေး၌ ဗိုလ်ချုပ်ကြီး ဝေဗယ်လ်က အထက်ပါအတိုင်းပြောတော့၏။

"ဟုတ်ကဲ့ အခုပြည်မှာ ကျွန်တော့်တပ်တွေကို သုံးနေရာခွဲပြီး နေရာယူထားပါတယ်။ အမှတ်(၆၃) တပ်မဟာကိုပြည်နဲ့ရွှေတောင်ကြား ပြည်မြို့ လုံခြုံရေး၊ အမှတ်(၄၈) တပ်မဟာကိုတော့ အရှေ့ဘက် မော်ဇာအထိ တပ်ဖြန့်ထားပါတယ်။ အမှတ်(၁၆) တပ်မဟာကတော့ ပြည်ကနေပြီး မြောက်ဘက်တမာကောက်အထိ (၆)မိုင်လောက် တပ်ဖြန့်နေရာယူထားပါတယ်"

"ထိတွေ့မှု အခြေအနေကရော ဘယ်လိုနေလဲ"

မြရတနာစာပေ



မြန်မာပြည်စစ်ဆင်ကို ဝီလီယံစလင်းနှင့်အတူ တာဝန်ယူခဲ့သည့် ဗိုလ်ချုပ်ကြီးအလက်ဇန္ဒား

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာစစ်ဖြစ်ခါစက မြန်မာပြည်တာဝန်ခံ ဒုတိယ ဗိုလ်ချုပ်ကြီး ဟက်တွန်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ပြည်ကို ရန်သူက အလုံးအရင်းနဲ့ တိုက်နေလို့ အမှတ်(၆၃)တပ်မဟာက တပ်တွေမြို့ထဲ ထွက်လာနေပါတယ်၊ အရှေ့ဘက်ထုတ်ထားတဲ့ အမှတ်(၄၈) တပ်မဟာလည်း အတိုက်ခံနေရတာပါပဲ၊ အမှတ်(၆၃) တပ်မဟာကို ကူဖို့ အမှတ်(၇) သံချပ်ကာ တပ်မဟာနဲ့ အမှတ်(၁၆) တပ်မဟာကို ညွှန်ကြားထားပါတယ်"

"မင်း ဘာဆက်လုပ်မလဲ"

"ရနိုင်သလောက် ရန်သူကို ဟန့်စစ်ဆင်ထား ပါမယ်"

"ဒီအတိုင်း အတိုက်ခံနေရရင်တော့ မင်းကြာကြာ ခံနိုင်မှာ မဟုတ်ဘူး၊ ရန်သူ့လေတပ်ကလည်း အင်အား ပိုကောင်းလာတယ်။ ဒါကြောင့် မင်းတပ်တွေကို ပြည်ကနေ ပြီး ခွာဖို့လိုရင် ခွာခွင့်ပြုတယ်"

"အထက်ဗမာပြည်ကို ခုခံကာကွယ်ဖို့အတွက်မင်းရဲ့ တပ်မကြီးကို အောင်လံ၊ မကွေး၊ ကျောက်ပန်းတောင်းနဲ့ အနောက်ဘက်ကမ်းမှာ သရက်လောက်ကစပြီး တပ်ဖြန့် နေရာယူခိုင်းပါ။ အဓိက ကတော့ ရေနံချောင်းတစ်ဝိုက် ရေနံတွင်းတွေ မြန်မြန်ကျမသွားဖို့နဲ့ မင်းတပ်တွေစားဖို့ အထက်ဘက်ကို ရိက္ခာတွေ မြန်မြန်ပို့ပေးဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



## စလင်း၏ငယ်ဘဝ

စလင်းအား ၁၈၉၇ ခုနှစ် အင်္ဂလန်တောင်ပိုင်း Bristol မြို့ကလေး၌ ဆင်းရဲသော သံတိုမယ်နုများ ရောင်းချရသည့် မိဘနှစ်ပါးမှ မွေးဖွားခဲ့လေသည်။ အခြားညီအစ်ကိုမောင်နှမများနှင့်မတူ တမူထူးခြားသော စလင်းသည် မိဘများ၏ အရောင်းအဝယ်အလုပ်ကို လုံးဝစိတ်မဝင်စားပဲ ငယ်စဉ်ကပင် စစ်သားလုပ်ရန်သာ စိတ်ကူးယဉ်ခဲ့သူဖြစ်လေသည်။

သူကလေးဘဝက တိုက်ခိုက်ရေးသမားကြီးမက် Fighting Mac ဟူသောသူရဲကောင်းကြီးMacdonald ကိုအလွန်အားကျခဲ့၏။ သူငယ်ချင်းများနှင့်ကစားတိုင်း သူကိုယ်သူ Fighting Mac အဖြစ် သဘောထားကာ စစ်တိုက်တန်းကစားလေ့ရှိ၏။ စလင်းသည် မိဘမျိုးရိုး၏ ရောင်းဝယ်ရေးလုပ်ငန်းကို လုံးဝစိတ်မဝင်စားဘဲ စစ်သားလုပ်ရန်သာ တစိုက်မတ်မတ် စိတ်ကူးခဲ့၏။ ဗြိတိသျှ တပ်မတော်ကြီးတွင် အရာရှိဖြစ်ရန် ဆန္ဒပြင်းပြခဲ့၏။

သို့ရာတွင် ခေတ်အချိန်ကာလက ဗြိတိသျှ တပ်မတော်၏ အထက်ပိုင်းရာထူးများမှာ မျိုးရိုးမြင့်မား ကြီးမြတ်





သူများနှင့် ချမ်းသာကြွယ်ဝသူများအတွက်သာ သီးသန့် သတ်မှတ်ထားသည့် အခြေအနေမျိုးဖြစ်ရာ စလင်းအတွက် အရာရှိဖြစ်ရန် လမ်းစအလွန် အလှမ်းဝေး လှပေသည်။ ဒါသာမကပါ။ အထက်တန်းကျောင်းသား ဘဝ ကျောင်းနေ ဆဲမှာပင် မိဘများ၏စီးပွားရေး အခြေအနေဆိုးရွားလာ သဖြင့် အသက် ၁၆နှစ်တွင် စလင်းသည် ကျောင်းမှ ထွက်၍ ဘာမင်ဂမ် Birmingham မြို့သို့ သွားရောက်ပြီး တနင်္ဂနွေတစ်ပတ်လျှင် ၁၇ သျှီ လင်ဖြပဲနိသာရရှိသော ကျောင်းဆရာကလေး အလုပ်ကို လုပ်ရရှာလေသည်။

(စာရေးသူကျွန်တော်သည်လည်း တပ်မတော်ထဲ ဝင်မီ ဒေါပုံသာကေတ၌ မူလတန်းပြဆရာကလေး ၂နှစ်လုပ်ခဲ့ရပါသည်။ ဤကား စကားချပ်)

ကျောင်းဆရာ ၂နှစ်တာမျှလုပ်ပြီးသည့်နောက် ကျောင်းဆရာဘဝမှ နှုတ်ထွက်၍ သတ္တုပိုက်လုံးများ ထုတ်လုပ်သည့် စက်ရုံတစ်ခုတွင် စာရေးကလေးအဖြစ် ဝင်ရောက်လုပ်ကိုင်ပြန်လေသည်။ စစ်သားအလွန်ဖြစ် ချင်လှသည့် စလင်းသည် ကျောင်းဆရာဘဝနှင့် စာရေး ကလေးဘဝများ၌ စစ်နှင့်ပတ်သက်သည့် စာအုပ်များကို အမြဲမပြတ်ဖတ်ရှုလေ့လာလေ့ရှိသည်။ သူသည် စစ်နည်းဗျူ



www.burmeseclassic.com

www.burmeseclassic.com



ဝေဗယ်လ်နှင့်အလက်ဇန္ဒားက လိုအပ်သည်များမှာကြားပြီး အောင်လံမှ ထိုနေ့ညနေမှာပင် မကွေးသို့ ထွက်ခွာသွားတော့၏။

စလင်းက အမိန့်အရတပ်များကို ပြည်မြို့အား စွန့်ခွာစေ၍ တောင်တွင်းကြီး တစ်ဝိုက်၌ နေရာယူ ခံစစ်ပြင်စေ၏။ ရိက္ခာနှင့် စစ်လက်နက်ပစ္စည်း အတော်များများအား အင်္ဂလိပ်ပိုင်သင်္ဘောအစီး ၄၀ ကျော်ဖြင့်တင်ဆောင်ပြီး ပြည်မြို့မြောက်ဘက်သို့ ခုတ်မောင်းစေသည်။ တစ်စီးလျှင် တန် ၅၀၀၀ မျှသော ပစ္စည်းများကိုသယ်နိုင်သည်ဟု ဆို၏။ ရက်သတ္တနှစ်ပတ်အတွင်း မဟာမိတ်တို့ခွာစစ်မှာ ရည်မှန်းချက်နေရာအသီးသီးသို့ ရောက်သွားကြ၏။ ဂျပန်များကလည်း ဗြိတိသျှတို့နောက်မှ ထပ်ချပ်လိုက်လေသည်။ အချို့နေရာများတွင် ဘေးမှပန်းပြီးတက်လေတော့သည်။

စလင်းက ရေနံချောင်းရှိ ရေနံမြေလုံခြုံရေးအတွက် အရာရှိ(၇)ယောက်နှင့် အခြားအဆင့် ၁၇၀ သာကျန်ရှိသည့်ဂလော်စတာတပ်ရင်း (၁) အားတာဝန်ပေးလိုက်သည်။

"အမိန့်ရရင် ရေနံမြေကို ဖောက်ခွဲဖို့ပြင်ထား"

အထက်ပါအတိုင်းလည်း ထိုတပ်ရင်းကိုမှာထား၏။ ရေနံတွင်းများ ဖောက်ခွဲရန်အတွက်ကားစစ်မြေပြင် အင်ဂျင်





နီယာတပ်မှ ဗိုလ်ကြီးဝေါလတာစလော့နှင့်သန်လျင် ရေနံချက်စက်ရုံများအား ဖောက်ခွဲခဲ့သည့်နယ်ဘက် အင်ဂျင်နီယာ ဖေါ်ရက်စတာတို့အား တာဝန်ပေးထား၏။

ရေနံချောင်းအား ကာကွယ်ရေးအတွက် အမှတ်(၁) ဗမာ့တပ်မအား ယင်းချောင်းတစ်လျှောက် ခံစစ်ပြင်စေသည်။ ရန်သူကလည်း နေရာတိုင်းမှ စိမ့်ဝင်လျက်ရှိသဖြင့် ရေနံမြေကို အနီးကပ်ကြီးကြပ်နိုင်ရန် စလင်းကသူ၏တပ်မကြီးဌာနချုပ်အား ဧပြီ(၈)ရက်ကတည်းက မကွေးသို့ရွှေ့ပြောင်းခဲ့ပြီးဖြစ်လေသည်၊ သိပ်မကြာပါ။ ရန်သူမှနှစ်ဖက်ညှပ်တိုက်လာ၍ အောင်လံ တောင်တွင်းကြီး ကားလမ်းတစ်လျှောက်ရှိ တပ်များ မကွေးဘက်သို့ ဆုတ်ရလေတော့သည်။ ဧပြီ၁၃၊ ၁၄၌မြစ်ကွေ့တွင် ခံစစ်ဆင်နေသည့်တပ်များ မကွေးသို့ဆုတ်ရသည်။ တပ်မကြီးဌာနချုပ်လည်း မကွေးမှရေနံချောင်းသို့ဆုတ်ရသည်။

မဆုတ်၍လည်း မရတော့ပါ။ ဂျပန်တို့၏အမှတ်(၃၄)တပ်ရင်းကြီးနှင့် ဗမာ့တပ်မ(၁)မှတပ်မဟာများ အမှတ်(၁၃)တပ်မဟာမှ တပ်များသည် ကုက္ကိုဂွတစ်ဝိုက်၌ ပြင်းထန်သောတိုက်ပွဲကြီးများကို ဧပြီ(၁၀)ရက်မှ(၁၂)ရက်ထိ ဆင်နွှဲခဲ့ရလေသည်။ ထိုတိုက်ပွဲများတွင် နေ့ရောညပါသဲသဲမဲမဲနှစ်ဖက်ပုံးကာပစ်ကြခတ်ကြ၏။ ဗြိတိသျှတို့က တင့်ကားများပါသုံး



www.burmeseclassic.com

www.burmeseclassic.com



၍တွန်းလှန်တိုက်ခိုက်ကြသလို ဂျပန်တို့ကလည်းနေ့အခါလေကြောင်းပစ်ကူများပါ သုံးလေသည်။ တိုက်ပွဲပြင်းထန်လှသဖြင့် ဗိုလ်ချုပ်ကြီးအလက်ဇန္ဒားပါရောက်ရှိလာပြီး ရှေ့တန်းမှ တိုက်ပွဲဝင်တပ်များကို လှည့်လည်ကြည့်ရှုအားပေးရလေသည်။ ဗြိတိသျှတို့၏အခြေအနေမှာ သိပ်မကောင်းပါ။ အကျအဆုံးများလှ၏။

ဧပြီ (၁၂)ရက် ညတွင် ဂျပန်တပ်များက အတိုက်ရပ်ပြီး တပ်မဟာ(၄၈) ကိုကျော်၍ ရေနံချောင်းဘက်သို့ ချီတက်သွားကြ၏။ တပ်မဟာ(၄၈) လည်း တောင်တွင်းကြီးရှိ အိန္ဒိယတပ်မ(၁၇) အကူအညီဖြင့် တောင်တွင်းကြီးနတ်မောက်မီးရထားလမ်းအတိုင်း နတ်မောက်သို့ ဆုတ်ရလေသည်။ စလင်းက ထိုရထားလမ်းကို ဘီးတပ်ယာဉ်များမောင်း၍ရအောင် စစ်အင်ဂျင်နီယာတပ်အား ကြိုတင်ပြင်ဆင်ထားစေခဲ့သည်။ ထို့ကြောင့်တကယ့်အရေးအကြောင်းတွင်မူလကားလမ်းမကြီးမှ တပ်များဆုတ်မရချိန်၌ ထိုလမ်းမှဗြိတိသျှတပ်များ ဆုတ်နိုင်ခဲ့လေသည်။

ပြည်၊ အောင်လံ၊ သရက်၌ တောင်တွင်းကြီးမှ ဗြိတိသျှတပ်များ မြောက်ဘက်သို့ ဆုတ်ချိန်တွင်ဂျပန်အမှတ်(၃၃) တပ်မမှတပ်များသည်လည်း လျင်မြန်စွာ





ဝိုက်လံတိုက်ခိုက်ခြင်း၊ ဖြတ်တောက်ပိတ်ဆို့ခြင်းများ ဆောင်ရွက်ခဲ့၏။ ဂျပန်တို့သည် နောက်ထပ်တပ်ကူများကိုလည်း လျင်မြန်စွာဖြည့်တင်းခဲ့ကြ၏။ ဂျပန်တို့သည် ရေနံမြေကို သိမ်းရန်အတွက် လူအင်အား(၄၀၀၀)မျှ စုဖွဲ့ပြီး ရေနံချောင်းတစ်ဝိုက်သို့ ဝန်းရံခဲ့လေသည်။ ဧပြီ ဒုတိယပတ်၌ ဂျပန်တပ်များ ရေနံချောင်းတစ်ဝိုက်၌ ပိုမိုများပြားလာသဖြင့် ဧပြီလ ၁၅ ရက်နေ့ နေ့လည် ၁၃း၃၀ ချိန်တွင် စလင်းကိုယ်တိုင်ရေနံမြေအား လှည့်လည်စစ်ဆေးပြီး ဖောက်ခွဲမိန့်ပေးလိုက်ရလေတော့သည်။

ရေနံတွင်းများကို ဖောက်ခွဲလိုက်သောအခါ ရေနံဂါလံသန်းပေါင်းများစွာ ထွန်းညှိလိုက်ရာမှ ထွက်လာသောမီးလျှံကြီးက အထက်ဘဝဂ်တိုင်အောင် ပျံ့နှံ့သွားပြီး ပေါက်ကွဲသံများကလည်း အလွန်ကျယ်လောင်မြည်ဟည်းလျက် ရှိနေလေတော့သည်။ ခြစ်ခြစ်တောက်ပူပြင်းသောနေမင်း၏အလင်းရောင်အောက်တွင် ဆူဆူညံညံနှင့် ရေနံမြေကား ငရဲပြည်ပမာတည်း။

ရေနံချောင်းရှိရေနံမြေကို ဖောက်ခွဲပြီးဖြစ်၍ ဗမာ့တပ်မကြီး(၁)မှတပ်များသည် ရေနံချောင်းမြောက်ဘက်ရှိ ပင်းချောင်းသို့ ဆုတ်ခွာလျက်ရှိနေပေသည်။ စလင်း၏ တပ်မ



www.burmeseclassic.com

www.burmeseclassic.com



ကြီးဌာနချုပ်ကား ဧပြီ ၁၆ ဒွိဝေ့းချိုသို့ ရောက်နေပေပြီ။

ဆုတ်ခွာသည့်တပ်များနှင့်အပြိုင်ပင် ဂျပန်တို့၏တပ်မ(၃၃)မှအမှတ်(၂၁၄) တပ်ရင်းကြီးသည် တောင်ပေါ်ပစ်အမြောက်တပ်ရင်းတစ်ရင်းနှင့်အတူ ဒုဗိုလ်မှူးကြီး ဆာကူဟာကွပ်ကဲလျက် ရေနံချောင်းကို ထိုးဖောက်လေသည်။ ထို့နောက် မြောက်ဖက်ရှိ ပင်းချောင်းကူးတို့၌ နေရာယူထား ကြ၏။ ဗြိတိသျှတပ်များကား မကွေးဘက်မှ ရေနံချောင်းသို့ ဆုတ်လာနေဆဲဖြစ်လေသည်။ ပင်းချောင်းအထွက်၌ ဆုတ်လာသည့် ဗြိတိသျှ တပ်များသည် ဂျပန်ဖြတ်တောက် ရေးတပ်များနှင့် ထိပ်တိုက်တိုးပြီး ထွက်မရဘဲ ပိတ်မိသွားတော့၏။ ထိုနေ့ကား ဧပြီလ ၁၆ ရက်ပင်။ ပိတ်မိသွား သည့်တပ်များတွင် လူယာဉ်နှင့် သံချပ်ကားများပါ ပါဝင်ရာ အင်အားမှာ မနည်းလှချေ။ ပိတ်ဆို့ထားသည့် ဂျပန်တပ် များကလည်း အင်အား ၄၀၀၀ ခန့် ရှိလေသည်။

ပိတ်ဆို့ထားသည့်နေရာအား ဗြိတိသျှတင့်ကားများက အတင်းဖောက်ထွက်ကြ၏။ ဂျပန်တို့၏တင့်ဖျက်လက်နက်များကြောင့် ထွက်၍မရချေ။

စလင်းကစောစောပိုင်းကပင် ဗြိတိသျှတပ်များအောင်လံမှဆုတ်ခွာရာတွင် အကူအညီပေးရန်တရုတ် တပ်





တစ်ခုကို အကူအညီတောင်းထားခဲ့၏။ အမေရိကန် ဗိုလ်ချုပ်ကြီးစတီးဝဲလ်မှတစ်ဆင့် တရုတ်ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်အား အကူအညီတောင်းခဲ့ခြင်းဖြစ်သည်။ ချန်ကေရှိတ်ကကျော်နိုင်ဟုဆိုသော်လည်း နောက်ဆုံး၌ စစ်ကူလွှတ်ပေးခဲ့၏။ ချန်ကေရှိတ်၏ လွှတ်လိုက်သောတရုတ်စစ်ကူတပ်များခေါင်းဆောင်ဗိုလ်ချုပ်ဆွန်လီဂျင်မှာ အမေရိကန်ဗာဂျီနီးယားစင်တက္ကသိုလ်ကျောင်းဆင်းဖြစ်၍ အင်္ဂလိပ်စကားကို အမေရိကန်လေယူလေသိမ်းနှင့် ကောင်းစွာပြောနိုင်၏။ တရုတ်တပ်များ ကျောက်ပန်းတောင်းသို့ရောက်လာရာ [illegible]ောင်းကသွားတွေ့ပြီး စစ်ဆင်ရေးအစီအမံကိုရှင်းပြသည်။ ဆွန်လီဂျင်နှင့်အတူ တရုတ်အမှတ်(၃၈)တပ်မပါလာလေသည်။

စစ်ဆင်ရေး စီမံချက်မှာ ပင်းချောင်းတွင် ပိတ်ဆို့ထားသည့် ဂျပန်တပ်အား ဖောက်ထွင်း၍ ရေနံချောင်း၌ ပိတ်မိနေသောဗြိတိသျှတပ်များကို ဗြိတိသျှသံချပ်ကာတပ်မဟာအကူအညီဖြင့် ထုတ်ယူပေးရန်ဖြစ်၏။

ထိုအချိန်က ရေနံချောင်းတွင် ပိတ်မိနေသောတပ်များမှာ အမျိုးစုံလှ၏။ ဂလောက်စတာတပ်ရင်းများ၊ [illegible]မရှုန်းတပ်များ၊ ကွိုင်လီတပ်များ၊ ဆစ်နှင့်ပန်ချာ



www.burmeseclassic.com

www.burmeseclassic.com



တပ်များ၊ ရာဂျပွတ်နှင့် ဂေါ်ရခါးတပ်များ၊ ဗမာ၊ ချင်းနှင့် ကချင်တပ်များပါဝင်လေသည်။

ဖြေ၁၈ ရက်နေ့တွင် ထိုတပ်ပေါင်းစုံပါဝင်သည့် မြန်မာတပ်မ(၁)ကို ဦးဆောင်ပြီး တပ်မမှူးဗရစကော့က ပူပြင်းလှ သည့်နေ့ပူအောက်မှာပင် ပင်းချောင်း၌ နေရာယူထားသည့် ဂျပန်တပ်များအား သံချပ်ကာအကူအညီဖြင့် ထိုးဖောက် တော့၏။ဂျပန်တို့က ပင်းချောင်းမြောက်ဘက် တောင်စွယ် တောင်ကုန်းများတွင် အကျအနနေ ရာယူထား လေသည်။ ထိုးဖောက်လာသည့်ဗြိတိသျှတပ်များအား စက်သေနတ်ကြီးများကို ပုံသေပစ်ကြောင်းများထား၍ ပစ်ခတ်ဦးနှိမ်ကြ၏။ တင့်ဖျက်လက်နက်များဖြင့် ပစ်ကြ၏။ ဗြိတိသျှတပ်များက လူချင်းအတင်းဝင်ပူး၍ ထွေးလုံးရင် ပတ်တိုက်ခိုက်ကြရာ လုံ့စွတ်ထိုးတိုက်ပွဲများပင်ဖြစ်ပွားလေ တော့သည်။ ထိုနေ့က တိုက်ပွဲများမှာ အလွန်ပြင်းထန်ပြီး အကျအဆုံးများလှ၏။ အင်္ဂလိပ်တို့ကြိုးစားထိုးဖောက် သော်လည်း ရည်မှန်းချက် မအောင်မြင်ချေ။

ဖြေ ၁၉ ရက်နေ့လည်တွင်ဗရစကော့က သံချပ်ကာ ကားများသာမက အမြောက်နှင့် စက်သေနတ်ကြီး စသည် လက်နက်ကြီးပစ်ကူများပါယူ၍ ဒုတိယအကြိမ် ထိုးဖောက်





ပြန်၏။ တင့်ကားအချို့နှင့် ထရပ်ကား အချို့မှာ ဂျပန်တို့၏ ကျည်သင့်၍ ပင်းချောင်းမှ သဲထဲတွင် နစ်မြုပ်ကုန်ကြ၏။ တိုက်ပွဲပြင်းထန်နေစဉ် ဂျပန်တို့ဘက်မှ တပ်ရင်းကြီး(၂၁၄) အပြင် (၂၁၅) ကိုပါ ထပ်ဆောင်း၍ တိုက်ပွဲဝင်စေသည်။

ဗြိတိသျှတို့ဘက်မှလည်း ဆွန်လီဂျင်၏ အမှတ်(၃၈) အရှေ့တပ်မသည် ဗြိတိသျှတို့၏အမြောက်သံချပ်ကာ စသည် လက်နက်ကြီးပစ်ကူများဖြင့် ဖြေ ၁၉ ရက် နေ့ညနေ လေးနာရီအချိန်ခန့်တွင် ပင်းချောင်းတစ်ဝိုက်နေရာယူထားသော ဂျပန်တို့အား မြောက်ဘက်နှင့် အရှေ့ဘက်မှ ဝင်တိုက်လေ တော့သည်။ထိုသို့ နှစ်ဖက်ညှပ်ပြီး အတင်းဝင်တိုက်နေကြစဉ် ဗရစကော့ကရသည့် နည်းနှင့် တပ်များကို အတင်းတိုး ချက်စေ၏။ ကျည်ထိမှန်သော ပစ္စည်းများအား စွန့်ပစ်ပြီး ချောင်ဆက်ထွက်ခိုင်း၏။ ဝန်တင်တပ်များမှ လားမြင်း များကို လက်လွှတ်ခဲ့ကြရ၏။ ထရပ်ကားများကို ထားပစ် ခဲ့ရ၏။ အပူဒဏ်ကြောင့် ရေငတ်နေသူများက ပြေးရင်း လွှားရင်း၊ ပင်းချောင်းအတွင်းမှ ရေကိုအငမ်းမရ သောက် ကြပြီး ဖုန်အလိမ်းလိမ်းဖြင့် မြောက်ဘက်သို့ ဆက်လက် ဆုတ်ကြ၏။ ထိုအချိန်တွင် အော်သံ၊ဟစ်သံ ဒလကြမ်းပစ် ခတ်ကြသော သေနတ်သမားများမှာဆူညံနေ၏။ ပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



သံများကလည်း နားကွဲလုမတတ်ဖြစ်၏။ အားလုံးမှာ ပစ္စည်းများ ထားရစ်ခဲ့ပြီး လူတစ်ကိုယ် သေနတ်တစ်လက်ဖြင့် ကိုယ်လွတ် ရုန်းကြရလေသည်။ ကျဆုံးသူများကိုလည်း မသယ်နိုင်တော့၊ ထားခဲ့ရ၏။ ညနေ ၆နာရီထိုးသောအခါ၌ တပ်မ(၁)တစ်ခုလုံး ပင်းချောင်းဒေသမှ လွတ်မြောက်လာခဲ့တော့၏။ အကျအဆုံးကား မနည်းလှပါချေ။

စလင်းက အထိနာသွားသည့် တပ်မ(၁)အား ကျောက်ပန်းတောင်းသို့ ဆက်လက်ထွက်ခွာစေ၏။ ကျောက်ပန်းတောင်းတွင် လူစစ်သောအခါမူလရှိရင်းအင်အားတစ်ဝက်သာကျန်တော့သည်ကိုတွေ့ရ၏။ ထိုအချိန်မှစ၍ ဗမာ့တပ်မ(၁)သည် တိုက်ခိုက်ရေး တပ်ဖွဲ့အဖြစ်မရပ်တည်နိုင်တော့ပဲ စာရင်းပယ်ခဲ့ရလေတော့သည်။

ဆွန်လီဂျင်၏ အမှတ်(၃၈)တရုတ်တပ်မသည် ဧပြီ ၂၀ရက်နေ့၌ ရေနံချောင်းကို ဝင်ရှင်းပြီး ကျောက်ပန်းတောင်းသို့ ပြန်လည် ချီတက်ခဲ့လေသည်။ ရေနံချောင်းတစ်ဝိုက်တွင်ကား ဂျပန် တပ်များရောက်ရှိနေပြီဖြစ်သဖြင့် တရုတ်တပ်များ ပြန်လည် ဆုတ်ခွာသည်နှင့် ဂျပန်တို့က ရေနံချောင်းကို သိမ်းပိုက် လိုက်ကြလေသည်။

ဤသည်မှာ ရေနံချောင်းတိုက်ပွဲပင် ဖြစ်တော့၏။





ဤတိုက်ပွဲနှင့်ပတ်သက်၍ ဂျပန့်စစ်သမိုင်း၌အောက်ပါအတိုင်းဖော်ပြခဲ့ကြ၏။

"ဗြိတိသျှတို့ကရေနံမြေကို ဖျက်ဆီးသွား နိုင်ခဲ့သော် လည်း ၎င်းတို့ကို အထိနာအောင် ချေမှုန်းနိုင်ခဲ့သဖြင့် ရေနံချောင်းတိုက်ပွဲသည် မြန်မာနိုင်ငံ အလယ်ပိုင်းအတွက် အဆုံးအဖြတ်ပေးသော တိုက်ပွဲကြီးဖြစ်၏"

"ဤတိုက်ပွဲတွင် ရန်သူ့စိတ်ဓာတ်မှာ လုံးဝပျက်ပြား သွားပြီး ယာဉ်နှင့်စစ်ပစ္စည်းအားလုံးစွန့်ပစ်၍ တိုက်ပွဲခွင်မှ ကစဉ့်ကလျား ဗရမ်းဗတာ ဆုတ်ခွာထွက်ပြေးသွားကြလေ တော့သည်" ဟူသတည်း။

## ရေနံချောင်းတိုက်ပွဲနှင့် စာရေးသူ၏တိုက်ပွဲသုံးသပ်ချက်

ဤတိုက်ပွဲမှာ ပြင်းထန်ရုံမျှမက ဗြိတိသျှတို့၏ရေနံမြေကာကွယ်ရေးအစီအစဉ်ကို ပျက်ပြယ်သွားစေသည့်တိုက်ပွဲပင်ဖြစ်၏။ တကယ်တော့ ဗြိတိသျှတို့သည် ရန်ကုန်မှဆုတ်လာ၍ရွှေတောင်တိုက်ပွဲကြီးပြီးကတည်းက အကျအဆုံးမနည်းဆုံးဖြင့်မြန်မာပြည်မှ ဆုတ်ခွာရမည်သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာ စစ်မဟာဗျူဟာစာအုပ်များကို ထိုစဉ်ကပင် ဖတ်ရှုလေ့လာနေပြီဖြစ်၏။

ထိုစဉ်က သူစွဲစွဲမြဲမြဲ ဖတ်ရှုခဲ့သည့် စာအုပ်မှာ Field Services and Musketry Regulations ''မက်စကတ်သေနတ်ဆိုင်ရာစည်းမျဉ်းဥပဒေများ'' စာအုပ်ကြီးဖြစ်သည်ဟု နောင်အခါတွင် သူက ပြန်လည်ပြောပြခဲ့လေသည်။

၁၉၁၄ ခုနှစ်တွင်သူသည် အရာရှိ လေ့ကျင့်ရေးကျောင်း O.T.C (Officer's Training Corps) သို့ Other Rank အခြားအဆင့်ဖြင့် စတင်ဝင်ရောက် အမှုထမ်းလေတော့သည်။ သူ၏ကြိုးစားအားထုတ်မှု၊ စစ်ပညာများကို အပတ်တကုတ် လေ့လာမှုတို့ကြောင့် မကြာမီပင် သူ့အားဒုတပ်ကြပ်ရာထူးသို့ တိုးမြှင့်ပေး ခြင်းခံရလေသည်။

## အခြားအဆင့်မှသည် အရာရှိဘဝသို့

စလင်းစစ်သားဖြစ်ပြီး မကြာမြင့်မီမှာပင် ဥရောပတိုက်တစ်ခွင်၌ ပထမကမ္ဘာစစ်ကြီး၏ စစ်ရိပ် စစ်ငွေ့များက သန်းလာ၏။ ဥရောပနိုင်ငံအတော်များများက စစ်တပ် များကို





တိုးချဲ့ဖွဲ့စည်းလာကြ၏။

ဤတွင် ရိုးသားကြိုးစားသော စလင်းကိုသူ့အထက်ဌာနကအရေးပေါ်ဗိုလ်သင်တန်းတက်စေရာ ပထမကမ္ဘာစစ်စတင်ဖြစ်ပွားပြီး ၁၈ ရက်အကြာ ၁၉၁၄ ခုနှစ် ဩဂုတ်လ(၂၂)ရက်နေ့၌ ဒုတပ်ကြပ်ကလေး ဝီလီယံစလင်းသည် ဘုရင့်ဝါးဝစ် ရှိုင်းယားတပ်ရင်း (Royal War Wickshire Battalion )၌ပြန်တမ်းဝင်အရာရှိ Gazetted Officer အဖြစ်ခန့်အပ်ခံရလေတော့သည်။

စလင်းကားသူ အာလွန်ဖြစ်ခြင်သော စစ်ဗိုလ်ဖြစ်သွားခဲ့လေပြီ။

## စလင်းနှင့် ပထမကမ္ဘာစစ်ကြီး

စလင်းအရာရှိဖြစ်သည်နှင့် ပထမ ကမ္ဘာ စစ်ကြီးဖြစ်ပွားနေချိန် တိုက်ဆိုင်ရကား သူ့ကို စစ်မြေပြင်သို့ ဆက်ချင်းစေလွှတ်တာဝန်ပေးလေသည်။ သူသည် ဥရောပမှ ဘယ်လဂျီယံ ပြင်သစ်နှင့် အရှေ့အလယ်ပိုင်းမှ အီရတ် နိုင်ငံများတွင် တာဝန်ထမ်းဆောင်ရလေသည်။

၁၉၁၆ခုနှစ်၌ စလင်းသည် မက်ဆိုပို တေးမီးယား



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့ကဘက်ကမူ လေကြောင်းပစ်ကူများ၊ လေကြောင်းအကဲသာမှုများနှင့် တိုက်စစ်လိုက် စစ်အားဆင်နွှဲနိုင်ကြ၏။ ရန်ကုန်သို့ ရေကြောင်းမှ ထပ်ဖြည့်တပ်ကူများလည်း ဝင်လာမစဲ တဖွဲဖွဲနှင့် ရောက်လာနေ၏။ ရောက်လာသည့်တပ်များကိုလည်း အဆောတလျင်ပင် ရှေ့တန်းသို့ စေလွှတ်ပေးနေ၏။ ရေနံချောင်းကို ဝင်တိုက်သည့်တပ်မမှာ အမှတ်(၃၃)တပ်မဖြစ်ပြီး ထိုတပ်မ၌ ယခင်က လျော့နေသည့် တပ်ရင်းကြီးတစ်ရင်းအား ထပ်ဖြည့်လိုက်ရာ ဖွဲ့စည်းပုံအတိုင်း တပ်ရင်းကြီးသုံးရင်း ပြည့်သွားပြီဖြစ်၏။ တပ်ရင်းကြီးတစ်ရင်းတွင် လူ ၂၀၀၀ခန့် ပါဝင်ရာ ထိုတိုက်ပွဲဝင်တပ်မ၌ တပ်ရင်းကြီးသုံးရင်းအပြင် အခြား အကူလက်နက်ကိုင် ဝန်ထမ်းတပ်များပေါင်းစပ်လိုက်ပါက လူအင်အား တစ်သောင်းကျော်ခန့်ဖြစ်၏။ ရုံဖန်ရံခါသီး ခြားတပ်မဟာများ ကိုပါ ပူးပေါင်းပေးပါက ဂျပန်တပ်မ တစ်ခုတွင် လူအင်အား နှစ်သောင်းခန့်မျှ ပါဝင်လေသည်။

ဂျပန်တို့က စစ်နိုင်နေသဖြင့် နိုင်ချင်ကြက်ကဲ့သို့ ဖြစ်နေ၏။ ဗြိတိသျှတို့မှာကား စစ်ရှုံးနေ၏။ စစ်လည်း ပင်ပန်းနေ၏။ အစာငတ်၊ ရေငတ်လည်းဖြစ်နေ၏။ မြန်မာနိုင်ငံ အလယ်ပိုင်း၏နွေဥတုကလည်း အလွန်အအေး ကြိုက်သည့်





ဗြိတိသျှတပ်သားများကို အလွန်ပင်ပန်းနွမ်း နယ်စေ၏။ ထို့ကြောင့် လူမျိုးပေါင်းစုံပါဝင်သည့် မြန်မာ တပ်မကြီး (၁၄)သည် ရေနံချောင်းတိုက်ပွဲ၌ အထွေထွေ ချွတ်ခြုံကျကာ အထိနာအရေးနိမ့်ပြီး ခွာစစ်ကို ဆင်နွှဲကြရ၏။

တပ်မှူးကြီးမှူးဖြစ်သည့် ဝီလီယံစလင်း ၏ကွပ်ကဲမှု ကောင်းမွန်ခြင်း၊ တရုတ်တပ်များ အကူအညီရ ခြင်းတို့ ကြောင့်သာ ယခုလောက်သက်သာရာ ရသွားခြင်းလည်း ဖြစ်၏။ မည်သို့ဆိုစေ ရေနံချောင်းတိုက်ပွဲကား မြန်မာနိုင်ငံ ၌ ဗြိတိသျှတို့ အပြီးအပိုင် ဆုတ်ခွာရတော့မည်ကို အနိုင်ပြနေသည့်တိုက်ပွဲကြီးဟုသာ ဆိုချင်ပါသည်ခင်ဗျား။

## ဗြိတိသျှတို့၏ခွာစစ်စီမံချက်

၁၉၄၂ ခုနှစ်၊ ဧပြီလ၏ နောက်ဆုံးနေ့ရက်များ။ မြန်မာနိုင်ငံတစ်ဝက်ခန့်အား ဂျပန်တို့က သိမ်းပြီးပြီ။ B.I.A (Burma Independence Army) ခေါ် မြန်မာ့လွတ်လပ်ရေးတပ်မတော်ပါ ဂျပန်တို့နှင့်အတူ လိုက်ပါလာရာ ဂျပန်တို့၏ ချီတက်နှုန်းကားလျှင်မြန်လှ၏။ မြို့ရွာများတစ်မြို့ပြီးတစ်မြို့ကျကုန်၏။ ၁၉၄၂ခုနှစ် ဇန်နဝါရီ



www.burmeseclassic.com

www.burmeseclassic.com



လက မြန်မာနိုင်ငံတွင်း ဝင်ရောက်လာသော ဂျပန်တပ်များသည် လေးလခန့်အတွင်း မြန်မာနိုင်ငံမြို့တော် ရန်ကုန်ကို သိမ်းပြီးပြီ။ ဒုတိယမြို့တော်မန္တလေးသို့ဆက်ပြီး ချီတက်နေကြသည်။ ရှမ်းပြည်နယ်တစ်နယ်လုံးနီးပါးလည်းသိမ်းပြီးပြီ။ ဤနှုန်းအတိုင်းချီတက်သွားပါက မကြာမီရက်ပိုင်းအတွင်း တစ်နိုင်ငံလုံးသိမ်းနိုင်တော့မည်။ မဟာမိတ်တို့အတွက်ကား အောင်မြင်စွာ ခွာစစ်ဆင်ခြင်းမှလွဲ၍ အခြားရွေးချယ်စရာလမ်းမရှိပါ။

ဧပြီလ ၂၅ ရက်တွင် မဟာမိတ်ဗိုလ်ချုပ်ကြီးသုံးဦး ကျောက်ဆည်တွင် တွေ့ကြသည်။ တစ်ဦးက အမေရိကန်ဗိုလ်ချုပ်ကြီးစတီးဝဲလ်၊တစ်ဦးက မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှတပ်များ၏ တပ်မှူးချုပ်ဗိုလ်ချုပ်ကြီး အလက်ဇန္ဒား၊ တစ်ဦးက အမှတ်(၁) မြန်မာ့တပ်မကြီး၏ တပ်မကြီးမှူး စလင်းတို့ဖြစ်ကြ၏။

"ကဲ ကျုပ်တို့လက်တွေ့ကျကျစဉ်းစားကြစို့၊ ဗိုလ်ချုပ်ကြီးစတီးဝဲလ်ရဲ့ တရုတ်တပ်တွေလည်း ရှမ်းပြည်နယ်မှာ ဟုတ်တိပတ်တိ မရှိတော့ဘူး၊ ရနိုင်သမျှတပ်တွေကို စုစည်းပြီး မြန်မာနိုင်ငံကထွက်ဖို့ပဲ"

အင်္ဂလိပ်တပ်တော်မှူး ဗိုလ်ချုပ်ကြီးအလက်ဇန္ဒားက





ဆွေးနွေးခြင်းဖြစ်သည်။ စတီးဝဲလ်ကမူ သူ၏တရုတ်တပ်တော် (၁) အတွက်စိတ်ပူ၏။

"ကျုပ်ရဲ့အမှတ်(၅)တရုတ်တပ်တော်ကို မြောက်ဘက်အမြန်ဆုတ်ခိုင်း ထားတယ်၊ အဲဒါကိုအကာအကွယ်ပေးဖို့တော့လိုတယ်"

"မှန်ပါတယ်၊ ဗမာ့တပ်မကြီး(၁) ကအကာအကွယ်ပေးပါလိမ့်မယ်။ အမှတ်(၇)သံချပ်ကာတပ်မဟာကို နောက်ရံတပ် အဖြစ်ထားပြီး ခွာစစ်ဆင်ခိုင်းထားပါတယ်။

"ခွာစစ်ကတော့ တစ်ဆင့်ပြီးတစ်ဆင့်ခွာမှာပါ။ ရှေ့ကခွာနေတုန်းမှာ နောက်ကဟန့်စစ်ဆင်ဖို့ကြားခံစစ်အတွက် ရောဝတီအနောက်ဖက်ကမ်းမှ သံချပ်ကာ တပ်မဟာကို အုံးတောတစ်ဝိုက်နေရာယူခိုင်းထားပါတယ်။ အခုဒီကျောက်ဆည်မှာလည်း ကြားခံစစ် ကောင်းကောင်းတည်ဆောက်ထားပါတယ်"

ဗိုလ်ချုပ်ကြီးစလင်းက ဆွေးနွေးတင်ပြခြင်းဖြစ်၏။

"အကြမ်းဖျင်းစီမံချက်ကတော့ မေလပထမပတ်ကုန်မီမှာ ချိန်းတပ်ဘီးတပ်ယာဉ်တွေအားလုံး ဧရာဝတီမြစ် အနောက်ဖက်ကမ်းကူးပြီးဖြစ်ရမယ်။ အဓိကတော့ အင်းဝတံတားကကူးဖို့ပဲ၊လူတွေကတော့နည်းမျိုးစုံနဲ့ ဧရာဝတီ



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ကအနောက်ကိုကူးကြရမယ်။ ရရာလှေသမ္ဗာန်တွေကိုသုံးရမယ်။ ပြီးရင်ချင်းတွင်းမြစ်ကြောင်းလမ်းကရေယာဉ်တွေသုံးပြီးကလေးအထိချီတက်ဖို့ပဲ။ နောက်တစ်နည်းက ရွှေဘိုရေဦး ကလေးဝလမ်းအတိုင်း ကလေးဝကိုကုန်းလမ်းကဆုတ်ဖို့ပဲ၊ ကလေးဝကနေပြီးတမူး၊အဲ ဒီကမှ အိန္ဒိယထဲအထိ ဆုတ်ခွာဖို့ဖြစ်ပါတယ်''

''ကောင်းပါပြီ၊ကျုပ်တပ်တွေလားရှိုးသွားမရရင် မြောက်ဖက်မြစ်ကြီးနားအထိ တက်နိုင်အောင်ကူညီပေးပါ။ ကျုပ်လည်းသူတို့နဲ့အတူလိုက်မယ်''

ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကဆို၏။ ဆွေးနွေးပွဲမှာသိပ်မကြာပါ။ ခဏမျှသာညှိနှိုင်းပြီး ဗိုလ်ချုပ်ကြီးသုံးဦးလုံး မန္တလေးသို့ထွက်ခဲ့ကြ၏။ စလင်းက သူ့တပ်မကြီးဌာနချုပ်ရှိရာ စစ်ကိုင်းထိဆက်သွား၏။ မန္တလေးတွင် တရုတ်မြို့စောင့်တပ်နှင့် အမှတ်(၁) မြန်မာ့တပ်မကြီးမှ တပ်မဟာ(၆၃)က အသင့်စောင့်နေကြ၏။ မြစ်ကြီးနားဘက်သို့ လည်း စစ်ရထားများက ဆန့်တက်နေကြ၏။ တရုတ်နှင့် အင်္ဂလိပ်စစ်သားများ မန္တလေးဒေသမှ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ထွက်ခွာနေကြ၏။ အချို့က ရထားဖြင့်၊ အချို့က ကားဖြင့်၊ အချို့ကား ခြေလျင်။





မြန်မာပြည်သို့ဂျပန်များဝင်တိုက်စဉ်က
မြန်မာနိုင်ငံဘုရင်ခံ ဆာရီဂျင်နယ်ဒေါမန်စမစ်

www.burmeseclassic.com

www.burmeseclassic.com



## ကျောက်ဆည်တိုက်ပွဲ

ကျောက်ဆည်မြို့ကား ရန်ကုန်–မန္တလေးကားလမ်းပေါ်မှာရှိပြီး မန္တလေးတောင်ဖက် မိုင်၃၀ခန့်အကွာအဝေးတွင်ရှိ၏။ မဟာမိတ်တပ်များ ခွာစစ်ဆင်ရာတွင် ကျောက်ဆည်အား ကြားခံစစ်အဖြစ် သတ်မှတ်ထား၏။ ထို့ကြောင့်တောင်ဘက်မှ ဆုတ်ခွာလာကြသည့် တပ်မဟာနှစ်ခုဖြစ်သည့် အမှတ်(၆၃)တပ်မဟာနှင့် အမှတ်(၄၈) တပ်မဟာတပ်ခွဲတို့အနက် ဗိုလ်မှူးချုပ်ကင်မရွန်ဦးစီးသော အမှတ်(၄၈)တပ်မဟာအား တပ်မကြီးမှူးဗိုလ်ချုပ်ကြီး စလင်းကကျောက်ဆည်တွင်ကြားခံစစ်နေရာယူခိုင်းပြီး တက်လာသည့်ဂျပန်တပ်များအား ဟန့်စစ်ဆင်ရန် တာဝန်ပေးလေသည်။

"မင်းတပ်မဟာရဲ့ တာဝန်တွေကတော့ တို့ပင်မတပ်မကြီးနဲ့ မော်တော်ယာဉ်တွေ အင်းဝတံတားကြီး ဖြတ်ပြီးတဲ့အထိ ဒီနေရာကနေပြီး တက်လာတဲ့ ဂျပန်တပ်တွေကိုထိန်းထားဖို့ပဲ၊ မြေအခြေအနေကို ကြည့်ပြီး ဟန့်စစ်ဆင်နိုင်အောင် တပ်ချထားပါ"

စလင်း၏ညွှန်ကြားချက်အတိုင်း ဧပြီ ၂၆ရက်နေ့တွင် တပ်မဟာ(၄၈)က ကျောက်ဆည်၌ ခံစစ်ယူ၏။



www.burmeseclassic.com

www.burmeseclassic.com



တပ်မဟာတစ်ခုလုံးဖြန့်၍ ခံစစ်ယူကြခြင်းဖြစ်သည်။

တပ်မဟာ(၄၈)တွင် ဂေါ်ရခါးတပ်ရင်းလေးရင်းနှင့် အမြောက်ကြီး ၁၂လက်ပါသည့် အမြောက်တပ်ဖွဲ့တစ်ဖွဲ့၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့တစ်ဖွဲ့အပါအဝင် စုစုပေါင်း လူ ၁၈၀၀ခန့်ရှိလေသည်။ သူတို့သည် ကျောက်ဆည်မြို့အရှေ့ဖက်ရှိ ကျောက်ဆည်တောင်တန်းတစ်ခုလုံး အရေးကြီးသည့် ပစ်ကွင်းမြင်ကွင်းကောင်းသည့်နေရာများ၌ လူလက်နက်စနစ်တကျ နေရာချထားလေသည်။ ပစ်ကျင်း များလည်း တူးနိုင်သမျှတူးပြီး ပုံဖျက်ထားကြ၏။ ထို့ပြင် ကျောက်ဆည်မြို့တောင်ဘက်တွင်လည်း ခြေလျင်တပ်ဖွဲ့ ငယ်လေးများအား လှည့်ကင်းထောက်ကင်းအဖြစ် တင့်ကားနှင့်မော်တော်ကားများကို ပါတွဲဖက်ပေးစေလွှတ်ထားလေသည်။

ဧပြီ ၂၇၊ ၂၈ နှစ်ရက်လုံးလုံး တပ်မဟာ(၄၈)က ကျောက်ဆည်ပတ်ဝန်းကျင် ခံစစ်ပြင်ဆင်နေစဉ်မှာပင် မဟာမိတ်တပ်ပေါင်းစုက ကျောက်ဆည်ကိုဖြတ်ပြီး မန္တလေး ဆုတ်ကြ၏။အတော်များများမှာအနောက်ဖက်စစ်ကိုင်းသို့ အပိုင်ကူးကြ၏။ နောက်မှဂျပန်တပ်များက ကပ်ပါလာသည်

ဧပြီ ၂၉ရက်နေ့ နံနက်တွင် ဂျပန်ရှေ့ပြေး များနှင့် ဘပ်မဟာ(၄၈)၏ လှည့်ကင်းအဖွဲ့ကျောက်ဆည်





မြို့တောင်ဖက် (၁၀)မိုင်ကျော်အကွာ ဟန်မြင့်မိုရ်အနီးတွင် တောင်တိုက်ပွဲဖြစ်တော့၏။ ဂျပန်ရှေ့ပြေးတပ်ဖွဲ့တွင် တင့်ကားများပါလာရာ ဗြိတိသျှလှည့်ကင်းအဖွဲ့မှ တင့်ကားများ၏ပစ်ခတ်မှုကြောင့် ဂျပန်တင့်ကားများ ထိမှန်ပျက်စီးလေသည်။ ချက်ချင်းပင် ဂျပန်လေယာဉ်များ ရောက်လာပြီး ဗြိတိသျှစစ်ကြောင်းအပေါ် ဗုံးကြဲချသဖြင့် လှည့်ကင်းအဖွဲ့ ကျောက်ဆည်သို့ အမြန်ပြန်ဆုတ်ခဲ့ရ၏။

ဂျပန်တို့သည် ဆုတ်ခွာသွားသည့် အင်္ဂလိပ်တို့ နောက်သို့ ထပ်ချပ်မလိုက်ပေ။ အကြောင်းမှာ ယခုရောက်လာသည့် ဂျပန်အမှတ်(၁၈)တပ်မမှာ မကြာသေးမီကမှ မြန်မာနိုင်ငံသို့ရောက်လာသည့် တပ်သစ်ဖြစ်လေသည်။ ...မြေကျွမ်းကျင်ခြင်းမရှိပေ။ ထို့ကြောင့် မြေအခြေအနေ ...သည့်ရှင်း တဖြည်းဖြည်းသာ ချီတက်လာနိုင်ကြရာ ထိုနေ့ည ...ရီအချိန်ခန့်မှ ကျောက်ဆည်မြို့ကို ချဉ်းကပ်နိုင် ...တော့သည်။ မြို့ကို ချဉ်းကပ်သည်နှင့် ကားလမ်းကို ... နေရာယူထားသော ဂေါ်ရခါးတပ်များ၏ ပြင်းထန်သည့် ...အားဖြင့် ရင်ဆိုင်ကြရ၏။ ဂေါ်ရခါးများက ဂျပန်တို့အား ... ၁၀၀ခန့်အထိ အကပ်ခံ၍ ပစ်ခတ်ရာ ဂျပန်တို့မှာ ...မိသွားသဖြင့် အတုံးအရုံးကျဆုံးကုန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့က တောင်ဖက်သို့ ချက်ချင်းဆုတ်ပြေး၏
စစချင်း အထိနာသွားသဖြင့် တပ်လန့်သွား၏။ ညသန်းခေါင်
အချိန်တွင် ဂျပန်တို့သည် မော်တော်ယာဉ်များ အကူ
အညီဖြင့် မြို့တွင်းသို့ ကားများအတင်း ဒလကြမ်းမောင်း
ဝင်လာရာ မြို့တွင်းတွင် နေရာယူထားသည့် အင်္ဂလိပ်
တပ်များက အိမ်ကြိုအိမ်ကြားမှ ခုခံကြ၏။ ကျောက်ဆည်
တောင်ပေါ်မှ နေရာယူထားသည့် တပ်များကလည်း
အမြောက်၊ စိန်ပြောင်းများဖြင့် လှမ်းပစ်လေ၏။ မြို့တွင်
တွင်လည်း လက်တစ်ကမ်း အနီးကပ် တိုက်ပွဲများ ဖြစ်လေ
သည်။ မိုးလင်းသည်အထိ သူလူကိုယ့်လူ မခွဲခြားနိုင်
ထွေးလုံးရစ်ပတ်တိုက်ကြရာ ဧပြီ ၃၀ရက် နေ့မနက်
အရုဏ်တက်သည်အထိ ဖြစ်တော့၏။

ဂျပန်တပ်မ(၁၈)သည်အင်္ဂလိပ်တို့၏ ကျောက်ဆည်
တောင်တန်းမှ အခိုင်အမာ မဆုတ်တမ်းခံစစ်ကို မကျော်နိုင်
ပေ။ မြို့တွင်းတိုက်ပွဲ၌လည်း အကျအဆုံးများပြီး ရှေ့
တပ်ရင်းမှာ အတော်အထိနာ၍ ဖရိုဖရဲဖြစ် သွားတော့
အချို့မှာ တိုက်ပွဲနေရာအား စွန့်လွှတ်ပြီး ထွက်ပြေးသူ
သူများပင်ရှိခဲ့၏။ သို့ရာတွင် နောက်ထပ် အင်အား
ထပ်ဆောင်း၍ ကျောက်ဆည်တောင်ပေါ်ရှိ ခံစစ်ကို အတင်း





တိုက်ကြ၏။ အချို့သောအင်အားစုများက ကျောက်ဆည်
အား ကွေ့ပတ်၍ မြစ်ငယ်တံတားသို့ ချီတက်သွားကြ၏။
ဂျပန်လက်နက်ကြီးတပ်ဖွဲ့များက ကျောက်ဆည်တောင်တန်း
အား အမြောက်၊ စိန်ပြောင်းများဖြင့် အဆက်မပြတ် ပစ်ခတ်
တော့၏။ညနေလေးနာရီခန့်တွင် တောင်ကြောတစ်ခုလုံးအား
သေနတ်ကြောင်းပစ်ကူများဖြင့် အတင်းထိုးစစ်ဆင်ပြန်သည်။
ဂျပန်လေတပ်မှ ညနေငါးနာရီအထိ အဆက်မပြတ် ဗုံးကြဲ
ချင်း၊ စက်သေနတ်ဖြင့် ပစ်ခတ်ခြင်းများ ပြုလုပ်တော့
ရာ အင်္ဂလိပ်တို့ဖက်မှ အထိုက်အလျောက် ထိခိုက်မှုများ
ရှိသဖြင့် ၃၀ရက်နေ့ညတွင် စလင်းကတပ်မဟာ (၄၈)
အား မန္တလေးသို့ ဆုတ်ခွာရန် အမိန့်ပေးလေတော့သည်။

တပ်မဟာ(၄၈)သည် ထိုနေ့ည၌ ကျောက်ဆည်မြို့
မြောက်ဘက်၌ စုရုံးထားသည့် မော်တော်ယာဉ်များ ဖြင့်
ဆင်ရင်းလိုက်ခွာစစ်ဆင်ကြ၏။ မန္တလေးကျော်ပြီး အင်းဝ
တံတားကို ညတွင်းချင်းဖြတ်၍ မြောက်ဖက် မြင်းမူအထိ
ဆုတ်ခွာသွားကြလေတော့သည်။

ဤတိုက်ပွဲ၌ ဂျပန်တပ်မအသစ်ဖြစ်သော တပ်မ
သည် နယ်မြေမကျွမ်းကျင်ပဲ ဖွတ်အတင်းဝင်လာကြရာ
အင်္ဂလိပ်တပ်မဟာ(၄၈)၏ ကျုံးသွင်း တိုက်စစ်ဆင် ခံခဲ့ရပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေသ ဂယ်လီပိုလီ Gallipoli တိုက်ပွဲ၌ ဒဏ်ရာပြင်းထန်စွာ ရရှိပြီး ဆေးရုံတက်ရောက်ကုသခဲ့ရ၏။ ဒဏ်ရာမှာ အဆုတ်ကိုထိမှန်ခဲ့သော ဒဏ်ရာဖြစ်သောကြောင့် ရာသက် ပန်မစွမ်းမသန်ဖြစ်ဖွယ်ရှိလေသည်။ ဆရာဝန်များက ထိုသို့ မှတ်ချက်ပြုသော်လည်း စလင်း၏ပြင်းပြသော စိတ်ဓာတ်ကြောင့် ပြန်လည်ကျန်းမာလာခဲ့၏။ စလင်းကို ဆေးရုံပို့စဉ် ကမူ လှုပ်လိုက်လျှင်ပင် သေဆုံးနိုင်ဖွယ်ရှိ သည် ဟု ယူဆကြသဖြင့် "အန္တရာယ်ရှိသည် မီးရထားနှင့် မသယ်ဆောင်ပါနှင့်" ဟူသောစာတန်းကို ဆရာဝန်ကြီးများက စလင်းကိုယ်ပေါ်၌ ချိတ်ဆွဲပေးလိုက်ကြသည်ဟု ဆိုပါသည်။

မည်သို့ပင်ဖြစ်စေ လပေါင်းအတော်ကြာ ဆေးရုံတက်ပြီးသည့်နောက်တွင်ကား စလင်းသည် ပြန်လည်ကျန်းမာလာကာ စစ်မြေပြင်တာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ခဲ့လေသည်။ သာမန်အားဖြင့်ဆိုပါက ရာသက်ပန်မစွမ်းမသန် Disable ဖြစ်သွားရမည်ဖြစ်သော်လည်း သူ၏ပြင်းပြသောစိတ်ဓာတ်ကြောင့် ပြန်လည် ကောင်းမွန်သွားသည်ဟု သိသူများက ပြောကြ၏။

ကျန်းမာရေးကောင်းပြီး ဆေးအဆင့်Aသို့ ပြန်မြှင့်ပြီးသည်နှင့် ရှေ့တန်းစစ်မြေပြင်သို့ ပြန်လည်လိုက်ပါခဲ့ရာ





၁၉၅၃ခုနှစ်က ဗြိတိသျှစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး
ဆာဝီလီယံစလင်း

www.burmeseclassic.com

www.burmeseclassic.com



အထိအနိုက် အကျအဆုံးများခဲ့လေသည်။

တပ်မဟာ (၄၈) အင်းဝတံတားကို ဖြတ်ကျော်ပြီး သော် ဧပြီ ၃၀ရက်နေ့ည ၁၂နာရီ တိတိကျကျဆိုပါ က ၁၁နာရီ ၅၉မိနစ်တွင် အင်္ဂလိပ်တို့က အင်းဝတံတားကြီးအား ဖောက်ခွဲဖျက်ဆီးပစ်လိုက်လေတော့သည်။

## မဟာမိတ်တို့နောက်ဆုံးခွာစစ်

မေလကား မြန်မာနိုင်ငံအတွင်းရှိ မဟာမိတ် တပ်ပေါင်းစု၏ ခွာစစ်နောက်ဆုံးကာလဖြစ်၏။

ဧပြီ ၃၀ရက်တွင် မဟာမိတ်တို့ အင်းဝတံတားကြီး အား ချိုးဖျက်လိုက်ကြ၏။ ထိုအချိန်တွင် အင်္ဂလိပ်နှင့် တရုတ်တပ်များအားလုံး ဧရာဝတီမြစ်အနောက်ဖက်ကမ်း ရောက်နေကြပေပြီ။ လန်ဒန်စစ်ရုံးက "စလင်း၏တပ်မ ကြီးမှ အမှတ်(၇)သံချပ်ကာတပ်မဟာအား မြောက်ဘက် သို့ ဆုတ်နေသည့် တရုတ်တပ်များနောက်မှ အကာ အကွယ်ပေးရန် ခြေလျင်တပ်များက ရွှေဘို၊ ရေဦး ကလေးဝ ကားလမ်းအား ထိန်းချုပ်၍ အိန္ဒိယအထိ ခွာစစ်ဆင်ရန် မည်သည့် အင်္ဂလိပ်တပ်များမှ တရုတ်





ပြည်တွင်းသို့ ဆုတ်ခွာသွားခြင်းမပြုရန်" ညွှန်ကြား လေသည်။

အလက်ဇန္ဒားနှင့် စလင်းတို့က ဗမာတပ်မဟာ (၁)နှင့်(၂)တို့အား ချင်းတွင်းမြစ်ကြောင်းအတိုင်း ရှင်းလင်း ၍ ကလေးဝသို့ ချီတက်စေသည်။ အမှတ်(၁၇) အိန္ဒိယ တပ်မနှင့်အမှတ်(၇)သံချပ်ကာ တပ်မဟာကို ရေဦးကလေးဝ လမ်းကြောင်းအတိုင်း ချီတက်စေသည်။ မေလ ပထမပတ် တွင် တရုတ်တပ်များ ရွှေဘိုမြောက်ဘက်ကန့်ဘလူ ဇီးကုန်း အထိ ရောက်သွားပြီဖြစ်၍ အမှတ်(၇)သံချပ်ကာ တပ်မဟာ သည် အုန်းတောတွင် စုရုံးထားရာမှ ရေဦးသို့ ချီတက် နိုင်ခဲ့၏။

မုံရွာသို့ရောက်နေသည့် တပ်မဟာ(၆၃)သည်လည်း ရေဦးသို့ဆုတ်ခွာခဲ့၏။ အမှတ်(၃၈)တရုတ်တပ်မ မြောက်ဖက် သို့ တက်နေသဖြင့် သူတို့အား အကာအကွယ်ပေးရန် စလင်း၏တပ်မကြီးသည် မေလ(၅)ရက်နေ့ထိ ရေဦးတွင် ရှိနေပေသေး၏။ မေလ(၆)ရက်နေ့မှ ရေဦးမှထွက် ခဲ့ကြသည်။ ထိုအချိန်တွင် ဂျပန်တပ်များက ရွှေဘိုကို ဝင်ရောက်ကြပေပြီ။ အင်္ဂလိပ်တပ်များသည် ရေဦးမှအလျင် အမြန် ဆုတ်ခွာသွားကြရာ ကဒူးမ၊ ပျဉ်းကိုင်းနှင့် မဟာမြိုင်



www.burmeseclassic.com

www.burmeseclassic.com



တောကြီးအားဖြတ်၍ ကလေးဝတစ်ဖက်ကမ်း တောင်ဘက် အရပ်ခါးလွယ်ခုတ်ရှိရွှေကျင်သို့ဆိုက်ရောက်သွားကြလေသည်။

ရွှေကျင်သည် ကူးတို့ဆိပ်မြို့ကလေးဖြစ်၍ ပေ ၂၀၀ ခန့်မြင့်သော ချောက်ကမ္ဘားကြီးကြောင့် အင်တုံကြီး တစ်ခုနှင့် တူပေ၏။ ရွှေကျင်၌ တပ်မဟာ(၁၆)က ကြိုရောက်နှင့်ပြီး ချင်းတွင်းမြစ်ကူးရေးအား ပြင်ဆင်ထားကြ၏။ လူ ၆၀၀ခန့် ကူးနိုင်သော ကူးတို့သင်္ဘော၆စီးဖြင့် အခေါက်ခေါက်အခါခါ သယ်ရ၏။ အချို့ခြေလျင်တပ်ဖွဲ့များအား ချင်းတွင်းမြစ်ရိုးရှိ သင့်လျော်ရာဒေသများမှ မြစ်ကိုဖြတ်ကူးစေ၏။ အရှေ့ဘက်မှ အနောက်ဘက်သို့ကူး သွားကြသော တပ်များသည် အဆော တလျင်ပင်ဆက်လက်ထွက်ခွာကြ၏။ မထွက်ခွာ၍လည်းမဖြစ်။ ဂျပန်အမှတ်(၃၃)တပ်မ၏ ရှေ့ပြေးတပ်များသည် ရွှေကျင်သို့ ချဉ်းကပ်နေပြီဖြစ်၏။ မေလ(၉)ရက်နေ့တွင် ဂျပန်လေယာဉ် များကရွှေကျင်ကူးတို့ဆိပ်အား ဗုံးကြဲတိုက်ခိုက်လေတော့သည်။

အလားတူပင် ဗိုလ်ချုပ်ဆာကူရိုင်၏ အမှတ် (၃၃) တပ်မက အပေါ့စားရေယာဉ်များဖြင့် ချင်းတွင်းမြစ် အားဆန် တက်ပြီး မေလ ၉ရက်နေ့တွင် ရွှေကျင် တောင်ဘက် သို့ရောက်ရှိလာ၏။ ရွှေကျင်ကူးတို့ဆိပ်တစ်ဝိုက် အင်တုံ သဏ္ဍာန်ချိုင့်ဝှမ်းအတွင်းသို့ စိန်ပြောင်းများ၊ အမြောက်များ





ဖြင့် အဆက်မပြတ် ပစ်သွင်းလေတော့၏။ ထို့ပြင် ဂျပန် တို့သည် ရွှေကျင်မြို့ကလေးတွင်းသို့ စိမ့်ဝင်ရန်လည်း ကြိုး ...မ်းကြ၏။ ဂျပန်တို့ဖက်က ရွှေကျင်မြို့သိမ်းတိုက်ပွဲအား ...ပ်မမှူးဗိုလ်ချုပ်ဆာကူရိုင်ကိုယ်တိုင် ကွပ်ကဲလေသည်။

အင်္ဂလိပ်တို့ဘက်မှလည်း ရွှေကျင်မှ ကူးတို့သင်္ဘော များကို လူနှင့်ပစ္စည်းများအမိအရတင်၍ ကလေးဝသို့ စွန့်စွန့် ...းစားပို့၏။ ရွှေကျင်မှကလေးဝသို့ ၆ မိုင်ဝေးသေး၏။ ဤသို့ အခက်အခဲကြားမှ သယ်ယူပို့ဆောင်ရေးကို ပင်မတပ် မှ ဆောင်ရွက်စဉ် နောက်ရံတပ်မဟာ(၄၈)က ဂျပန်တို့အား ...န်ပြန်တိုက်စစ်ဆင်၍ မောင်းထုတ်ခဲ့၏။ နောက်ရံ တပ်များ အား အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ချုပ်ကိုဝင်က ကွပ်ကဲခဲ့၏။ ...ပတ်ကြာမျှ ရွှေကျင်တစ်ဝိုက်တွင် တိုက်ပွဲများပြင်းထန် ...ဖြစ်ပွားပြီးအင်္ဂလိပ်တပ်များအားလုံး ချင်းတွင်းမြစ်အနောက် ...က်ကမ်းသို့ မြစ်ကူး၍ လွတ်မြောက်သွားကြလေသည်။

ထို့နောက် ကလေးဝမှတမူးသို့ ဆက်လက် ...တက်ကြပြီး အင်ဖာသို့ ရောက်ရှိအခြေပြုနိုင်ကြလေသည်။ ...မ်းတွင် အင်္ဂလိပ်တပ်များသည် ရာသီဥတုဒဏ်၊ ...တင်၊ ရေငတ်သည့်ဒဏ်နှင့် ရောဂါဘယဒဏ်များကို ...မက ဂျပန်၏လေကြောင်းမှ တိုက်ခိုက်မှုဒဏ်များကို



www.burmeseclassic.com

www.burmeseclassic.com



အလူးအလဲခံစားရင်း ဆုတ်ခွာသွားကြခြင်းဖြစ်၏။ နောက်ဆုံး တပ်သည် ကလေးဝမှ မေ ၁၂ရက်မှ ထွက်နိုင်၏။

အင်္ဂလိပ်တပ်များသည် မြန်မာပြည်မှ မိုင် ၉၀၀ ခရီးကြမ်းကြီးကို တောက်လျှောက်ခွာစစ်ဆင်သွားခဲ့ခြင်းပင်။

ဂျပန်များဖက်က ပြောကြားချက်များအရ ၎င်းတို့သည် မြန်မာတစ်နိုင်ငံလုံးအား မေလ ၁၂ရက်နေ့တွင် အပြီးအပိုင် သိမ်းလိုက်နိုင်သည်ဆို၏။ ဤသို့အောင်ပွဲခံ နိုင်ရန် မိုင် ၁၅၀၀ ခန့်အား တစ်ရက်မိုင်(၃၀)မျှ ခြေလျင် ချီတက်ခဲ့ရပြီး ၁၂၇ ရက်တိတိ ခရီးပြင်းသွားခဲ့ရသည်ဟု ပြောကြ၏။ တိုက်ပွဲပေါင်း(၃၄)ကြိမ်တိုက်ခဲ့ရသည်ဟု ဂျပန်တပ်မ(၃၃)၏ စစ်သမိုင်းတွင် ဖော်ပြခဲ့သည်။

ဂျပန်တို့၏ စာရင်းဇယားများ၌ ၎င်းတို့ဖက်မှ (၁၉၆၆)ဦး ကျဆုံး၊ (၅၃၅) ဦးဒဏ်ရာရ၊ (၁၀၈)ဦးပျောက်ဆုံးဟု စာရင်းပြ၍ ရန်သူ့ထံမှ တင့်ကားအစီး(၂၇၀) ကားကြီးအစီး(၆၀၀၀)၊ ကားငယ်အစီး(၇၀၀၀)နှင့် အမြောက်အလက် (၁၀၀)သိမ်းမိသည်ဟုဆို၏။

အင်္ဂလိပ်တို့၏ အဆိုအရကား သူတို့ဘက်မှ ကျဆုံးဒဏ်ရာရပျောက်ဆုံးစုစုပေါင်း (၁၃၀၀၀)ခန့်ရှိ၍ ဂျပန်တို့ဖက် ကမူ (၄၀၀၀)ခန့်ရှိသည်ဟု ဆိုပါသည်။





ဂျပန်တို့သည် မြစ်ကြီးနားအား မေလ ၆ရက် နေ့တွင်သိမ်းနိုင်၏။ မြစ်ကြီးနားသိမ်းပြီး မြောက်ဘက် ပူတာအိုအထိ ဆက်လက်ချီတက်ကြလေသည်။ မြစ်ကြီးနားရှိ မြန်မာပြည်ဘုရင်ခံဆာဒေါမန်စမစ်ကား နန်းရင်းဝန်ချုပ်ချီ ၏ ညွှန်ကြားချက်အရ မေလ၄ရက်နေ့တွင် မြစ်ကြီးနားမှ လေယာဉ်ဖြင့် အိန္ဒိယနိုင်ငံ ဆင်းမလားမြို့သို့ ထွက်ခွာသွားလေသည်။

မေလ ၂၀ ရက်နေ့တွင် မြန်မာပြည်တပ်တော်၏ဦးစီး ချုပ်၊ ဗိုလ်ချုပ်ကြီးအလက်ဇန္ဒားသည် တာဝန်သစ်တစ်ခုထမ်း ဆောင်ရန်အင်္ဂလန်သို့ပြန်လည်ထွက်ခွာသွားခဲ့၏။ သူ၏တာဝန် အား ဗိုလ်ချုပ်ကြီးစလင်းသို့ လွှဲပြောင်းပေး အပ်ခဲ့လေသည်။

မြောက်ဖက်တက်သွားသည့် ဗိုလ်ချုပ်ဆွန်လီကျင်၏ တရုတ်တပ်မ(၃၈)နှင့် တပ်မ(၂၂)မှတပ်မဟာတစ်ခုတို့သည် ဗန်းမော်အားဂျပန်တို့သိမ်းကြောင်း သိရ၍ မြစ်ကြီးနားသို့ ဂျပန်တို့ထက်စောပြီး မရောက်နိုင်ကြောင်း သုံးသပ်ပြီး တောင်ဖက်သို့ပြန်ဆင်းခဲ့၏။ ဝန်းသိုသို့ အရောက်တွင် ဂျပန်များနှင့်တွေ့ဆုံ ပြီး တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွား၍ အနောက်ဖက်သို့ လှည့်ထွက်ခဲ့လေသည်။ ဖီးဖြူတောင်တန်း အား ဖြတ်ကျော် ပြီး ချင်းတွင်းမြစ်ဝှမ်းသို့ အခက်အခဲအမျိုး မျိုးကြားမှ ထိုးဖောက်ရောက်ရှိသွားလေသည်။ တရုတ်



www.burmeseclassic.com

www.burmeseclassic.com



တပ်များသည် မေလ ၁၄ ရက်နေ့၌ ဖောင်းပြင်တွင် ဂျပန်တပ်များနှင့် ထပ်မံတွေ့ဆုံတိုက်ပွဲဖြစ်ပွားပြီး ချင်းတွင်းမြစ်ကို ဖြတ်ကူး နိုင်ခဲ့၏။ ချင်းတွင်းမြစ်ကို ဖြတ်ကူးပြီး တစ်ပတ်ကျော်ကြာမှ အိန္ဒိယသို့ ရောက်ရှိတော့၏။

ဤသို့ဖြင့် မဟာမိတ်တို့၏ မြန်မာနိုင်ငံမှ အပြီးအပိုင်ခွာစစ်ဆင်ခြင်းသည် ၁၉၄၂ခုနှစ်၊မေလ တတိယပတ်တွင် ပြီးဆုံးသည်ဟုဆိုရပါမည်။ထိုအချိန်မှစ၍ မြန်မာတစ်နိုင်ငံလုံး ဂျပန်တို့၏ လက်အောက်သို့ ကျရောက်သွားခဲ့ချေပြီတည်း။

စလင်းက ခွာစစ်၌ သူ၏ဒုက္ခများကို အောက်ပါအတိုင်းသူ၏ **Defeat into Victory** ဖော်ပြခဲ့၏။

"မိုင် (၉၀၀) ခရီးကို အောင်မြင်စွာ ဆုတ်ခွာလာခဲ့ရပြီးနောက် အင်ဖာသို့ ရောက်လာပြန်တော့လည်း ကျွန်ုပ်တို့ ဒုက္ခမှာ အဆုံးမသတ်သေး"

"အိန္ဒိယရှိ စစ်ဌာနချုပ်မှာ အရာရှိများ မကြာခဏ အပြောင်းအလဲရှိနေသောကြောင့်တစ်ကြောင်း၊ အိန္ဒိယပြည်၏ နိုင်ငံအခြေအနေက အင်္ဂလိပ်တို့နှင့် အဆင်မပြေဖြစ်နေသောကြောင့်တစ်ကြောင်း၊ ကာလကတ္တားနှင့်အင်ဖာအကြားတွင် ခရီးသွားလာမှု မလွယ်





ကူသည်က တစ်ကြောင်းတို့ကြောင်း တောအထပ်ထပ်တောင်အဆင့်ဆင့်ချောင်းအသွယ်သွယ်ကို ဒုက္ခအဆင်းရဲကြီးခံကာ ဖြတ်ကျော် လာခဲ့ရသော ကျွန်ုပ်တို့အား ကြည်ကြည်ဖြူဖြူ ပြုံးစု ညှော်ခံမည့်သူပင် မရှိသလောက်ဖြစ်နေသည်။"

"အင်ဖာသို့ ရောက်လာသည့်တိုင်အောင်မိုးပေါက်များတဖောက်ဖောက်ကျနေသော သစ်ပင်များအောက်၌ စောင်ပင်လွှမ်းခြုံရန်မရှိဘဲ အိပ်စက်နား နေရသည့် စစ်သည် ရဲမက်များကိုကြည့်ကာ ကျွန်ုပ်သည်များမှာ စိတ်မကောင်း ဖြစ်နေမိလေသည်။"

"စစ်သည်ရဲမက်တော်တိုင်းလိုပင် မြန်မာပြည်စစ်မျက်နှာ၌တွေ့ခဲ့ရသော အနိဌာရုံများ၏ ခြောက်လှန့်မှုနှင့်လမ်းခရီးတစ်လျှောက် အစားဆင်းရဲ၊ အနေဆင်းရဲမှုကြောင့် စာခြောက်ရုပ်ကလေးများလို ဖြစ်နေကြသည်။ ကျားကိုခလုတ်၊ သစ်သစ်ငုတ်ကိုသင်ဖြူး၊ ဆူးကိုမွေ့ယာပမာ သဘောထားနိုင်ကြသူများမှာ စစ်နှင့်လွတ်ရာအင်ဖာသို့ရောက်လာခဲ့လျှင်အစားကောင်းကောင်းကျွေး၍ အနားကောင်းကောင်းပေးတော့မည် ဟုအားတင်ခဲ့ကြ၏။ ယခုမူမျှော်လင့်သည်နှင့်ဆန့်ကျင်ဘက်ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်တိုက်ပွဲတွင် ကျွန်ုပ်တို့ဘက်မှကျဆုံးသူ၊ ထိခိုက်ဒဏ်ရာရသူနှင့် ပျောက်ဆုံးနေသူပေါင်း (၁၃၀၀၀) ရှိခဲ့သည်။ရန်သူဘက်တွင်မူ ကျွန်ုပ်တို့၏ သုံးပုံတစ်ပုံလောက်သာ ကျဆုံးဒဏ်ရာရခဲ့သည်။

"ကျွန်ုပ်ဦးစီးသော မြန်မာ့တပ်မကြီး(၁)သည် အမြောက်အကြီးအငယ်ပေါင်း(၁၅၀)ရှိသည့်အနက်(၇၄) လက်သာချင်းတွင်းမြစ်ကမ်းပါးသို့ သယ်ယူလာနိုင်သည်။ ၎င်း(၇၄)လက်တွင်လည်း(၂၈)လက်သာ အင်ဖာသို့ပါလာနိုင်တော့သည်။ကျွန်ုပ်၏တပ်မကြီးတွင်ရှိခဲ့သော လော်ရီကားနှင့်ဂျစ်ကားများအနက် လော်ရီအစီး(၅၀)နှင့်ဂျစ်ကားအစီး(၃၀)သာအိန္ဒိယသို့ရောက်လာနိုင် တော့သည်"

"ကျွန်ုပ်သည် ကြွင်းကျန်နေသမျှသော လက်နက် လူသူနှင့်မော်တော်ကားများကို မေလ(၂၀) ရက်နေ့တွင် အမှတ်(၄) တပ်မကြီးသို့ လွှဲပြောင်းပေးလိုက်ပြီးနောက်က လကတ္တားသို့ထွက်လာခဲ့သည်။ ထို့နောက် ကျွန်ုပ်၏ဌာနချုပ် အဖွဲ့ဝင်များရှိရာ ရန်ချီသို့ ခရီးဆက်ခဲ့၏။"

"ကျွန်ုပ်သည် ရက်သတ္တနှစ်ပတ်ခွင့်ယူ၍ ဆင်းမလားတွင် နေထိုင်လျက်ရှိသော ကျွန်ုပ်၏ မိသား





ထဲသို့ သွားရန် စီစဉ်နေစဉ် ကလကတ္တား သို့သွား၍ အသစ်ဖွဲ့စည်းလိုက်သော အမှတ်(၁၅) အိန္ဒိယတပ်မကြီးအား အုပ်ချုပ်ရမည်ဟု အမိန့်ရောက်လာလေသည်"

"မြန်မာတပ်မကြီး(၁) နှင့် အပြီးအပိုင် လမ်းခွဲခဲ့ရချေပြီ"

စလင်းက အထက်ပါအတိုင်း ရေးသားခဲ့ပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



မက်ဆိုပိုတေးမီးယား(ယခုအီရတ်)စစ်မြေပြင်၌ တူရကီများနှင့် တိုက်ရသည့် တိုက်ပွဲများတွင် တာဝန်ထမ်း ဆောင်ခဲ့ရာသူ၏ ခဲ့ဝံ့စွန့်စားသော ဆောင်ရွက်ချက်ကြောင့် ဘက်ဂ္ဂဒက်မြို့သိမ်းတိုက်ပွဲ၌ စွမ်းရည်ဘွဲ့ Military Cross ရရှိခဲ့လေသည်။

ပထမကမ္ဘာစစ်ကြီးပြီးဆုံးသွားသောအခါ စလင်းသည် ဗိုလ်ကြီး အဆင့်ဖြင့် အိန္ဒိယကြည်းတပ်မတော် အမှတ်၁/၆ဂေါ်ရခါးသေနတ်ကိုင် တပ်ရင်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရလေသည်။ အိန္ဒိယတွင် Quetta စေ့ဦးစီး တက္ကသိုလ်သို့တက်ရောက်ခဲ့ရာ၌ ထိပ်တန်းမှ ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ရာထူးများတိုးတက်ရရှိပြီး ၁၉၃၄ ခုနှစ်၌ အင်္ဂလန်နိုင်ငံ Camberley Military College ကမ်ဘာလေစစ်ကောလိပ်သို့ ထပ်မံရောက်ရှိခဲ့ပြီး ၁၉၃၉ ခုနှစ်၌ ဗိုလ်မှူးချုပ်ရာထူးဖြင့်အိန္ဒိယနိုင်ငံ Belgaum စစ်ကျောင်းကြီးတွင် အထက်တန်းနည်းပြတာဝန် ထမ်းဆောင်ရလေသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသော အခါ သူ့အားအမှတ်(၁၀)အိန္ဒိယတပ်မ တပ်မမှူး တာဝန်နှင့် ဆူဒန်သို့ စေလွှတ် ခြင်းခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

## မဟာမိတ်တို့၏ စစ်ရှုံးရသော အကြောင်းအရင်းများ

မြန်မာနိုင်ငံ၌ မဟာမိတ်တပ်များ စစ်ရှုံးရခြင်း အကြောင်းအရင်းကို ရှာဖွေသောအခါ နိုင်ငံရေးထက် စစ်ရေးကိစ္စများသာ တွေ့ရှိရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကာကွယ်ရေးကို အိန္ဒိယနိုင်ငံကာကွယ်ရေးနှင့် တပေါင်းတည်းသို့၍ စီမံထားခြင်းမရှိခဲ့ပေ။ ထိုပြည်ကြီး နှစ်ပြည်တို့၏ အကြား၌ တစ်ခုတည်းသော ဆက်သွယ်ရေးဝန်ရိုးသည် မြို့တော်ရန်ကုန်၌သာတည်ရှိဆက်သွယ်ရသည်ဖြစ်ရာ ရန်ကုန်မြို့ကျဆုံးသည့်အချိန် ၌ မြန်မာနိုင်ငံကို လက်လွှတ်ဆုံးရှုံးရန် သေချာနေပေတော့သည်။ မြေအနေအထားနှင့် ဆက်သွယ်ရေးနည်းလမ်းများ နည်းပါးမှုတို့က တိုက်ခိုက်လာနိုင်ငံ ခုခံသူ ၂ဦးလုံးတို့အား အညီအမျှပင် အကျိုးအပြစ်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သက်ရောက်စေခဲ့ပေ သည်။ ထိုမျှမကသေး မဟာမိတ်တို့သည် ဂျပန်တို့၏ တဟုန်ထိုး တိုက်လာသည့် ထိုးစစ်ကို ရပ်တန့် သွားစေ လောက်အောင် တပ်များ အလုံအလောက် စုစည်းထားနိုင်စွမ်းမရှိချေ။ ထားလိုသော ဆန္ဒ မရှိကြချေ။

မြန်မာနိုင်ငံကို ဆုံးရှုံးရခြင်းအတွက် အဓိက အကြောင်း အချက်များကို တစ်ချက်ချင်း ဆက်လက်ဖော်ပြအပ်ပါသည်။

## အုပ်ချုပ်ကွပ်ကဲမှုအနေအထား

၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာပြည်၏ ခံစစ်အတွက် ပြင်ဆင်မှုများ ပြုလုပ်ကြသောအခါ ထိုခံစစ်ကို အိန္ဒိယစစ်တိုင်းအောက်မှ ထုတ်ယူ၍ အေဘီဒီအေ (ABDA) စစ်တိုင်းဟုခေါ်သော စစ်တိုင်း အသစ်အောက်တွင်သာ ထားရှိခဲ့၏။ ဤကြီးကျယ်သော စစ်တိုင်းကြီး၏ လက်အောက်၌ တပ်များနှင့် စစ်လက်နက်ပစ္စည်းများရရှိရေးအတွက် မြန်မာပြည်သည် ဦးစားပေးအဆင့် အလွန်နိမ့်ကျသော အနေအထားတွင်သာ ရှိခဲ့လေသည်။ ဤသည်မှာ အရေးနိမ့်ရခြင်း၏ အဓိကအချက်ကြီး ဖြစ်လေသည်။





## ရည်ရွယ်ချက် ရွေးချယ်ခြင်းနှင့် ထိန်းသိမ်းခြင်း

မြန်မာပြည်ရှိဗြိတိသျှစစ်တပ်ကြီးအား တိကျသော ရည်ရွယ် ချက်သို့မဟုတ် ညွှန်ကြားချက်ဟူ၍ပေးမထားဘဲ မိမိတို့ ပိုင်နယ်မြေများကို အတတ်နိုင်ဆုံး ထိန်းထားနိုင်အောင်တိုက်နေ ကြရမည်ဟူ၍သာ အမိန့်ပေးထားခဲ့လေသည်။ အလွန် ယေဘုယျဆန်သော အမိန့်ဖြစ်၏။

## အထက်မှ ညွှန်ကြားချက် မှားယွင်းခြင်း

နေရာတိုင်းတွင် ခံစစ်နှင့်ဟန့်စစ်ထားရှိရန် အထက် မှားယွင်းစွာညွှန်ကြားခြင်းကြောင့် တပ်အင်အားများအစိပ်စိပ် အမြှာမြှာကွဲ၍ခါးပိုက်ဆောင်တပ်ငယ်လေးများ ပြန့်ကွဲအောင် ဖြန့်ထားသလိုဖြစ်ခဲ့ဘူးလေသည်။ အချို့ တပ်မဟာများသည် မိုင်၁၀ကျော်ကျယ်ဝန်းသည့်နယ်မြေကို ခြုံမိအောင်တပ်ဖြန့် ခဲ့ရသည်။ ဥပမာထားဝယ်နှင့်မြိတ်တို့၌အမှတ်(၂) မြန်မာပြည် တပ်မဟာ တပ်စွဲထားခြင်းဖြစ်၏။ ဤနည်းဖြင့်ကွဲပြန့်နေ သောတပ်များမှာဝါးအစည်းပြေသလို တစ်တပ်ပြီးတစ်တပ် ပြိုကွဲခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## စစ်အတွက်အသင့်ပြင်ဆင်ထားမှုမရှိခြင်း

မြန်မာပြည်တွင် စစ်ဖြစ်ပွားမည်ဟု အရပ်ဖက်နှင့် စစ်ဖက် နှစ်ခုလုံးမှအာဏာပိုင်များက မည်သည့်အခါကမှ မထင်မှတ် မမျှော်လင့်ခဲ့ချေ။ ထို့ကြောင့်ပင် မြန်မာပြည်ကို အန္တရာယ်ပြု၍ ခြိမ်းခြောက်လာခဲ့လျှင် မည်သို့ပြုလုပ်ရမည်ဟု ပြောပလောက်သောပြင်ဆင်မှုဟူ၍စိုးစဉ်းမျှ ပြုလုပ်ထားခြင်း မရှိခဲ့ပေ။ မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံတို့အကြား ဆက်သွယ်ရေး ကုန်းလမ်းမရှိခြင်း၊ ထိုနှစ်နိုင်ငံ၏ စစ်တပ်များ ဆက်စပ်မှုမရှိ ကွဲပြားခြားနားနေခြင်း၊ ဤစစ်နယ်ဝှမ်း၌ တာဝန်ပိုင်းတွင် မကြာခဏပြောင်းလဲခြင်း၊ စစ်ဆင်ရေးနှင့်အုပ်ချုပ်ရေး ကြီးကြပ်မှုများကို သီးခြားစီ ခွဲခြမ်းထားခြင်းစသော အချက် များသည် စစ်ပွဲအတွက် အသင့်ပြင်ဆင်ပြီး မရှိကြောင်း ဖော်ပြသော အချက်အလက်အချို့များ ဖြစ်ကြလေသည်။ အခြား အချက်များလည်း အများအပြားရှိပါသေးသည်။





## ...ပ်အင်အားလုံလောက်စွာမရှိခြင်း

ရန်သူများ စတင်ဝင်ရောက်တိုက်ခိုက်ခြင်းခံရစဉ် ...နိုင်၌ မြန်မာနိုင်ငံ၏ဤမျှရှည်လျား၍ ခက်ခဲသော နယ်စပ် ...ကို ထိန်းချုပ်ထားနိုင်ရန်တပ်များ လုံလောက်စွာမရှိခဲ့ ... တရုတ်စစ်တပ်ကြီးနှစ်တပ်သာမြန်မာနိုင်ငံသို့ စောစော ...က်ရှိခဲ့ပြီး ပေးသည့် အမိန့်အားလုံးကို လိုက်နာကြ ...ဆိုပါမူ မြန်မာနိုင်ငံ၏ အခြေအနေသည် ယခုထက်ပိုမို၍ ...ာင်းမွန်ဖွယ်ရှိပေသည်။

## ...စ်လက်နက်ပစ္စည်း လုံလောက်စွာမရှိခြင်း

မြန်မာနိုင်ငံရှိ တပ်များတွင် စစ်လက်နက်ပစ္စည်းများ ...နည်းဖျင်းစွာတပ်ဆင်ထားခဲ့သည်။ အထူးသဖြင့်ရင်းတို့ ...ိုက်ရသည့်တောတွင်းတိုက်ပွဲမျိုးအတွက် အသုံးတဲ့ ... စစ်လက်နက်ပစ္စည်းမျိုးမှတပ်ဆင်ထားခြင်း မရှိခဲ့ပေ။ ...နှ၁ရ စစ်ပွဲမျိုးအတွက် စစ်လက်နက် ပစ္စည်းများ ...ဆက်ပေးထားသော အမှတ်(၁၇) အိန္ဒိယ တပ်မသည် ...ပြည်၌ တောတွင်းတိုက်ပွဲများတွင် ပါဝင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



နွှဲခဲ့ကြရသည်။ ထို့ကြောင့်လည်း သူတို့ကို အပူပိုင်း ဒေသ တောတွင်းစစ်ဆင်ရေးကို ကောင်းစွာလေ့ကျင့် လာသည့် ဂျပန်တို့က အလွယ်တကူ အနိုင်ယူသွားခဲ့၏။

## လုံလောက်သောလေ့ကျင့်ရေးမရှိခြင်း

အိန္ဒိယရှိ ဗြိတိသျှ ကြည်းတပ်မတော်၏ စစ်အေး ကာလလေ့ကျင့်ရေးများတွင် လုံလောက်ပြည့်ဝသော လေ့ ကျင့်မှုမရှိခဲ့ပေ။ဖွဲ့စည်းမှုတွင်လည်းတောတွင်း တိုက်ပွဲမျိုး အတွက် မသင့်လျော်ခဲ့ပေ။ အခြားတစ်ဖက်၌မူ ဂျပန်တို့၏ ဖွဲ့စည်းပုံနှင့်စစ်လက်နက်ပစ္စည်းများအားလုံးမှာ တောတွင်း တိုက်ပွဲ များအတွက် သက်သက်ရည်ရွယ်ပုံသွင်း ထားသည့် ဖြစ်သောကြောင့် ဂျပန်တို့က ဗြိတိသျှတို့ထက် အဆပေါင်း များစွာ ပိုမိုကျင်လည်၍ ရွေ့ပြောင်းရယူ လွယ်ကူနေလေ တော့သည်။





## သတင်းမရရှိခြင်း

စစ်ရှုံးရခြင်းနှင့် မြန်မာပြည်ဆုံးရှုံးရခြင်းတို့အတွက် သတင်းမရရှိခြင်းသည် အဓိကအကြောင်း ရင်းကြီးတစ်ခုဖြစ် သည်ဟုဆိုရပေမည်။ဂျပန်တို့၏ တောတွင်းစစ်ဆင်ရေး နည်းသယများနှင့် ပတ်သက်၍လည်း လုံးဝသတင်းမရရှိခဲ့ပေ။ ထိုမျှမကသေး အခြေခိုင်စွာ ဖွဲ့စည်းထားသည့် စခန်းပေါင်း များစွာပင် ကျဆုံးရအောင် တိုက်နိုင်စွမ်းရှိသော ဂျပန်တို့၏ အင်အားနှင့် လှုပ်ရှားချီတက်မှုအကြောင်းများကို ကြားမျှပင် မကြားဘူးအောင်သတင်းခေါင်းပါးလျက်ရှိခြင်းမှာ အထူး စိတ်ပျက်ဖွယ်ကောင်းလှပေသည်။ ဤကဲ့သို့ သတင်းဆိတ် သုဉ်းနေခြင်းကြောင့် တိုက်ပွဲတိုင်းလိုလို၌ပင် ဂျပန်တို့သည် စစ်ဗျူဟာအရ အငိုက်ဖမ်းမှုကို ရရှိကြတော့သည်။ ဤနည်း အားဖြင့် မြန်မာတစ်နိုင်ငံလုံး ဂျပန်တို့လက်တွင်းလျင်မြန်စွာ ကျဆုံးခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



## လေတပ်အင်အားလုံလောက်စွာမရှိခြင်း

တိုက်ပွဲအစကနဦး၌ပင် မဟာမိတ်တို့ဘက်၌ လေယာဉ်များအပြည့်အဝမရှိခဲ့ခြင်းကြောင့် လေတပ်အနေဖြင့် လေကြောင်းအရေးသာမှုကို မရရှိခဲ့ချေ။ ရှိသောလေယာဉ်များဖြင့်ကြိုးပမ်းတိုက်ခိုက်မှုမှာ ပြောပလောက်အောင်မများဘဲ ဂျပန်လေတပ်ကိုရှုပ်ရှပ်ခွဲခွဲ ပြန်လည်တိုက်ခိုက်ခဲ့သော်ငြားလည်း ဂျပန်တို့၏ ချီတက်လှုပ်ရှားမှုမှန်သမျှကို အချိန်မီသိရှိရအောင်မစွမ်းဆောင်နိုင်ခဲ့ပေ။ နောက်ပိုင်း၌ ဗြိတိသျှတို့၏ ဆုတ်ခွာဆဲ စစ်ကြောင်းများကို ဂျပန်လေတပ်ကအဆက်မပြတ်နှောင့်ယှက်သည့်အန္တရာယ်အား ကာကွယ်နိုင် ခြင်းပင် မရှိ တော့ချေ။ လေကြောင်းအကဲသာမှုနှင့် လေကြောင်းစိုးမိုးမှု အားလုံးကို ဂျပန်တို့က လုံးဝရသွား ကြတော့၏။

## အုပ်ချုပ်ရေးနှင့်ထောက်ပံ့ရေးညံ့ဖျင်းခြင်း

အထူးသဖြင့် တောတွင်း၌ တိုက်ပွဲဝင်တပ်များအား အဆက်မပြတ် တိုက်ခိုက်နိုင်ရန် လုံလောက်သော အုပ်ချုပ်မှုထောက်ပံ့မှုကို ဖွဲ့စည်းတည် ထောင်ထား ခြင်းမရှိ





များ ရန်ကုန်မြို့ကျဆုံးပြီးသည့်နောက်၌ လေကြောင်း မှအပ ...ယပြည်နှင့် အဆက်အသွယ် အားလုံးပြတ် တောက်ခဲ့ ...သည်။ မြန်မာပြည်၌ အခြေခံစခန်းတစ်ခုမျှပင်မ ကျန်ခဲ့ ... အုပ်ချုပ်ထောက်ပံ့မှုမှာ အလွန်ပင် ညံ့ဖျင်းခဲ့ချေ၏။

## ဒေသအလိုက်နေထိုင်သူများ

မြန်မာပြည်တွင် ဒေသအလိုက် နေထိုင်ကြသူများ သည် အတော်များများ စာမတတ်ကြပေ။ တနည်းဆိုရသော် ...တို့အထိတ်တလန့်ဖြစ်မည်စိုးသဖြင့် ဂျပန်တို့၏ အန္တရာယ်မှ ကာကွယ်ရန် အစီရပြင်ဆင်ထားခြင်းမရှိပေ။ တောင်ပေါ် ...သား လူမျိုးများသည်များသောအားဖြင့် သစ္စာရှိကြပြီး ...ပြန့်ရှိ မြန်မာများကမူ အရာရာကို ဥပေက္ခာ သဘော ...ထား ရှိကြသည်။ သို့ဖြစ်လင့်ကစား အကြောင်းအမျိုးမျိုး ကြောင့် ဒေသခံနေလူထုသည် ဂျပန်တို့ကို ကူညီခဲ့ကြသည်။ ...ရအမှုထမ်းများဖြစ်ကြသော မြန်မာများနှင့်အိန္ဒိယလူမျိုး များ ပင်လျှင် ဗြိတိသျှတို့အပေါ် သစ္စာရှိမရှိ မေးမြန်းစရာ အကြောင်းရှိလာသည်။ အဘယ်ကြောင့်ဆိုသော် ဗြိတိသျှ တို့က ၎င်းတို့၏မိသားစု များအတွက်မြန်မာနိုင်ငံမှ ဆုတ်ခွာ



www.burmeseclassic.com

www.burmeseclassic.com



## စလင်းနှင့် အာရှတိုက်သားဂေါ်ရခါးများ

စလင်းသည် ဂေါ်ရခါးစစ်သားများကို မက်ဆိုပိုတေးမီးယားစစ်မြေပြင်ရောက်မှ စတင်ကြုံဆုံဘူးခြင်း ဖြစ် သည်။ ဂယ်လီပိုလီတိုက်ပွဲတွင် ဂေါ်ရခါးများနှင့်အတူ လက်တွဲတိုက်ပွဲဝင်ပြီးသည်နှင့်စလင်းက

"ဂေါ်ရခါးတွေဟာ တကယ့်စစ်သား အစစ်ဖြစ်တယ်။ အထက်အမိန့်ကို နာခံတယ်၊ ကျိုးနွံတယ်၊ သူတို့ဟာ စစ်တိုက်တာကလွဲပြီး ဘာမှလုပ်တတ်တဲ့ လူမျိုးတွေမဟုတ်ဘူး။ အလွန်သဘောကျစရာ ကောင်းတယ်" ဟု သူ၏ စာအုပ်များထဲ၌ ထဲ့သွင်းရေးသားခဲ့၏။

ဂေါ်ရခါးလူမျိုးများမှာ စစ်ရေးစစ်ရာတွင် အလွန်ကျွမ်းကျင်သူများဖြစ်ကြပြီး ပြောင်မြောက်သော ရဲစွမ်းသတ္တိနှင့် အံ့သြလောက်သည့် ဆင်းရဲပင်ပန်းခံနိုင်မှု့ တို့ဖြင့်ပြည့်စုံသော တိုက်ခိုက်ရေးသမားများလည်း ဖြစ်ကြသည်။ ထို့ပြင်မက မွေးကတည်းကပင် စစ်စိတ်စစ်သွေးပါရှိလာခဲ့သော အစဉ်အလာမှာ နှစ်ပေါင်းရာနှင့် ချီ၍ကြာညောင်းခဲ့လေပြီ။ ခေါင်းဆောင်အတွက် သူတို့၏ လေးစားကြည်ညိုမှုမှာ ခေါင်းဆောင်ရာထူး၊ ဂုဏ်ထူး၊ အဆင့်အတန်းတွင်မတည်





ဘဲ ခေါင်းဆောင်၏ ခေါင်းဆောင်မှုစွမ်းရည်နှင့် သူ့ရင်တွင်းရှိ ခြင်္သေ့မင်း နှလုံးသားကဲ့သို့ ရဲရင့်တည်ကြည်သော နှလုံးသားအောက်၌သာတည်လေသည်။

ဂေါ်ရခါးတို့က စလင်း၏အရည်အသွေးကို အကဲဘက်သုံးသပ်လျက်ရှိစဉ် အမှတ်၁/၆ ဂေါ်ရခါးတပ်ရင်းအရာရှိရိပ်သာမှ အရာရှိများတွင် အစပထမ၌ စလင်းအားရှောင်ဖယ်လိုသည့် လက္ခဏာများပေါ်ထွက်လျက်ရှိခဲ့၏။ သို့သော် ထိုသဘောထားမှာ ကြာရှည်မခံပါ။ စလင်းမှာ ဂေါ်ရခါးတပ်သားများကို ကွပ်ကဲအုပ်ချုပ်ရာ၌ တချိန်တည်းတွင် စည်းကမ်းထိန်းသိမ်းပြီး လေးစားမှုကိုပါ ရရှိစေသော သိမ်သိမ်မွေ့မွေ့အုပ်ချုပ် ကွပ်ကဲခြင်းဖြစ်ပေသည်။ တပ်မှူးပီသသူဖြစ်ရုံမက ဗြိတိသျှတို့ စိုးမိုးအုပ်ချုပ်ခဲ့သော အိန္ဒိယနိုင်ငံတွင် ထိုစဉ်က အလွန်ခေတ်စားခဲ့သော ဗြိတိသျှအရှင်သခင်ကြီး အမူအရာဟန်ပန်လေသံမျိုး သူ့တွင် ထုံးသမရှိခဲ့ပါချေ။

ဟိတ်ကြီးဟန်ကြီးအမူအရာနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်စလင်းသည် လူမျိုးခြားအများအပြားကြားတွင်လူသားတစ်ယောက်အနေနှင့် အခြားဘဝတူလူသားများကြားသွားလာဆက်ဆံသကဲ့သို့ ရိုးရိုးသားသား



www.burmeseclassic.com

www.burmeseclassic.com



ရန် အစီအစဉ်များ ထိုအချိန်ကလုံးဝပြုလုပ်ပေး မထားခဲ့သောကြောင့်ပင်တည်း။





# အခန်း(၅)

## ဗိုလ်ချုပ်ကြီးစလင်းနှင့် ရခိုင်တိုက်ပွဲစဉ်များ

၁၉၄၂ ခုနှစ်မေလအကုန် ဖွန်လဆန်းတွင် စလင်းအား သူ့အထက်ဌာနချုပ်ကအိန္ဒိယတွင် အသစ်ဖွဲ့စည်းထိုက်သည့်အမှတ်(၁၅) အိန္ဒိယတပ်မကြီး၏ တပ်မကြီးမှူးအဖြစ်ခန့်အပ်လိုက်တော့၏။

မြန်မာပြည်ခွာစစ်တွင် သူအနီးကပ်ကြီး ကြပ်ကွပ်ခဲ့ရသည့် အမှတ်(၁) မြန်မာ့တပ်မကြီးကိုမူ အိန္ဒိယစစ်ဌာနချုပ်က အပြီးအပိုင် ဖျက်သိမ်းပစ်လိုက်လေသည်။ တပ်အတော် များများကိုမူ အားသံပြည်နယ်ရှိ အမှတ်(၄) တပ်မကြီးအောက်သို့ သွတ်သွင်းလိုက်တော့၏။

ထိုအချိန်၌ အိန္ဒိယပြည်နှင့် မြန်မာပြည်အခြေအနေများမှာ အောက်ပါအတိုင်းရှိနေသည်။

မြန်မာပြည်ကျဆုံးပြီးချိန်နှင့် အဆက်မပြတ် ကပ်၍ဆိုက်ပါလာသော မုတ်သုန်ရာသီနှင့်နယ်စပ်ရှိ ကန့်လန့်ပြတ်ထောင်တန်းကြီးများအား ဖြတ်သန်းရန်လမ်းပန်း အဆက်အသွယ်မရှိခြင်းတို့က စစ်အောင်သော ဂျပန်တို့အား



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယပြည်တွင်းသို့တိုင်အောင် ထပ်ကြပ်လိုက် လံတိုက်ခိုက်၍ အမြတ်မထုတ်နိုင်ရန် ဟန့်တားထားခဲ့လေသည်။ ၁၉၄၂ခုနှစ်ဇွန်လကုန်စဉ် အိန္ဒိယပြည်၏ လုံခြုံမှု အတွက် အရေးတကြီးပူပင်ရန်အကြောင်းများ လျော့ပါးသွားခဲ့ သည့် အပြင်မုတ်သုန်မိုးရာသီကလည်း ချင်းနင်းဝင်ရောက်ခဲ့လေသည်။ ဂျပန်တပ်များသည် အလွန်အမင်းရှည်လျားသော ဆက်သွယ်ရေးလမ်းကြောင်း အစွန်အဖျားဒ္ဓ ရောက်ရှိ နေပြီး ရန်ကုန်မြို့၌သာ ဂျပန်တို့၏နောက်တန်း အခြေစိုက်စခန်းများရှိနေသောကြောင့် ထပ်မံ၍ ထိုးစစ်ဆင် တိုက်ခိုက်ရန် အခြေအနေမရှိတော့ပါ။ အမှတ်(၁)နှင့် အမှတ် (၅) ဗြိတိသျှတပ်မများသည်လည်း အိန္ဒိယသို့ အင်အားဖြည့် ရောက်ရှိလာခဲ့ကြပြီဖြစ်သည်။

လေယာဉ်ပစ်အမြောက်တပ်များနှင့် အခြားအကူ လက်ရုံးဝန်ထမ်းတပ်များလည်း အိန္ဒိယသို့ ရောက်ရှိလာခဲ့ပြီး ဖြစ်၏။ လေကြောင်းအင်အားသည်လည်း တဖြည်းဖြည်း ခိုင်မာကြီးထွားလာခဲ့လေပြီ။ အရှေ့ပိုင်းရေတပ်ကြီးသည် အိန္ဒိယပင်လယ်ပြင်များကိုစိုးမိုးပြီး ဂျပန်ရေတပ်ကြီးနှင့်ဖက်ပြိုင်နိုင်လောက်သော အင်အားမရှိသေး သော်လည်း ဂျပန်များက အိန္ဒိယပြည်ကို ထိပါးနိုင်ခြင်း မရှိသေးသည့် အတွက်





အင်္ဂလိပ်တို့အဖို့ မိမိတပ်များအား ပြန်လည် ဖွဲ့စည်းခြင်း၊ လေ့ကျင့်ခြင်းနှင့်ပြည်တွင်း ဆက်သွယ်ရေးလမ်းကြောင်းများပိုမိုကောင်းမွန်အောင် ပြုပြင်ခွင့်ရလေတော့သည်။

ထိုအချိန်က အိန္ဒိယပြည်တွင် စစ်သေနာပတိချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီးဝေဗယ်လ်သည်ရေတပ်များနှင့် စစ်တွေမြို့ကို ကမ်းတက်သိမ်းပိုက်ရန်ကနဦးပိုင်း၌ စီစဉ်ခဲ့သည်။ အဓိကအားဖြင့် စစ်တွေမြို့၏ လေယာဉ်ကွင်းနှင့် အခြေချစခန်းFirm Base များကိုလိုချင်၍ဖြစ်သည်။ သေးငယ်သော စစ်ဗျူဟာအရ အကျိုးအမြတ်ရမည်ဖြစ်သော်လည်း မမျှော်လင့်ဘဲ ဂျပန်တို့ကတန်ပြန်ထိုးစစ်ဆင်နွှဲလိုက်ခြင်းက မဟာမိတ်တပ်များ၏ကြိုးစားမှုကို အချည်းနှီးဖြစ်စေခဲ့လေသည်။မအောင်မြင်ခဲ့သော ဤပထမမြောက်ရခိုင် တိုက်ပွဲသည် ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ တွင်စတင်ခဲ့၍ ၁၉၄၃ ခု မေလတွင်မှ ပြီးဆုံးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ပထမမြောက်ရခိုင်တိုက်ပွဲစဉ်

မြန်မာပြည်ပြန်လည်သိမ်းပိုက်ရန်အတွက် ပထမမြောက် ရခိုင်တိုက်ပွဲစဉ်ကို ဗိုလ်ချုပ်ကြီးဝေဗယ်လ်က တပ်မဟာ သုံးခုပါသော အမှတ်(၁၄) အိန္ဒိယတပ်မနှင့် တိုက်ခိုက်ခဲ့ရာ ဗြိတိသျှတို့ မရှုမလှ အဖတ် ဆည်မရအောင် ဤတိုက်ပွဲ၌အရေး နိမ့်ခဲ့ရလေသည်။ တပ်သား ၂၅၀၀ ခန့် တိုက်ပွဲတွင်ကျဆုံးခဲ့ပြီး ၁၀၀၀၀ခန့် မှာငှက်ဖျားရောဂါ ဝမ်းရောဂါကဲ့သို့ တောတွင်း ရောဂါများနှင့် သေဆုံးခဲ့ရာ စစ်သည်များမှာ အကြီးအကျယ် တုန်လှုပ် ချောက်ခြားသွားကြပြီး စိတ်ဓါတ်များ အကျကြီးကျ သွားခဲ့ကြလေသည်။ ပထမတိုက်စစ်မအောင်မြင်သဖြင့် အင်အားဖြည့်ပြီး ဒုတိယအကြိမ်တိုက်ပြန်၏။ တိုက်စစ် အဓိကမှာ ဒုံပိတ်နှင့် ရသေ့တောင်မြို့များကို တိုက်ခြင်းဖြစ်၏။ မရသဖြင့် နောက်တစ်ကြိမ်တိုက်ပြန်သည်။ ဤတိုက်ပွဲစဉ်အား လေးလကျော်ငါးလနီးပါး ကြာမြင့်အောင်တိုက်ပြီး မရသဖြင့် ပြန်အဆုတ်၌ ဂျပန်တို့က တန်ပြန်တိုက် ပွဲများဆင်နွှဲရာ ဗြိတိသျှအမှတ် (၆)တပ်မဟာမှတပ်မဟာ မှူးကိုယ်တိုင် ကျဆုံးခဲ့ရ၏။လေကြောင်းအကူဖြင့် ဆုတ်ခွာနိုင်၍သာ အမှတ်





(၁၄) အိန္ဒိယတပ်မ တပ်မပျက်ခဲ့ရခြင်းပါပေ။ မြန်မာပြည်ကို ပြန်သိမ်းဖို့ သွေးတိုးစမ်းကြည့်ရာ မြန်မာပြည် ကို ပြန်သိမ်းနိုင်ဖို့ဝေးစွ။ ကိုယ့်အသက်ကိုယ်ဖက်နှင့် ထုပ်ပြီး အပြေးကောင်းခဲ့၍သာ အသက်နှင့်ကိုယ် အိုးစား မကွဲခဲ့ကြခြင်းပါပေ။

ဤရှုံးနိမ့်မှုအတွက် ဗိုလ်ချုပ်ကြီးဝေဗယ်လ်က ခေါင်းခံခဲ့လေသည်။

## ဒုတိယမြောက်ရခိုင်တိုက်ပွဲစဉ်

ဒုတိယရခိုင်တိုက်ပွဲစဉ်မှာ အောက်ပါအတိုင်းဖြစ်လာသည်။

၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ဗိုလ်ချုပ်ကြီး စလင်းသည် စစ်တွေမြို့ကို သိမ်းနိုင်ရန်အတွက် ရခိုင်သို့ အမှတ် (၁၅) အိန္ဒိယတပ်မကြီးအား စေလွှတ်၍ မေယုကျွန်းဆွယ်ကို ရှင်းလင်းရန်အမိန့်ပေးလိုက်၏။ အမှတ်(၁၅) တပ်မကြီးတွင် အမှတ်(၂၆) အိန္ဒိယတပ်မနှင့်အမှတ်(၅)အိန္ဒိယတပ်မ၊ အမှတ်(၇)အိန္ဒိယတပ်မ၊ အမှတ်(၈၁)အနောက် အာဖရိက တပ်မတို့ပါဝင်ကြသည်။ အရန်တပ်မများအဖြစ်ဖြင့် အမှတ်



www.burmeseclassic.com

www.burmeseclassic.com



(၂၅)အိန္ဒိယတပ်မနှင့်အမှတ်(၃၆)ဗြိတိသျှတပ်မတို့ကို သတ်မှတ်ထားပြီးစစ်တွေ မြို့သို့ရေကြောင်းကပါချီတက် တိုက်ခိုက်ရန်လိုပါက အသင့်ဖြစ်စေရန် ရည်ရွယ်လေသည်။ ဘုရင့်လေတပ်မတော်RAF ၏အမှတ်(၂၂၄)လေယာဉ် အုပ်စုကြီးသည်လည်း တပ်မကြီးအားလေကြောင်းမှ အကူ ပေးလေသည်။

မေယုကျွန်းဆွယ်တစ်ဝိုက်တွင် အမှတ်(၅)နှင့် အမှတ်(၇) အိန္ဒိယတပ်မများက ရှင်းလင်းရေး စစ်ဆင်မှုများ ပြုလုပ်နေကြစဉ်အတွင်းအမှတ်(၈၁)အနောက်အာဖရိက တပ်မကို ကုလားတန်မြစ်ဝှမ်း၌ ပင်မစစ်ကြောင်း၏ တောင်ပံ များအား ရန်သူတို့၏တိုက်ခိုက်ခြင်းမှကာကွယ်ရန် သီးခြား တာဝန်ပေးထားလေသည်။ ထိုတပ်မ၏ဒုတိယ ရည်မှန်း ချက်သည် ကုလားတန်မြစ်ဝှမ်းကို ရှင်း၍ ကျောက်တော်မြို့ ကို သိမ်းရန်ဖြစ်သည်။ ထိုသို့ သိမ်းခြင်းအားဖြင့် စစ်တွေမြစ်ဝ ကျွန်းပေါ်သို့တိုင်ပေါက်ရောက်သည့် စစ်ချီလမ်းသည် လွယ်ကူဖြောင့်တန်းသွားမည်ဖြစ်၏။ ထို့နောက် အာဖရိက တပ်မအား လေကြောင်းမှထောက်ပံ့မည်ဖြစ်သည်။ ထိုထောက်ပံ့မှု အစီအစဉ်သည် ထိုတိုက်ပွဲ စဉ်တစ်လျှောက် လုံး၌ အကုန်အကျအများဆုံးစီမံကိန်းတစ်ခုဖြစ်ခဲ့သည်။






၁၉၄၄ ခု ဒုတိယရခိုင်တိုက်ပွဲစဉ်၌အမှတ်(၇)အိန္ဒိယတပ်မမှ မြေလျှင်တပ်သားများ တိုက်ကင်းထွက်ရန် ပြင်ဆင်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com




ဒုတိယမြောက်ရခိုင်တိုက်ပွဲစဉ်မှအက်(ဒ်)မင်ဘောက်(စ်)တိုက်ပွဲ

www.burmeseclassic.com




ဆင်စွယ်ရသို့ ပုံပါအတိုင်း ဂျပန်များဝင်ရောက်တိုက်ခိုက်ခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၄ ခုနှစ်၊ နှစ်သစ်ကူးအကြိုနေ့တွင် ငါးကျည်တောက်တောင်ကြားလမ်းအား သိမ်းပြီးဖြစ်၍ အမှတ်(၅) အိန္ဒိယတပ်မသည် မောင်တောမြို့နှင့် ရာဇာဘီးလ်မြို့များ၏ အလှမ်းမီရာသို့ ရောက်ရှိခဲ့လေသည်။ ဤနှစ်မြို့လုံးတွင် အပြင်းအထန်တိုက်ပွဲများ ဖြစ်ပွားပြီးမှ မြို့များကို သိမ်းပိုက်ပိုက်နိုင်ခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် အမှတ်(၇) အိန္ဒိယတပ်မသည် ဥမင်ဂူများအတွင်းသို့ ခြေကုတ်ရရှိမိကြလေသည်။ ထိုမျှသောအောင်မြင်မှုကိုသာ ရခိုင်ပြည်နယ်ထိုးစစ်တွင် မဟာမိတ်တို့ရရှိခဲ့ကြ၍ ၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်နေ့မှ စတင်ပြီးဂျပန်တို့ကတန်ပြန်ထိုး စစ်ဆင်နွဲကာ ခံဘကောင်းကို တိုက်ခိုက်ကြလေသည်။

## ဂျပန်တို့၏တန်ပြန်ထိုးစစ်

ဇန်နဝါရီလ နောက်ဆုံးရက်သတ္တပတ်တွင် ရန်သူတပ်ရင်းအသစ်တစ်ခု၏ လက္ခဏာရပ်များကို အင်္ဂလိပ်တို့ထင်အရှားတွေ့ရပြီးနောက် ဖေဖော်ဝါရီလတစ်ရက်နေ့၌ ဂျေအိုက်အက်ဖ်အက်စ် JIFS ခေါ် ဂျပန်များဘက်မှ ဝင်တိုက်ခိုက်နေသော အိန္ဒိယအမျိုးသားတပ်အား မေယု



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်း အရှေ့ဘက်၌ တပ်များ စုစည်းရမည်ဟု အမိန့်ပေးသော စာရွက်စာတမ်းများကို အင်္ဂလိပ်တို့ ဖမ်းဆီး ရမိခဲ့လေသည်။ ထိုအခါ ဗိုလ်ချုပ်ကြီးစလင်းက စစ်တကောင်း ရှိ အရန်တပ်များဖြစ်သော အမှတ်(၂၅) အိန္ဒိယတပ်မနှင့် အမှတ်(၃၆) ဗြိတိသျှတပ်မတို့ကို ပူးပေါင်း၍ တောင်ဘက်သို့ ချက်ခြင်း ချီတက်ခိုင်းခဲ့လေသည်။

စစ်ဆင်ရေး''ဃ''ခေါ်သော ဂျပန်တို့၏ တန်ပြန် ထိုးစစ်သည် အဆင့်နှစ်ဆင့်ခွဲ၍ တိုက်ရန်စီမံထား၏။ ပထမ အဆင့်မှာ ရခိုင်ပြည်နယ်စစ်မျက်နှာ၌ အိန္ဒိယပြည်သို့ ချီတက် နိုင်ရန် စစ်တကောင်းကို အရတိုက်ခိုက် သိမ်းပိုက် ပြီးလျှင် ဗိုလ်ချုပ်ကြီးစလင်း၏ အရန်တပ်များကို ရခိုင် ပြည်နယ်၌ပင် တိုက်ပွဲများဖြင့် အချိန်ဆွဲထားရန်ဖြစ်သည်။ တစ်ချိန်တည်း၌ အဆင့်နှစ်ဆင့်ဖြစ်သော စစ်ဆင်ရေးမှာ အင်ဖာနှင့်ဒိုင်မာပူကို တိုက်ခိုက်သိမ်းပိုက်ပြီး မြန်မာပြည် မြောက်ပိုင်းနှင့် မြောက်ပိုင်း တိုက်ခိုက်ရေးနယ်မြေ စစ်ဌာနချုပ် NCAC အကြား ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ် တောက်ထားရန် ဖြစ်လေသည်။ ဂျပန်များက ဗြိတိသျှတို့၏ စစ်မျက်နှာကို နှစ်ပိုင်းခွဲ၍ အရှေ့ပိုင်းနှင့် အနောက်ပိုင်း နှစ်ပိုင်းကို လုံး အဆက်အသွယ်မရှိဘဲ၊တသီးတခြားစီဖြစ်အောင် ဖန်တီး





ခဲ့ကြရှယ် ထားလေသည်။ ထိုမှုမက သေး၊မဟာမိတ်တို့၏ ဆောက်ပံ့ရေးလမ်းကြောင်းများကို တိုးတက်ဖြတ် တောက်ခြင်း ဖြင့် နောက်ဆုံး၌ မဟာမိတ်တပ် များကို ဝိုင်းပတ်ပိတ်ဆို့ ချက်ဆီးချေမှုန်းပစ်ရန် ရည်ရွယ် လေသည်။

## ဂျပန်တို့၏တိုက်စစ်စီမံချက်

ရခိုင်ပြည်နယ်တွင်ဂျပန်ကြည်းတပ်မတော်၏ တပ်မှူးဖြစ်သူ ဒုဗိုလ်ချုပ်ကြီးဟာနယား Lt. Genenal Hanayaသည်သူ၏လက်အောက်၌ အမှတ်(၅၄) နှင့်အမှတ် (၅၅)တပ်မများရှိကြသည်။ ဗြိတိသျှတို့၏ အိန္ဒိယတပ်မ နှစ်တပ်အားချေမှုန်းရေးတာဝန်ကို အမှတ်(၅၅)တပ်မအား ပေးအပ်ထားသောကြောင့် ထိုတပ်မသည် အထူးတာဝန် တပ်ဖွဲ့(၃)တပ်ကို ဖွဲ့စည်းလိုက်သည်။ ၎င်းတို့ အနက်ရှေ့ ဆောင်တပ်ဖွဲ့အား ဗိုလ်မှူးကြီးတနာဟာရှိ Col. Tanahashi အုပ်ချုပ်ပြီး တာနာဟာရှိတပ်ဖွဲ့Tanahashi Force ဟု အမည်ပေးထား၏။ဒုတိယ တပ်ဖွဲ့ကို Doi Force ဒိုအီတပ်ဖွဲ့ဟုခေါ်လျက်၊တတိယတပ်ဖွဲ့ကို ကူဘို တပ်ဖွဲ့Kubo Force ဟု အမည်ပေးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၁၁၂) ဂျပန်ရဲဂျီးမင့်တပ်ရင်းကို ကျောရိုးထားလျက် တပ်ရင်း(၄) ရင်းအင်အားရှိသော တာနာဟာရှီတပ်ဖွဲ့သည် အမှတ်(၇) အိန္ဒိယတပ်မ၏ ဝဲဘက်တောင်ပံကို ပန်း၍ဖြတ်ကျော်လျက် ကောက်စ်ဘဇားရားဇားဘီးလ်သွားလမ်းကိုဖြတ်တောက်ပြီးနောက် ငါးကျည်ဒေါက်တောင်ကြားလမ်းမှ ဖြတ်ကာ အမှတ်(၅) အိန္ဒိယတပ်မအားအထီးကျန်ဖြစ်စေရန်စီစဉ်ထားသည်။ ထိုတပ်မကိုသုတ်သင်တိုက်ဖျက်ခြင်းပြီးလျှင် အကြွင်းအကျန်ရှိကလည်း နတ်ဖ် Nuf မြစ်ကိုဖြတ်ကျော်မောင်းထုတ်လိုက်ရန်ဖြစ်သည်။ တပ်ရင်းတစ်ရင်းခန့်အင်အားရှိသော 'ကူဘို'တပ်ဖွဲ့Kubo Force သည် တာနာဟာရှီတပ်ဖွဲ့နှင့်မျဉ်းပြိုင်ချီတက်လျက် ဂိုပီတောင်ကြားလမ်းGoppe Pass ကိုဖြတ်ကျော်၍ တောင်တန်းများ၏ အနောက်ဘက်တောင်စောင်း သို့ရောက်လျှင်မောင်နှမတောင်ဒေသအတွင်းမှ အမှတ်(၁၅) အိန္ဒိယတပ်မ၏ ဆက်သွယ်ရေး လမ်းကြောင်းများကို ဖြတ်တောက်ပစ်ရမည်ဖြစ်၏။ ကျန်ဒိုအီ တပ်ဖွဲ့သည်စစ်မျက်နှာ၏ တောင်ဘက်တောင်ပံအားထိန်း သိမ်းရေး တပ်အဖြစ်ဖြင့် မောင်တော၊ဘူးသီးတောင်ကားလမ်း တစ်လျှောက်မှပိတ်ဆို့ထားရန်ဖြစ်လေသည်။





ဂျပန်တို့၏ဤစီမံကိန်းသည် တပ်မနှစ်တပ်လုံးအားလုံးဝဝိုင်းထားရန်နှင့် ရန်သူတို့အနေဖြင့် နောက်ဘက်သို့ ဆုတ်ပြေးပေါက်လည်းမရှိ၊ရိက္ခာထောက်ပံ့မှုလည်းမရောက်နိုင်သောအခြေအနေသို့ ဆိုက်ရောက်စေရန်ဖြစ်သည်။ ဤစီမံကိန်းကား ရဲရင့်လှ၏။ ခေါင်းဆောင်မှုအနေဖြင့်လည်း တိုက်စစ် ပြင်းပြပြီးစိတ်အားထက်သန်လှလေသည်။ ဤတာဝန်ကိုငင်းတို့အနေဖြင့် အပြီးလုပ်ဆောင်ရန် အချိန်(၇) ရက်သာရရှိထားပေး၏။ သို့ရာတွင်ကံမကောင်း အကြောင်းမလှ၍ ၎င်းတို့၏ စီမံကိန်းကိုတိုက်ပွဲ၏စောစော ပိုင်း၌ပင် မဟာမိတ်တို့က ဖမ်းဆီးရမိသွားသောကြောင့် မဟာမိတ်တို့ဘက်မှကြိုတင်ပြင် ဆင်ခွင့် ရသွားခဲ့လေသည်။

ဂျပန်တို့က ထိုးစစ်ဆင်တိုက်ခိုက်ကြလိမ့်မည်ကို ကြိုတင်မျှော်မှန်းနိုင်ခဲ့သောကြောင့် အမှတ်(၇)တပ်မမှ တပ်မဟာတစ်တပ်နှင့် တင့်ကားတပ်ရင်းတစ်ရင်းကို မြောက်ဘက်သို့ အရန်တပ်အဖြစ်ခွဲထုတ်ထားရှိခဲ့ပြီး၊ အမှတ်(၅) တပ်မ၏တပ်မဟာတစ်တပ်က မေယုတောင်တန်း၏တစ်နေရာကို သိမ်းပိုက်တပ်စွဲထားပြီးဖြစ်လေသည်။ မေယုတောင်တန်း၏ အရှေ့ဘက်ပိုင်းတွင်လည်း မိမိတို့၏ထိုးစစ်ကိုလုံလောက်စွာထောက်ပံ့နိုင်စေရန် ဒုဗိုလ်ချုပ်ကြီးခရစ္စတီဆင်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည် ဆင်စွယ်ရာ၌ တပ်မကြီး၏ရှေ့တန်း ထောက်ပံ့ဖြည့် တင်းရေးနယ်မြေ Corps Forward Maintenance ကို ထူထောင်ခဲ့ပြီးဖြစ်သည်။

## တိုက်ပွဲဆင်နွှဲပုံအဆင့်ဆင့်

ဂျပန်တို့က တိုက်စစ်ကို ဦးစွာစတင်ခဲ့ကြ၏။ဂျပန် တို့၏ရှေးဦးတိုက်စစ်ဆင်ပုံမှာ လျင်မြန်လှပေသည်။ဗိုလ်မှူး ကြီးတာနာဟာရှိသည် တောင်းဘဇာမြို့ကို စတင်တိုက်ခိုက် ပြီးနောက်အမှတ်(၇)အိန္ဒိယတပ်မကို နောက်ကျောမှဝင် တိုက်၍ ၎င်းတပ်မအား အထီးကျန်ဘဝသို့ ရောက်အောင် ဖြတ်တောက်ပစ်ရန် ရည်ရွယ်ချက်ဖြင့် ငါးကျည်ဒေါက် တောင်ကြားလမ်းဘက်သို့ ဦးတည်ချီတက်ခဲ့လေသည်။ ၎င်း၏တပ်သည်အမှတ်(၅)နှင့်အမှတ်(၇) အိန္ဒိယတပ်မ နှစ်တပ်အကြား သပ်လျှိုသကဲ့သို့ အောင်မြင်စွာထိုးဖောက် ပြီးလျှင် အမှတ်(၇)တပ်မ၏ထောက်ပံ့ရေးလမ်းကြောင်းများကို ဖြတ်တောက်နိုင်ခဲ့သည်။

ဖေဖော်ဝါရီလ(၆) ရက်နေ့၌ ဂျပန်တို့သည် အမှတ် (၇)အိန္ဒိယတပ်မဟာ၏ပင်မဌာနချုပ်ကိုတိုက်ခိုက်ပြီး လျင်မြန်





စွာ ချဉ်းနင်းသိမ်းပိုက်လိုက်၏။ တပ်မမှူးဖြစ်သော ဗိုလ်ချုပ် မက်ဆာဗီMaj General Messervy သည် အရာရှိနှင့် အခြားစစ်သည် ပေါင်း(၄၀)ခန့်မျှနှင့်အတူ ၎င်း၏တပ်မ အုပ်ချုပ်မှုတပ်များနေရာDivisional Administrative Area သို့ကြဲဖန်၍ အရောက်သွားပြီးလျှင် အစောင့်တပ် တစ်တပ် ကို ကျဘမ်းဖွဲ့စည်းကာ အက်ဒ်မင်ဘောက်စ် Admin Box မှပင် ကြောက်မက်ဖွယ်ရာခုခံတိုက်ခိုက်ခဲ့ လေသည်။ တစ်ချိန် တည်းမှာပင်ဗိုအီတပ်ဖွဲ့က ဘူးသီး တောင်ရှိ အမှတ်(၇)တပ်မ တပ်စခန်းများအား ရှေ့တည့် တည့်မှနေ၍ပြင်းပြင်းထန်ထန် ဝင်ရောက် တိုက်ခိုက်လျက်ရှိ၏။ ထိုအရာတွင် ဗိုလ်ချုပ် မက်ဆာဗီသည်၎င်း၏တပ်မဟာများကို ဂျပန်တို့၏တိုက်စစ်မှ လွတ်အောင်ရှောင်၍တိုက်ထွက်ရန် အမိန့်ပေးခဲ့လေသည်။ ဖေဖော်ဝါရီလ (၁၀)ရက် နေ့ရောက် သောအခါ တာနာဟာရှိ တပ်ဖွဲ့သည် ဗိုအီတပ်ဖွဲ့ နှင့်ဆက်မိ သွား၍ အက်ဒ်မင်ဘောက်စ် ခေါ်အုပ်ချုပ်မှုဌာနချုပ်အား ထုံးဝိုင်းမိထားလေတော့သည်။

မြောက်ပိုင်း၌မူကူဘိုတပ်ဖွဲ့သည် ဂိုပိတောင်ကြား လမ်းအား ပိတ်ဆို့ရာ၌မအောင်မြင်ခဲ့ချေ။ ထို့နောက် ၎င်းတပ် ဖွဲ့သည်အနောက်ဖက်သို့ကွေ့၍ မေယုတောင်တန်းကိုဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ပြီး အမှတ်(၅)တပ်မအားထောက်ပံ့သည့် ထောက်ပံ့ရေးလမ်းကိုဖြတ်တောက်လိုက်လေသည်။ သို့သော် ထိုတပ်မအား ပင်လယ်ခရီးမှရိက္ခာထောက်ပံ့ထားသောကြောင့် ရိက္ခာများ အဆက်မပြတ်ရောက်ရှိနေလေသည်။

ဆင်စွယ်ရာရှိအမှတ်(၇) တပ်မ၏ အုပ်ချုပ်မှုဌာနချုပ်သည် ပတ်လည်ခံစစ်ကို အခိုင်အမာထူထောင်တည်ဆောက်ထား၏။ ထိုဌာနချုပ်အား ဂျပန်တပ်သား(၈၀၀၀)မှ ဝိုင်းဝန်း၍ တိုက်ခိုက်ခဲ့ကြသည်။ ထိုအချိန်က တပ်တွင်း၌ နှစ်ရက်စာရိက္ခာမျှသာ ကျန်ရှိသော်လည်း အမြော်အမြင်ကြီးမားသောဗိုလ်ချုပ်ကြီးစလင်း၏ တပ်တော်မှလေကြောင်းရိက္ခာပို့ဆောင်ရေးဖြင့် အခေါက်ခေါက်ပို့ပြီး လူအင်အား(၄၀၀၀၀)အတွက်(၁၀)ရက်စာရိက္ခာများကို လေယာဉ်ကွင်းအသီးသီး၌ စုပုံထားရှိပြီးဖြစ်လေသည်။ လေကြောင်းမှပို့ဆောင်ရေးလေယာဉ်များဖြင့် အက်ဒ်မင်ဘောက်စ်ဆီသို့ ရိက္ခာများအခေါက်ခေါက်အခါခါ သယ်ဆောင်ပေးခဲ့ယုံသာမက လူနာများအားလည်း ရှေ့တန်းတပ်စခန်းများမှ လေယာဉ်ဖြင့် ထုတ်ယူသယ်ဆောင်ပေးနိုင်ခဲ့သည်။

ဤသို့အားဖြင့် အဝိုင်းခံနေရသော အုပ်ချုပ်မှုတပ်ဖွဲ့သည် အညံ့ခံအလံမလှဲဘဲ အသေခံတိုက်ရန် ဆုံးဖြတ်ထား၍





လေသည်။ ဂျပန်ကြည်းတပ်များက သွေးရူးသွေးတမ်းတိုက်ခိုက်ကြသော်လည်း မကြောက်မရွံ့မတွန့်မဆုတ်ဘဲ မဟာမိတ်တပ်များကကြံ့ကြံ့ခံ၍ တွန်းလှန်တိုက်ခိုက် ကြလေသည်။ ဂျပန်တို့သည် စစ်ပွဲအတွင်း၌ ဆရာဝန်များနှင့် လူနာများအားရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်လိုက်ကြပြန်သောအခါခံနေသောတပ်များသည် သံမဏိစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်လျက် စစ်ပွဲကို ဆုံးခန်းတိုင်အောင်တိုက်မည်ဟုခိုင်မြဲစွာထပ်လောင်းသန္နိဋ္ဌာန် ပြုကြပြန်လေသည်။ ထိုအချိန်မှစပြီး လက်နက်ကိုင်နှင့် လက်ရုံးတပ်များအားလုံးသည် ပြောင်ပြောင်မြောက်မြောက် ဂုဏ်ယူလောက်စွာ စစ်ပွဲကိုအဘူတကွ ဆင်နွှဲတိုက်ခိုက်ခဲ့ကြတော့သည်။

ဘော်လီဘာဇားသို့ အရောက်ချီတက်လာသောအမှတ်(၁၅) တပ်မကြီးမှ၏အမှတ်(၂၆) အိန္ဒိယတပ်မသည် ဆောင်၍ အစွမ်းပြနိုင်သော အချိန်သို့ရောက်ရှိလာပေပြီ။ ဂျပန်တို့က အမှတ်(၂၆)နှင့်အမှတ်(၅)တပ်မတို့၏ စစ်ချီလမ်းကြောင်းများကိုပိတ်ဆို့၍ အမှတ်(၇)အိန္ဒိယတပ်မ၏ ခံစစ်နယ်မြေများကို အပိုင်စီးရန်ကြိုးစားကြသဖြင့် တိုက်ပွဲပြင်းထန်စွာဆက်တိုက် ဖြစ်ပွားနေလေသည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အမှတ်(၃၆) ဗြိတိသျှတပ်မသည် အမှတ်(၂၆)အိန္ဒိယတပ်မ၏



www.burmeseclassic.com

www.burmeseclassic.com



မှ တာဝန်လွှဲပြောင်း လက်ခံယူလိုက်သည်။ အမှတ်(၁၅)တပ်မကြီး၏တောင်ကြားလမ်း အနောက်ဖက်ဒေသများကို သိမ်းပိုက်ပြီးလျှင် တောင်တန်း၏ကျောရိုးတစ်လျှောက်ကို ရှင်းလင်းလိုက်လေသည်။ ဖေဖေါ်ဝါရီ(၂၃)ရက်နေ့၌ ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားပြီးနောက် အက်ဒ်မင်ဘောက်စ်အား ကယ်တင်နိုင်လိုက်သည်။ အမှတ်(၁၅)တပ်မကြီးသည် တောင်ဘဇား၊ ငါးကျည်ဒေါက် တောင်ကြားလမ်းနှင့် ရာဇာဘီးလ်တို့ကို သိမ်းပိုက်လိုက်သည်။ ထိုအချိန်တွင် တောင်ဘဇားကို အကာအကွယ်ပေးရန်အတွက် အမှတ်(၈) အနောက်အာဖရိကတပ်မအား ကုလားတန်မြစ်ဝှမ်းသို့ ခွဲထုတ်ယူထားလိုက်လေသည်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့၌ ရိက္ခာနှင့်ခဲယမ်းမီးကျောက်မလုံလောက်ခြင်း၊ ထိခိုက်ကျဆုံးမှုများပြားခြင်းနှင့်နည်းဗျူဟာအရ အောင်ပွဲတစ်ပွဲမျှ မရတော့ခြင်းတို့ကြောင့် ဂျပန်တပ်များသည် စိတ်ဓာတ်ပျက်ပြားလာပြီးလျှင် အသက်ဘေးမှလွတ်ကင်းရန်ထွက်ပြေးစပြုလာကြတော့သည်။တိုက်ပွဲအစပိုင်းက “ဒေလီသို့ ချီတက်လော့”ဟုကြွေးကြော်ခဲ့သော ဂျပန်တို့၏ထိုးစစ်မှာ အရှုံးနှင့်ရင်ဆိုင်ရလျက် ဂျပန်စစ်သားပေါင်း(၇၀၀၀)နီးပါး ဤတိုက်ပွဲ၌ အသက်စတေးခံခဲ့ကြရလေတော့၏။





ဤကား ဂျပန်တို့ အရေးနိမ့်သွားသော အက်ဒမင်ဘောက်စ် တိုက်ပွဲခေါ် ဒုတိယ မြောက် ရခိုင်တိုက်ပွဲစဉ်ပါတည်း။

ဒုတိယမြောက်ရခိုင် တိုက်ပွဲစဉ်အပြီးတွင် အမှတ်(၁၅)တပ်မကြီးမှူးစလင်းအား မြန်မာပြည်ကိုပြန်လည်သိမ်းပိုက်မည့် အသစ်ဖွဲ့စည်းမည့် အမှတ် (၁၄) တပ်တော်မှူး အဖြစ်ခန့်အပ်လိုက်ရာ စလင်းသည်လည်း ဒုဗိုလ်မှူးကြီးမှ ဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခံရလေသည်။ အမှတ်(၁၅)တပ်မမှူးကိုမူ ဒုဗိုလ်ချုပ်ကြီးခရစ္စတီဆင်သို့ လွှဲပြောင်းပေးခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

## အင်ဖာ ကိုဟီးမား တိုက်ပွဲများ

### နိဒါန်း

၁၉၄၃ ခုနှစ်တွင်ပစိဖိတ်သမုဒ္ဒရာထဲ၌ ဗိုလ်ချုပ်ကြီးမက်အာသာ၏တပ်များနှင့် ဂျပန်တပ်များရင်ဆိုင်တိုက်ပွဲများဖြစ်ရာ တိုက်ပွဲတိုင်းလိုလိုဂျပန်တို့အရေးနိမ့်ပြီး ဂျပန်ရေတပ်မှာ နလံမထူနိုင်အောင်ရှိခဲ့၏။ ဂျပန်တို့ အလွန်အားထားရသော ရေကြောင်းဗိုလ်ချုပ်ကြီးယာမာမိုတိုသည်လည်း ၁၉၄၃ ခုနှစ်ဧပြီတွင် အမေရိကန်တို့ လုပ်ကြံမှုကြောင့်ကျဆုံးခဲ့ပြီးဖြစ်၏။ဇွန်လတွင်ဖြစ်ပွားခဲ့သော မစ်ဒဝေးကျွန်းရေကြောင်းတိုက်ပွဲ၌လည်း ဂျပန်ရေတပ်အထိနာခဲ့၏။ တိုက်ဆိုင်းအောင် ဂျပန်တို့အောင်ပွဲနှင့်ဝေးနေသည်မှာကြာပြီ။ ဂျပန်ပြည်သူပြည်သားများ စစ်ရှုံးသည့်သတင်းများကို ကြားပြီးအလွန် စိတ်ဓာတ်ကျဆင်း လျက်ရှိ၏။

ထို့ကြောင့် တိုကျိုရှိဂျပန်ဘုရင့်စစ်ဌာနချုပ်အနေဖြင့်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကို ကြေငြာနိုင်လောက်သော စစ်ရေးအောင်ပွဲကြီး တစ်ရပ်လိုအပ်လျက်ရှိပေသည်။ ထိုလိုအပ်ချက်အရ တိုကျို စက်ဘာပူနှင့်ရန်ကုန်မြို့များရှိ ဂျပန်စစ်ဌာနချုပ်များ အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြပြီး အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်၏။

"တောင်ပိုင်းဒေသ စစ်ဌာနချုပ်သည် မြန်မာပြည်ကာကွယ်ရေးအတွက် အင်ဖာနှင့် အနီးတစ်ဝိုက်ရှိ အိန္ဒိယပြည်၏အရေးကြီးသော အရှေ့မြောက် ဒေသများကို တိုက်ခိုက်သိမ်းပိုက်ရန် ညွှန်ကြား လိုက်သည်"

တိုကျိုရှိဘုရင့်စစ်ဌာနချုပ်မှ တောင်ပိုင်းဒေသစစ်ဌာနချုပ်သို့ အထက်ပါအတိုင်း ၁၉၄၃ ခုနှစ် စက်တင်ဘာလထဲတွင် ညွှန်ကြားလိုက်၏။ တောင်ပိုင်းဒေသ စစ်ဌာနချုပ်မှ ထိုညွှန်ကြားချက်အားမြန်မာနိုင်ငံဒေသသို့ချက်ချင်း ထပ်ဆင့်ညွှန်ကြားခဲ့လေသည်။ မြန်မာနိုင်ငံ စစ်ဒေသမှူးကြီး ဗိုလ်ချုပ်ကြီးကဝါဘီက အမှတ်(၁၅)ဂျပန်တပ်တော် တပ်မှူးကြီး ဒုဗိုလ်ချုပ်ကြီး မူတာဂူချီအား မဏိပူရကိုသိမ်းပိုက်ရမည့် U-GO ဥဂိုးစစ်ဆင်ရေးကို ဆောင်ရွက်ရန်တာဝန်ပေးလိုက်သည်။





## ဥဂိုးစစ်ဆင်ရေးအတွက်

အမှတ်(၁၅) ခြေလျင်တပ်မ၊ အမှတ်(၃၁) ခြေလျင်တပ်မ၊ အမှတ်(၃၃) ခြေလျင်တပ်မ တို့နှင့် INA ခေါ် အမှတ်(၁) အိန္ဒိယအမျိုးသားတပ်မတော်ကို အသုံးပြုခဲ့၏။

ထိုအချိန်၌ မြန်မာနိုင်ငံတွင် ဂျပန်တပ်များမှာ အမှတ်(၁၅)တပ်တော်၊ အမှတ်(၃၁)တပ်တော်နှင့် အမှတ်(၃၃)တပ်တော်ဟူ၍ တပ်တော်သုံးခုပင် ရောက်ရှိနေ ပြီဖြစ်၏။ အမှတ်(၁၅) တပ်တော်ကို အင်ဖာကို ဟီးမားထိုးစစ်၌ လွတ်လွတ်ကျွတ်ကျွတ်အသုံးပြုခဲ့ကြ၏။ အမှတ်(၁၅)တပ်တော်၌အင်အားတစ်သိန်းခန့်ပါဝင်ပြီး အင်ဖာကိုတစ်လအတွင်းရရမည်ဟု ဂျပန်ဗိုလ်ချုပ်ကြီးများကသံန္နိဋ္ဌာန်ချထားကြ၏။ အထူးသဖြင့် တပ်တော်မှူးမူတာဂူချီ ဖြစ်လေသည်။

"ဒီတပ်တော်ကတစ်လအတွင်း အင်ဖာနဲ့ကိုဟီးမားကိုသိမ်းနိုင်ရမယ်။ လိုတာတွေအကုန် ငါလုပ်ပေးမယ်"

ဟု မူတာဂူချီက သူ့အောက်မှ တပ်မမှူးများကို အမိန့်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com




## ထိုစဉ်ကဗြိတိသျှတို့၏အနေအထား

ထိုအချိန်၌ အင်ဖာဒေသအား ဗြိတိသျှအမှတ်(၄) တပ်မကြီးမှတာဝန်ယူထား၏။ တပ်မကြီးမှူးမှာ ဒုဗိုလ်ချုပ်ကြီးစကွန်းဖြစ်ပြီး သူ့အထက်ကွပ်ကဲမှုအနေဖြင့် အမှတ်(၁၄) တပ်တော်ရှိလေသည်။ အမှတ်(၁၄) တပ်တော်မှူးကား တစ်ခြားသူမဟုတ်ပါ။ ကျွန်တော်တို့၏ ဇာတ်လိုက်ကျော်ကြီး ဝီလီယံစလင်းပင်တည်း။

အမှတ်(၁၄) တပ်တော်ကား မြန်မာနိုင်ငံကိုပြန်လည်သိမ်းပိုက်ရန်အတွက် ၁၉၄၃ ခုနှစ် ဩဂုတ်လကမှ အထူးဖွဲ့စည်းခဲ့သည့် တပ်တော်ဖြစ်၏။ တပ်တော်မှူးအဖြစ် စလင်းကို ADBA တပ်ပေါင်းစုမှ တပ်တော်စုမှူး အရှေ့အာရှစစ်သေနာပတိဗိုလ်ချုပ်ကြီးမောင့်ဘက်တန်၏ ထောက်ခံမှုအရ လန်ဒန်ဗြိတိသျှစစ်ဌာနချုပ်က အထူးရွေးချယ်ခန့်ထားခဲ့ခြင်းဖြစ်၏။

ထိုတိုက်ပွဲများ စတင်ဖြစ်ပွားချိန်၌ မြန်မာနိုင်ငံအတွင်းတွင် အမှတ်(၄) တပ်မကြီးမှ အမှတ်(၂၀) တပ်မနှင့် အမှတ်(၁၇) တပ်မတို့ တပ်စွဲနေရာယူထား၏။ အမှတ်(၁၇) တပ်မက တစ်ဒင်တွင်လည်းကောင်း၊ အမှတ်(၂၀) တပ်မက






...သို့တပ်ဖွဲ့များလှုပ်ရှားနေသည့်ကြားမှ အင်ဖာကိုဟီးမားရိုးစစ်ကို မဖြစ်မနေဆင်နွှဲခဲ့သည့် ဂျပန်ဗိုလ်ချုပ်ကြီး မူတာဂူချိ

www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၁၇) အိန္ဒိယတပ်မ ကို ဂျပန် အမှတ်(၃၃) တပ်မ မှ ထိုးစစ်ဆင်ပုံ

| | |
|---|---|
| ဗြိတိသျှတပ်ယူထားသောနေရာ | ၁၀၀၀၀ပေ အထက် ကုန်းမြေ |
| ဗြိတိသျှထိုးစစ်ဆင်မှု | △ 5860တောင်ထွတ်အမြင့် ပေဖြင့် |
| ဂျပန်ထိုးစစ်ဆင်မှု | လမ်းကြမ်း |

www.burmeseclassic.com

www.burmeseclassic.com



…လဲတွင်လည်းကောင်း အသီးသီးဖြန့်ခွဲ အခြေပြုထားလေသည်။ အင်ဖာလွင်ပြင်တွင်ကား အမှတ်(၄)တပ်မကြီးဌာနချုပ်ရှိလေသည်။

**စစ်ဆင်မှုအစပိုင်း**

ဖေဖော်ဝါရီလမှစ၍ ချင်းတွင်း မြစ်အရှေ့ဘက်…မ်းတွင် အသင့်စုဖွဲ့ခဲ့သော ဂျပန်အမှတ် (၁၅)တပ်တော်သည် သူတို့၏U-GO စစ်ဆင်ရေးအား ၁၉၄၄ ခုနှစ်မတ်လ…ဒုတိယပတ်၌ အောက်ပါအတိုင်းစတင်ခဲ့၏။

မတ်လ(၈)ရက်နေ့တွင် ဂျပန်အမှတ် (၃၃)တပ်မသည်ချင်းတောင်ဒေသများနှင့်အင်ဖားမြို့ကိုတောင်ဘက်…တက်တိုက်ခိုက်ရန်အတွက် စတင်ချီတက်သွား၏။မတ်လ…၅ ရက်နေ့တွင် အမှတ်(၁၅)တပ်မနှင့် အမှတ်(၃၁)တပ်မ…သည် အင်ဖာနှင့်ကိုဟီးမားမြို့များကို တိုက်ရန် စုရပ်မှ…တင်ချီတက်သွား၏။ INA ခေါ် အိန္ဒိယအမျိုးသား တပ်မ…တော်၏ ပင်မတပ်များသည် ဂျပန်အမှတ်(၁၅) တပ်တော်…နောက်မှ လိုက်ပါသွားလေသည်။

လေယာဉ်အစင်း ၁၀၀ ခန့်ပါဝင်သော အမှတ်(၅)



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်လေတပ်မတော်သည် ဂျပန်တပ်များချင်းတွင်းမြစ်ကို ဖြတ်ကူးရာတွင် စောင့်ရှောက်ကာကွယ်ပေးခဲ့၏။ ဂျပန်တပ်များသည် အမှတ်(၁၇)နှင့်(၂၀) ဗြိတိသျှနှင့် အိန္ဒိယတပ်မများကို ပိတ်မိအောင် မတိုက်နိုင်သော်လည်း မတ်လ ၂၀ ရက်နေ့လောက်တွင် ရန်သူများကို မောင်းထုတ်၍ ချင်းတောင်များပေါ်တွင် အခြေပြုနိုင်ခဲ့၏။ ထို့ကြောင့် စစ်ဆင်မှုပထမပိုင်းအား အောင်မြင်စွာ အစပျိုးနိုင်ခဲ့လေသည်။

ဂျပန်အမှတ်(၃၁)တပ်မသည် တောင်ကုန်းထူထပ်ကြမ်းတမ်းသော ချင်းတောင်ဒေသကိုအောင်မြင်စွာ ကျော်လွှားချီတက်၍ ငြိမ်ရက်နေ့တွင် ကိုဟီးမားတစ်မြို့လုံးနီးပါးကို သိမ်းလိုက်နိုင်၏။ ဂျပန်တို့၏အမှတ်(၁၅)နှင့် အမှတ်(၃၃)တပ်မတို့သည် အင်ဖာမြို့ကိုမြင်နိုင်သော အရပ်ထိ ချီတက်ပြီး အင်ဖာမြို့ကိုအရှေ့ဖက်မှဝိုင်းထားလိုက်နိုင်ခဲ့လေသည်။





## ဗြိတိသျှတို့ ခုခံကာကွယ်မှု

ကိုဟီးမားကို ဂျပန်အမှတ်(၃၁) တပ်မမှ သိမ်းယူနိုင်လုနီးနီးဖြစ်ခဲ့သော်လည်း အင်ဖာကိုမူသိမ်းယူနိုင်သည့်အဆင့်ထိ ဂျပန်တို့အောင်မြင်မှုမရခဲ့ချေ။ အင်ဖာပတ်ဝန်းကျင်တောင်များပေါ်ကသာ ပိတ်ဆို့ဝိုင်းရံနေခဲ့ကြရ၏။ ဗြိတိသျှတို့က အင်ဖာအဝိုင်းခံထားရသော်လည်းရိက္ခာနှင့်ပစ်ကူစစ်ကူများကို လေကြောင်းမှထောက်ပံ့ပေးခဲ့လေသည်။

တပ်တော်မှူးစလင်းက အဝိုင်းခံထားရသောအင်ဖာသို့ရခိုင်တွင်ရှိနေသောအမှတ်(၅)တပ်မကြီးအား လေကြောင်းမှ သယ်ယူရွှေ့ပြောင်းကာ အင်အားဖြည့်တင်းနိုင်ခဲ့လေ သည်။ မယ်တကောင်းတွင်ရှိနေသော အခြားတပ်မ တစ်ခုကို လည်း အင်ဖာသို့ခြေလျင်ချီတက်ပူးပေါင်းစေခဲ့သည်။

ဤသို့ဖြင့် မတ်လမှ စတင်ဝိုင်းရံခဲ့သော အင်ဖာကို မေလတိုင်အောင်ဂျပန်တပ်မ၂ ခုကရအောင် မတိုက်နိုင်ခဲ့ကြချေ။ မေလတွင် ကြောက်မက်ဖွယ်ကောင်းသောမိုးရာသီ အစပျိုးလာတော့၏။ ဂျပန်တပ်များတွင် လက်နက်ခဲယမ်းနှင့် စားနပ်ရိက္ခာများပြတ်လပ်ပြီး အကျအဆုံးများမှာလည်း ကြောက်မခန်းလိလိဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ဖာကိုတစ်လအတွင်းရအောင် သိမ်းရန်စိတ်ကူး ယဉ်ခဲ့သောတပ်တော်မှူးမူတာဂူချိသည် ၂ လကြာသည့်တိုင် အောင်ရအောင်မတိုက်နိုင်သဖြင့် အုပ်ချုပ်ထောက်ပံ့မှုအခက် အခဲများ ကြုံလာရသည့်အခါ သူ၏တပ်မမှူးနှစ်ဦးအား လုံလောက်သည့်တိုက်ခိုက်ရေးစိတ်ဓာတ်မရှိဟု ဆိုကာ ရာထူးမှထုတ်ပယ်ခဲ့တော့၏။

## ဗြိတိသျှတို့ အရေးသာလာခြင်း

ဇွန်လတွင်ဂျပန်တပ်များသည် ဖျားနာခြင်း၊ တော်မွတ်ခြင်း၊ ခဲယမ်းမီးကျောက်မလုံလောက်ခြင်း၊ ရန်သူတင့်ကားများကိုတိုက်ရန် လက်နက်ကြီးများမလုံလောက်ခြင်း၊ RAF နှင့်AAF မှလေတပ်များ၏တိုက်ခိုက်မှုကိုအဆက်မပြတ်ခံနေရခြင်းတို့ကြောင့်ထိုးစစ်ဆင်နိုင်သည့် အနေအထားမရှိတော့ချေ။ အိန္ဒိယမှစစ်ကူများလည်း တဖွဲဖွဲရောက်ရှိလာရာဇွန်လဆန်းတွင်ဗြိတိသျှတို့က ကိုဟီးမားကို ပြန်လည်သိမ်းပိုက်ပြီး အင်ဖာနှင့်ကိုဟီးမားဆက်သွယ်ထားသော လမ်းအားပြန်ဖွင့်နိုင်ခဲ့၏။ အဝိုင်းခံရသော အင်ဖာမြို့တွင်းသို့ စစ်ကူများပေးပို့နိုင်ကာ တင့်ကားတပ်များကိုပါ အသုံးပြုနိုင်သဖြင့်ဗြိတိသျှတို့





အရေးသာခဲ့လေသည်။

## ဂျပန်တို့၏နောက်ဆုံးထိုးစစ်

အခြေအနေမှန်ကို လက်မခံနိုင်သော တပ်တော်မှူးမူတာဂူချိသည် အမှတ်(၃၁)တပ်မမှကြွင်းကျန်သောတပ်များနှင့် တပ်ပျက်သလောက်ဖြစ်နေသည့် အမှတ်(၁၅)တပ်မတို့အား အင်ဖာအရှေ့မြောက်ရှိ တောင်ကုန်းများပေါ်တွင် တပ်စွဲရန်အမိန့်ပေး၍ အင်ဖာကို နောက်ဆုံးထိုးစစ်ဆင်ခြင်းသည်။

သို့ရာတွင်တပ်တော်မှူးမှ သူကန်ခံဂတိပေးထား သည့်အတိုင်းရှေ့တန်းရောက်တိုက်ပွဲဝင်တပ်များအတွက် လိုအပ်သည့်ရိက္ခာခဲယမ်းများ ပေးပို့နိုင်ခြင်းမရှိသည့်သာမက စစ်ဆင်ရေးအမိန့်များ ညွှန်ကြားချက်များကိုမကြာခဏ ပြောင်းလဲနေသောကြောင့် တပ်မ(၃၁)တပ်မမှူးနှင့်တပ်တော်မှူးတို့မပြေမလည်ဖြစ်ကာ အမှတ်(၃၁)တပ်မ တပ်မမှူးသာတိုသည်တပ်တော်နှင့် အဆက်အသွယ်ဖြတ်ပြီး၊ အသိနာနေသော သူ့တပ်မအား စစ်မြေပြင်မှ ဆုတ်ခွာရန် သူ့သဘောနှင့် သူအမိန့်ပေးလိုက်တော့၏။ တပ်တော်မှူး



www.burmeseclassic.com

www.burmeseclassic.com



မူတာဂူချီက တပ်မမှူးအား ချက်ခြင်းအရေးယူတော့၏။


တပ်မမှူးဆာတိုအား ဇူလိုင်လ ၇ ရက်နေ့တွင် ပြောင်းရွှေ့မိန့်ထုတ်ပြန်ခဲ့၍ တပ်မမှူး အသစ်အစားထိုးခန့်အပ်ခဲ့၏။

ဇွန်လကုန်ကာနီးတွင် တပ်မ(၃၁)ရှေ့တန်းမှဆုတ်ခွာလာသည်နှင့်အင်ဖာတိုက်ပွဲသည်လည်း နိဋ္ဌိတံလေတော့သည်။ ဆာတိုက သူ့တပ်မအား ချင်းတွင်းမြစ်ကမ်းထိ ဆုတ်ခွာနိုင်ခဲ့ခြင်းဖြစ်လေသည်။

## အင်ဖာစစ်ဆင်ရေးပြီးဆုံးခြင်း

တပ်မ (၃၁) ခွာစစ်ဆင်သွားပြီးသည့်နောက်တွင် တပ်တော်မှူး မူတာဂူချီနှင့် စစ်ဒေသမှူးကြီးကဝါဘီ တို့သည် အင်ဖာစစ်ဆင်ရေးအောင်မြင်တော့မည်မဟုတ်သည်ကို သိရှိလာခဲ့၏။ သို့ရာတွင် စစ်ဆင်ရေးကိုရပ်ဆိုင်းရန် ချက်ချင်း အမိန့်ထုတ်ပြန်နိုင်ခြင်းမရှိခဲ့။ နောက်ဆုံးအခြေအနေမှန်ကို အထက်ဌာနကသိသွားမှ ဇူလိုင် ၄ ရက်နေ့တွင် ဂျပန်







အင်ဖာကိုဟီးမားတိုက်ပွဲ၏စစ်ဆင်ရေး(၆)
အလယ်ပိုင်းစစ်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com




တိုဟီးသားတောင်ကြောအခြေပြမြေပုံ

www.burmeseclassic.com



ရင့် စစ်ဌာနချုပ်၏ ခွင့်ပြုချက်ဖြင့် တောင်ပိုင်းဒေသ စစ်ဌာနချုပ်က စစ်ဆင်ရေးကို ရပ်စဲရန် အမိန့်ထုတ်တော့၏။

ခွာစစ်ဆင်သွားကြသည့် ဂျပန်တပ်များအား ဗြိတိသျှတို့ကလေကြောင်းမှ လိုက်လံပစ်ခတ် တိုက်ခိုက်ကြ၏။ တင့်ကားများဖြင့်လည်းနောက်မှ လိုက်စစ်ဆင်ကြ၏။ အစာရေစာပြတ်လတ်၍ ကပ်ကြီးသုံးပါးနှင့် ရင်ဆိုင်နေရသော ဂျပန်တပ်များသည် အလွန်ခက်ခဲစွာဖြင့် မြန်မာနိုင်ငံအတွင်း သို့ ဆုတ်ခွာခဲ့ကြရ၏။ ရောဂါဘယ နှိပ်စက်ခြင်း၊ အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်း၊ မဟာမိတ်တို့၏ ပစ်ခတ်တိုက်ခိုက် ခံရခြင်းတို့ကြောင့် ဂျပန်တို့၏ အသေ အပျောက်မှာ ကြောက် ခမန်းလိလိဖြင့်ခဲ့၏။ အင်အားတစ်သိန်းမှ တစ်ဝက်ကျော် ကျော်ပြုံးတီးသွားခဲ့လေသည်။

၁၉၄၄ ခုနှစ် ဇူလိုင်လတွင် အင်ဖာကိုဟီးမားကို ထိုးစစ်ဆင်ခဲ့သော U-GO စစ်ဆင်ရေးကြီးကား အထက်ပါအတိုင်း အဆုံးသတ်သွားခဲ့ပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

## အင်ဖာတိုက်ပွဲအပြီး နှစ်ဖက်တပ်မှူးအပြောင်းအလဲများ

အင်ဖာတိုက်ပွဲကြီးပြီးစီးသွားသောအခါ တပ်မှူးအပြောင်းအလဲများကို ဂျပန်ရော၊ အင်္ဂလိပ်တို့ကအောက်ပါအတိုင်းဆောင်ရွက်ခဲ့ကြ၏။

### ဂျပန်တပ်များ၏ အပြောင်းအလဲ

အင်ဖာတိုက်ပွဲကာလတွင် တပ်တော်မှူးဗိုလ်ချုပ်ကြီးမူတာဂူချီသည် တပ်မ (၃၁) တပ်မမှူး ဆာတိုအပါအဝင် [illegible]၏ တပ်မမှူးသုံးယောက်အား ရာထူးမှဖယ်ရှားခဲ့လေသည်။ တိုက်ပွဲကြီးအရေးနိမ့်၍ တပ်တော်(၁၅) ခွာစစ်ဆင်ခဲ့သည်။ ထိုအခါ ဂျပန်ဘုရင့်စစ်ဌာနချုပ်က တပ်မှူးအပြောင်းအလဲများ ချက်ခြင်းဆောင်ရွက်၏။ မိမိလက်အောက်ရှိ တပ်မမှူး(၃)ဦးကို ရာထူးမှ ဖယ်ရှားခဲ့သော မူတာဂူချီအတွက် [illegible]အလှည့် ကျရောက်လာကာ တိုကျို စစ်ဦးစီးချုပ်ရုံးသို့



www.burmeseclassic.com

ပြောင်းရွှေ့ရသည်။ သူ့နေရာတွင် တပ်မ (၅၄) တပ်မမှူး ဒုဗိုလ်ချုပ်ကြီးကာတာမူရာ ရောက်လာသည်။ တပ်မ(၅၄) တပ်မမှူးအဖြစ် ကိုဟီးမားတွင် ခေါင်းမာမာနှင့် တိုက်ခဲ့သူ မီယာဇာကီ ရာထူးတိုးတက်သွားသည်။ မြန်မာပြည်စစ် နယ်မြေတာဝန်ခံ ဗိုလ်ချုပ်ကြီးကဝါဘီသည်လည်း တိုကျို သို့ ပြောင်းရသည်။ ဦးစီးအရာရှိများမှာလည်း အချို့ကို အဆင့်တိုး၍ ချောင်ထိုးခြင်း၊အချို့မှာပထုတ်ခြင်းခံကြရ သည်။ တာနာကာကို တပ်မ(၁၈)တပ်မမှူးခန့်အပ်လိုက် သည်။ ရန်ကုန်တွင် ရှေ့တန်းတပ်များအတွက် ထောက်ပံ့ ဆက်သွယ်ရေးလမ်းကြောင်းစီမံရသူ ကူရာဟာရှိနှင့်စစ်ဆင် ရေးကိစ္စများတွင် တာဝန်ရှိသူဖူဝါတို့မှာ ဖယ်ရှားခြင်းခံရသည်။ မူတာဂူချီ၏ဦးစီးအရာရှိများအနက် ဒုဗိုလ်ချုပ်ကြီး ကူနိုမူရာ သည် အမှတ် (၂)အစောင့်တပ်မ၊ တပ်မမှူးဖြစ် သွားပြီး သူ၏စစ်ဦးစီးအရာရှိဟီရိုင်နှင့် ဆက်သွယ်ရေး လမ်းကြောင်း ကိုင်သူ အူဆုအိ တို့လည်း ပြောင်းကြရသည်။ထောက်လှမ်း ရေးမှ ဖူဂျီဝါရာသာ သူ့နေရာတွင် ထိုနှစ်ကုန် အထိ ဆက်လက်တည်မြဲ ပြီးနောက် စစ်တက္ကသိုလ် သို့နည်းပြ အဖြစ်ပြောင်းရသည်။

ဂျပန်ဘုရင်စစ်ဌာနချုပ်က မြန်မာပြည်နယ်မြေ





တပ်မတော်ကို ကွပ်ကဲရန် အကင်းပါးပြီး စစ်မဟာဗျူဟာ ကျွမ်းကျင်ကာ အလိုက်အထိုက် ပြုပြင်ပြောင်းလဲနိုင်သူ ဗိုလ်ချုပ်ကြီး ကိမူရာဟေးတာရိုးကို ခန့်အပ်သည်။ သူသည် တိုကျိုစစ်လက်နက် ပစ္စည်းစီမံရေးရာဌာနချုပ်ကို ကြီးမှူး ခဲ့ရသူဖြစ်၍ တစ်ချိန်က ဝန်ကြီးချုပ်တိုဂျို လက်အောက်တွင် ဒုတိယစစ်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ သူ၏ ဦးစီးချုပ်အဖြစ် ဖွဲ့ကြီးပြီး အလုပ်အား မဆုတ်မနစ် လုပ်တတ်သည့် စိတ်ဓာတ်ခိုင်မာသူ တပ်မ(၁၈) တပ်မမှူး ဒုတိယဗိုလ်ချုပ်ကြီး တာနာကာရှိနီကိုခန့်သည်။ ဤကဲ့သို့ ထိပ်တန်းအရာရှိကြီးများကို များများစားစား အပြောင်းအလဲ လုပ်ခဲ့သည့်ဖြစ်ရပ်မျိုး ဂျပန်တပ်မတော်တွင် ယခင်က တစ်ခါ မှ မရှိခဲ့ဖူးသေးချေ။

## ဓာတာမိတ်တို့ဘက်မှ အပြောင်းအလဲ

ဥရောပစစ်မျက်နှာတွင် ဂျာမန်တို့အရေးနိမ့်သွားပြီ ဖြစ်၍ အင်္ဂလိပ်နှင့် အမေရိကန်တို့က အာရှတိုက် စစ်မျက်နှာ တွင် အာရုံစူးစိုက်လာ၏။ အပြီးသတ်တိုက်ပွဲများ ဆင်နွှဲနိုင် ရေးအတွက် အစည်းအဝေးများပြုလုပ်ခါ နောက်ဆုံးထိုးစစ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အတွက်စုဖွဲ့ ပြင်ဆင်ခဲ့ကြ၏။ တပ်မှူးကြီးများ အပြောင်းအလဲပြုလုပ်ခဲ့သည်။ တပ်များကိုလည်း ပြန်လည်စုဖွဲ့ခဲ့သည်။

အရှေ့ဘက်စစ်မျက်နှာတွင် တပ်မှူးကြီးများ အပြောင်းအလွှဲပြုလုပ်ရာ၌ မတဲ့အတူဖြစ်နေသောချန်ကေရှိတ်နှင့်စတီးဝဲလ်တို့၏ကိစ္စကို ဖြေရှင်းရာ၌အမေရိကန်သမ္မတ ရုစဗဲ့က အခြေအနေအရ စတီးဝဲလ်ကို ဖယ်ရှားလိုက်သည်။ စလင်းကတော့ စတီးဝဲလ်သည် တရုတ်တပ်များကိုတွန်းတင်ပေးနိုင်သူအဖြစ် နှမြောမိသည်ဟုဆိုသည်။ စစ်တိုက်သောစစ်သားတစ်ယောက် ဖြစ်၍စစ်သားချင်းလေးစားသည်ဟု စလင်းကပြောသည်။

ဗြိတိသျှစစ်ရုံးချုပ်၏ စစ်ဦးစီးချုပ်ကမူ စတီးဝဲလ်အား''စစ်ရေးဗဟုသုတနည်းပါးပြီး မဟာဗျူဟာအတွေးအခေါ် မည်သည့်အခြေခံမျိုးမှမရှိသူ၊ ဆိုးကျိုးအလွန်ပေးခဲ့သူ''ဟုမှတ်ချက်ပြုသည်။ စတီးဝဲလ်၏နေရာတွင် လူစားအဖြစ် မျှော်လင့်ချက်ကြီးမားလွန်းသူ ဒုဗိုလ်ချုပ်ကြီးဝေဒီမီယာကို ခန့်အပ်သည်။ မြောက်ပိုင်းတိုက်ခိုက်ရေးနယ်မြေကွပ်ကဲမှုဌာနချုပ်ကို ယခင်စလင်း၏ ဒုတိယကွပ်ကဲရေးမှူး မောင့်ဘက်တန်၏ အုပ်ချုပ်မှုဌာနအကြီးအကဲဖြစ်ခဲ့သူ ဒုဗိုလ်ချုပ်ကြီးဝိုးလားသည်လည်း အရှေ့တော





ဒေသရှေ့ဒေသမဟာမိတ်တပ်များ ကွပ်ကဲမှုဌာနချုပ်၏ ဒုတိယစစ်သေနာပတိချုပ်နေရာသို့ တိုးမြှင့်ခြင်းခံရသည်။

စတီးဝဲလ်က ကာမိုင်းကိုသိမ်းပြီးနောက်တွင် မောင့်ဘက်တန်မှတစ်ပါး မည်သူ့ညွှန်ကြားမှုကိုမျှလက်မခံသဖြင့် မောင့်ဘက်တန်က မဟာမိတ်ကြည်းတပ်များကွပ်ကဲရေးတာဝန်ကို ၎င်း၏မူလတာဝန်အပြင် ကိုယ်တိုင်ယူထားရသည်။ ယခုအခါဒုဗိုလ်ချုပ်ကြီး ဆာအော်လီဗာလိစ်ကို အမှတ်(၈)တပ်တော်ကို ကွပ်ကဲနေရာမှပြောင်းပေးလိုက်သဖြင့် မဟာမိတ်ကြည်းတပ်များ၏စစ်သေနာပတိတာဝန်ကို ၎င်းအားလွှဲပေးနိုင်တော့သည်။ အမှတ်(၁၁)အုပ်စုတော်စုကို ဖျက်သိမ်းလိုက်ပြီး မောင့်ဘက်တန်ကိုအကြံပေးတာဝန်ကိုဖွဲ့လုပ်နေသူ ဂစ်ဖတ်ကိုလည်း ဖယ်ရှားခဲ့လေ သည်။ မောင့်ဘက်တန်၏ စစ်ဦးစီးချုပ်ပေါင်းနော့မှာ သူတို့ဌာနချုပ်က စစ်အောင်နိုင်ရေး အတွက် အထောက်အကူထိထိရောက်ရောက် မပြုနိုင်ခဲ့ဟု ယူဆထားသူဖြစ်သည်။ မောင့်ဘက်တန်၏ အလွန်တက်ကြွမှုကို လွှမ်းကဲမသွား အောင် ထိန်းသိမ်းခဲ့သူဖြစ်သည်။ ယခုအခါ သူ့ကို နယ်သာလန်တိုက်ပွဲတွင် အထိနာခဲ့သော လေထီးတပ်များ ကို ကွပ်ကဲခဲ့သူ ဗိုလ်ချုပ်ကြီး ဘရောင်နင်က တာဝန်လဲ ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လိစ်ရောက်လာသဖြင့် စလင်းသည် ရခိုင်ရှိ အမှတ်(၁၅) တပ်တော်ကို ကွက်ကဲမှုယူထားရန် မလိုတော့ ရာ မြန်မာပြည် အလယ်ပိုင်းကို ထိုးစစ်ဆင်ရန်ကိစ္စကိုသာ အာရုံစိုက်ရန် လိုတော့သည်။ ၎င်း၏တပ်မကြီးမှူးနှစ်ဦး အနက် စကွန်းသည် တိုက်ပွဲကွပ်ကဲရသည့်ကာလပိုမိုကြာ ရှည်လေးမြင့် ထမ်းဆောင်ခဲ့ရသူဖြစ်ပြီး တည်တည်ငြိမ်ငြိမ်နှင့် အမြော် အမြင်ရှိသူဖြစ်၏။သို့ရာတွင် တာထွက်နှေးကန်လွန်းသည်ဟု စလင်းကယူဆသည်။ ဆက်တိုက်ရမည့်တိုက်ပွဲများ တွင် တက်တက်ကြွကြွ တပ်ဦးဘီလူး တိုက်မည့် တပ်မှူးမျိုး လိုသည်ဟု စလင်းကယူဆသည်နှင့် အိန္ဒိယအလယ်ပိုင်း စစ်တိုင်း၊ တိုင်းမှူးနေရာလစ်လပ်မှု ပေါ်ပေါက်လာရာတွင် စကွန်းကို ခန့်လိုက်၏။ ထို့နောက် အမှတ်(၇)အိန္ဒိယတပ်မ တပ်မမှူးမက်ဆာဗီကို အမှတ်(၄)တပ်မကြီး တပ်မမှူးကြီး အဖြစ် ခန့်အပ်လိုက်လေသည်။ ယင်းမတိုင်မီ ဝေဗယ်သည် အင်ဖာသို့ရောက်ရှိလာပြီး စလင်းနှင့်၎င်း၏တပ်မကြီး မှူးများဖြစ်ကြသော **ခရစ္စတီဆန်၊ စကွန်းစ်နှင့် စတောပ်ဖို့** တို့ကို ဆာဘွဲ့အသီးသီးချီးမြှင့်လိုက်လေသည်။



# အခန်း(၈)

## စလင်း၏မြန်မာပြည်သိမ်းစစ်ဆင်ရေး

စလင်း၏ခံစစ်ဆင်နေသော အင်္ဂလိပ်တပ်များသည် ကိုဟီးမားတောင်ကျောနယ်မြေအား ၁၉၄၄ ခု၊မေလ ၁၄ ရက်နေ့တွင် ရှင်းလင်း၍ ပြီးခဲ့၏။ ဇူလိုင်လ အလယ် လောက်မှာမူ အူခရာနယ်မြေ ပတ်ဝန်းကျင်နှင့် အင်ဖာမှ တီးတိန်သို့ သွားလမ်းတွင် ဘီရှင်ပူရ်အထိ ရှင်းလင်းပြီး ခဲ့သည်။ဩဂုတ်လ ၁၉ ရက်နေ့တိုင်သောအခါ ဂျပန်စစ်တပ် အကြွင်းအကျန်များသည် အိန္ဒိယပြည်ထဲမှ ဖရိုဖရဲဆုတ်ခွာ ခဲ့ကြရလေသည်။ ဒီဇင်ဘာလ ၃ ရက်နေ့၌ မဟာမိတ်တပ် များသည် ချင်းတွင်းမြစ်ပေါ်ရှိ ကလေးဝမြို့သို့ ဆိုက်ရောက် ခဲ့ကြ၏။ ဂျပန်ဆုတ်စစ်မှန်သမျှ လေကြောင်းမှနှောင့်ယှက် တိုက်ခိုက်ခြင်းခံကြရသည်။ ဂျပန်တို့၏အုပ်ချုပ်ရေးမှာ ပြိုပြတ်ခဲ့ရသောကြောင့် ဂျပန်တပ်သားများသည် ငတ်မွတ် ခြင်းဘေးနှင့် ဆိုးရွားသောဗယ်ရီဗယ်ရီခေါ်ထုံနာစိုရောဂါဘေး တို့ကို ရင်ဆိုင်ကြရလေသည်။ ရခိုင်ပြည်နယ်မှ ဂျပန်တပ် များမှာလည်း ပြိုကွဲလျက်ရှိကြရာ မဟာမိတ်တပ်များသည်



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တို့၏ တောင်ခေါင်းလှိုဏ်ဂူခံစစ်စခန်းများကို ကျော်လွှား၍ ကုလားတန်မြစ်သို့တိုင် ရောက်ရှိခဲ့ကြလေသည်။ ဗိုလ်ချုပ်ကြီးစတီးဝဲလ်သည်လည်း တရုတ်အမေရိကန် စစ်တပ်များနှင့် အတူ ဩဂုတ်လ(၃)ရက်နေ့မှစတင်၍ မြစ်ကြီးနား သို့ ချီတက်လာခဲ့လေသည်။

ယခုအချိန်ကား မြန်မာပြည်စစ်ပွဲစတင်သည့် အချိန်မှ အင်ဖာလွင်ပြင်ပေါ်၌ အမှတ်(၁၄)တပ်တော်၏ အလံများ တစ်ကြိမ်ထပ်မံလွှင့်ထူနိုင်သောအခြေသို့ ရောက်ရှိလာသောဤအချိန်ဖြစ်၏။ မဟာမိတ်တပ်မှူးများသည် မိမိတို့၏စစ်ကြောင်းများနှင့် တိုက်ပွဲများကို မိမိတို့စိတ်ကြိုက် ပိုင်နိုင်စွာ ဆုံးဖြတ်ခွင့်ရှိလာပြီး လျှင်စစ်ဆင် ရေးများကိုလည်း ယုတ္တိရှိအောင်ထင်အောင်မြင်အောင် ပြုလုပ်နိုင်စွမ်းရှိလာကြလေသည်။ ထိုအချိန်အထိ တရုတ်ပြည်မနှင့် ကုန်းလမ်းဆက်သွယ်ရေး ကောင်းမွန်တိုးတက်ရန်ဟူသော မဟာမိတ်တို့၏ ရည်ရွယ်ချက် သည် အပြောင်းအလဲမရှိ မူလအတိုင်း ပင်တည်နေသေးသည်။ ဤရည်ရွယ်ချက်ကို အောင်မြင်ရန် မြန်မာပြည် မြောက်ပိုင်းကိုသိမ်းပိုက်ခြင်းဖြင့် အရှေ့တောင် အာရှတစ်ခုလုံးကို ပြန်လည်သိမ်းပိုက်နိုင်ရန်လည်း မျှော်လင့်ထားလေသည်။ သို့ဖြစ်၍ ဤရည်ရွယ်ချက်များကို အထ






အရှေ့တောင်အာရှမဟာမိတ်စစ်သေနာပတိချုပ်
ရေကြောင်းဗိုလ်ချုပ်ကြီး လော့ဒ်မောင့်ဘက်တန်

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်တပ်ဖွဲ့များ မြန်မာပြည်တွင်းဝင်ရောက်စဉ်က
မြန်မာပြည်ဆိုင်ရာဂျပန်စစ်ဒေသမှူး ကြီးဗိုလ်ချုပ်ကြီး ကဝါဘီ

www.burmeseclassic.com

www.burmeseclassic.com



မြောက်စေရန် ABDA တပ်ပေါင်းစုဌာနချုပ်သည် အောက်ပါစစ်ဆင်ရေးစီမံကိန်း ၃ ခုကို ချမှတ်ခဲ့လေသည်။

(က) စီမံချက် အိတ်ကစ်( **Plan X** )

ဗိုလ်ချုပ်ကြီးစတီးဝဲလ်၏ မြောက်ပိုင်းတိုက်ခိုက်ရေးဌာနချုပ်တပ်ဖွဲ့(**NCAC**)သည် အမှတ်(၁၄) တပ်တော်မှဗြိတိသျှနှင့်အိန္ဒိယတပ်များဖြင့် အင်အားဖြည့်လျက် အမှတ်(၁၀) အမေရိကန်လေတပ်၏ အကူအညီကိုယူပြီးလျှင်ပင်မတိုက်ခိုက်ရေးတပ်အဖြစ် တာဝန်ယူကာ ကသာ၊ မိုးမိတ်၊ ဘားနှိုးလမ်းကြောင်းထိ သိမ်းပိုက်ရန်နှင့် တစ်ချိန်တည်းမှာပင် ယူနန်တပ်များက တောင်ဘက်သို့ ထိုးဆင်း၍ လားရှိုးမြို့၌ ဆုံတွေ့ရန်၊အင်အားလျှော့ထားသော အမှတ်(၁၄) တပ်တော်သည် ချင်းတွင်းမြစ်ကို ကျော်ဖြတ်မိသည့်တိုင် ကန့်သတ်စစ်ဆင်ရေးများ ဆင်နွှဲရန်၊ ဝန်းသိုနယ်တွင် လေကြောင်းချီစစ်ဆင်ရေးများ ဆင်နွှဲရန်။



www.burmeseclassic.com

www.burmeseclassic.com



(ခ) စီမံချက် 'ဝိုင်'(Plan Y, Operation Capital)

အမှတ် (၂၂၁) လေယာဉ်အုပ်ကြီး၏ အကူအညီဖြင့် အမှတ်(၁၄)တပ်တော်မှ လေကြောင်းချီစစ်ကြောင်းတစ်ကြောင်းသည် ချင်းတွင်းမြစ်ကိုဖြတ်၍ ချင်းတွင်းမြစ်နှင့် မန္တလေးမြို့အကြားရှိ နယ်မြေသို့ချီတက်ရန်၊ အောင်မြင်မှုများရရှိလျှင် မန္တလေး မြို့ကို သိမ်းပိုက်မိအောင် အမြတ်ထုတ်ယူရန်။ အင်စီအေစီ (NCAC)တပ်ဖွဲ့ များနှင့် ယူနန်တပ်များက တာဝန်ယူ၍ အမှတ် (၁၀)နှင့် အမှတ် (၁၄) အမေရိကန်လေတပ်ဖွဲ့များ၏ အကူအညီဖြင့် သပိတ်ကျင်း၊မိုးကုတ်၊လားရှိုး လမ်းကြောင်း သို့ စစ်ကြောင်းတစ်ကြောင်း ဖြည့်စွက်ချီတက်ရန်၊ ထို့ပြင် မိမိတို့၏ ရှေ့တန်းတပ်စခန်းများ၊ လုံခြုံစေရန်နှင့် မိမိတို့ လေယာဉ်ကွင်းများကို နှောင့်ယှက်တိုက်ခိုက်ခြင်းမှ ကာကွယ်ရန်အတွက်ရရှိနိုင်ရှိ အမှတ်(၁၅)တပ်မကြီးသည် အမှတ်(၂၂၄) လေယာဉ်အုပ်စုကြီး၏အကူဖြင့် စစ်ကြောင်းတစ်ကြောင်း ကန့်သတ်ချီတက်ရန်။





(ဂ) စီမံချက် 'ဇက်'(Plan Z, Operation Dracula)

ဒရက်ကူလာစစ်ဆင်ရေး(Operation Dracula)သည်ရန်ကုန်မြို့အား ရေကြောင်း နှင့် လေကြောင်း ချီတပ်များ က ကမ်းတက်ချေမှုန်းတိုက်စစ်ဆင်နိုင်လျှင် ရန်ကုန်မြို့ မှမြောက်ဘက်သို့ ဆက်လက်ချီတက်၍ တောင်ဘက်သို့ ကြည်းကြောင်းချီတက်လာသည့်အမှတ် (၁၄) တပ်တော်နှင့် ဆက်စပ်ရန်။

သဘာဝယျအခြေအနေ

မဏိပူရသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သော အမှတ် (၁၅)ဂျပန်တပ်တော်သည် ၁၉၄၄ ခုဩဂုတ်လ လောက်တွင် ဖရိုဖရဲပြိုကွဲသွားလေတော့သည်။ မဟာမိတ်တပ်များက ထိုးစစ်တိုက်ခိုက်ခြင်း၊ ဂျပန်တပ်များ၏ ဆက်သွယ်ရေး လမ်းကြောင်းများကို ချင်းဒစ်စစ်ကြောင်းများကဖြတ်တောက်ပစ်ခြင်း၊ မုတ်သုန်ရာသီဥတု၊ ခက်ခဲသောမြေအနေအထားနှင့် မိမိတို့၏အားမကိုးရသော မြန်မာ့အုပ်ချုပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်း စသည်တို့က ဤတိုက်ပွဲစဉ်အတွင်း ပထမဆုံး
အကြိမ်အဖြစ် ဂျပန်စစ်သားများအား စိတ်ဓာတ်ကျဆင်းစေ
ခဲ့လေသည်။

စလင်း၏ အမှတ် (၁၄) တပ်တော်သည် ဆုတ်ခွာ
နေသော ဂျပန်တို့အား ထက်ကြပ်မကွာလိုက်လံတိုက်နိုင်
ခြင်းကြောင့် ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၁၉ရက်နေ့
အိန္ဒိယမြန်မာနယ်စပ်ကိုကျော်အောင် ဂျပန်များအားမောင်းနှင်
တိုက်ထုတ်နိုင်ခဲ့သည်။ နိဝင်ဘာလအလယ်တွင် အမှတ်
(၁၉)အိန္ဒိယတပ်မသည် ချင်းတွင်းမြစ်ကို ဖြတ်ကျော်၍
မြောက်ပိုင်းတိုက်ခိုက်ရေး တပ်ဖွဲ့များနှင့်ဆက်မိရန် အရှေ့
ဘက်သို့ ချီတက်လာခဲ့သည်။ သို့သော်ဒီဇင်ဘာ ၃ ရက်နေ့
ကျရောက်မှ အမှတ်(၁၄)တပ်တော်သည် ချင်းတွင်းမြစ်ပေါ်
ရှိ ကလေးဝမြို့၌ခိုင်မြဲသောပေါင်းကူးခြေကုတ်ကို ထူထောင်
နိုင်ခဲ့လေသည်။ မြစ်ကိုဖြတ်သန်း၍ ပေပေါင်း (၁၀၀
ရှည်သော အကြီးဆုံး ရေပေါ်ဘေလီတံတားအရှင် တစ်ခု
တည်ဆောက်လိုက်သည်။ ထို့နောက် ရွှေဘိုလွင်ပြင်များ
ဆီသို့ချီတက်ရန်ဟူသော တိုက်ပွဲစဉ်၏ နောက်တစ်ဆင့်
စတင်ခဲ့လေသည်။

မုတ်သုန်မိုးရာသီအတွင်းမှာပင် စစ်ဆင်ရေးဆင်နွှဲ





ဆင်း၏ ဆုံးဖြတ်ချက်သည် ဂျပန်များအားလုံးဝ အငိုက်ဖမ်း
နိုင်ခဲ့သည်။ မုတ်သုန်မိုးရာသီအတွင်း၌ ဤသို့တိုက်ခိုက်
နိုင်ခဲ့ခြင်း အကြောင်းရင်းများမှာ လေကြောင်းထောက်ပံ့ရေး
စနစ်အစဉ်ကို ပြန်လည်ပြင်ဆင်လိုက်ခြင်းနှင့် လေတပ်များ၏
ဆက်တိုက်ကြိုးပမ်းအားထုတ်မှုတို့ဖြင့် တိုက်ခိုက်ရေး
တပ်များသည် လေကြောင်းအထောက်အပံ့ကို လုံးဝ
အားထားနိုင်ခြင်းတို့ကြောင့်ဖြစ်ပေ၏။ မုတ်သုန် မိုးရာသီ
အတွင်းကုန်းလမ်းများမှာ အပိုင်းပိုင်းပြတ်တောက် ပြိုပျက်နိုင်
သည်ဖြစ်၍ ဆက်သွယ်ရေးနယ်မြေအဖြစ် အားမ ထားနိုင်
ပေ။ အရှေ့တောင်အာရှစစ်နယ်ဝှန်းအတွင်း ရောဂါ
ကာကွယ်ရေးအတွက် ဆေးဘက်သုတေသဌာန၏ ဆောင်
ရွက်မှုများကလည်း ဖျားနာနှုန်းထားကိုသိသိသာသာ လျော့
နည်းသွားအောင် ဆွဲချခဲ့နိုင်ပေသည်။ ထို့ပြင်ကိုဟီးမား၊
အင်ဖာနှင့်ရခိုင်ပြည်နယ်တွင် အဆက်မပြတ်အောင်ပွဲများ
ရခဲ့ခြင်းကလည်း တစ်ဖက်တစ်လမ်းမှနေ၍ တပ်သားများ၏
စိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့လေသည်။

ဤအချိန်တွင် မြောက်ပိုင်းတိုက်ခိုက်ရေးနယ်မြေ
အင်းစစ်ကြောင်းတွင် တရုတ်တပ်မ(၅)တပ်၊ အမှတ် (၃၆)
ဗြိတိသျှတပ်နှင့် မဲရီးလ်စ်မရောဒါးကို အစားထိုး လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



မားစ်တပ်ဖွဲ့ခေါ်တရုတ်နှင့် အမေရိကန်တို့ရောပြွမ်းသည့် အထူးတာဝန်တပ်ဖွဲ့တို့ပါဝင်ကြသည်။ မိုးကောင်းမှမီးရထားလမ်းတလျှောက် တောင်ဘက်သို့ ချီတက်ခဲ့သော အမှတ်(၃၆)ဗြိတိသျှတပ်မသည်ကသာမြို့၏ အနောက်မြောက်ဖက်၌ အမှတ်(၁၉)တပ်မနှင့် ၁၉၄၄ ခု၊ ဒီဇင်ဘာလ ၁၆ရက်နေ့တွင် ဆုံတွေ့ခဲ့လေသည်။ အမှတ် (၃၆) ဗြိတိသျှတပ်မ၏ အရှေ့ဘက်၌ ပထမနှင့်ဆဌမ တရုတ်တပ်တော်များသည် မားစ်အထူးတာဝန်တပ်ဖွဲ့၊ ကချင် လဲဗီးတပ်များနှင့် အတူ စစ်ကြောင်းချီခဲ့၍ ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလတွင်ဗန်းမော်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ အမှတ် (၁၅)တပ်မကြီးသည် ထိုအချိန်တွင် ရခိုင်ပြည်နယ်တောင်ဘက် စစ်တွေမြို့သို့ တဖြည်းဖြည်း ချီတက်နေလေပြီ။

စစ်သူကြီး ဝေလီဟောင်ကွပ်ကဲသော တရုတ်တပ်တော်သည် သံလွင်မြစ် အနောက်ဖက်သို့ထိုးဝင်၍ ၁၉၄၅ခု၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မြောက်ပိုင်းတိုက်ခိုက်ရေးတပ်ဖွဲ့၏ စစ် ကြောင်းနှင့်ဆက်မိခဲ့သည်။ ဤနည်းအားဖြင့် မြန်မာပြည် လမ်းမကြီးပွင့်သွား၍ နောက်တစ်နေ့တွင်ပင် ပထမဆုံး ယာဉ်တန်းကွန်ဗွိုင်းသည် တရုတ်မြန်မာနယ်စပ်ကို ဖြတ် ကျော်ခဲ့လေသည်။





## ဒုတိယမြောက် ကွိဗက်(Quebec) အစည်းအဝေး

၁၉၄၄ ခုနှစ်၊စက်တင်ဘာလတွင်ကျင်းပသည့် ဒုတိယအကြိမ်မြောက်ကွိဗက်အစည်းအဝေး၌ အရှေ့တောင်အာရှ၏အနာဂတ် စစ်မဟာဗျူဟာများကို စဉ်းစားဆွေးနွေးကြပြီးနောက်အောက်တိုဘာလမုတ်သုန်ရာသီ ကုန်လျှင်ကုန်ဆုံးချင်း အစောဆုံး **Operation Capital** စစ်ဆင်ရေးနှင့် **Operation Dracula** စစ်ဆင်ရေးများကို ဆင်နွှဲရန် ဆုံးဖြတ်ခဲ့ကြလေသည်။ ဤအစည်းအဝေး ကျင်းပပြီးနောက် ပူးပေါင်းစစ်ဦးစီးချုပ်များ အဖွဲ့က အရှေ့တောင်အာရှစစ်ဌာနချုပ် **(SEAC)** ၏ စစ်သေနာပတိချုပ်အား အောက်ပါညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့လေသည်။

"သင်၏ ရည်မှန်းချက်သည် မြန်မာပြည်ထဲမှ ဂျပန်တပ်များအားလုံးကို အကြွင်းအကျန်မရှိအောင် ချေမှုန်းဖျက်ဆီးပြီး မောင်းနှင်တိုက်ထုတ်ရန်ဖြစ်သည်။ သို့ရာတွင် ဤရည်မှန်းချက်ကို ရရှိရန်ဆောင်ရွက်မည့် စစ်ဆင်ရေးများကြောင့် လက်ရှိမြစ်ကြီးနား လေကြောင်းစခန်းထောက်ဌာနအပါအဝင် တရုတ်ပြည် သို့ထောက်ပံ့ရေးလေယာဉ်လမ်းကြောင်းနှင့် မြေပြင်ဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ရေးလမ်းကြောင်းများ ဖွင့်လှစ်မှုကိုထိခိုက်ခြင်း လုံးဝမရှိစေရ''

''သင်ဆောင်ရွက်ရန် အောက်ပါစစ်ဆင်ရေးများကိုအတည်ပြုလိုက်သည်''

(က) တရုတ်ပြည်လေယာဉ် လမ်းကြောင်းလုံခြုံမှုရှိစေရန်နှင့် တရုတ်ပြည်နှင့်မြေပြင် ဆက်သွယ်ရေးလမ်းကြောင်းများ ရရှိစေမှုတို့ အတွက် လိုအပ်သော ကက်ပီတယ် စစ်ဆင်ရေးအဆင့်များကိုဆောင်ရွက်ရန်။

(ခ) အထက်ဖော်ပြပါ တာဝန်များနှင့်အတူ ၁၉၄၃ ခုနှစ်၊ မုတ်သုန်မိုးရာသီမတိုင်မီ မတ်လ ၁၅ ရက်နေ့ကို ယ ရက် D Day အဖြစ် သတ်မှတ်လျက် ဒရက်ကူလာစစ်ဆင်ရေးများ ဆင်နွှဲရေးတို့ကို ပူးပေါင်းစစ်ဦးစီး ချုပ်များ အဖွဲ့က အရေးအကြီးဆုံးလုပ်ငန်းများဟု သတ်မှတ် သည်။

(ဂ) အကယ်၍ ၁၉၄၃ ခုနှစ်၊ မုတ်သုန်မိုးရာသီကုန်သည်အထိ ဒရက်ကူလာစစ်ဆင်ရေးကို ရွှေ့ဆိုင်းခဲ့ရသော် သင်သည်ကယ်ပီတယ်စစ်ဆင်ရေးမှတတ်နိုင်သမျှဆက်လက်၍ အမြတ်ထုတ်ယူ

မြရတနာစာပေ



ချန်ကေရှိတ်၊ မဒမ်ချန်ကေရှိတ်နှင့် ဗိုလ်ချုပ်ကြီးစတီးဝဲလ်တို့ မြင်ဦးလွင်မြို့ (မေမြို့) ၌တွေ့ဆုံကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



တရုတ်အမျိုးသားအစိုးရခေါင်းဆောင် ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်

www.burmeseclassic.com

www.burmeseclassic.com



ရမည်။သို့ရာတွင် ၁၉၄၅ ခု၊နိုဝင်ဘာလတွင် ပြုလုပ်မည့် ဒရက်ကူလာစစ်ဆင်ရေး အတွက် ပြင်ဆင်မှုများပြုလုပ်ခြင်းကိုမူ မထိခိုက်စေရ။

မြေပြင်တပ်ဖွဲ့များနှင့် စစ်ဌာနချုပ်များကို ပြန်လည်ဖွဲ့စည်းခြင်း

မြန်မာပြည်တွင် နောက်ဆုံး ထိုးစစ်ကြီးမစတင်မီ ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလကုန်၌ မဟာမိတ် မြေပြင်တပ်ဖွဲ့များ စစ်ဌာနချုပ် (Allied Land Forces Command) ဖွဲ့စည်းပုံ၌ အချို့သောပြောင်းလဲမှုများနှင့် အတူစစ်နယ်ဝှန်းအတွင်းရှိ အထက်တန်းရာထူးများတို့တွင် အပြောင်းအလဲများကျယ်ပြန့်စွာ နေရာအနှံ့အပြားပြုလုပ်ခဲ့လေသည်။

*တရုတ်၊မြန်မာ၊အိန္ဒိယ ပေါင်းစပ်စစ်နယ်ဝှန်း* (Combined Theatre)အား တရုတ်ပြည်စစ်နယ်ဝှန်းနှင့် အိန္ဒိယမြန်မာစစ်နယ်ဝှန်းဟူ၍ ၂ ပိုင်းခွဲခြားလိုက်သည်။ ဗိုလ်ချုပ်ကြီးစတီးလ်ဝဲအား ပြန်လည်ခေါ်ယူလိုက်ပြီး ၄င်း၏နေရာကို ဗိုလ်ချုပ်ကြီး ၃ ဦးအား တာဝန်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုဗိုလ်ချုပ်ကြီးဗီးလား (**Lieutenant General Wheeler**) က အရှေ့တောင်အာရှစစ်ဌာနချုပ်မှမဟာမိတ်တပ်များ၏ ဒုတိယစစ်သေနာပတိချုပ် အဖြစ်တာဝန်ယူပြီးလျှင် ဒုဗိုလ်ချုပ်ကြီး ဝီဒီမေယာ (**Lieutenant General Wedemeyer**)က မြောက်ပိုင်းတိုက်ခိုက်ရေးနယ်မြေဌာနချုပ်အပါအဝင် အိန္ဒိယမြန်မာစစ်နယ်ဝှန်း၏ စစ်သေနာပတိအဖြစ် တာဝန်ယူလိုက်သည်။ အမှတ် (၁၁) တပ်တော်စု(**11 Army Group**)နေရာတွင် မဟာမိတ်မြေပြင်တပ်ဖွဲ့များ စစ်ဌာနချုပ်ကို အစားထိုး၍ ထူထောင်လိုက်သည်။ စစ်သေနာပတိ အဖြစ်ဖြင့် ဗိုလ်ချုပ်ကြီးဂစ်ဖတ် (**General Giffard**)နေရာတွင် ဒုဗိုလ်ချုပ်ကြီး အော်လီဗာလိ(စ်) (**Lieutenant General Sir Oliver Leese**) ကို အစားထိုး၍ တာဝန်အပ်နှင်းလိုက်သည်။

ဒုဗိုလ်ချုပ်ကြီးလိ(စ်)၏ ကွပ်ကဲမှုအောက်သို့ တိုက်ရိုက်ရောက်ရှိလာသော တပ်ဖွဲ့များမှာ အမှတ်(၄)တပ်မကြီးနှင့်အမှတ်(၃၃)တပ်မကြီးတို့သာ ပါဝင်သော အမှတ်(၁၄)တပ်တော်၏ စစ်နောက်ပိုင်းနှင့် သိမ်းပိုက်ထားသည့် နယ်မြေများ၏ အုပ်ချုပ်မှုတာဝန် များဖြစ်၏။ ဗိုလ်ချုပ်ကြီး





စလင်း(**General Slim**)အားမြန်မာပြည်ထိုးစစ်သက်သက်ကိုသာ သီးခြားတာဝန် ပေးရန်ဖြစ်လေသည်။

ရခိုင်ပြည်နယ်၌ စစ်ဆင်ရေးများ ပြုလုပ်ရန်ထားရှိသော အမှတ်(၁၅) တပ်မကြီးသည် အမှတ်(၁၄) တပ်တော်အားအထောက်အကူပြု တာဝန်ထမ်းဆောင်ရလေသည်။ ဒုဗိုလ်ချုပ်ကြီး လိ(စ်)သည်လည်း ဒုဗိုလ်ချုပ်ကြီးဆူလတန် (**Lieutenant General Sultan**) ၏တစ်ဆင့် မြောက်ပိုင်းတိုက်ခိုက်ရေး နယ်မြေဌာနချုပ်လက်အောက်ရှိ အမေရိကန်၊ တရုတ်နှင့်ဗြိတိသျှတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ယူနန်နယ်ရှိ နိုင်ငံခြားချီတရုတ်တပ်ဖွဲ့များထဲမှ မြန်မာနယ်စပ်ကို ကျော်ဖြတ်၍ ဝင်ရောက်လာသော တပ်အစိတ်အပိုင်းဟူသမျှကိုလည်းကောင်း တာဝန်ယူ၍စစ်ဆင်ရေးကိစ္စများကို ကြီးကြပ်ဆောင်ရွက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ချင်းတွင်းမှ ဧရာဝတီသို့

၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ အလယ်လောက်၌ စလင်း၏ အမှတ်(၁၄)တပ်တော်သည် အမှတ်(၁၅)ဂျပန်တပ်တော်အား ဖွန်လကုန်မှစ၍ အနားမပေးဘဲ ထက်ကြပ်မကွာလိုက်လံတိုက်ခိုက်လျက်ရာ၏။ ရန်သူများအားမုတ်သုန်မိုးရာသီအတွင်း ပြန်လည်ဖွဲ့စည်းခွင့်ကိုသော်လည်းကောင်း၊ အခြေအနေဖန်တီးနိုင်ခွင့်ကိုသော်လည်းကောင်း၊ မရရှိအောင် ကာကွယ်ထားနိုင်ရုံမျှမက မိမိတို့တပ်များပင်လျှင် အလုံးအရင်းနှင့် ချင်းတွင်းမြစ်သို့ ရောက်ရှိလာကာ စစ်သောင်၊ ကလေးဝနှင့် မော်လိုက်တို့တွင် ချင်းတွင်းမြစ်ကိုဖြတ်ကူးနိုင်ခဲ့ပြီးဖြစ်တော့သည်။ စလင်းတို့သည် ကယ်ပီတယ်စစ်ဆင်ရေး၏ ပထမအဆင့်မှတာဝန်ကျသည့် အပိုင်းကိုအောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ပြီးလျှင် မြန်မာပြည်အလယ်ပိုင်းရှိ ရန်သူများ၏ပင်မတပ်ဖွဲ့များကို ချေမှုန်းဖျက်ဆီးရန်ဟူသော ဒုတိယအဆင့်ကိုပင် ဆင်နွှဲရန် အသင့်ရှိနေခဲ့လေသည်။ စလင်းသည် ဂျပန်တို့အား မတိုက်မနေနိုင်အောင် အခြေအနေကိုဖန်တီး၍ စောစီးစွာတိုက်ပွဲကို စတင်ခဲ့လေသည်။





## မူလစီမံချက်

တိုက်စစ်စီမံချက်အတွက် မဟာမိတ် စစ်ခေါင်းဆောင်ကြီးများကအောက်ပါအချက်ကို အဓိကထားစဉ်းစားသည်။ "မဟာမိတ်တပ်များအတွက် အခွင့်အရေးသာမည့်နေရာကို မည်ကဲ့သို့ရွေးချယ်၍ ထိုနေရာသို့ရောက်အောင် ဂျပန်များအား မည်ကဲ့သို့ ဆွဲဆောင်ခေါ်ယူရမည်နည်း"

စလင်းသည်လည်း ဤအချက်ကို အဓိက ထား၍ စဉ်းစားခဲ့လေသည်။ ချင်းတွင်းမြစ်အရှေ့ဘက်၌ ထိန်းသိမ်းသွားနိုင်သော တပ်အရွယ်အစားအတွက် နေရာကန့်သတ်ချက်ရှိသောကြောင့် ဤဒေသရှိ ဂျပန်တပ်များ၏အင်အားကို တိတိကျကျ ခန့်မှန်းရန် လိုပေသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီးစလင်း၏စီမံကိန်းသည် မန္တလေး နှင့် ပခုက္ကူအကြားရှိ အရှေ့မှအနောက်သို့ ရစ်ပတ်စီးဆင်း နေ သော ဧရာဝတီမြစ်ကွေ့၏မြောက်ဘက် ရွှေဘို လွင်ပြင် များပေါ်၌ ဂျပန်ကြည်းတပ်မတော်၏ ပင်မလက်နက်ကိုင် တပ်များကို တိုက်ခိုက်ရန်ဖြစ်သည်။ ဤလွင်ပြင်များတွင် မဟာမိတ်တို့၏ လေတပ်နှင့်သံချပ်ကာတပ်များကို ထိရောက်စွာ အသုံးချ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မည်ဖြစ်သည်။ ရန်သူများအနေဖြင့် လည်း ဤနေရာမှပင် ခုခံတိုက်ခိုက်ရန် စီစဉ်ထားလိမ့်မည်ဟု စလင်းက သုံးသပ်ခဲ့လေသည်။

အမှတ်(၁၄)တပ်တော်တွင် အမှတ်(၂)ဗြိတိသျှ တပ်မ၊ အမှတ် (၅)၊ (၇)၊ (၁၇)၊ (၁၉) နှင့် (၂၀) အိန္ဒိယတပ်မများနှင့်အတူ တင့်ကားတပ်မဟာ ၂ တပ်နှင့် အပိုခြေလျင်တပ်မဟာ၂တပ်တို့ပါဝင်ကြသည်။ ဤအင်အား ကို ဖက်ပြိုင်ရန် တစ်ဖက်မှ ဂျပန်တပ်အင်အားအနေဖြင့် ဂျပန်တပ်မ ၅ တပ်နှင့် သုံးပုံတစ်ပုံခန့် လူမျိုးစုံရောပြွမ်း နေသည့် လွတ်လပ်သော တပ်မဟာတစ်တပ်၊ တင့်ကား တပ်ရင်းတစ်ရင်း၊ နယ်မြေဆက်သွယ် ရေးတပ်အင်အား ၄၀၀၀၀ ခန့်၊ အိန္ဒိယအမျိုးသားတပ်မတော်၏ တပ်၂တပ်နှင့် မြန်မာ့ကာကွယ် ရေးတပ်မတော် **B.D.A** တစ်တပ်လုံး အလုံးအရင်းနှင့် ပါရှိမည်ဟု ခန့်မှန်းလေသည်။

ပို့ဆောင်ရေး အခက်အခဲများရှိခြင်းနှင့်ပိုမို ကြီးမား သောတပ်ဖွဲ့ကြီးမျိုးကိုထောက်ပံ့ရန် အခြေအနေမပေးသော ကြောင့် မဟာမိတ်တို့သည်ချင်းတွင်းမြစ်ကိုဖြတ်၍ တပ်မ ၄တပ်နှင့် ၃ ပုံ ၂ ပုံ၊ တင့်ကား တပ်မဟာ ၂တပ်တို့ကိုသာ တပ်ဖြန့်နိုင်ခဲ့လေသည်။ လက်တွေ့အားဖြင့် ဗိုလ်ချုပ်ကြီး





စလင်းသည် ရန်သူ့ထက်အင်အားပိုမို နည်းပါးသောတပ်များ ကို သုံးရမည့်အခြေသို့ ရောက်ရှိနေ သည်။ တစ်ဖက် တွင်ရန်သူများသည် ဆက်သွယ်ရေးနယ်မြေ အတွင်းပိုင်း စစ်ဆင်ရေးများပြုလုပ်နေပေရာ ကောင်းမွန်သော ကား လမ်းများ၊ မြစ်ကြောင်းလမ်းများနှင့် အပြင်းအထန် ဗုံးကြဲခံ ရသော်မှ ဆက်သွယ်ရေးပျက်ပြားလောက်အောင် ပျက်စီး ချွတ်ယွင်းခြင်းမရှိသော မီးရထားလမ်းကို အသုံးပြုနိုင်ပေ သည်။ မဟာမိတ်တပ်များအား လေယာဉ်ဖြင့် ထောက်ပံ့ ခြင်းမှာလည်း ပြည့်စုံလုံလောက်မှုမရှိဘဲ ခရီးဆန့်လာသည် နှင့်အမျှ ရိက္ခာထောက်ပံ့ရေးသည် ပိုမိုခက်ခဲလာလေသည်။

အရှေ့ဘက်သို့ မှန်မှန်ချီတက်လာခဲ့သော အမှတ် (၁၄)တပ်တော်မှအမှတ်(၂)ဗြိတိသျှတပ်မနှင့် အမှတ်(၂၀) အိန္ဒိယတပ်မတို့ပါဝင်သည့် အမှတ်(၃၃) တပ်မကြီး သည် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပျဉ်းကိုင်း၊ ကဒူမနှင့်ကာဘိုး သည် ပါဝင်သော ကာဘိုးမြို့နယ်များကို သိမ်းပိုက်ပြီး နောက် အဆိုပါမြေပြန့်ပေါ်၌ အခိုင်အမာအခြေချနိုင် ခဲ့သည်။ ကာဘိုးဆည်သည် ရွှေဘိုတစ်ဝိုက်ရှိ လယ်ယာ ချောင်းမြောင်း အမြောက်အများကို ရေများကြီးကြပ် ပေးသွင်းထားပေရာ ပေါက်ခွဲဖျက်ဆီးခြင်း ခံရရန် လက်မ တင်ကလေးအလိုတွင်



www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ်တို့က လက်ဦးသွားခြင်းဖြစ်၍ အဖျက်မခံ လိုက်ရ ပေ။ အမှတ် (၃၃) တပ်မကြီး၏ မြောက်ဘက်မှ အမှတ် (၄) တပ်မကြီးသည် အမှတ်(၁၉) အိန္ဒိယတပ်မနှင့် အမှတ် (၂၆၈)ခြေလျင် တပ်မဟာတို့ကို အရှေ့တူရူဆီသို့ အပြင်း ချီစေခဲ့သည်။ အမှတ်(၂၆၈) ခြေလျင်တပ်မဟာသည် ၁၉၄၅ ခု၊ ဇန်နဝါလရီလ ၁၁ ရက်နေ့တွင် အင်းတော်ကို သိမ်းပိုက် ခဲ့သည်။ အမှတ် (၁၉) အိန္ဒိယတပ်မသည်လည်း မနေ့မမြန် မုန်မုန်ပင်လျှင် ပင်လယ်ဘူး၊ဗန်းမောက်၊ဝန်းသို၊ ကောလင်း တို့ကို ဖြတ်သန်းချီတက်၍ နောက်ဆုံးကုက္ကိုကုန်းသို့ ၁၉၄၅ ခု၊ဇန်နဝါရီလ ၂၃ ရက်နေ့တွင်ရောက်ရှိခဲ့သည်။ ဤစစ်ဆင် ရေးတွင် အရေးအကြီးဆုံးဖြစ်ရပ်တစ်ခုမှာ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် အမှတ်(၁၉)အိန္ဒိယတပ်မသည် မြောက်ပိုင်း တိုက်ခိုက်ရေး နယ်မြေဌာနချုပ်၏ အမှတ် (၃၆) ဗြိတိသျှ တပ်မနှင့် ထိတွေ့ဆက်သွယ်မိ၍ မဟာမိတ်တို့သည် အိန္ဒိယ ပြည်မှ တရုပ်ပြည်နယ်စပ်သို့အရောက် အဆက်မပြတ်သော စစ်မျက်နှာတစ်ရပ်တူထောင်မိခြင်းဖြစ်ပေသည်။

ဤအချိန်တွင် မြန်မာပြည်ရှိ ထိပ်တန်းအကျဆုံး သော ဂျပန်တပ်မှူးများ ရာထူးဆက်ခံခွင့်ပိုင်း၌ အပြောင်း အလဲများတသီတတန်းကြီးဖြစ်ပေါ်ခဲ့၏။ မြန်မာပြည်၏





ဂျပန်တို့ခေါ်လာသောဖျော်ဖြေရေးမယ်တာလေးများ ပဲနွယ်တုန်းအချုပ်တွင် ထိန်းသိမ်းထားစဥ်တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တပ်မှူးကြီးအသစ်မှာ ဒုဗိုလ်ချုပ်ကြီးကီမူရာ (Lt. Gen.Kimura)ဖြစ်သည်။ကီမူရာသည် မြန်မာပြည်ရှိ ဂျပန်တပ်များအားလုံး၏ စစ်သေနာပတိအဖြစ် တာဝန် လွှဲပြောင်းယူလိုက်သောအခါ သူသည် အမှတ်(၁၅) ဂျပန် တပ်တော်မှ တပ်အကြွင်းအကျန်များဖြင့် ရွှေဘိုနယ်မြေကို ထိန်းသိမ်းထား ရန်မဖြစ်နိုင်ကြောင်းကို သိမြင်လာသည်။ ထို့ကြောင့် မန္တလေး ပတ်ဝန်းကျင်ရှိ ဧရာဝတီမြစ်ကမ်းတစ်ဖက် တစ်ချက်သို့ အထူးသဖြင့် စစ်ကိုင်းတောင်များကို စိုးမိုး ထိန်းသိမ်း ထားရန်အတွက် တပ်များအားလုံးကို ရုပ်သိမ်း ဆုတ်ခွာရန်တပ်ခေါက်အမိန့်ထုတ်လိုက်သည်။ ဒီဇင်ဘာလကုန် ပိုင်း လောက်၌ မဟာမိတ်တို့၏ မျှော်လင့် ချက်များနှင့် ဆန့်ကျင်ဘက်ပြောင်းပြန်ဖြစ်ကာ ဂျပန်တို့သည် ရွှေဘိုနယ် မြေပြန့်လွင်ပြင် တွင် စစ်တိုက်ရန် ပြင်ဆင်မှုများလုံးဝ မပြုလုပ်တော့ဘဲ ဧရာဝတီ မြစ်ကိုဖြတ်၍ တပ်ဆုတ်နေကြသည်ကို မျက်ဝါး ထင်ထင် တွေ့မြင်ကြရလေသည်။

မြစ်ကိုဖြတ်၍ မန္တလေးနှင့် မိတ္ထီလာသို့ ဦးတည်ချီ သည့် ဥက္ကာစစ်ကို၁၉၄၄ ခု၊အောက်တိုဘာလ ဦးပိုင်း လောက်ကပင် စတင်ခဲ့၏။ အမှတ် (၃၁) ဂျပန်တပ်မသည် ဥက္ကာစစ်ကို အောင်မြင်စွာ အကာအကွယ် ပေးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



၄င်းတပ်မသည် အမှတ်(၁၅)ဂျပန်တပ်တော်မှ အကြွင်း အကျန် တပ်များအားလုံး ဧရာဝတီ မြစ်ကို ဖြတ်ကျော်နိုင် သည်ထိ အချိန်ကိုဆွဲ၍ ရွှေဘိုနယ်မြေပေါ်၌ မဟာမိတ်တို့၏ ချီစစ်ကို ထိန်းထားရန် တာဝန်ယူထားရလေသည်။ ဤအချိန်တွင် အင်္ဂလိပ်တပ်များသည် ကြောက်မက်ဖွယ် ကောင်းသော မြစ်အတားအဆီးကြီး၏ အနောက်ဖက်၌ ပြည်တွင်းဆက်သွယ်ရေးလမ်းကြောင်းများကို ကျောထောက် နောက်ခံပြုလျက် ပိုမို အင်အားကြီးမားသော တပ်ဖွဲ့ကြီး တစ်ဖွဲ့အဖြစ် အင်အားစုစည်းမိခဲ့လေပြီ။ ထိုအင်အားကြီး မားသောတပ်ကြီးက မြန်မာနိုင်ငံအလယ်ပိုင်းတွင် အရေး အကြီးဆုံးနှင့် အချက်အချာအဖြစ်ဆုံးဖြစ်သည်။ မိတ္ထီလာ အား တိုက်ခိုက်သိမ်းပိုက်ရန် စီမံလေတော့သည်။

ဤတွင် မဟာမိတ်တို့၏ မြန်မာပြည်သိမ်း စစ်ဆင်ရေး၌ အရေးအကြီးဆုံးတိုက်ပွဲဖြစ်သည့် မိတ္ထီလာ တိုက်ပွဲကြီး ဖြစ်ပွားလေတော့သည်။



# အခန်း(၉)

## မိတ္ထီလာတိုက်ပွဲ

နိဒါန်း

မိတ္ထီလာတိုက်ပွဲသည် ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တို့ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ရာတွင် အလွန်အရေးပါသောတိုက်ပွဲဖြစ်၏။ မိတ္ထီလာမြို့သည် မြန်မာပြည်ရှိ ဂျပန်တပ်အားလုံးအတွက် ရှေ့တန်းထောက်ပံ့ ရေးစခန်းကြီးဖြစ်သဖြင့် အလွန်အရေးကြီးပြီး စစ်ရေးအရ အချက်အချာကျသော မြို့ကြီးတစ်မြို့ လည်းဖြစ်သည်။ ထို့အပြင်မိတ္ထီလာ၌ ဂျပန်တို့အဖို့ အရေးပါသောလေယာဉ် ကွင်းလည်း ရှိလေရာ ထိုလေယာဉ်ကွင်းကို မဟာမိတ်တို့ သိမ်းပိုက်နိုင်ခဲ့လျှင် မခန့်မှန်းနိုင်လောက်အောင် တန်ဖိုးရှိမည် ဖြစ်သည်။ ထို့ကြောင့်မိတ္ထီလာမြို့ကို မဟာမိတ်တို့ သိမ်းပိုက် ထိန်းချုပ်ထားနိုင်လျှင် မြန်မာပြည်အလယ်ပိုင်းရှိ ဂျပန်တို့၏ ကာကွယ်ရေး အဆောက်အအုံကြီးတစ်ခုလုံး ပြိုကျပျက်စီး သွားမည် ဖြစ်၏။ ထို့အပြင် မိတ္ထီလာသည် အမှတ်



www.burmeseclassic.com

www.burmeseclassic.com



(၁၅)ဂျပန်တပ်တော်၏ ဆက်သွယ်ရေးဗဟိုအချက်အချာ ဖြစ်လေရာ ထိုမြို့ကို သိမ်းပိုက်နိုင်လျှင် မြောက်ဘက်ရှိ မန္တလေးတွင် ဂျပန်တို့၏ စစ်ဆင်ရေးမျာမှာများစွာ အဟန့်အတား အနှောင့်အယှက် ဖြစ်သွားကြပေလိမ့်မည်။ သို့အတွက် ဗိုလ်ချုပ်ကြီးစလင်းနှင့် အင်္ဂလိပ်တို့သည် မိတ္ထီလာမြို့ကို သိမ်းပိုက်နိုင်ရန် လပေါင်းများစွာ ကြိုတင်စီမံခဲ့ကြသည်။

## နှစ်ဖက်တပ်များအခြေအနေ

မိတ္ထီလာတိုက်ပွဲအကြိုကာလမှာ မဟာမိတ်တို့ မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရန် အင်အားအလုံး အရင်းဖြင့် ထိုးစစ်ဆင်နေသောကာလဖြစ်သည်။ ထိုစဉ်က မဟာမိတ်တပ်အင်အားမှာ အောက်ပါအတိုင်း ဖြစ်သည်-

၁။အမှတ် (၄) တပ်မကြီး(ဒုဗိုလ်ချုပ်ကြီး မက်ဆာဗီ)

(က) အမှတ် (၇)နှင့် အမှတ်(၁၇) တပ်မ

(ခ) အမှတ် (၂၅၅) တင့်တပ်မဟာ

(ရှားမင်းတင့်များ)၊

(ဂ) လူရှည်တပ်မဟာ၊

(ဃ) အမှတ် (၂၈) အရှေ့အာဖရိက တပ်မဟာ။

၂။အမှတ် (၃၃) တပ်မကြီး(ဒုဗိုလ်ချုပ်ကြီးစတော့ဖို့ဒ်)

(က) အမှတ် (၂)၊ အမှတ် (၁၉) နှင့် အမှတ် (၂၀) တပ်မ၊

(ခ) အမှတ် (၂၅၄) တင့်တပ်မဟာ (လီးဂရန့်နှင့် စတူးဝပ်တင့်များ)၊

(ဂ) အမှတ် (၂၆၈) တပ်မဟာ။

ယင်းအင်အား၌ ရခိုင်စစ်မျက်နှာရှိတပ်များ မပါဝင်သေးပေ။ ထိုကာလအတွင်း၌ မြန်မာပြည်ရှိ ဂျပန်တပ်အင်အားမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။အမှတ် (၂၈) တပ်တော်။

ဒုတိယဗိုလ်ချုပ်ကြီး ဆာကူရိုင်း ဦးစီး၍ ရခိုင်စစ်မျက်နှာနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ရေနံချောင်းအထိ တာဝန်ယူထားသည်။ အမှတ် (၅၄) နှင့် အမှတ် (၅၅)






www.burmeseclassic.com

www.burmeseclassic.com



တပ်မများအပြင် အသစ်ဖွဲ့စည်းလိုက်သော အမှတ် (၇၂) သီးခြားလှုပ်ရှား တပ်မဟာတို့ ပါဝင်သည်။

၂။ **အမှတ် (၁၅) တပ်တော်။**

ဒုတိယဗိုလ်ချုပ်ကြီး ကာတာမူရာ ကွပ်ကဲ၍ အင်ဖာတိုက်ပွဲပြန် အမှတ် (၁၅)၊ အမှတ် (၃၁)နှင့်အမှတ် (၃၃) တပ်မများ ပါဝင်သည်။

၃။ **အမှတ် (၃၃) တပ်တော်။**

ဒုတိယဗိုလ်ချုပ်ကြီး ဟွန်ဒါကွပ်ကဲ၍ မြန်မာနိုင်ငံအနောက်မြောက်ပိုင်းနှင့် မြောက်ပိုင်းစစ်မျက်နှာတို့ကို တာဝန်ယူထားသည်။ အမှတ်(၁၈)နှင့်အမှတ် (၅၆) တပ်မများအပြင် အမှတ် (၅၃) နှင့် အမှတ် (၂) တပ်မများ တပ်များကိုပါ ရံဖန်ရံခါ တွေ့ရ တတ်သည်။

၄။ **မြန်မာပြည်စစ်မျက်နှာအရံ။**

ပဲခူးရှိ အမှတ် (၄၉) တပ်မ။





## မဟာမိတ်တို့၏ မြန်မာပြည် ပြန်လည် သိမ်းပိုက်ရေး စီမံချက်

မဟာမိတ်တို့၏ မြန်မာပြည် ပြန်လည်သိမ်းပိုက်ရေးစီမံချက်၌ အဓိကအားဖြင့် စစ်ရေးအရ အချက်အချာဖြစ်သော မိတ္ထီလာမြို့ကို တိုက်ခိုက်သိမ်းပိုက်ရန် ဖြစ်သည်။ ယေဘုယျအားဖြင့် အောက်ပါအချက်များပါဝင်ကြောင်း တွေ့ရပါသည်–

၁။ အမှတ် (၁၇) အိန္ဒိယတပ်မသည် အမှတ် (၇) အိန္ဒိယတပ်မနှင့် ပေါင်းစည်းပြီးနောက် ဧရာဝတီမြစ်ကို ဖြတ်ကူးကာ မိတ္ထီလာကို သိမ်းပိုက်၍ ထိုဒေသတွင် အခိုင်အမာ တပ်စွဲကာ တန်ပြန် တိုက်ခိုက်လာသော ရန်သူကို ချေမှုန်းပစ်ရန်။

၂။ အမှတ်(၅)အိန္ဒိယတပ်မသည် မိတ္ထီလာသို့ ချီတက်၍ အမှတ်(၁၇) တပ်မနှင့်တွေ့ဆုံပြီးနောက်ရန်ကုန်သို့ မိတ္ထီလာ–ရန်ကုန်ကား လမ်းအတိုင်း ဆက်လက်ချီတက်ရန်။

၃။ မတ်လအတွင်း မိတ္ထီလာတိုက်ပွဲ ဆင်နွှဲ



www.burmeseclassic.com

နေချိန်တွင် မန္တလေးမြို့ကို သိမ်းယူရန်။

၄။ မန္တလေးကို သိမ်းပိုက်ပြီးနောက် အမှတ်(၂)တပ်မသည် အမှတ်(၁၉)တပ်မ၊ အမှတ်(၂၀)တပ်မတို့နှင့်အတူ တောင်ဘက်သို့ချီတက်ကြရန်၊ အမှတ် (၁၉) တပ်မသည် မိတ္ထီလာ၏ အရှေ့ဘက်နှင့် မြောက်ဘက်ဒေသများကို ရှင်းလင်း၍ အရှေ့ဘက်သို့ ဆက်လက်ချဲ့ထွင်တိုက်ခိုက်သွားရန်၊ အမှတ်(၂၀) တပ်မမှာမူ မိတ္ထီလာမြို့ ကိုဖြတ်ကာ အမှတ်(၇)အိန္ဒိယတပ်မနှင့်အတူ ရန်ကုန်မြို့ဆီသို့ ဧရာဝတီမြစ်ရိုးအတိုင်း ချီတက်ရန်။

၅။ အမှတ်(၁၅)တပ်မကြီးမှာ ရခိုင်ကမ်းရိုးတန်းဒေသတွင် ကြည်းကြောင်း၊ ရေကြောင်းတို့မှ စစ်ဆင်ရန်၊ ရန်ကုန်ကိုအမှတ်(၂၆) တပ်မက ရေလမ်းမှ ဝင်ရောက်သိမ်းပိုက်ခြင်းဖြင့် မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရန်။





## ဂျပန်တို့၏ စီမံချက်

ဂျပန်တပ်တော်တစ်တပ်တွင် တပ်မ ၂ တပ်သာ ပါဝင်သဖြင့် ဗြိတိသျှနှင့် မဟာမိတ်တို့၏ တပ်မကြီး အဆင့် အင်အားနှင့်ညီမျှသည်။ အင်ဖာတိုက်ပွဲတွင် ရှုံးနိမ့်မှုကြောင့် မြန်မာပြည်ရောက် ဂျပန်စစ်မြေပြင် တပ်မှူးကြီးများအား ရာထူးမှဖယ်ရှား၍ လူသစ်များအစားထိုးခန့်အပ်ထားခဲ့သည်။ မြန်မာပြည်စစ်ဒေသမှူး ဗိုလ်ချုပ်ကြီးကဝါဘီမှလွဲ၍ ကျန်တပ်မှူးကြီးများ အားလုံးလိုလို ဖယ်ရှားခံခဲ့ရသည်။ နောက်ဆုံးတွင် ဗိုလ်ချုပ်ကြီးကဝါဘီကိုပါဖယ်ရှား၍ ဒုတိယဗိုလ်ချုပ်ကြီးကိမူရာနှင့်အစားထိုးလဲလှယ်ခဲ့သည်။

ဗိုလ်ချုပ်ကြီးကိမူရာမှာ အမြော်အမြင်ရှိသူ တစ်ဦးဖြစ်ပြီး ဂျပန်တပ်မတော်၏ အထက်မြက်ဆုံး တပ်မှူးကြီးများတွင် တစ်ဦးအပါအဝင်ဖြစ်၏။ ၎င်းအား တိုကျိုရှိ ဂျပန်စစ်ဌာနချုပ်က မြန်မာပြည်သို့ တိုက်ရိုက် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးကိမူရာက မြန်မာပြည်ကို ပြန်လည် သိမ်းပိုက်ရန် ထိုးစစ်ဆင်လာသော မဟာမိတ်တပ်များကို ဧရာဝတီမြစ်ရိုးတစ်နေရာတွင် မြစ်ကိုအကူး ဆီးကြိုချေမှုန်း

www.burmeseclassic.com



ခြင်းဖြင့် မဟာမိတ်တပ်များ ချင်းတွင်းမြစ်ကြောင်းဆီသို့ ပြန်ဆုတ်စေရန် မျှော်မှန်းခဲ့၏။ ထို့ကြောင့်လည်း ဧရာဝတီမြစ်ကမ်းတွင် အဆုံးအဖြတ်တိုက်ပွဲကြီးများဆင်နွှဲရန် ကြံစည်ခဲ့၏။ ယင်းကြံရွယ်ချက်အတိုင်း မြန်မာပြည်တွင်းရှိ ဂျပန်တပ်များကို အောက်ပါအတိုင်း ပြန်လည်စုဖွဲ့ခဲ့၏–

၁။ အမှတ် (၃၃) တပ်တော်လက်အောက်ခံ အမှတ် (၂) တပ်မအား မိတ္ထီလာသို့ ရွှေ့ပြောင်းစေပြီး အမှတ်(၅၃)တပ်မအား အမှတ်(၁၅)တပ်တော် လက်အောက်သို့ လွှဲပြောင်းပေးလိုက်သည်၊

၂။ အမှတ်(၂၄) တပ်မဟာကို မော်လမြိုင်သို့ စေလွှတ်ခဲ့သည်၊

၃။ အမှတ်(၂) တပ်မနှင့်အမှတ်(၂၄) တပ်မဟာအား မြန်မာပြည်စစ်ဒေသ၏ အရန်အဖြစ် ထားလိုက်သည်။ သို့ဖြင့် အရန်အင်အား စုစုပေါင်းမှာ တပ်မ ၂ တပ်နှင့် တပ်မဟာ ၁ တပ်ဖြစ်သွားသည်။ ယင်း အရန်တပ်များအား လိုအပ်လျှင် မြန်မာနိုင်ငံမြောက်ပိုင်းသို့ မီးရထားလမ်း ကြောင်းဖြင့် ရွှေ့ပြောင်း





ပေးနိုင်သကဲ့သို့ မြန်မာနိုင်ငံတောင်ပိုင်းကို မဟာမိတ်တို့ ကမ်းတက် တိုက်ခိုက်လာလျှင်လည်း အသင့်ရှိစေရန် စီမံထားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ စစ်မျက်နှာအသီးသီးတွင် တိုက်ပွဲဆင်နေသော တပ်များအနက်မှ တပ်အချို့ကို ပြန်လည်ရုပ်သိမ်းစေပြီး မန္တလေးနယ်မြေတစ်ဝိုက်ရှိ မဟာမိတ်အမှတ်(၃၃) တပ်မကြီးအား အလုံးအရင်းဖြင့် တိုက်ရန် ဗိုလ်ချုပ်ကြီးကိမူရာက ဆုံးဖြတ်ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်ကြီးကိမူရာသည် လီဒိုရှိ တရုတ်တပ်များအား တိုက်နေသော အမှတ်(၃၃)ဂျပန်တပ်တော်၏ အမှတ်(၁၈)တပ်မမှ စစ်သည်အင်အား အမြောက်အမြားနှင့် ပဲခူးတွင် အရန်အဖြစ်ထားရှိသော အမှတ် (၄၉)တပ်မမှ တပ်တစ်တပ်တို့ကို မန္တလေးသို့ အင်အားဖြည့်တင်းခဲ့၏။

ရခိုင်စစ်မျက်နှာရှိ အမှတ် (၅၄) ဂျပန်တပ်မသည် ယင်း၏နောက်ရံတပ်နှစ်တပ်ကို အမ်းနှင့်တောင်ကုတ်တောင်ကြားလမ်းနှစ်နေရာ၌ချထားခဲ့ပြီး ကျန်တပ်မတစ်ခုလုံးက အရှေ့ဘက်သို့ အလျင်အမြန်ချီတက်စေကာ ရေနံချောင်း မြောက်ဘက်၌ တစ်စည်းတစ်လုံးတည်းစုဝေးကြရန်ညွှန်ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ မြန်မာပြည်တောင်ပိုင်းရှိ အမှတ် (၅၉) ဂျပန်တပ်မ မှ တပ်ကျန်များနှင့်အမှတ် (၅၅) တပ်မမှတပ်ဖွဲ့တစ်ဖွဲ့တို့ကို မန္တလေးသို့ချီတက်လာစေရန် လှမ်း၍အမိန့်ပေးလိုက်သည်။ မကြာမီက မာရှယ်တေရချိ၏အမိန့်အရ အင်ဒိုချိုင်းနားသို့ စေလွှတ်လိုက်သော အမှတ်(၂)ဂျပန်တပ်မသည် ယိုးဒယားပြည်ဘက်သို့ခရီး ထွက်ခွာလျက် ရှိနေစဉ်အတွင်းမှာပင် ၎င်းတပ်အား ပဲခူးမှဆီး၍ တားထားလိုက်ပြီး မြန်မာပြည် အလယ်ပိုင်းသို့ အမြန်ပြန်လှည့်စေ၏။

အမှတ် (၁၄) တပ်တော်အား တိုက်ခိုက်နေသော ဂျပန်တပ်အင်အားမှာ တပ်မလေးတပ်နှင့် သုံးပုံနှစ်ပုံ စာမျှ အင်အားရှိခဲ့၏။ နောင်အခါ မြန်မာနိုင်ငံအရပ်ရပ် စစ်မျက်နှာ အသီးသီးမှ ပြန်လည်ရုပ်သိမ်း၍ မန္တလေးသို့ ချီတက်လာစေ သော အင်အားနှင့် ပေါင်းလိုက်လျှင် အမှတ်(၁၄)တပ်တော် အား ယှဉ်ပြိုင်တိုက်ခိုက် ချေမှုန်းရန် ဂျပန်စစ်အင်အား စုစုပေါင်းသည် တပ်မရှစ်တပ်အပြင် အိန္ဒိယအမျိုးသား တပ်မတော် (**I.N.A**) (ဂျပန်တပ်မတစ်တပ်နှင့် သုံးပုံတစ် ပုံစာ) ရှိခဲ့ပြီးဖြစ်၏။

ဂျပန်တပ်မအချို့မှာ တိုက်ပွဲအလီလီ ဆင်နွှဲခဲ့ရ ကြောင့် စစ်ပန်းလျက်ရှိ၏။ တိုက်ရည်ခိုက်ရည်ဘက်





တွင်လည်း လျော့ကျနိမ့်ဆင်းနေ၏။ **I.N.A** အိန္ဒိယတပ် သားတို့မှာလည်း တိုက်ပွဲဝင်အရည်အသွေး ပြည့်စုံလုံ လောက်မှု မရှိလှချေ။ သို့ရာတွင် ဧရာဝတီမြစ်၏ တစ်ဖက် တစ်ချက်တွင် ရောက်ရှိနေသော ဗြိတိသျှတပ်များ၏ အင် အားအစုစုမှာ တပ်မငါးတပ်စာမျှသာရှိလေရာ ယခုလက်ရှိမိမိ ဘက်မှ တပ်မကိုးခုစာနှင့်ဆိုလျှင် တိုက်အားအလွန်ကောင်း နေပြီးနိုင်အောင် တိုက်ခိုက်နိုင်စွမ်းလည်းရှိနေပြီဟု ဂျပန် ဗိုလ်ချုပ်ကြီးကီမူရာက မျှော်မှန်းပုံရ၏။ အမှန်မှာ ဂန့်ဂေါ် ဆောင်ကြားတစ်လျှောက် ချီတက်လာသော အင်အားကို တပ်မတစ်တပ်စာမျှသာရှိမည်ဟု ကီမူရာက ခန့်မှန်း မိခြင်း ဖြစ်၏။

## မိတ္ထီလာမြို့ ခံစစ်အစီအမံ

မိတ္ထီလာမြို့တွင်းရှိ ဂျပန်တပ်ဖွဲ့များအား ဗိုလ်ချုပ် ကာဆူယာက ကွပ်ကဲအုပ်ချုပ်၏။ ဗိုလ်ချုပ်ကာဆူယာ သည် သေမဦးဆုံးရန်သူ့သတင်း ရလျှင်ရချင်းပင် တပ်ဖွဲ့ အားလုံးကို စေ့စပ်တကျ ထိန်းသိမ်းပြင်ဆင်ခြင်း၊ မြို့ ပတ်လည်ရှိ ခံစစ်စခန်းများကို အသင့်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ၏လက်အောက်တွင် စစ်သည် အင်အား စုစုပေါင်း တစ်သောင်းနှစ်ထောင်ခန့်ရှိ၏။ သို့သော် ၎င်းအင်အားမှာ တပေါင်းတစည်းတည်းမရှိပေ။ လက်နက်ရိက္ခာ၊ ပစ္စည်း စတိုရုံ၊လေယာဉ်ကွင်းနှင့် ဆက်သွယ် ရေးလမ်းကြောင်း စသောအချက်အချာ နေရာတို့ကို တာဝန် ပေးထားသော တပ်ဖွဲ့များသာရှိသဖြင့် နေရာအနှံ့ပြန့် ကျဲနေသည်။ မြို့စောင့် တပ်အင်အား သက်သက်မှာ ၁,၅၀၀ မျှသာရှိသည်။ မိတ္ထီလာစစ်ဆေးရုံတွင် တက်ရောက်နေသော လူနာ တပ်သား များလည်း ရှိသေး၏။

ဗိုလ်ချုပ်ကာဆူယာသည် မိတ္ထီလာမြို့ကို ရန်သူ့ အန္တရာယ်မှ ခုခံကာကွယ်ရန် အချိန်အနည်းငယ်သာရခဲ့ သည်။ သို့သော် မိတ္ထီလာမြို့၏ အဓိကကျပုံ၊ အရေးပါပုံကို သူကောင်းစွာနားလည်ထား၏။ သို့ဖြစ်၍ မိတ္ထီလာ မကျဆုံး ရအောင် လေ့ခွက်ချည်းကျန် အလံမလှဲ မီးကုန်ယမ်းကုန် ခုခံဖို့ဆုံးဖြတ်ထားသည်။ သူသည်ရုံးအဖွဲ့တပ်စုများ အားလုံး ကိုစုစည်းပြီး ခြေလျင်တပ်ခွဲများကို ပေါင်းစပ်ဖွဲ့စည်းလိုက် သည်။ ခံကတုတ်ကျင်းများကိုလည်း နေ့စဉ်ရက်ဆက်အလု နိုင်းခဲ့သည်။ တပ်ဝန်းကာကွယ်ရေး တာဝန်ချပေးခြင်း၊ အရန် တပ်များ အသင့်ရှိစေခြင်းစသည် တို့ကိုမလစ်လပ်အောင်





ငြိမ်ခန့်ခွဲထားခဲ့သည်။

စစ်သည်အင်အား များပြားစေရန် တိုက်ခိုက် နိုင်သူမှန်သမျှကို တိုက်ပွဲဝင် ရှေ့တန်းစစ်ကြောင်းများသို့ ပို့လွှတ်သည်။ စစ်ဆေးရုံများမှ လူနာများပင်လျှင် သေနတ် ကိုင်နိုင်သူမှန်သမျှ သေနတ်ထုတ်ပေးပြီး စုစည်းထားသည်။ လုံခြုံရေးအတွက်ထားသော တပ်ရင်းနှစ်ရင်းနှင့် လေယာဉ် ပစ် အမြောက်တပ်ဖွဲ့များကို ပြန်လည်ခေါ်ယူပြီး တပ်စခန်း ကာကွယ်ရေးတွင် စုစည်းလိုက်သည်။

ထိုအတောအတွင်း ဗိုလ်ချုပ်ကြီးကိမူရာ၏ တပ်များ အားလုံး ပြန်လည်စုစည်းရေးအစီအစဉ်အရ မြန်မာပြည် အလယ်ပိုင်း စစ်မျက်နှာရှိ အမှတ်(၁၅)ဂျပန်တပ်တော်သို့ ပူးပေါင်းရန် ပဲခူးမှချီတက်လာသော အမှတ်(၄၉) တပ်မ၏ ငင်မတပ်ဖွဲ့သည် မိတ္ထီလာသို့ဝင်ရောက်ရပ်နားခဲ့သည်။ ဗိုလ်ချုပ်ကာဆူယာသည် ထိုတပ်ဖွဲ့ကိုလည်း မိတ္ထီလာ တိုက်ပွဲတင် အသုံးပြုရန်ဆွဲယူထားလိုက်သည်။ သို့ဖြင့် မိတ္ထီလာမြို့တွင်းတွင် ခံစစ်အတွက် စုစည်း ထားရှိသော စစ်သည်အင်အား ၃,၂၀၀ ရှိလာခဲ့၏။

မိတ္ထီလာမြို့အနေဖြင့် ခံစစ်အတွက် အလွန်အခွင့် သာသောအချက်မှာ မြို့၏အနောက်ဘက်နှင့်တောင်ဘက်



www.burmeseclassic.com

www.burmeseclassic.com




နေရာတို့မှ မြို့ကိုချဉ်းကပ်ခြင်း၊ ထိုးဖောက်ခြင်းမပြုနိုင် အောင် ကျယ်ပြန့်သောမိတ္ထီလာရေကန်ကြီးက နေရာယူ ထားခြင်း ဖြစ်သည်။ မြို့တွင်းသို့ဝင်ရန်လမ်းမှာ ကန်ပေါင်ရိုး ကိုမြေဖို့ ဖောက်လုပ်ထားသော လမ်းသာဖြစ်၏။

မိတ္ထီလာကန်ကြီးမှ ပတ်ဝန်းကျင်နယ်မြေရှိ ကန်ရေ သောက်လယ်များသို့ လယ်ရေသွင်းတူးမြောင်း သို့မဟုတ် ချောင်းငယ်မြောင်းငယ်များဖြင့် ဆက်သွယ် ဖောက်လုပ်ထား ရာ အဆိုပါ ရေသွင်းချောင်းမြောင်းတို့သည် တစ်ဖက်မှ တိုက်ရန်ချီတက်လာသူတို့အား ခရီးနှောင့်နှေးစေမည့် သဘာဝအတားအဆီးကောင်းများဖြစ်ကြပေသည်။ အထူး သဖြင့်မော်တော်ကားနှင့် သံချပ်ကာယန္တရားတပ်များ အတွက် အဟန့်အတားကောင်းများ ဖြစ်စေလေသည်။

## အုပ်ချုပ်ထောက်ပံ့မှုနှင့် ပစ်ကူစစ်ကူများ

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးစလင်း ဦးစီးသော အမှတ်(၁၄)တပ်တော်နှင့် အမှတ်(၂၂) လေတပ် တပ်မဟာတို့၏ ပူးတွဲစစ်ဌာနချုပ်ကို မုံရွာမြို့ တွင်ဖွင့်လှစ် ခဲ့သည်။ မဟာမိတ်တို့အနေဖြင့် အနီးကပ်လေကြောင်း


မြရတနာစာပေ




မိတ္ထီလာနှင့် မန္တလေးတိုက်ပွဲများတွင် ဗြိတိသျှတပ်များပုံပါအတိုင်း ဧရာဝတီမြစ်ကို ဖြတ်ကူးခဲ့ကြသည်

www.burmeseclassic.com

www.burmeseclassic.com




မြောက်ပိုင်းတိုက်ခိုက်ရေး နယ်မြေဌာနချုပ်( NCAC ) စစ်ဆင်ရေးများ
၁၉၄၄-ဩဂုတ်လမှ - ၁၉၄၅ ဧပြီလထိ

www.burmeseclassic.com

www.burmeseclassic.com



ကူရှိနိုင်သဖြင့် အုပ်ချုပ်ထောက်ပံ့မှုနှင့် စစ်ကူတို့တွင် သာမှုရှိသည်။ ဂျပန်တပ်တော်မှ ဗိုလ်ချုပ်ကြီးကီမူရာ၏ များမှာ နေရာဒေသအနှံ့အပြားတွင် တိုက်ပွဲများ နေရသဖြင့် စစ်ကူပေးနိုင်မှုတွင် ကန့်သတ်ချက် ရှိသည်။ လာမြို့စောင့်တပ်မှူး ဗိုလ်ချုပ်ကာဆူယာ အနေဖြင့်လည်း ကူရနိုင်ရန် ခက်ခဲသည်။

## လိပ်တို့၏ မိတ္ထီလာတိုက်ပွဲစီမံချက်

မဟာမိတ်တို့၏ အမှတ်(၁၄)တပ်တော်မှူး ချုပ်ကြီးစလင်းချမှတ်ထားသော စစ်ဆင်ရေးအစီအစဉ် အမှတ်(၄)တပ်မကြီးသည် မိတ္ထီလာကိုတိုက်ခိုက်ရာ၌ ာက်ပါအတိုင်း အဆင့်ဖြဆင့်ထားပြီး တိုက်ခိုက် ည်ဖြစ်သည် -

၁။ အမှတ်(၇) အိန္ဒိယတပ်မမှ ယန္တရားတပ်မဟာ (၂၃)နှင့်အမှတ်(၂၅၅) အိန္ဒိယတင့်တပ်မဟာ တို့သည် ညောင်ဦးမြစ်ကူး ခြေကုပ်စခန်း မှနေပြီး ဧရာဝတီမြစ်ကိုကျော်ကာ နွားတွင်း ကိုသိမ်းပိုက်ရမည်။ ထို့နောက်အရှေ့ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ချီတက်ရမည်။

၂။ မလှိုင်ကိုသိမ်းပိုက်ရမည်။ ထို့နောက် တောင်သာကို သိမ်းပိုက်ပြီး တပ်ဖွဲ့အားလုံး မလှိုင်တွင် ပြန်လည်စုရုံးရမည်။

၃။ အမှတ်(၁၇)အိန္ဒိယတပ်မက လေကြောင်း သယ်ယူပို့ဆောင်ပေးနိုင်သော တပ်မဟာမျ ကို ပြောင်းရွှေ့ပေးရန်အတွက် မိတ္ထီလာအနီး လေယာဉ်ကွင်းများကို သိမ်းပိုက်ရမည်။

၄။ မိတ္ထီလာမြို့ကို အဆက်အသွယ် ဖြတ် တောက်ထားရမည်။

၅။ မိတ္ထီလာကို သိမ်းပိုက်ရမည်။

၆။ သာစည်ကို သိမ်းပိုက်ရမည်။

## တိုက်ပွဲဝင်မည့် အင်္ဂလိပ်တပ်များ

မဟာမိတ်တပ်များမှာ ဗိုလ်ချုပ်ကြီးစလင်းဦးစီးသော အမှတ်(၁၄)တပ်တော်၊ အမှတ်(၄)တပ်မကြီးမှ တပ်ဖွဲ့ဝင်များ ဖြစ်သည်။ မိတ္ထီလာတိုက်ပွဲတွင် အဓိကတိုက်ခိုက်သော အင်အားမှာ အမှတ်(၁၇)အိန္ဒိယတပ်မနှင့် အမှတ်(၂၅





ဒင့်တပ်မဟာတို့ဖြစ်သည်။ တပ်မမှူးမှာဗိုလ်ချုပ်ကိုဝင် ဖြစ် သည်။ အမှတ်(၄)တပ်မကြီးမှ အမှတ် (၁၇) အိန္ဒိယတပ်မ၏ ဖွဲ့စည်းပုံက တိုက်ပွဲမဝင်မီ စစ်အင်္ဂါစဉ်မှာ အောက်ပါ အတိုင်းဖြစ်သည်–

**ကင်းထောက်တပ်ရင်း။**

အမှတ်(၆)ရပ်ချ်ပွတ်တပ်ရင်း။

**တပ်မကာကွယ်ရေးတပ်ရင်း။**

အမှတ်(၆)ဂျက်တပ်ရင်း။

**တပ်မစက်သေနတ်တပ်ရင်း။**

အမှတ်(၉)နယ်ခြားသေနတ်ကိုင်တပ်ရင်း။

**အမှတ်(၄၈) တပ်မဟာ**

(က) အမှတ်(၁) အနောက်ယောက်တပ်ရင်း။

(ခ) အမှတ်(၄)နယ်ခြားသေနတ်ကိုင်တပ်ရင်း။

(ဂ) အမှတ်(၁/၇)ဂေါ်ရခါးသေနတ်ကိုင်တပ်ရင်း။

**အမှတ်(၆၃) တပ်မဟာ**

(က) အမှတ်(၉)နယ်ခြား သေနတ်ကိုင်တပ်ရင်း။

(ခ) အမှတ်(၇) ဘလူချီစတန်တပ်ရင်း။

(ဂ)အမှတ်(၁/၁၀)ဂေါ်ရခါးသေနတ်ကိုင်တပ်ရင်း။



www.burmeseclassic.com

www.burmeseclassic.com



၆။ အမှတ်(၉၉) တပ်မဟာ

(က) အမှတ်(၆/၁၅)ပန်ဂျပ်တပ်ရင်း။

(ခ) အမှတ်(၁) ဆစ်ခ်တပ်ရင်း။

(ဂ) (၁/၃) ဂေါ်ရခါး သေနတ်ကိုင်တပ်ရင်း။

၇။ အမြောက်တပ်ရင်း

(က) အမှတ်(၁၂၉) မြေပြင်ပစ် အမြောက်တပ်ရင်း

(ခ) အမှတ်(၁)အိန္ဒိယမြေပြင်ပစ်အမြောက်တပ်ရင်း။

(ဂ) အမှတ်(၂၁)အိန္ဒိယ တောင်ပေါ်ပစ်အမြောက်တပ်ရင်း။

(ဃ) အမှတ်(၈၂) တင့်ပစ်အမြောက်တပ်ရင်း။

၈။ အင်ဂျင်နီယာတပ်ရင်း

(က) အမှတ်(၆၀) အိန္ဒိယစစ်မြေပြင်အင်ဂျင်နီယာတပ်ခွဲ (မဒရပ်ဆပ္ပါးမိုင်းနား)

(ခ) အမှတ်(၇၀) အိန္ဒိယစစ်မြေပြင်အင်ဂျင်နီယာတပ်ခွဲ၊

(ဂ) အမှတ်(၄၁၄) အိန္ဒိယအင်ဂျင်နီယာယန္တရားတပ်ခွဲ (ဘင်္ဂေါ ဆပ္ပါးမိုင်းနား)





ဝန်ထမ်းတပ်ဖွဲ့နှင့်သယ်ယူပို့ဆောင်ရေးတပ်များ

(က) အမှတ်(၉၀၂) မော်တော်ယာဉ်တပ်ခွဲ၊

(ခ) အမှတ်(၉၀၆) မော်တော်ယာဉ်တပ်ခွဲ၊

(ဂ) အမှတ်(၅၀) ဗွာလီယာမြင်းတပ်ခွဲ၊

ဆေးတပ်

(က) အမှတ်(၂၃)အိန္ဒိယစစ်မြေပြင်သူနာတင်ကားတပ်၊

(ခ) အမှတ်(၃၇)အိန္ဒိယစစ်မြေပြင်သူနာတင်ကားတပ်၊

(ဂ) အမှတ်(၅၀) အိန္ဒိယ စစ်မြေပြင်သူနာတင်ကားတပ်၊

(ဃ) အမှတ်(၂၂) အိန္ဒိယ စစ်မြေပြင်ကျန်းမာရေးတပ်စိတ်။

အိန္ဒိယ လျှပ်စစ်နှင့် စက်မှုလက်မှုတပ်

(က) အမှတ်(၁)အိန္ဒိယခြေလျင်တပ်အလုပ်ရုံတပ်ခွဲ၊

(ခ) အမှတ်(၅၉) အိန္ဒိယခြေလျင်တပ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရုံတပ်ခွဲ၊

(ဂ) အမှတ်(၁၂၃) အိန္ဒိယခြေလျင်တပ် အလုပ်ရုံတပ်ခွဲ။

၁၂။ **ထောက်လှမ်းရေးတပ်။**

အမှတ်(၆၀၂) စစ်မြေပြင် လုံခြုံရေးတပ်စိတ်။

၁၃။ **စစ်လက်နက်ပစ္စည်းတပ်။**

အမှတ်(၁၇) တပ်မ စစ်မြေပြင်စစ်လက်နက် ပစ္စည်းတပ်ခွဲ

## တိုက်ပွဲမတိုင်မီ အခြေအနေ

ထိုအချိန်တွင် မြန်မာပြည်မြောက်ပိုင်း ကချင်[...] နယ်၌ ဗြိတိသျှအမှတ်(၃၆) တပ်မဟာနှင့်တရုတ်တပ်[...] ကဂျပန်တို့အား ဖိတိုက်နေရာ ဂျပန်တပ်များမှာ ဖြည်း[...] ချင်း ဆုတ်ခွာနေရသည်။ ဂျပန်တို့က မဟာမိတ်[...] မြစ်မကူးမီမတိုက်ခိုက်ပဲ မြစ်ကူးပြီးမှတိုက်ရန် ကြံရွယ်[...] ကြောင်းမဟာမိတ်တို့ သေချာစွာသိရသောအခါ ရော[...] မြစ်ကို ဂျပန်တို့မရိပ်မိအောင် လျှို့ဝှက်သိပ်သည်းစွာ[...] တက်ဖြတ်ကူးရန် လိုအပ်လာသည်။ ရောဝတီမြစ်အ[...]





ချမှုန်းမခံရစေရန် နည်းလမ်းရှာကြံကြရာ နောက်ဆုံးတွင် ဗြိတိသျှတို့၏ စီမံချက်မှာ ဤသို့ဖြစ်၏–

၁။ အမှတ်(၃၃)တပ်မကြီးသို့ အမှတ်(၁၉) တပ်မကိုပါ အင်အားဖြည့်တင်းပေးပြီး စုစုပေါင်းတပ်မ လေးတပ်ဖြင့် မန္တလေး ရေိယာသို့ ဦးတည်ချီတက်ရန်၊ မန္တလေး အနောက်ဘက်နှင့်မြောက်ဘက်မှ ရောဝတီ မြစ်ကို ဖြတ်ကူးရန်၊ ဤသို့ဖြင့်ဗိုလ်ချုပ် ကြီးကီမူရာ၏ ဂျပန်တပ်အားလုံးနီးနီးကိုမျှား ခေါ်ရန်၊

၂။ ထိုအချိန်မှာပင် အမှတ်(၄)တပ်မကြီးသည် ဂန့်ဂေါတောင်ကြား အတိုင်းလျှို့ဝှက်သိမ်း သည်းစွာချီတက်သွားပြီးပခုက္ကူကိုရုတ်တရက် သိမ်းပိုက်ရန်၊ ထိုမှတဆင့် ရောဝတီမြစ်ကို ဖြတ်ကူး၍ မိတ္ထီလာကို သံချပ်ကာတပ်များ၊ လေကြောင်းချီတပ်များအသုံးပြု၍လျှပ်တစ် ပြက်သိမ်းပိုက်ရန်။

ထိုစီမံချက်အရ မန္တလေးတစ်ဝိုက်တွင် ရောဝတီ [...]င်ကိုဖြတ်ကူးရန် ကြိုးစားသောမဟာမိတ် တပ်များအား



www.burmeseclassic.com

www.burmeseclassic.com



ဆီးကြိုတိုက်ခိုက်နေရ၍ ဂျပန်တပ်များ အလုပ်ရှုပ်နေချိန်၌ မိတ္ထီလာကို နောက်ပိုင်းမှရုတ်တရက် ဝင်ရောက် သိမ်းပိုက်ခြင်းအားဖြင့် မန္တလေးဝန်းကျင် တွင်ရောက် ရှိနေသော ဂျပန်တပ်အားလုံးကို ပိတ်မိစေမည်ဖြစ်၏။ သို့ဖြင့် အမှတ်(၃၃)တပ်မကြီးကတူအဖြစ်မြောက်ဘက်မှထိုးစစ်ဆင်ကာ အမှတ်(၄)တပ်မကြီးက မိတ္ထီလာတွင် ပေအဖြစ်ခံထားပြီး ဂျပန်တပ်များကို ညှပ်ပူးညှပ် ပိတ်ချေမှုန်းရန်ဖြစ်၏။ ဤတိုက်ပွဲသည် အောက်မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် နောက်ဆုံးအဆုံးအဖြတ် တိုက်ပွဲကြီးဝင်ဖြစ်ပေမည်။

## မိတ္ထီလာသို့ချီတက်ခြင်း

မဟာမိတ်တို့သည် အထက်ပါစစ်ဆင်ရေးစီမံချက် အောင်မြင်ရေးတွင် ပခုက္ကူကိုလှို့ဝှက်စွာ ချီတက် သိမ်းပိုက်နိုင်ရေးသည် အလွန်အရေးပါကြောင်း သုံးသပ်မိခဲ့သည့် အလျောက် ဂျပန်တို့အားလှည့်စားရန်စီစဉ်ခဲ့သည် မဟာမိတ်တို့၏ အစီအစဉ်မှာအမှတ်(၄)တပ်မကြီးသည် အမှတ်(၃၃)တပ်မကြီး၏ အရှေ့ဘက်(လက်ဝဲဘက်)မှ ရွှေ့ဆိုလွှင့်ပြီး





ဆီသို့ချီတက်နေသည်ဟု ဂျပန်များထင်ယောင်ထင်မှားဖြစ်စေရန် လှည့် ဖြားခြင်းပင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဂန့်ဂေါတောင်ကြားတစ်လျှောက်တွင် အမှတ်(၄)တပ်မကြီး၏ ချီတက်မှုကိုလည်း ဂျပန်တို့ သတင်းမရဘဲနေမည်မဟုတ်။ တစ်နည်းမဟုတ်တစ်နည်း သတင်းရမည်သာဖြစ်ရာ ဂန့်ဂေါ တောင်ကြားတစ်လျှောက် ချီတက်မှုကို ယောင်ပြ စစ်ဆင်မှုအဖြစ် ဂျပန်တို့မှတ် ထင်ယူဆသွားစေရန် စီစဉ်ခဲ့သည်။

ယင်းလှည့်ဖြားမှု အောင်မြင်စေရန် တမူးတွင် အမှတ်(၄)တပ်မကြီး၏ ဌာနချုပ်အတုတစ်ခုကို တည်ဆောက်လိုက်သည်။ အမှတ်(၄)တပ်မကြီးတစ်ခုလုံးကိုမူ ရေဒီယိုဆက်သွယ်မှု လုံးဝမလုပ်ရန် ကျပ်တည်းစွာ အားမြစ်ထားခဲ့သည်။ ဌာနချုပ်အတုသည် အစစ်၏ ရေဒီယို ဆက်ကြောင်းနှင့် အလွန်အရေးကြီး၍ ရေဒီယိုဖြင့် ဆက်သွယ်ရလျှင်ပင် ရှေ့တန်းမှဆုတ်ခွာလာသော အမှတ်(၁၁)အရှေ့အာဖရိကတပ်မအဖြစ် ဆက်သွယ်ရန် တင်းကျပ်စွာညွှန်ကြားထားခဲ့သည်။

သို့အတွက် အမှတ် (၃၃)တပ်မကြီး ဌာနချုပ်ကင်း၏ကွပ်ကဲမှုအောက် ရောက်လာသော အမှတ်(၁၉) တပ်မသို့ဆက်သွယ်မှုမှန်သမျှကို ဌာနချုပ်အတုမှ တစ်ဆင့် သ



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်သွားစေသည်။ ၎င်းအပြင် အရာရှိအချင်း ချင်း၊ စက်ကိုင်စစ်သည်အချင်းချင်း စည်းမဲ့ကမ်းမဲ့ အမှတ်မဲ့ ပြောဆိုမိဟန်မျိုးဖြင့် ဌာနချုပ်အတုကို ဂျပန်တို့ သိရှိသွားစေခဲ့သည်။

ဤဆက်သွယ်ရေးလှည့်စားမှု စီမံချက်ကြောင့် အဆင့်ဆင့်သောဌာနချုပ်များ၊ တပ်များမှာများစွာ ဒုက္ခရောက်ခဲ့ကြရသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် တပ်များ၏ စစ်စည်းကမ်းနှင့် စိတ်ရှည် သည်းခံမှုကို စမ်းသပ်ရာလည်း ရောက်ခဲ့၏။ မည်သို့ဖြစ်စေကာမူ ဗြိတိသျှတို့အနေဖြင့် ဂျပန်တို့ကို အောင်မြင်စွာ လှည့်ဖြားနိုင်ခဲ့သည်။ ဂျပန်တို့မှာ အမှတ်(၄) တပ်မကြီး၏ ချီတက်မှုကို လုံးဝမရိပ်မိဘဲ စစ်ဗျူဟာမြောက် အငိုက်ဖမ်းခြင်းကိုခံခဲ့ရလေသည်။

မဟာမိတ်တို့သည် အမှတ်(၄)တပ်မကြီး ချီတက်ရာ ဂန့်ဂေါတောင်ကြားတစ်လျှောက်တွင် လေကြောင်းစိုးမိုးမှုကို အပြည့်အဝရရှိထားသည်။ သို့အတွက် ဂန့်ဂေါတောင်ကြားတစ်လျှောက်ကို တိုက်လေယာဉ်များဖြင့် မပြတ်ကင်းလှည့်နေပြီး ၎င်းဒေသအနီး ချဉ်းကပ်လာသော ဂျပန်လေယာဉ်မှန်သမျှကို တစ်စင်းမကျန် ပစ်ချ နိုင်ခဲ့သည်။ ထို့ကြောင့်လည်း ဂန့်ဂေါတောင်ကြားတစ်လျှောက် ချီတက်





နေသော မဟာမိတ်တို့သတင်းကို ဂျပန်တို့ လုံးဝ မရရှိခဲ့ခြင်း ဖြစ်၏။

မန္တလေးဘက်တွင် အမှတ်(၃၃)တပ်မကြီးသည် မြင်းမူနှင့် ငွေနီတစ်ဝိုက်မှနေ၍ ဧရာဝတီမြစ်ကို ဖြတ်ကူးရန် မြောက်ကျကျပင် ပြင်ဆင်ခဲ့ရာ ဂျပန်တို့သည် အမှတ်(၃၃) တပ်မကြီး၏ တပ်များအား မြစ်တစ်ဖက်ကမ်းမှ စောင့်ကြို တိုက်ခိုက်ချေမှုန်းရန်သာ စိုင်းပြင်းနေခဲ့၏။ မြင်းမူနှင့် မန္တလေးအကြား အခြားတစ်နေရာ၌လည်း ဗြိတိသျှတပ်မ တစ်တပ်က မြစ်ကိုဖြတ်ကူးရန် ပြင်ဆင်လျက်ရှိရာ ဂျပန် ဗိုလ်ချုပ်ကြီး ကီမူရာက မဟာမိတ်တပ်များ မြစ်ကူးပြီးနောက် ရှေ့မတိုးနိုင်အောင် ထိန်းထားရန် ဦးတည်ကြိုးပမ်းလျက် ရှိသည်။

၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ရက်နေ့တွင် ဗြိတိသျှ အမှတ်(၁၄)တပ်တော်နှင့် အမှတ်(၂၂၁)လေတပ် အုပ်စုကြီး **(22st Air Group)**တို့၏ပူးတွဲစစ်ဌာနချုပ်ကို မုံရွာတွင် ဖွင့်လှစ်လိုက်၏။ ဤစစ်ဌာနချုပ်၌ အမှတ် (၂၂၁) လေတပ် အုပ်စုကြီး၏ နောက်ပိုင်းဌာနချုပ်လည်းပါဝင်သည်။ လေတပ် နှင့် အမှတ်(၁၄)တပ်တော်တို့၏ ပူးတွဲစစ်ဌာနချုပ်ကိုစစ်ပြီး သည်အထိပင်ပူးတွဲထားခဲ့သည်။ အမှတ်(၂၂၁) လေတပ်



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုကြီးကို လေတပ် ဗိုလ်ချုပ်ဗင်းဆင့်က အုပ်ချုပ်သည်။

မဟာမိတ်တို့၏ရည်ရွယ်ချက်မှာ အမှတ်(၄) တပ်မကြီး ရောဝတီမြစ်ဖြတ်ကူးသည်ကို ဂျပန်တို့ လုံးဝမသိအောင် ဆောင်ရွက်ရန်ဖြစ်သည်။ ထို့ကြောင့်အမှတ် (၁၉)အိန္ဒိယ တပ်မက အမှတ်(၁၄)တပ်တော်၏ လက်ဝဲဘက်တောင်ပံ အစွန်ဆုံးမှနေ၍ ပထမဦးစွာ မြစ်ဖြတ်ကူးခဲ့လေသည်။ ဤနည်းဖြင့် အမှတ်(၄)တပ်မကြီးသည် အမှတ်(၁၉) အိန္ဒိယ တပ်မနောက်မှလိုက်လာပြီး မန္တလေးသို့သာရှေးရှု နေသည် ဟု ဂျပန်တို့ကို ထင်ရောင်ထင်မှားဖြစ်စေခဲ့လေသည်။

ဗြိတိသျှ အမှတ် (၃၃) တပ်မကြီး၏ ရှေ့ဖျားတပ်များ ရောဝတီမြစ်တစ်ဖက်ကမ်းသို့ မေးတင်နေချိန်တွင် ဂျပန်တပ်မှူးကြီးဖြစ်သူ ဗိုလ်ချုပ်ကြီးကိမူရာသည် ဗြိတိသျှတို့ မြန်မာပြည်အလယ်ပိုင်းသို့ ခြေမချနိုင်စေရေးအတွက် ချင်းတွင်းနှင့်ရောဝတီမြစ်အကြားမှ ဟန့်တားရန်ဟူသော ၎င်း၏ ရည်ရွယ်ချက် ပျက်ပြားသွားခဲ့ပြီဖြစ်ကြောင်း ရိပ်စားမိလာသည်။

သို့ရာတွင် ရောဝတီတစ်ဖက်ကမ်း၌ ဂျပန်တို့၏ မဆုတ်တမ်းခံစစ်အချို့ ရှိနေဆဲဖြစ်၏။ စစ်ကိုင်းတောင်ရိုး မြောက်ဘက်၌ အခိုင်အမာနေရာယူခံစစ်ပြင်ထားသော





ဂျပန်တပ်များအား မဟာမိတ်တို့က ရှောင်ရှားခဲ့သည်။ စစ်ကိုင်းတောင်ရိုးကိုသာ တိုက်ခိုက်သိမ်းပိုက်နေရပါက ဂျပန်တို့ လွယ်လွယ်ဖြင့် ဆုတ်ပေးမည်မဟုတ်သည့်အပြင် အထိအခိုက်အကျအဆုံးလည်းများပြားပြီး ရောဝတီမြစ်ကူးရေးအစီအစဉ်ပါ နှောင့်နှေးသွားမည်ဖြစ်၏။ အလားတူပင် ကဗွက်တွင်လည်း ဂျပန်တို့၏ အခိုင်အမာခံစစ်တစ်ခု တည်ဆောက်ထားရာ ၎င်းကိုမူ မဟာမိတ်တို့က တိုက်ခိုက်ရှင်းလင်းပစ်ခဲ့သည်။

ဂျပန်တို့အနေဖြင့် ဂန့်ဂေါတောင်ကြားတစ်လျှောက် ချီတက်နေသော အမှတ် (၄) တပ်မကြီး၏ စစ်ကြောင်းကို ယောင်ပြတိုက်စစ်ဟုသာ သုံးသပ်ခဲ့ကြ၏။ သို့အတွက် မဟာမိတ်တပ်များ မြစ်ဖြတ်ကူးရာတွင် စစ်ကိုင်းနှင့် ငှနှက်တစ်ဖက်ကမ်းမှ ဆီးကြိုချေမှုန်းရန် ကြံရွယ်ထား သည်။ မဟာမိတ်တို့ မိတ္ထီလာကို နောက်ပိုင်းမှ ဝင်တိုက်ရန် ကြံရွယ်နေသည်ကို လုံးဝမရိပ်စားမိရုံမက မိတ္ထီလာရှိ အမှတ်(၂)တပ်မမှ တပ်ရင်းကြီးတစ်ရင်းကိုပင် ထုတ်နှုတ်၍ မန္တလေး အနောက်ဘက်သို့ပို့ပြီး အင်အားဖြည့်တင်းခဲ့သည်။ ထို့အပြင် လားရှိုးရှိ အမှတ်(၁၈)တပ်မကိုလည်း မန္တလေးတွင် အင်အား ဖြည့်ရန် စီစဉ်ခဲ့သည်။ ဂျပန်တပ်များကိုလည်း စိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



မကျရန်၊နောက်ဆုတ်မပေးရန် စိတ်ဓာတ်မြှင့်တင်ပေးခဲ့ရုံမက **“ရောဝတီမြစ်ကမ်းမှ အဆုံးအဖြတ်တိုက်ပွဲကြီး”** ကို အနိုင် တိုက်ကြရန် ဗိုလ်ချုပ်ကြီးကိုမူရာမှ လှုံ့ဆော်ခဲ့သည်။

အမှတ်(၃၃)တပ်မကြီးသည် ရောဝတီမြစ်ကို ဖြတ်ကူးရန် ပစ္စည်းများ စုဆောင်းခြင်း၊ မြစ်ကူးနေရာများ ရှာဖွေခြင်းဖြင့် ရက်သတ္တနှစ်ပတ်မျှ ကုန်လွန်သွားခဲ့သည်။ ထိုအချိန်တွင် အမှတ်(၄)တပ်မကြီးသည် ပခုက္ကူသို့ ဦးတည် ချီတက်လျက်ရှိရာ ဇန်နဝါရီလ ၁၀ ရက်နေ့တွင်မှ အမှတ် (၇) အိန္ဒိယတပ်မတစ်တပ်လုံးသည် ပခုက္ကူမြောက် ဘက် မိုင် ၁၆၀ အကွာရှိ ကန်ရွာတွင် စုစည်းလျက်ရှိနေလေပြီ။

အမှတ် (၁၄) တပ်တော်မှူး ဗိုလ်ချုပ်ကြီးစလင်းက အမှတ်(၄)တပ်မကြီးအားပေးထားသည့် ညွှန်ကြားချက်မှာ ဖေဖော်ဝါရီလ၁၅ရက်ထက် နောက်မကျစေဘဲ ရောဝတီမြစ် ကို ဖြတ်ကူးရန်ဖြစ်ရာ အမှတ်(၄)တပ်မကြီးမှာ လျှို့ဝှက်မှု မပေါက်ကြားစေရန်တစ်ဖက်၊ ရည်မှန်းချက် အချိန်မီပြီး မြောက်အောင်တစ်ဖက်ဖြင့် အပြင်းအထန်ကြိုးပမ်းခဲ့ရသည်။

အမှတ်(၄)တပ်မကြီးအနေဖြင့် စစ်ကြောင်းတစ် ကြောင်းတည်းဖြင့် ဂန့်ဂေါ–ပခုက္ကူကားလမ်းအတိုင်း ချီတက် ပါက ဂျပန်တို့၏ အသေခံ ခံစစ်တစ်ခုတစ်လေဖြင့် ရင်ဆိုင်





ရလျှင်ပင် ချီစစ်အဟုန်တန့်သွားနိုင်သည်။ သို့အတွက် တပ်မကြီး၏ ချီစစ်မျက်နှာစာကို ဖြန့်ခွဲ၍ စစ်ကြောင်း သုံးကြောင်းဖြင့် ချီတက်ရန် စီမံခဲ့သည်။

ပင်မစစ်ကြောင်းကို အမှတ် (၂၈) အရှေ့အာဖရိက တပ်မဟာကဦးဆောင်ပြီး ၎င်း၏နောက်မှ အမှတ်(၁၁၄) တပ်မဟာနှင့် အမှတ်(၇)တပ်မဌာနချုပ်တို့က လိုက်ပါသည်။ အမှတ်(၈၉) တပ်မဟာကမူ ပစ္စည်းအားလုံးကို လားဖြင့် တင်၍တောလမ်းမှပေါက်အထိချီတက်သည်။ ပင်မ စစ်ကြောင်းနှင့်ချင်းတွင်းမြစ်အကြားတွင် လူရှည်ကင်းထောက် တပ်နှင့် ချင်းတောင်တပ်ရင်း တို့က စစ်နံကိုကာကွယ်ရင်း ချီတက်သည်။ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း၌မူ ပန်ချာပီ တပ်ရင်းတစ်ရင်းကချီ တက်သည်။ ၎င်းတပ်ရင်းမှာ အရှေ့ဘက်ကမ်း၌ ချီတက်နေသော အမှတ်(၃၃) တပ်မကြီး စစ်ကြောင်း များနှင့် ဆက်သွယ်ရန်ဖြစ်၏။ အမှတ်(၇)တပ်မ ၏ လက်ယာဘက်စစ်နံချင်းတောင် အစပ်တွင်မူ ဖလမ်း ကင်းထောက်တပ်က ချင်းတောင် တောင်ကြော များအတိုင်း ချီတက် သည်။ အမှတ်(၄)တပ်မကြီး၏ ချီစစ်ကို ဇန်နဝါရီလ ၁၉ ရက်တွင် စတင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com




## ဧရာဝတီမြစ်အားဖြတ်ကူးခြင်း

အမှတ်(၈၉)တပ်မဟာက ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ပေါက်ကိုသိမ်းမိသည်။ မူလက ရွှေ့ပြောင်းချီတက်လာသော အမှတ်(၂၈) အရှေ့အာဖရိကတပ်မဟာအား ချောက်မြို့ တစ်ဖက်ကမ်းမှယောင်ပြဖြတ်ကူးရန်အတွက် ဆက်လက်ချီတက်စေသည်။ အမှတ် (၄) တပ်မကြီးသည် ဧရာဝတီမြစ်ကို ဖြတ်ကူးရန်နေရာအား တိတိကျကျ မသတ်မှတ်နိုင်သေးဘဲ ရေကြောင်းအကျဉ်းဆုံးဖြစ်သော ညောင်ဦးတစ်ဖက်ကမ်းတစ်ဝိုက်ဟုသာ ယေဘုယျသတ်မှတ်နိုင် သည်။ အဓိကဖြတ်ကူးမှုကို ညောင်ဦးတစ်ဖက်ကမ်းမှ စတင်မည်ဖြစ်ရာ ၎င်းကိုကာကွယ်ရန် ယောင်ပြဖြတ်ကူးမှု နှစ်ခုကိုပါ စီစဉ်ထား၏။ တစ်ခုမှာ ပခုက္ကူမှဖြတ်ကူးခြင်းဖြစ်ပြီး ပုဂံတစ်ဖက်ကမ်းမှလည်း တစ်နေရာ ဖြတ်ကူးရန်ဖြစ်ရာ ဖြတ်ကူးရန်နေရာ စုစုပေါင်းမှာ ပခုက္ကူ၊ ပုဂံ၊ ညောင်ဦးနှင့်ချောင်းတစ်ဖက်ကမ်း စုစုပေါင်း လေးနေရာဖြစ်၏။

မဟာမိတ်တပ်များသည် ဧရာဝတီမြစ်ကို အောက်ပါအတိုင်း လေးနေရာမှဖြတ်ကူးခဲ့သည်-

၁။ အမှတ်(၁၉) အိန္ဒိယတပ်မက မန္တလေး






www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်သပိတ်ကျင်းတွင် ဖေဖော်ဝါရီလ ၉ရက်နေ့၌ တစ်ကြိမ်၊ ကျောက်မြောင်းတွင် ဖေဖော်ဝါရီလ ၁၆ ရက်နေ့၌တစ်ကြိမ် ဖြတ်ကူး၏။ မြစ်တစ်ဖက်ကမ်းရှိမဟာမိတ်တို့၏ စခန်းကိုတောင်သာ၊စဥ့်ကူအထိ ရွှေ့ပြောင်းပြီးနောက် မန္တလေးသို့ ချီတက်သည်။

၂။ အမှတ်(၂၀)အိန္ဒိယတပ်မက မန္တလေး အနောက် မြင်းမူနယ်၊ အာလကပ္ပတွင် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ဖြတ်ကူး၏။ ထိုတပ်က မြစ်တောင်ဘက်ကမ်းတစ်လျှောက်အတိုင်း မန္တလေးသို့ အရှေ့ဘက်မှချဉ်းကပ်ရန် ရည်ရွယ်သည်။

၃။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အမှတ်(၂)ဗြိတိသျှတပ်မက ငဇွန်ကိုဖြတ်ကူး၏။ ဤနေရာမှာ မန္တလေးမြို့နှင့် အမှတ်(၂၀)အိန္ဒိယတပ်မဖြတ်ကူးသည့်နေရာစပ်ကြားတွင်ရှိသည်။

၄။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ အမှတ်(၄)တပ်မကြီး၊ အမှတ်



www.burmeseclassic.com

www.burmeseclassic.com



(၇)နှင့် အမှတ် (၁၇)အိန္ဒိယတပ်မတို့အပြင် အမှတ်(၂၅၅)အိန္ဒိယတင့်တပ်မဟာတို့က ညောင်ဦးတွင် မြစ်ကိုဖြတ်ကူးသည်။ ထိုတပ်မကြီး၏ ရည်မှန်းချက်မှာ မိတ္ထီလာကို သိမ်းယူရန်ဖြစ်သည်။

အမှတ်(၁၄)တပ်တော်မှူးဆုံးဖြတ်ခဲ့သည့်အတိုင်း အမှတ်(၃၃)နှင့်အမှတ်(၄)တပ်မကြီးနှစ်တပ်က မြစ်ကိုတစ်ကြိမ်တည်းဖြတ်ကူးနိုင်ခဲ့သည်။

ဗြိတိသျှတို့မြစ်ဖြတ်မကူးမီ လေကြောင်းမှလည်းကောင်း၊မြေပြင်မှလည်းကောင်း ကင်းထောက်ခဲ့ရာ ဧရာဝတီမြစ်အနောက်ဘက်ကမ်း၌ ဂျပန်အမှတ် (၁၅၃) တပ်ရင်းကြီးတစ်ရင်းရှိပြီး ချောက်နှင့်ညောင်ဦးအကြားတွင် အမှတ်(၇၂) သီးခြားလှုပ်ရှားတပ်မဟာ နှင့် အမှတ်(၂) အိန္ဒိယအမျိုးသားတပ်မတော်တပ်မ(၂) တို့ရှိသည်။

အမှတ်(၄)တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီးမက်ဆာဗီ၏ကြံရွယ်ချက်မှာ ရန်သူ့တပ်ဖွဲ့ကြီးနှစ်ခု၏ နယ်နိမိတ်စပ်ကြားမှ ဖြတ်ကူးရန်ဖြစ်၏။ ပခုက္ကူရှိဂျပန် အမှတ်





(၂၁၄)တပ်ရင်းကြီးမှာ အမှတ်(၁၅)တပ်တော်၏ ဝဲဘက်အစွန်ဖြစ်ပြီး အမှတ် (၇၂) သီးခြားလှုပ်ရှားတပ်မဟာမှာ အမှတ်(၂၈)တပ်တော်၏ ယာဘက်အစွန်ဖြစ်၏။ ညောင်ဦးမှာ တပ်တော်နှစ်တပ်၏ နယ်နိမိတ်စပ်ကြားဖြစ်၏။

ပခုက္ကူသို့ချီတက်နေသော တပ်များမှာ ပခုက္ကူအနောက်ဘက် ရှစ်မိုင်ခန့်အကွာ ကန်လှလမ်းဆုံတွင် ဂျပန်တို့၏ အခိုင်အမာခံစစ်နှင့်ရင်ဆိုင်တွေ့ပြီး ရှေ့မတိုးနိုင်ဖြစ်ခဲ့ရသည်။ တင့်ကားအကူအညီဖြင့် တိုက်ခိုက်တော့မှ ဂျပန်တပ်များအား ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင်ရှင်းလင်းပြီး ဆက်လက်ချီတက်လာရာ အမှတ်(၈၉) တပ်မဟာသည် ပုဂံတစ်ဖက်ကမ်းသို့ ရောက်ရှိသွားသည်။ဆစ်ခ်အမျိုးများသာပါဝင်သော တိုက်ကင်းတပ်ဖွဲ့ကို မြစ်တစ်ဖက်ကမ်းသို့ ညတွင်းချင်းဖြတ်ကူးစေသည်။ ၄င်းတိုက်ကင်း၏ ဆက်သွယ်ရေးစက်ဖြင့် သတင်းပို့ချက်အရ ပုဂံမြို့တောင်ဘက်တွင် ရန်သူမရှိကြောင်းသိရသည်။ ၄င်းအပြင် မြန်မာရွာကြီးလေးစင်းကိုလည်း လှေထိုးသားများနှင့်တကွ သိမ်းဆီးရမိသဖြင့်တပ်မမှူးက ပုဂံသို့ယောင်ပြ ဖြတ်ကူးမည့်အစီအစဉ်ကိုပယ်ဖျက်ပြီး ပုဂံမှာပင်တပ်ရင်း စစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်းလုံး အမှန်တကယ်ဖြတ်ကူးစေခဲ့သည်။
အမှတ်(၂၈)အရှေ့အာဖရိက တပ်မဟာသည်
ချောက်တစ်ဖက်ကမ်း ဆိပ်ဖြူသို့ ရောက်ရှိရာ ခုခံအား
အနည်းငယ်သာ ကြုံတွေ့ရသဖြင့် မြစ်ဖြတ်ကူးရန် ပြင်ဆ
တော့သည်။ သို့အတွက် အမှတ်(၃၃)တပ်မဟာ သည်
မြစ်ခြေကိုသိမ်းပိုက်ရန်နှင့် ညောင်ဦးတစ်ဖက်ကမ်း
အဓိကစစ်ကြောင်းကိုဖြတ်ကူးရန် စီစဉ်ခဲ့သည်။
အချိန်ကာလမှာ ဖေဖော်ဝါရီလထဲရောက်နေပြီဖြစ်
ဧရာဝတီမြစ်ရေကျကာ သောင်များထွန်းစပြုပြီ ဖြစ်သည်
သို့အတွက်ဧရာဝတီမြစ်ကို တိုက်ရိုက်ဖြတ်ကူးခြင်းမျ
နိုင်တော့ဘဲ ကွေ့ဝိုက်မြစ်ဖြတ်ကူးရရာ စုစုပေါင်း ကို
၂,၀၀၀ မျှကူးရသည်။ သို့အတွက် ဒုတိယကမ္ဘာစစ်
တစ်ခုလုံး အတွင်း အမှတ်(၄)တပ်မကြီး၏ မြစ်ဖြတ်ကူး
အကျယ်ဆုံးမြစ်ကို ဖြတ်ကူးရခြင်းဖြစ်သည်ဟု မှတ်တ
တင်ခဲ့သည်။
ဖေဖော်ဝါရီလ ၁၃ ရက်နေ့ညတွင် အမှတ်
တပ်မကြီးသည် မြစ်ခြေမှညောင်ဦးသို့ စတင်ဖြတ်ကူးခဲ့
သို့ရာတွင် စတင်ဖြတ်ကူးချိန်၌ အစီအစဉ်
လွဲချော်ကုန်ပြီး ပြန်ဆုတ်ခဲ့ရသည်။ ပုဂံသို့ တပ်ခွဲတစ်ခွဲ





နိုင်ခဲ့သည်။ နောက်တစ်ကြိမ်တွင်မူ ပြင်းထန်သော ဂျပန်
၏ လေကြောင်းနှင့်အမြောက်ပစ်ကူကြားမှ ညောင်ဦးသို့
စ်ရင်း ၃ ရင်း ဖြတ်ကူးနိုင်ခဲ့သည်။ ထို့နောက် ပုဂံရှိ
ခံတိုက်ကင်းအဖွဲ့နှင့် အဆက်အသွယ်ရခဲ့သည်။
ဖေဖော်ဝါရီလ ၁၅ ရက်နေ့ တစ်နေ့လုံးတွင်
မိတ်တပ်များ ဧရာဝတီမြစ်ကို ဆက်လက်ဖြတ်ကူးခဲ့ကြ
ည်။ ဂျပန်တပ်များက အင်အားစုစည်းပြီး တန်ပြန်တိုက်
ဆင်ခဲ့သော်လည်း မဟာမိတ်တို့က တွန်းလှန်နိုင်ခဲ့ကာ
ောင်ဦးအနီးရှိဂူများအထိ တိုက်ထုတ်နိုင်ခဲ့သည်။
ာမိတ်တို့က ၄င်းဂူဝင်ပေါက်များကို ဖောက်ခွဲကာ
သပိတ်ဆို့လိုက်သဖြင့် ဂူတွင်းရှိဂျပန်များ အလုံပိတ်မိ
သေဆုံးကြရသည်။
မဟာမိတ်တို့သည် လေးမိုင်ပတ်လည်ရှိသော
ကူးခြေကုပ်စခန်းတစ်ခုကို ပုဂံညောင်ဦးတွင် တည်
ောက်နိုင်ခဲ့၏။
သို့ဖြင့် အမှတ်(၄)တပ်မကြီးသည် ဧရာဝတီမြစ်ကို
ခမ်းဖြတ်ကူးနိုင်ခဲ့သည်။ ဂျပန်တို့သည် ဖေဖော်ဝါရီလ
ရက်နေ့တွင်မှ တန်ပြန်တိုက်စစ်ဆင်နိုင်ခဲ့သည်။
ာမိတ်တို့၏ မြစ်ကူးခြေကုပ်စခန်းများအား လေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှ တိုက်ခိုက်ခဲ့သည်။ ထိုပြင်ပုဂံရှိ မြစ်ဖြတ်ကူးမှုမှာ အဓိ
ဖြစ်ကြောင်း ရိပ်စားမိပြီး ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်ခဲ့
ထိုအချိန်မှာပင် အမှတ်(၃၃)တပ်မကြီးသည်လည်
ဖေဖော်ဝါရီလ ၂၄ ရက်နေ့ညတွင် ဇွန်တစ်ဝိုက် မှနေ
ဧရာဝတီမြစ်ကို ဖြတ်ကူးရာ ပြင်းထန်စွာခုခံမှုနှင့် ရင်ဆိုင်
ခဲ့ရသည်။

အမှတ်(၄)တပ်မကြီးသည် ဖေဖော်ဝါရီလ ၂၁ ရက်
နေ့တွင် မိတ္ထီလာသို့ စတင်ချီတက်နိုင်ခဲ့၏။ ဖေဖော်ဝါရီ
၂၄ ရက်နေ့တွင် တောင်သာကိုသိမ်းပိုက်ပြီး ၂၅ရက်နေ့တွ
မလှိုင်ကိုသိမ်းနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် မိတ္ထီလာသို့
ဆက်လက်ချီတက်ခဲ့ကြသည်။ ၄င်းနေ့တွင်ပင် မိတ္ထီလာ
မြောက်ဘက် ၁၃ မိုင်အကွာရှိ သပွတ်ကုန်းလေယာဉ်ကွင်း
ကိုသိမ်းပိုက်မိသည်။ မတ်လ ၂ ရက်နေ့တွင် အမှတ်(၅
ခြေလျင်တပ်မဟာ၏ တပ်ရင်းတစ်ရင်းသည် လေကြောင်း
ဖြင့်သပွတ်ကုန်းသို့ဆိုက်ရောက်လာခဲ့လေသည်။ မိတ္ထီလာ
တစ်ဝိုက်၌ တပ်အတော်များများ စုဖွဲ့မိလေ၏။





## ထောက်လှမ်းရေးနှင့် စစ်ဆင်ရေးများ

ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ တပ်မတစ်တပ်
လုံးစုရုံးရာတွင် အချိန်မဖြုန်းစေဘဲ ပထမတပ်စုများ
ဖြတ်ကူးပြီးသည်နှင့် ကြိုတင်ထောက်လှမ်းရေးအလုပ်ကို
စေခဲ့၍ တပ်ဖွဲ့ငယ်ကလေးများကို ရှေ့သို့တိုးဝင်နေရာ
ယူစေခဲ့သည်။ သို့မှသာ တံတားဦးခြေကုပ်စခန်းတွင် စုပြုံနေ
ခြင်းမှ ရှောင်ကြဉ်နိုင်မည်ဖြစ်ပေသည်။

ထောက်လှမ်းရေးတပ်ဖွဲ့များအား အမှတ် (၁၀)
မြင်းတပ်ရင်းမှဗိုလ်မှူးချုပ်ပလင်က အုပ်ချုပ်သည်။ ဖေဖော်
ဝါရီလ ၁၈ ရက်နေ့တွင် စတင်တိုက်ကင်းလှည့်၍
သယောက်ဒေသသို့ ရှေးရှုချီတက်ကြရာ လမ်းမကြီးနှင့်
တောင်ဘက်တောင်ပံများမှ ချီတက်သွားကြသည်။ တံတား
ဦးခြေကုပ်စခန်း၏ အပြင်ဘက်တစ်ဝိုက် ပထမခြေကုပ်
စခန်းမှာ ညောင်ကြီးဒေါင့်ဖြစ်၍ ထိုနေရာတွင် ဖေဖော်ဝါရီလ
၂၀ ရက်နေ့၌ အမှတ်(၄၈)တပ်မဟာ၏ အမှတ်(၄)နယ်ခြား
သေနတ်ကိုင် တပ်ရင်းတပ်စွဲနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဆယ်ရွာ၊ သဲယောက်ဒေသစစ်ဆင်ရေး

ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် အမှတ်(၄၈) တပ်မဟာကခေါင်းဆောင်၍ လမ်းမကြီးဝင်ရိုးကြောင်း အတိုင်း စတင်ချီတက်ခဲ့ရာ အနောက်ဘက်မှ အမှတ်(၁၂၉) မြေပြင်ပစ်အမြောက်တပ်ရင်းက ထက်ကြပ်မကွာလိုက်ပါ ခဲ့သည်။ လမ်းတောင်ဘက်ဝင်ရိုးကြောင်းအတိုင်း ဝက်လူး ကိုဖြတ်ကျော်ပြီး တင့်တပ်မဟာက လိုက်ပါသည်။ ရန်သူ့ အခုအခံကို ဆယ်ရွာတွင် ပထမတွေ့ရသည်။ သို့သော် အနောက်တောင်ဘက်မှနေပြီး တင့်တပ်မဟာက တိုက်၍ အနောက်ဘက်မှ အမှတ်(၄၈) တပ်မဟာက တိုက်ခိုက်ရာ ရန်သူ့စခန်းကိုသိမ်းပိုက်မိလေသည်။ စစ်ဆင်ရေးတွင် လေကြောင်းမှ ပုံးကြဲခြင်း၊ စက်သေနတ်ပစ်ခြင်းတို့ဖြင့် လမ်းစထွင်ပေးခဲ့သည်။

ဖေဖော်ဝါရီလ ၂၁ နှင့် ၂၂ ရက်နေ့ညတွင် ဂျပန်တိုက်ကင်းများနှင့် တိုက်ပွဲအနည်းငယ်ဖြစ်ပွားရာ လက်ပံချီပေါ်လမ်းပေါ်ရှိ တိုက်ပွဲများတွင် ရန်သူအချို့ ကျဆုံးစေခဲ့သည်။ ရန်သူ့တပ်သားအနည်းငယ်စီပါဝင်သော တပ်ဖွဲ့ငယ်ကလေးများက ဗြိတိသျှတို့၏ ကင်းစခန်းများကို





ဝင်ရောက်နှောင့်ယှက်ရန် ကြိုးစားခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂၁ ရက်နေ့ညတွင် အမှတ်(၁၁) မြင်းတပ်ရင်း၏ ထောက်လှမ်းရေးအဖွဲ့က ကံမြနှင့် ဆိတ်ထိန်းသွားလမ်းများမှာ မော်တော်ယာဉ်များသွားလာ နိုင်သဖြင့် ကံမြလမ်းကပိုမိုသင့်လျော်သည်ဟု တင်ပြလာ သည်။ ဝဲလောင်လမ်းမှာအလွန်ကြမ်းပြီး လှည်းလမ်းကြောင်း နက်သဖြင့်မကောင်းချေ။ ထို့ကြောင့် ဗြိတိသျှတပ်မမှူး သည် လမ်းနှစ်လမ်းစလုံးမှ တပ်အားလုံးချီတက်စေရန် ဆုံးဖြတ်ခဲ့သည်။ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အမှတ် (၆၃)တပ်မဟာသည် အမှတ်(၅)ဟောဝစ်တင့်တပ်ရင်း၊ အမှတ်(၁၂၉) မြေပြင်ပစ်အမြောက် တပ်ရင်း၊ ၄င်းလက် အောက်ရှိ ထောက်လှမ်းရေးကင်းတပ်ဖွဲ့ များနှင့်အတူ ဆိတ်ထိန်း လမ်းသို့ချီတက်သွားကြသည်။ တစ်ချိန်တည်း မှာပင် အမှတ်(၁)အနောက်ယောက်တပ်ရင်း၏ တပ်ခွဲ၂ခွဲကို ကံမြဲ လမ်းရှိ တောင်ကုန်းအမှတ်(၁၁၇၈)သို့ ချီတက်စေပြီး အခိုင်အမာ အခြေခံစခန်းတစ်ခုကို တိုက်ခိုက်ပြီးလျှင် နေရာယူထားစေခဲ့သည်။

ယခုချီတက်မှုများမှာ ဆယ်ရွာအရှေ့တွင် ချောင်း ကူးမြောင်းကူးများသောကြောင့် များစွာနှောင့်နှေးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တပ်ထိန်းအစီအမံကောင်းမွန်မှုနှင့် ဆပ္ပားတပ်သားများက သစ်ပင်များခုတ်လှဲကာ ပြုပြင်ပေးမှုကြောင့် အခက်အခဲများကို ကျော်လွှန်နိုင်ခဲ့သည်။ ဝင်ရိုးလမ်းကြောင်းနှစ်ခုထား၍ သုံးခြင်းကြောင့် တပ်မသည် ရှေ့သို့ ချီတက်ရာတွင် လျင်မြန်စွာစုရုံးနိုင်ရုံမက အစပိုင်းတွင် လမ်းကြောင်းနှစ်ခုဖြာထွက်သွားမှုကြောင့် မဟာမိတ်တို့ မည်သည့်နေရပ်သို့ ဦးတည်ချီတက်သည်ကို ရန်သူမရိပ်မိနိုင်အောင် ဖုံးကွယ်ထားခဲ့နိုင်ခဲ့သည်။

## ဥယျာဉ်ရွာတိုက်ပွဲ

ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် အမှတ်(၆၃) တပ်မဟာ သည် အထက်တွင်ဖော်ပြခဲ့သော တပ်ဖွဲ့များနှင့်အတူ သေယောက်၊ ဆိတ်ထိန်း၊ ဝဲလောင်လမ်းကြောင်းအတိုင်း ချီတက်ရန်အမိန့်ရ၍ ထိုညတွင် ဆိတ်ထိန်းရွာအနီးစခန်းတစ်နေရာသို့ ရောက်ရန်မျှော်လင့်ကြသည်။ သို့ရာတွင် ဥယျာဉ်ရွာ၌ ပထမဦးစွာတိုက်ပွဲတစ်ပွဲ ခက်ခက်ခဲခဲတိုက်လိုက်ရသည်။ ၁၃း၀၀ နာရီတွင် အမှတ်(၅)မြင်းတပ်သည် အမှတ်(၆)ရပ်ချုပ်ပွတ်တပ်ရင်းနှင့်အတူဝင်ရောက် တိုက်





ခိုက်ကြရာ မမှောင်မီ ရန်သူအားချေမှုန်းနိုင်ပြီး အမြောက်နှစ်လက်သိမ်းပိုက်ရမိသည်။ ရန်သူအနည်းငယ်သာ ဆုတ်ခွာထွက်ပြေးနိုင်ပြီး လက်နက်ခဲယမ်းမီးကျောက်များနှင့် ဓာတ်ဆီများကို ဖောက်ခွဲဖျက်ဆီးသွားကြသည်။

မဟာမိတ်တို့ဘက်မှ ၇၀ ဦး ဒဏ်ရာရရာ အများအားဖြင့် အမှတ်(၆)ရပ်ချုပ်ပွတ်တပ်ရင်းမှဖြစ်ကြသည်။ သို့သော် ရန်သူ့ဘက်မှအကျအဆုံးချည်းပင် ၇၀ ကျော်ခဲ့ သည်။ ဂျပန်တပ်များသည် အတင်းဒလကြမ်း တင့်ကား များကိုပင် ဝင်ရောက်တိုက်ခိုက်ကြလေသည်။ အမှတ် (၆၃) တပ်မဟာနှင့်တကွ ၄င်းတွင်တွဲဖက်ထားသော တပ်များမှာ ဥယျာဉ်ဒေသတွင်စခန်းချကြ၍ တောင်ဘက် ၆ မိုင်ကွာသို့ ကင်းထောက်စောင့်ဆိုင်းလျက်ရှိသည်။

## တောင်သာသို့ ချီတက်ခြင်း

ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အမှတ်(၆၃) တပ်မဟာနှင့်တွဲဖက်ထားသောတပ်များ ကံမြဲသို့ ဆက်လက်ချီတက်ရာတွင် ခုခံမှုအနည်းငယ်သာတွေ့ရပြီး သံချပ်ကာတပ်က ချေမှုန်းလိုက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလ ၂၃ ရက်နှင့် ၂၄ ရက်နေ့ညတွင် အမှတ်(၄၈)တပ်မဟာမှကွန်မန်ဒိုတပ်စုများသည် တောင်သာအထိ ရှေ့သို့ချီတက်သွားပြီး ဆပ္ပားတပ်က ထိုညအတွင်း သဲထူထပ်သော ဆင်သေဝချောင်းကို မော်တော်ကားများ သွားလာနိုင်ရန် ပင်ပန်းကြီးစွာပြင်ဆင်ပေးကြရသည်။ ဤသို့မဆောင်ရွက်မီတွင် ထိုချောင်းကိုဖြတ်ရန်မှာ အခက်အခဲဖြစ်နေမည်ဟု မျှော်မှန်းရသဖြင့် ဤသို့အခက်အခဲကြုံသော် အရှေ့တောင်ဘက်သို့ ရွှေ့ကာ အမှတ်(၆၃)တပ်မဟာနှင့် ဝဲလောင်တွင်ဆုံရန်စီစဉ်သည်။

အမှတ်(၆၃)တပ်မဟာနှင့် တွဲဖက်ထားသောတပ်များသည် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဉယျာဉ်ရွာကို တိုက်ခိုက်ပြီးနောက် ဝဲလောင်တောင်ဘက် ၂ မိုင်အကွာတွင်ရှိသော အေးရွာသို့ရောက်လာကြသည်။ ခုခံမှုအနည်းငယ်သာကြုံရပြီး ၇၀ မမအမြောက်နှစ်လက် ဖမ်းဆီးရမိလိုက်သည်။ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် တောင်သာသို့ တပ်ဖွဲ့နှစ်ဖွဲ့စလုံး ချီတက်လာခဲ့ကြသည်။





## တောင်သာကို သိမ်းပိုက်ခြင်း

အမှတ်(၄၈)တပ်မဟာသည် အမှတ်(၉) ဘုရင့်ဟော့စ်တင့်တပ်ရင်း၏ ကူညီမှုဖြင့် အနောက်တောင်ဘက်မှ ပထမဝင်ရောက်တိုက်ခိုက်သိမ်းပိုက်သည်။ ခုခံမှုမှာ မျှော်လင့်သည်ထက်နည်း၍ ရန်သူသည် တောင်သာမြို့အဖျား ရွာတစ်ရွာ၌သာလျှင် အသေအချာခုခံသည်။ ညနေစောင်းတွင် အမှတ်(၆၃)တပ်မဟာသည် ဝဲလောင်မှနေ၍ လမ်းတွင်တိုက်ရင်း တောင်ဘက်မှတက်လာခဲ့သည်။ ရွာတိုင်းကို တင့်များ၊ အမြောက်များဖြင့် လျှပ်တစ်ပြက်တိုက်နည်းသုံး၍ တိုက်ခဲ့ရာ တစ်နေရာတွင် ဂျပန် ၆၅ ယောက်ကျဆုံးစေခဲ့သည်။

မင်းဂံဒေသတွင် တပ်စခန်းချရန် သတ်မှတ်ထားသည်။ သို့ဖြစ်၍ မလှိုင်သို့နောက်တစ်နေ့တွင် အမြန်ချီတက်သော်လည်း အခက်အခဲများတွေ့ရ၍ အချိန်နှောင့်နှေးခဲ့ရသည်။ မလှိုင်နှင့်ဝဲလောင်အကြား သွားရာလမ်းတြိဂံနယ်မြေဒေသများတွင် ဂျပန်လက်ဖြောင့် တပ်သားများရှိနေရကား တပ်များစခန်းချရန် နှောင့်နှေးသွားသည်။ အချို့တပ်ဖွဲ့များမှာ မိမိတို့အတွက် သတ်မှတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



နေရာများကိုညမှောင်သည်အထိ မသိမ်းပိုက်ရသေးချေ။ ဂျပန်တို့ အထိအခိုက်အကျအဆုံးကား များခဲ့သည်။ လက်ဖြောင့်တပ်သားများ၏ ဘြိဂံဒေသမှာပင် အမှတ်(၇) ဘလူချီစတန်တပ်ရင်းက ဂျပန် ၁၀၀ကျော်ကို သုတ်သင်လိုက်နိုင်သဖြင့် ညပိုင်းတွင် အေးဆေးငြိမ်သက်သွားခဲ့လေသည်။

## မိတ္ထီလာသို့ဆက်လက်ချီတက်ခြင်း

ဖေဖော်ဝါရီလ ၂၅ရက်နေ့တွင် တပ်ဖွဲ့တစ်ဖွဲ့လုံးသည် အမှတ်(၄၈)တပ်မဟာနှင့်အတူ မလှိုင်သို့ချီတက်သွားသည်။ ထိုနေ့တွင် လေယာဉ်မှချပေးသော ထောက်ပံ့ရေးပစ္စည်းများကို ကောက်ယူစုဆောင်းရန် အမှတ် (၄၈) တပ်မဟာသည် မင်းဂံဒေသတွင် နေရစ်ခဲ့သည်။

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် တင့်တပ်မဟာမှာ မိတ္ထီလာသို့သွားရာလမ်းတွင်လည်းကောင်း၊ တင့်အချို့နှင့် တပ်ရင်းတစ်ရင်းမှာ သပွတ်ကုန်းလေဆိပ်သို့ သွားရောက်၍လည်းကောင်း၊ တပ်ဖွဲ့တစ်ဖွဲ့လုံးသည် မလှိုင်ဒေသ တွင်လည်းကောင်း စုရုံးလျက်ရှိသည်။ ချက်ချင်းပင် စီ ၄၆





နှင့် စီ ၄၇ အမျိုးအစားလေယာဉ်များ တက်ဆင်းနိုင်ရန် ပြင်ဆင်မှုများကို စတင်ဆောင်ရွက်ခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် တင့်တပ်မဟာသည် ထိန်းသိမ်းရေးတာဝန်နှင့် လေယာဉ်မှချပေးသော ခါတ်ဆီပုံးများကို လိုက်လံသိမ်းကောက်ရန် စောင့်နားနေခဲ့သည်။ နေ့လယ်တွင် အမှတ်(၉၉)တပ်မဟာ၏ တပ်များကို လေယာဉ်ဖြင့်တင်ဆောင်လာရာ အဆင်ပြေသဖြင့် ညနေတွင် တပ်ရင်းတစ်ရင်းလုံး ရောက်ရှိလာ သည်။

အမှတ်(၆၃)တပ်မဟာသည် ရှေ့သို့ချီတက်ရာ ကြောမိတွင် မိတ္ထီလာမှ ရှစ်မိုင်ကွာနေရာတွင် အင်အားကြီးမားသော ရန်သူ့ခုခံမှုနှင့်ကြုံတွေ့ရသည်။ ဤနေရာရှိ ဂျပန်စခန်းကို သံချပ်ကာကင်းထောက် တပ်ဖွဲ့များက ကြုံတင်တွေ့ရှိထား၏။ တံတားတစ်ခုကို ဖျက်ထားပြီး ချောင်းထဲတွင် မိုင်းဗုံးများချထားသည်။ ကတုတ်ကျင်းများတူး၍ ကန်နှစ်ဖက်စလုံးတွင်လည်း သံဆူးကြိုးများ ကိုက် ၁၅၀ မျှအထိ ကာထားလေသည်။ စက်သေနတ်ကြီး ရောက်ကလေးများပါ ရှိနေ၏။ အမှတ်(၆၃) တပ်မဟာ သက်အောက်တွင် အမှတ်(၅)မြင်းတပ်နှင့် အမှတ်(၁၂၉) အမြောက်တပ်ရင်းကို ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတွင် တပ်မဟာသည် မြောက်ဘက်မှနေ၍ စတင်ပစ်ခတ်တိုက်ခိုက်သည်။ ဂျပန်များ၏ နောက်ဘက်တွင် လမ်းပိတ်တစ်ခုချထားလိုက်သည်။ တင့်များက မြောက်ဘက်ခပ်ကျကျ ရှေ့မျက်နှာစာမှ ချီတက်ပြီး တိုက်ခိုက်ရာ ပိုမို၍အောင်မြင်ပြီးနောက် မိတ္ထီလာမှ ၅မိုင်အကွာတွင် စခန်းချလိုက်သည်။

အင်အားတောင့်တင်းသော ခြေလျင်တိုက်ကင်းများကို မိတ္ထီလာ၏မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်များသို့ ထိုညတွင် လွှတ်လိုက်သည်။ တိုက်ကင်းနှစ်ခုထံမှ ဂျပန်တို့ ပစ္စည်းသိုလှောင်ရေးဌာနများကို စတင်ဖျက်ဆီးနေကြပြီဆိုသည့် သတင်းရခဲ့သည်။

## မိတ္ထီလာကို သိမ်းပိုက်ခြင်း

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မိတ္ထီလာသို့ ချီတက်ရန် စုရုံးကြသည်။ အမှတ်(၆၃)တပ်မဟာသည်

မြရတနာစာပေ





မြန်မာပြည်တွင်းတွင် တိုက်ပွဲဝင်နေသည့် ဗြိတိသျှစစ်သားများ

www.burmeseclassic.com

www.burmeseclassic.com





မြန်မာပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာသည့်ဗြိတိသျှစစ်ကားများ

www.burmeseclassic.com



အရေးအကြီးဆုံး ပစ္စည်းများမှလွဲ၍ သယ်ယူပို့ဆောင်ရေးယာဉ်အားလုံးကို ထားခဲ့သည်။ ထို့နောက် အန်တူးသို့ ခြေလျင်ချီတက်သွားကြသည်။ အန်တူးမှနေ၍ နို့သူ့သတင်းကို ကင်းထောက်ကာ အနောက်မှဝင်ရောက် နို့လမ်းများကို စုံစမ်းသည်။ ဂျပန်တို့သည် အင်အား အလုံးအရင်းစု၍ မိတ္ထီလာအနောက်ဘက်တွင် ကတုတ်များ အကျအနတူးထားကြောင်းသိရသည်။ အမှတ်(၆၃)တပ်မဟာ သည် ကျောက်ဖြူကုန်းဒေသတွင် ညအိပ်စခန်းချနေလေ သည်။ တပ်ရင်းတစ်ရင်းကို အန်တူးထွင်ထားခဲ့ကာ အမြောက်တပ်စခန်းချထားရာကို ကာကွယ်ရလေသည်။ အန်တူးမှနေ၍ တပ်မအမြောက်တပ်သည် တိုက်ပွဲကို အဘက်ဘက်မှ အကူညီပေးနိုင်ခဲ့သည်။

အမှတ်(၂၅၅) တင့်တပ်မဟာမှ ခြေလျင်တပ်ရင်း တပ်ရင်းနှင့်အတူ တင့်တပ်ခွဲတစ်ခွဲသည် မိတ္ထီလာ အနောက် မြောက်ဘက် ပထမစုရုံးရမည့်ဒေသသို့ ချီတက် သွားသည်။ ထို့နောက် ပင်မတပ်မသည်လည်း မိတ္ထီလာ၏ မြောက် ဘက်နှင့် အရှေ့မြောက်နေရာများသို့ ဆက်လက် ချီတက် ကြသည်။ ကင်းထောက်တပ်ဖွဲ့များက နောက်ဆုံး နယ်နိမိတ်သတ်မှတ်နေရာကိုယူပြီးသောအခါ တင့်တပ်မဟာ



www.burmeseclassic.com

www.burmeseclassic.com



အား စုရပ်သို့အလျင်အမြန် ချီတက်ရန် အမိန့်ပေးခဲ့သည်။

မိတ္ထီလာသို့ အရှေ့ဘက်မှ ဝင်ရောက်တိုက်ခိုက်ရန် အစီအစဉ်မှာ တပ်မမှူး၏ အမိန့်ပေါ်တွင် အခြေခံသည်။ တင့်တပ်မဟာသည် မိတ္ထီလာ၏အနောက်မြောက်၊ မြောက်နှင့်အရှေ့မြောက်တစ်ဝိုက်ကို လှည့်လည် ရှင်းလင်းပြီးလျှင် အရှေ့ဘက်မှ ဝင်ရောက်တိုက်ခိုက်ရန်ဖြစ်လေသည်။ သာစည် ပျော်ဘွယ်သွားလမ်းများကို ဖြတ်တောက်၍ တောင်ကုန်း အမှတ်(၈၆၀)ကိုသိမ်းပိုက်ကာ တစ်ချိန်တည်းမှာပင်သံချပ်ကာအလုံးအရင်းဖြင့် အရှေ့ဘက်မှ ဝင်ရောက်တိုက်ခိုက်ရန်ဖြစ်လေသည်။ အရှေ့ဘက်မှ ဝင်ရောက်တိုက်ခိုက်ခြင်းသည် ရန်သူ၏ နောက်ကျောမှ ဝင်ရောက်ခြင်းဖြစ်ရာ ရန်သူချထားသော မိုင်းပုံးများနှင့်ထောင်ချောက် အကာအကွယ်များကို ကွင်းရှောင်နိုင်ရန် မျှော်လင့်သည်။

လျင်မြန်သောအရှိန်ဖြင့် ချီတက်ပြီးနောက် အမှတ်(၂၅၅)တင့်တပ်မဟာသည် ပြန်လည်စုရုံး၍ တပ်မ၏ အမြောက်တပ်ကလည်း မိတ္ထီလာမြို့ပေါ်သို့ စုပြုံပစ်ခတ်ပေးသည်။ ထိုသို့စုပြုံပစ်ခတ်ခြင်းမပြုမီ စုရပ်သို့ ချီတက်နေစဉ် လေကြောင်းမှပုံးကြဲပေးခဲ့သည်။

အမှတ်(၂၅၅)တင့်တပ်မဟာသည် မိတ္ထီလာကို





အရှေ့ဘက်မှဝင်ရောက်တိုက်ခိုက်ရန် တစ်ချိန်တည်းမှာပင် တောင်ကုန်းအမှတ်(၈၆၀)ကို သိမ်းပိုက်လိုက်ရာ ပျော်ဘွယ်ရှိ ရန်သူ့ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်ပစ်လိုက်နိုင်သည်။ အရှေ့ဘက်မှသံချပ်ကာများဖြင့် ဝင်ရောက်တိုက်ခိုက်မှုကို အင်အားကြီးမားလှသော ဂျပန် လက်ဖြောင့်တပ်သားများက ဘန်ကာများထဲမှ ပြင်းထန်စွာ ခုခံလေသည်။ ရန်သူ၏ပစ်ခတ်မှုတွင် ရိုင်ဖယ်များ၊ စက်ကလေးများ၊ စက်လတ်များနှင့် အမြောက်များ ပါဝင်သည်။

သံချပ်ကာတပ်နှင့်ခြေလျင်တပ်သည် ဘူတာရုံတစ်ဝိုက်ဆီသို့ အတင်းထိုးဖောက်ဝင်ရောက်ရာ ရန်သူတော်တော်များများကျဆုံး၍ အမြောက်များစွာကိုလည်း ဖျက်ဆီးပစ်လိုက်နိုင်သည်။ သို့ရာတွင် ထိုနေရာကို ပိုက်စိပ်တိုက်ရှင်းလင်းသုတ်သင်၍ သိမ်းပိုက်နေရာယူရန်မှာ ခနစောင်းသော်လည်း မပြီးနိုင်ချေ။ ထို့ကြောင့် သံချပ်ကာတပ်နှင့် ခြေလျင်တပ်သားများ၏ ဆက်လက်တိုက်ခိုက်လိုသော ဆန္ဒကိုပယ်ဖျက်၍ ထိုညအဖို့ မိတ္ထီလာ အရှေ့ဘက် ၂ မိုင်အကွာတွင် တပ်စွဲစေခဲ့သည်။

အမှတ်(၄၈)တပ်မဟာသည် ထိုအချိန်တွင် မြောက်ဘက်မှနေ၍ မြို့သို့ချဉ်းကပ်ကာဖိ၍တိုက်လေသည်။ ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



တို့၏ အင်အားအကြီးမားဆုံးစခန်းတစ်ခုမှာ မြို့မြောက် အစွန် ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ဖြစ်လေသည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့ညတွင် မိတ္ထီလာမြို့တွင်းသို့ ထောက်ကင်းများလွှတ်ကြည့်ရာ ဂျပန်တို့က အလွန်အင်အားတောင့်တင်းသော စခန်းများမှ ခံတိုက်သည်။ မိတ္ထီလာတိုက်ပွဲတစ်လျှောက်လုံးတွင် ဂျပန်တို့သည် ခံကတုတ်ကျင်းများ အခိုင်အမာတူး၍ မောင်းပြန်သေနတ်ပစ်အားကောင်းစွာဖြင့် ခုခံတိုက်ခိုက်ခဲ့သည်။ ဖြစ်သလို လုပ်ထားသော တင့်ဖျက်ဗုံးများနှင့် မိုင်းများကိုလည်း သုံးခဲ့ကြလေသည်။ ထို့ကြောင့် ဂျပန်ကတုတ်ကျင်း တစ်ကျင်းကို သိမ်းပိုက် နိုင်ရန်မှာ မလွယ်ကူချေ။

အချို့ဂျပန်များဆိုလျှင် သူတို့၏ ဒူးကြား၌ ဗုံးများ ထား၍ လက်တွင်အုတ်ခဲကိုင်ကာ ကျင်းထဲတွင် ထိုင်စောင့်နေတတ်ကြသည်။ ကျင်းပေါ်သို့ တင့်ဖြတ်မောင်းသွားသောအခါတွင် ဗုံးစနက်တံကို အုတ်ခဲဖြင့် ထုပြီးခွဲဖို့ရန် အသင့်စောင့်ဆိုင်းနေခြင်းဖြစ်သည်။ ညပိုင်းရောက်၍ မဟာမိတ်တပ်များ မိမိစခန်းချရာသို့ ပြန်လှည့်တိုင်း သို့မဟုတ် ကင်းအခြေခံစခန်းများကို သွားရောက် သိမ်းပိုက်တိုင်း ဂျပန်များ အလစ်ဝင်ရောက် တိုက်ခိုက်တတ်ကြသည်။





သို့ဖြစ်၍ ရက်ပေါင်းများစွာ ဂျပန်တို့ကို လိုက်လံဖော်ထုတ် ရှင်းလင်းကြရသည်။

မတ်လ ၁ ရက်သည် အပြင်းထန်ဆုံး တိုက်ပွဲဖြစ်သည့်နေ့ ဖြစ်သည်။ အမှတ်(၄၈)တပ်မဟာသည် တင့်အကူအညီဖြင့် မိတ္ထီလာအရှေ့ပိုင်းကို အရှေ့မြောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်၍ အမှတ်(၆၃)တပ်မဟာ သည် မိတ္ထီလာအနောက်ပိုင်းကို အနောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်သည်။ တိုးတက်မှု အလွန်နှေးကွေးလှ၏။ သို့သော် ဘန်ကာများနှင့် အိမ်များထဲတွင် နေရာယူထား သော ဂျပန်စခန်းများကို တစ်ခုပြီးတစ်ခု တိုက်ခိုက် သိမ်းပိုက်နိုင်၍ ဂျပန်အားလုံးကိုလည်း သုတ်သင်နိုင်ခဲ့ လေသည်။ ဂျပန်တို့ဘက်တွင် အကျအဆုံးများပြားလှ သည်။ လေယာဉ်များ၊ အမြောက်များနှင့် တင့်များ၏ တိုက်ခိုက်မှုကြောင့် အများအပြားမှာ ဘန်ကာများထဲတွင် မြေမြှုပ်ပြီးဖြစ်သွားကြသည်။ မြို့စောင့်တပ်မှာ လူနှစ်ထောင် ကျော်သည်ဟု ခန့်မှန်းရ၍ ယင်းတို့ထဲမှ လက်တစ်ဆုပ်စာခန့်သာ လွတ်မြောက်သွားနိုင်ခဲ့ပေသည်။

မတ်လ ၁ ရက်နေ့တွင် တင့်တပ်မဟာသည် ဆောင်ကုန်းအမှတ်(၈၆၀)တစ်ဝိုက် ကုန်းမြင့်ပေါ်တွင် အခိုင်



www.burmeseclassic.com

www.burmeseclassic.com



အမာတပ်စွဲနိုင်တော့သည်။ ယင်းမှာ တောင်ဘက်ကန်ကြီး၏ အရှေ့ဘက်တွင်ရှိသည်။ သို့သော် ဤဒေသ တစ်ဝိုက်နှင့် အရှေ့ဘက်နေရာများတွင် သုတ်သင်ရှင်းလင်းရသည်နှင့်ပင် မအားနိုင်ကြပေ။

မတ်လ ၁ ရက်နှင့် ၂ ရက်နေ့ညများတွင် အမှတ် (၄၈)တပ်မဟာသည် ကျီးကုန်းဒေသတွင် စခန်းချ၍အမှတ်(၆၃)တပ်မဟာက မိတ္ထီလာအနောက်ပိုင်း အစွန်အဖျားတစ်ဝိုက်တွင် နေရာယူကာ အမှတ်(၂၅၅) တင့်တပ်မဟာမှာ ကမ်းနားတွင် တပ်စွဲထားကြသည်။ တပ်မဌာနချုပ်မှ အမှတ်(၉၉)တပ်မဟာမှာ အမှတ်(၁) ဆစ်ခ်တပ်ရင်းနှင့်အတူ မိတ္ထီလာမြောက်ဘက် တစ်မိုင်ခွဲအကွာ သပွတ်ကုန်းဒေသသို့ ဆိုက်ရောက်လာကြလေသည်။

တပ်မအမြောက်ကြီးတပ်မှာ အနန်တူးဒေသမှာပင် ရှိလေသည်။ ညပိုင်းက မိတ္ထီလာအရှေ့ပိုင်းတွင် အားကောင်းသော တိုက်ကင်းများထားရစ်ခဲ့သော်လည်း မတ်လ ၂ ရက်နေ့နံနက်တွင် ဂျပန်များ ပြန်လည် ဝင်ရောက်လာခဲ့သည်။ တပ်စွဲထားသော စခန်းနယ်နိမိတ်အတွင်း ဝင်ရောက်ဒုက္ခပေးကြလေသည်။ ထိုသို့ ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် နောက်ထပ်ဂျပန်အချို့ကို သုတ်သင်ပစ်





နိုင်ခဲ့လေသည်။

မတ်လ ၂ ရက်နေ့တွင် အမှတ် (၄၈)တပ်မဟာသည် တင့်များ၊ အမြောက်ကြီးများနှင့် လေယာဉ်များ၏ အကူအညီဖြင့် ရှေ့တိုးတိုက်ခိုက်ပြန်ရာ ဂျပန်များကို မြို့၏ တောင်ဘက်အစွန်သို့ မောင်းထုတ်လိုက်နိုင်သည်။ ဂျပန်တို့သည် တောင်ဘက်ကန်ကြီးကိုကျောပေးကာ အမြောက်များ၊ မိုင်းဗုံးများဖြင့် ပြန်လှန်ပစ်ခတ် ခုခံကြသောကြောင့် မဟာမိတ်တို့အဖို့ အတော်အတန်နှောင့်နှေးခဲ့ရသည်။ ညမှောင်သည့်တိုင်အောင် တစ်မြို့လုံးကို မရှင်းလင်းသေးချေ။ အမှတ်(၆၃)တပ်မဟာသည် လေကြောင်း ပစ်ကူယူကာ တင့်ကားများအကူအညီဖြင့် နှစ်ကြိမ်တိုင်ပြင်းထန်စွာဝင်ရောက်စီးနင်းရာ မိတ္ထီလာအနောက်ပိုင်းကို ရှင်းလင်းနိုင်လေသည်။

ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ ၂ ရက်အတွင်း ကျောက်ပန်းတောင်းလမ်းရှိ မိုင်တိုင်အမှတ်(၃) အနီးတွင် လမ်းပိတ်ချထားသော အမှတ်(၇)ဘလူချီစတန်တပ်ရင်း၏ တပ်ခွဲတစ်ခွဲသည် အမြောက်တစ်လက်၊ အဖိုးတန်ပစ္စည်းများ ဘားကြီး ၄စီးအပြည့်နှင့်အတူ ဂျပန်သုံ့ပန်း ၅ ယောက်ကို ဖမ်းဆီးရမိပြီး ဂျပန်များစွာ ကို သုတ်သင်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီလာအရှေ့ပိုင်းမှာ မတ်လ ၃ ရက်တွင် ရှင်းလင်းသွားလေသည်။ ထိုနေ့တိုက်ပွဲမှာ သဲသဲမဲမဲ ပြင်းထန်လှသည်။ ပထမအဆင့်အနေဖြင့် ရထားလမ်းရှိရာသို့ အမှတ်(၁)အနောက်ယောက်တပ်ရင်းနှင့် အမှတ် (၉)ရှိုင်ရယ်ဟော့စ်တင့်တပ်ရင်းမှ တပ်ခွဲတစ်ခွဲက တောင်ဘက်ကြောင်းအတိုင်း ချီတက်တိုက်ခိုက်ကြရာ မနက် ၁၀း၁၅ နာရီတွင် ပြီးဆုံး သည်။ ထို့နောက် လေကြောင်းမှပြင်းထန်စွာ ပုံးကြဲ၍ အမြောက်ကြီးတပ်က တစ်နေရာတည်း စု၍ ပစ်သွင်းသည်။ ဒုတိယအဆင့်မှာ အမှတ်(၁) အနောက် ယောက်တပ်ရင်းမှ တပ်ခွဲတစ်ခွဲက ခြေလျင်တပ်များ၊ တင့်များဖြင့် ဝင်ရောက်တိုက်ခိုက်သည်။

အမှတ်(၉) ရှိုင်ရယ်ဟော့စ်တင့်တပ်ရင်းမှ တပ်ခွဲတစ်ခွဲက အရှေ့မြောက်ဘက်ခြမ်းမှ ချက်ချင်းဝင်ရောက်လာသည်။ ဂျပန်တို့၏ ခုခံမှုအင်အားများစွာနှင့် ရင်ဆိုင်ကြရသည်။ အမြောက်များ၊ မိုင်းဗုံးများဒဏ်ကြောင့် ထိုးဖောက်မှုအရှိန်နှေးသွားသည်။ သို့သော်လည်း မဟာမိတ်တပ်များက မှန်မှန်ထိုးဝင်နိုင်ခဲ့သည်။ ထို့နောက် နေ့လည် ၁၃း၀၀ နာရီတွင် အနောက်ပိုင်းမှ တိုက်စစ်နှင့် အရှေ့မြောက်ဘက်မှ တိုက်စစ်ပူးပေါင်းတွဲဖက်ကာ တိုက်ပွဲ





ခလေသည်။ ဂျပန် ၇၅ မမအမြောက်များက မဟာမိတ်ဘင့်ကားများကို အနီးကပ် ပစ်ခတ်ကြသည်။ သို့သော်တစ်ခုပြီးတစ်ခုဖျက်ဆီး လိုက်နိုင်၍ ညနေ ၁၇း၅၀ နာရီ၌တစ်မြို့လုံးကို သိမ်းပိုက်ရရှိလေသည်။ နောက်ဆုံးတွင် ဂျပန် ၅၀ ခန့်မှာ ရေကန်တွင်းခုန်ချကြရာ ရေနစ်၍လည်းကောင်း၊ အပစ်ခတ်ခံရ၍လည်းကောင်း သေဆုံးကုန်ကြသည်။ ၎င်းနှင့်သူ့အမြောက် ၁၂ လက်ကို ဖျက်ဆီးနိုင်ခဲ့ပြီး အချို့ကိုသိမ်းပိုက်ရရှိခဲ့သည်။

တိုက်ပွဲဖြစ်ပွားနေစဉ် ကျီးကုန်း၊ ကမ်းနားနှင့် ဆောင်ကုန်းအမှတ်(၈၆၀)အကြား ဒေသတွင်ရှိ မညီညာသော မြေနိမ့်ပိုင်းများတွင် ဂျပန်တပ်ဖွဲ့ငယ်ကလေးများသည်လည်ပြောင်းရွှေ့ခိုနေကြသည်။ ယင်းတို့အား တင့်များက ခြေလျင်တပ်များအကူအညီဖြင့် လိုက်လံနှိမ်နင်းရာ ၆၅ ယောက်ခန့်သုတ်သင်နိုင်ခဲ့သည်။ ညမမှောင်မီ အမှတ်(၁၁)တပ်မဟာ၏ အမှတ်(၄)နယ်ခြားသေနတ်ကိုင် တပ်ရင်းမှ တပ်ခွဲတစ်ခွဲသည် မန္တလေးလမ်းမိုင်တိုင် အမှတ် (၃၄၄)တွင် သမ်းပိတ်တပ်ချထားရာ နောက်နေ့တွင် ဂျပန် ၂၀ ခန့်ကို တွေ့ရှိသုတ်သင်နိုင်ခဲ့သည်။

မတ်လ ၄ ရက်နှင့် ၅ ရက်နေ့များမှာ လက်ဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



တပ်သားများကို သုတ်သင်ရှင်းလင်းရသည်နှင့် အချိန်ကုန်ခဲ့သည်။ တပ်မဌာနချုပ်၊ တပ်မအမြောက်ကြီးတပ်များနှင့် အမှတ်(၄၈)တပ်မဟာတို့သည် တပ်မြေဒေသသို့ ပြောင်းရွှေ့သွားကြသည်။ အမှတ်(၆၃)တပ်မဟာသည် မိတ္ထီလာ အနောက်ပိုင်းတွင် ကျန်ရစ်ခဲ့သည်။ အမှတ်(၉၉) တပ်မဟာက ကျီးကုန်းဒေသကိုသိမ်းပိုက်၍ ခြေလျင် တပ်ဖွဲ့ကလေးများက သပွတ်ကုန်းတွင် နေရစ်ခဲ့သည်။

မိတ္ထီလာပင်မလေယာဉ်ကွင်းကြီးကို အမြန် ပြင်ဆင်လိုက်၍ မတ်လ ၅ ရက်တွင် ပြန်ဖွင့်နိုင်ခဲ့သည်။ အမှတ်(၂၁) တောင်ပေါ်ပစ် အမြောက်တပ်ရင်းနှင့် အမှတ်(၈၈) တင့်ပစ်အမြောက်တပ်ခွဲတို့သည် မတ်လ ၂ ရက်တွင် လေယာဉ်ဖြင့်မိတ္ထီလာသို့ ဆိုက်ရောက်လာကြသည်။

## စစ်ဆင်ရေးနှင့်တိုက်ပွဲအဆုံးသတ်ခြင်း

မဟာမိတ်တို့၏ အမှတ်(၁၄)တပ်တော်မှ ဗိုလ်ချုပ်ကိုဝင် ဦးစီးသော အမှတ်(၁၇) အိန္ဒိယတပ်မနှင့် အမှတ်(၂၅၅)တင့်တပ်မဟာတို့ ပူးပေါင်း၍ မိတ္ထီလာမြို့အား ဝန်းတိုက်ခိုက်ခဲ့ရာ ၁၉၄၅ ခု၊မတ်လ ၃ ရက်နေ့တွင် သိမ်းပိုက်





ရရှိခဲ့ပြီး ဂျပန်တပ်မတော်မှ မိတ္ထီလာမြို့စောင့်တပ်မှူး ဗိုလ်ချုပ်ကာဆူယာ၏ တပ်ဖွဲ့များ ဆုတ်ခွာထွက်ပြေးသွားကြခြင်းဖြင့် တိုက်ပွဲပြီးဆုံးသွားသည်။ မိတ္ထီလာသည် ဂျပန် အမှတ်(၁၅)တပ်တော် တစ်တပ်လုံး၏ ဆက်သွယ်ရေး သမ်းကြောင်း အချက်အချာဖြစ်လေရာ ထိုမြို့ကို သိမ်းပိုက်လိုက်ခြင်းကြောင့် မြောက်ပိုင်းကျသော မန္တလေးဘက်တွင် ဂျပန်တို့၏ စစ်ဆင်ရေးကို များစွာထိခိုက်စေခဲ့သည်။

## ဂျပန်တို့၏ တန်ပြန်တိုက်စစ်

ဗြိတိသျှနှင့်မဟာမိတ်တို့က မိတ္ထီလာမြို့ကို လေးရက်အတွင်းသိမ်းပိုက်နိုင်ပြီး ခံစစ်ဆင်သည့် ဂျပန်တပ်အားလုံးနီးပါးကို ချေမှုန်းလိုက်နိုင်ခြင်းသည် မြန်မာပြည်စစ်မြေပြင်၏ နောက်ဆုံးအဆုံးဖြတ်ပင် ဖြစ်ပါသည်။

ဂျပန်တပ်မှူးကြီး ဗိုလ်ချုပ်ကြီးကီမူရာအနေဖြင့် မိတ္ထီလာမြို့ကို အငိုက်မိပြီး ဆုံးရှုံးရခြင်း၏ ဆိုးကျိုးများကို ချက်ချင်းရိပ်စားမိသည်။ သူ၏အင်အားအများစုကို မန္တလေးအနီးတစ်ဝိုက်မှ ဖြတ်ကူးလာမည့် မဟာမိတ်တပ်များအား စောင့်ကြိုချေမှုန်းရန် ပြင်ဆင်နေချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှမိတ္ထီလာကို ဝင်သိမ်းသွားခြင်းဖြစ်ရာ မြန်မာပြည်ရှိ ဂျပန်တပ်များ၏ အခြေအနေယိမ်းယိုင်သွားမှုကို ချက်ချင်းပြန်လည်ထိန်းသိမ်းနိုင်ရန် ပြင်ဆင်ရ တော့သည်။

ဗိုလ်ချုပ်ကြီးကိမူရာမှာ အခြား ဂျပန်တပ်မှူးကြီးများနှင့်မတူဘဲ အခြေအနေဆိုးများကို ရဲရဲဝံ့ဝံ့လျှင်လျှင် မြန်မြန်ရင်ဆိုင်ဖြေရှင်းခဲ့သူဖြစ်၏။ ၎င်းက မိတ္ထီလာကို ပြန်လည်သိမ်းပိုက်ရန် စီမံခဲ့သည်။

မန္တလေးသို့ မြန်မာပြည်အရပ်ရပ်မှ အင်အားဖြည့်ချီတက်လာသော ဂျပန်တပ်ကူအားလုံး မိတ္ထီလာစစ်မျက်နှာသို့ ဦးတည်ချီတက်စေခဲ့သည်။ မန္တလေးတစ်ဝိုက် မြစ်ကူးခြေကုပ်စခန်းများ၌ ဗြိတိသျှတို့အား တိုက်ခိုက်နေသည့် တပ်အချို့ကိုပင် မိတ္ထီလာသို့ဆွဲထုတ်ခဲ့သည်။ ဂျပန်တပ်အားလုံးကို ရရာပို့ဆောင်ရေးယာဉ်များဖြင့် မိတ္ထီလာသို့ အမြန်ဆုံးချီတက်စေခဲ့၏။

ဗိုလ်ချုပ်ကြီးကိမူရာက မိတ္ထီလာအား အမြန်ဆုံးပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် အမှတ်(၃၃)ဂျပန်တပ်တော်မှူး ဒုတိယဗိုလ်ချုပ်ကြီး ဟွန်ဒအား တာဝန်ပေးခဲ့သည်။ ၎င်း၏ကွပ်ကဲမှုအောက်တွင် အမှတ်(၁၈)တပ်မ (တပ်ရင်းကြီးတစ်ရင်းလျော့အင်အား)၊ မန္တလေးရှိ အမှတ်(၅၃)တပ်မမှ တပ်ရင်းကြီးတစ်ရင်း၊ ပခုက္ကူမှဆွဲထုတ်လာသော အမှတ်(၃၃)တပ်မမှ တပ်ရင်းကြီးတစ်ရင်း၊ ပဲခူးမှ ချီတက်လာသော အမှတ်(၄၉)တပ်မ (တပ်ရင်းကြီး တစ်ရင်းလျော့အင်အား)တို့အပြင် အမြောက်နှင့် တင့်တပ်ရင်းကြီးများကို လွှဲပြောင်းပေးခဲ့သည်။ တိုက်ပွဲ နောက်ပိုင်း တွင် အမှတ်(၂)တပ်မမှ တပ်ရင်းကြီးတစ်ရင်း ပါဝင်လာ သည်။ ထို့အပြင် ပုပ္ပားတောင်ခြေရှိ အိန္ဒိယတပ်များကို အင်အား ဖြည့်ရန် အမှတ်(၅၅)တပ်မမှ တပ်ရင်း၂ ရင်း၊ ရခိုင်စစ်မျက်နှာရှိ အမှတ်(၅၄) တပ်မမှ ခြေလျင်တပ်ရင်း ၂ ရင်းနှင့် အမြောက်တပ်ရင်း ၁ ရင်းတို့ပါ ရောက်ရှိ လာသည်။ ထို့အတွက် ဒုတိယဗိုလ်ချုပ်ကြီးဟွန်ဒါ၏ ကွပ်ကဲမှုအောက်တွင် တပ်မ၂တပ်ပါ တပ်မကြီးတစ်တပ်အင်အားနှင့် ညီမျှသောတပ်အင်အားရှိနေပြီဖြစ်၏။ ယင်းအင်အား ဖြင့် မိတ္ထီလာကိုပြန်လည်သိမ်းပိုက်ရန်စီမံခဲ့သည်။ ၎င်း၏ စီမံချက်မှာ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်း ပါဝင်သည်–

၁။ မိတ္ထီလာသို့သွားရာ ဗြိတိသျှတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပိတ်ဆို့ရန် (ညောင်ဦးရှိမြစ်ကူး ခြေကုပ်စခန်းနှင့် မိတ္ထီလာအကြား အဆက်အသွယ်







www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ရန်)။

၂။ မိတ္ထီလာကို ပြန်လည်သိမ်းပိုက်ရန်။

ယင်းစီမံချက်အတိုင်းပင် မြန်မာပြည်အရပ်ရပ်မှ ရောက်ရှိလာသော ဂျပန်တပ်များအား စုရပ်များတွင် စတင်နေရာယူစေခဲ့သည်။ ဗြိတိသျှတို့ကလည်း ယင်းစစ်ကူတပ်များစုရပ်၌ မစုစည်းမိမီ ဦးစွာချေမှုန်းရန်လို ကြောင်းကို သိရှိထားသဖြင့် အခွင့်သာတိုင်း ရဲရဲဝံ့ဝံ့ တိုက်ခိုက် ချေမှုန်းခဲ့သည်။ ဗြိတိသျှအမှတ်(၁၄)တပ်တော် က လက်အောက်ခံတပ်မကြီးနှင့် တပ်မအားလုံးသို့ မိမိလက်လှမ်းမီသမျှ ဂျပန်တပ်များကို အမြန်ဆုံးတိုက်ခိုက် ချေမှုန်းရန် ညွှန်ကြားခဲ့သည်။

ဂျပန်တပ်များမှာ မဟာမိတ်တို့၏ လေကြောင်းစိုးမိုးမှုကို ရှောင်လွှဲနိုင်ရန် စစ်ကြောင်းငယ်များခွဲ၍ ချီတက်နေရသဖြင့် ၎င်းတပ်များစုရပ်မရောက်မီ ဗြိတိသျှတို့က ကြားဖြတ်တိုက်ခိုက်ခဲ့ကြသည်။ မဟာမိတ်တို့က လေကြောင်းနှင့်ကြည်းကြောင်းမှ ပြင်းပြင်းထန်ထန် ကြားဖြတ် တိုက်ခိုက်မှုကြောင့် ဂျပန်တပ်များမှာ စုရပ်သို့ အချိန်မီ မရောက်နိုင်ဘဲ နှောင့်နှေးရုံမက ပို့ဆောင်ရေးယာဉ်များ လည်း တစ်နေ့ထက် တစ်နေ့ ပို၍ဆုံးရှုံးခဲ့ရသည်။





ဂျပန်တို့၏ တန်ပြန်တိုက်စစ်ကို ကာကွယ်ရန် ဗြိတိသျှတို့၏ စစ်ရေးစီမံချက်တွင် ရန်သူ့ကွပ်ကဲမှု စနစ်ကို ဖျက်ဆီးရန်ဟူသော ရည်ရွယ်ချက်တစ်ရပ်လည်း ပါဝင် သည်။ အမှတ်(၁၄)တပ်တော် ဌာနချုပ်တည်ရှိရာ မုံရွာတွင် ဗြိတိသျှတို့၏ ရေဒီယိုဆက်သွယ်မှု ကြားဖြတ်ဖမ်းယူရေးနှင့် ချပ်ညွှန်းရာတပ်တည်ရှိသည်။ ၎င်းတပ်က ဂျပန်ဌာနချုပ်များ၏ ဆက်သွယ်မှုများကို အမိအရကြားဖြတ် နားထောင်ကာ ဌာနချုပ်များ၏ တည်နေရာကို နီးနီးစပ်စပ် တွက်ချက်ခန့်မှန်းပေးနိုင်ခဲ့သည်။ လေကြောင်းကင်းထောက်မှုနှင့် အသေခံသတင်းပေးများထံမှ ရရှိသောသတင်းများ စုပေါင်းလိုက်သောအခါ ဗြိတိသျှတို့သည် အရေးပါသော ဂျပန်စစ်ဌာနချုပ်များတည်နေ ရာကို တိတိကျကျ ခန့်မှန်းလာနိုင်တော့၏။

၎င်းဌာနချုပ်များအား လေကြောင်းမှ ပြင်းပြင်းထန်ထန် အဆက်မပြတ်တိုက်ခိုက်ရုံမကအခြေအနေ ပေးလျှင် မြေပြင်တပ်များဖြင့်လည်း စီးနင်းတိုက်ခိုက် စေခဲ့သည်။ ဂျပန်ဌာနချုပ်များ ရွှေ့ပြောင်းရာတိုင်းသို့ လိုက်လံတိုက်ခိုက်နိုင်ခဲ့သည်။ သို့ဖြင့် ဂျပန်ဌာနချုပ်များမှာ ရေဒီယိုဆက်သွယ်မှု မပြုကြတော့ဘဲ ရေဒီယိုမဖွင့်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်များသည်ထက်များလာရာ ဆက်သွယ်မှု ပြတ်တောက်လာတော့သည်။ သို့ဖြင့် တပ်မှူးများမှာလည်း စစ်မြေပြင်အခြေအနေကို အချိန်မီ မသိနိုင်တော့ဘဲ သတင်းရရှိမှု နှောင့်နှေးစေတော့သည်။

မိတ္ထီလာရှိ အမှတ်(၁၇)အိန္ဒိယတပ်မသည် မိတ္ထီလာပတ်ဝန်းကျင်သို့ ထွက်၍လှုပ်ရှား တိုက်ခိုက်တော့ သည်။ မိတ္ထီလာမြို့ပတ်ဝန်းကျင် မိုင် ၂၀ အတွင်းတွေ့သမျှ ဂျပန်စစ်ကြောင်းများအား ရှာဖွေခြင်း၊ ချုံခို တိုက်ခိုက်ခြင်း၊ ရင်ဆိုင်တိုက်ခိုက်ခြင်းတို့ဖြင့် ဂျပန်တပ်များမစုစည်း နိုင်အောင် ဆောင်ရွက်ခဲ့သည်။ ယင်း တိုက်ခိုက်မှုများကြောင့် ဂျပန်တို့၏ တပ်စုစည်းမှု အစီအစဉ်များ နှောင့်နှေးကာ ထုဖြင့်စစ်ဆင်မည့် စီမံချက် များလည်း ပျက်သည်ကပျက်၊ နှောင့်နှေးသည်က နှောင့်နှေးဖြစ်ကုန်ကြတော့သည်။

သို့ရာတွင် ဗြိတိသျှတို့သည် ဂျပန်တပ်များ လုံး၀ မစုစည်းနိုင်စေရန်ကိုမူ မတားဆီးနိုင်ခဲ့ကြချေ။ ဂျပန်တို့၏ အဓိကရည်မှန်းချက်မှာ မိတ္ထီလာမြို့မြောက်ဘက် ၂ မိုင်အကွာရှိ ပင်မလေယာဉ်ကွင်းကို သိမ်းပိုက် ရန်ဖြစ်၏။ ယင်းလေယာဉ်ကွင်းကို သိမ်းပိုက်နိုင်ပါက ဗြိတိသျှနှင့် အမေရိကန်လေယာဉ်များ မဆင်းနိုင်တော့ဘဲ ထောက်ပံ့





ရေးလမ်းကြောင်း ပြတ်တောက်သွားမည်ဖြစ်၏။ ထိုအချိန်တွင် ညောင်ဦးနှင့် မိတ္ထီလာ ဆက်သွယ်ရေး လမ်းကြောင်းကိုလည်း ဖြတ်တောက်ထားပြီးဖြစ်ရာ မိတ္ထီလာရှိ ဗြိတိသျှနှင့် အိန္ဒိယတပ်များမှာ လေကြောင်းမှချပေးသော ရိက္ခာနှင့် ခဲယမ်းများကိုသာ အားထားကြရတော့မည်ဖြစ်ပြီး ကြာလျှင် ထောက်ပံ့ရေးပစ္စည်းများ ပြတ်လပ်လာမည်ဖြစ်၏။ ထိုအချိန်တွင်မှ မိတ္ထီလာမြို့ကို ဂျပန်တို့က ဝင်သိမ်းရန် ရည်မှန်းထားသည်။

မတ်လလယ်ရောက်သည့်တွင် ဂျပန်တို့သည် လေယာဉ်ကွင်းအစပ်၌ပင် ကျင်းတူးနေရာယူထားကြပြီး ဖြစ်သည်။ မိတ္ထီလာရှိ အမှတ်(၁၇)အိန္ဒိယတပ်မမှာ မြို့ပတ်ဝန်းကျင်ကိုထွက်၍ ရှင်းလင်းတိုက်ခိုက်သည် ဆိုသော် လည်း တပ်အင်အားအလုံအလောက် မသုံးနိုင်တော့ချေ။ ဂျပန်များ နေ့စဉ်ရာနှင့်ချီ ကျဆုံးပြီး အမြောက်များကိုပင် သိမ်းဆည်းမိသော်လည်း လေယာဉ်ကွင်းတိုက်ပွဲမှာ ပြင်းထန်သည်ထက် ပိုပြင်းထန်လာသည်။ ညမှောင်သည်နှင့်လေယာဉ် ပြေးလမ်းပေါ်တွင် အနီးကပ် တိုက်ပွဲများ ဖြစ်ပွားတော့သည်။

နေ့စဉ်ပင် နံနက်မိုးလင်း၍ လေယာဉ်များမဆင်းခင်မီ လေယာဉ်ပြေးလမ်းကိုမိုင်းရှင်းလင်းခြင်း၊ ညပိုင်းကစိန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသော ဂျပန်အဖွဲ့ငယ်များအား ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ရ၏။ ပြီးမှသာ လေယာဉ်များ တက်ဆင်းနိုင်သည်။ အမှတ်(၅)တပ်မမှ တပ်မဟာတစ်တပ်ကို အရေးပေါ်ခေါ်ယူခဲ့ရာ မတ်လ ၁၇ ရက်နေ့တွင် တပ်မဟာတစ်တပ်လုံးရောက်လာခဲ့သည်။ ၎င်းတပ်မဟာ နောက်ဆုံးအသုတ် ရောက်ချိန်တွင် လေယာဉ်ပြေးလမ်းပေါ်သို့ ဂျပန်အမြောက်ဆန်များ ကျရောက်ပေါက်ကွဲနေပြီဖြစ်၏။ လေယာဉ်အချို့ပျက်စီးသွားပြီး ဗြိတိသျှနှင့်အမေရိကန် လေယာဉ်မှူးအချို့၊ လေယာဉ်အဖွဲ့သားအချို့ ထိခိုက်ဒဏ် ရာရသွားခဲ့သည်။

၎င်းနေ့မှပင် ဂျပန်တို့ကလေယာဉ်ကွင်းကို ပြင်းပြင်းထန်ထန်တိုက်ခိုက်လာရာ လေယာဉ်ဆင်းတက်မှုလုံးဝ ရပ်ဆိုင်းလိုက်ရသည်။ သို့အတွက် မဟာမိတ်တို့တွင် ထောက်ပံ့ရေးပစ္စည်းများ လျော့နည်းလာကာ ဓာတ်ဆီပြတ်လပ်လာသည်။ လူနာများအားလည်း လေကြောင်းမှ ရွှေ့မထုတ်နိုင်တော့ချေ။ မြန်မာပြည်တိုက်ပွဲများ စတင်ကတည်းက အကြိမ်ကြိမ်အဝိုင်းခံခဲ့ရသော အမှတ်(၁၇) အိန္ဒိယတပ်မမှာ ဤတစ်ကြိမ်လည်း အဝိုင်းခံရပြန်ပြီဖြစ်၏။ အမှတ်(၁၇) အိန္ဒိယတပ်မ၏ အစဉ်အလာအတိုင်း လုံး





အဝိုင်းခံရပုံမျှမက အဆက်အသွယ်ပါ ပြတ်တောက်သွားပြီဖြစ်၏။ ထိုအချိန်မှာပင် တပ်မမှူးဗိုလ်မှူးချုပ်ကိုဝင်၏ သားဖြစ်သူ အမှတ်(၁၉)တပ်မမှ အရာရှိတစ်ဦးမှာ မန္တလေးတိုက်ပွဲတွင် ကျဆုံးသွားခဲ့သည်။

အမှတ်(၁၇) အိန္ဒိယတပ်မ၏ တပ်မမှူး ဗိုလ်မှူးချုပ်ကိုဝင်Cowon မှာ စိတ်ဓာတ်မကျဘဲ ဂျပန်တို့၏တိုက်စစ်များကို တွန်းလှန်နိုင်ရန် ဖွဲဖြင့်ကြိုးပမ်းခဲ့သည်။

ဂျပန်တို့က လေယာဉ်ပြေးလမ်းမြောက်ဘက်ကို သိမ်းပိုက်ထားသည်။ ၎င်းဘက်အခြမ်းတွင် မြေအနေအထားမကောင်းဘဲ လျှိုများ၊ ချောင်းများ၊ ချောက်များရှိသဖြင့် မဟာမိတ်တို့ဘက်က တင့်သုံးရန်အခက်အခဲရှိသည်။ ဂျပန်တို့တွင် တင့်ဖျက်အမြောက်များ၊ တင့်ဖျက်မိုင်းများ အလုံအလောက်ပါလာသဖြင့် ၎င်းလက်နက်များဒဏ်ကို တင့်များကောင်းကောင်းခံကြရသည်။ ၎င်းအမြောက်များ၊ မိုင်းများကုန်သွားသောအခါ ဂျပန်တို့ကမနုဿမိုင်းများအသုံးပြုကြပြန်သည်။

မနုဿမိုင်းမှာ ၁၀၀ ကီလိုဂရမ် လေယာဉ်ချပုံးကို ဂျပန်စစ်သည်တစ်ယောက်ကပိုက်ကာ ပစ်ကျင်းထဲတွင် အသင့်စောင့်ဆိုင်းနေခြင်းဖြစ်၏။ ပုံးစနက်အုံကိုထုရန်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲကို အဆင်သင့်ကိုင်ထားသည်။ ၄င်း၏ပစ်ကျင်းပေါ်မှ ဗြိတိသျှတင့်ဖြတ်သည်နှင့် စနက်ကို ကျောက်ခဲဖြင့် ထုချလိုက်ရာ ဗုံးပေါက်ကွဲပြီး လူအသေခံကာ တင့်ဖျက်ဆီးသည့်နည်းဖြစ်၏။

ဗြိတိသျှတို့သည် အမြောက်ပစ်ခတ်မှု၊ တင့်ကို အခြေအနေပေးလျှင်ပေးသလို အသုံးပြုမှုနှင့်ဗုံးကြဲတိုက် လေယာဉ်များ၏ အနီးကပ်လေကြောင်းပစ်ကူတို့ဖြင့် လေယာဉ်ကွင်းမြောက်ဘက်မှ ဂျပန်တပ်များကို တဖြည်းဖြည်း ရှင်းလင်းနိုင်လာခဲ့သည်။ လေယာဉ်ကွင်းစပ်မှ ဂျပန်တပ်များကို ရှင်းလင်းပြီးနောက်တွင်ပင် မိတ္ထီလာ လေယာဉ်ကွင်းပေါ်သို့ ဂျပန်အမြောက်ကျည်များကျရောက်ပေါက်ကွဲဆဲဖြစ်၏။ မတ်လ ၂၉ ရက်နေ့ရောက်မှသာဂျပန်တို့၏ တင့်ဖျက်အမြောက်များကို ရှင်းလင်းနိုင်ခဲ့သည်။ ဂျပန်တပ်များမှာ အကျအဆုံးများနေပြီ ဖြစ်၍ ဆုတ်ခွာသွားခဲ့ကြရလေသည်။

## မြင်းခြံ၊ တောင်သာ၊ ချောက်နှင့်လက်ဆယ်တိုက်ပွဲများ

ထိုအချိန်မှာပင် ဂျပန်တို့၏ မြောက်ဘက်မှဝင်တိုက်သောစစ်ကြောင်းက တောင်သာကို သိမ်းမိသွား သည်





လက်ဆယ်၊ ပုဂံ၊ ညောင်ဦးတစ်ဝိုက်တွင် တပ်ဖြန့်ထားသော ဗြိတိသျှ အမှတ်(၇)တပ်မက တန်ပြန်တိုက်စစ် ဆင်ခဲ့သည်။ စစ်ကြောင်းများအား လေကြောင်းထောက်ပံ့ ကာ မြင်းခြံသို့အမြန်ဆုံးချီတက်ခဲ့၏။ မြင်းခြံမှလေးမိုင်အကွာ တွင် ဂျပန်တို့ကအခိုင်အမာ ခံစစ်ယူထားရာ ဗြိတိသျှတို့၏ ခံတပ်အဟုန် တန့်သွားတော့၏။

ဗြိတိသျှတို့အနေဖြင့် မိတ္ထီလာလမ်းပြန်ဖွင့်နိုင်ရေးမှာ အရေးကြီးနေသဖြင့် မြင်းခြံရှိဂျပန်တပ်များကို မတိုက်တော့ဘဲ တောင်သာကိုဦးတည်ချက်ပြောင်းကာ တိုက်ခိုက်တော့သည်။ တောင်သာကို အခက်အခဲမရှိ သိမ်းပိုက်မိသော်လည်း မြို့ပြင်မှ တောင်ကုန်းများကိုမူ မတ်လ ၇ ရက်နေ့မှ၍ ခဲခဲယဉ်းယဉ်း တိုက်ခိုက်ခဲ့ရသည်။ တောင်သာ မိတ္ထီလာလမ်းကို စိုးမိုးထားသော တောင်ကုန်းများပေါ်ရှိ ဂျပန်တပ်များကို ၇ ရက်ခန့် ခက်ခက်ခဲခဲ ရှင်းလင်းခဲ့ရသည်။ ၄င်းနောက်တွင် အမှတ်(၇)တပ်မမှ တပ်များအား ကုန်းကြောင်းမှရောက်ရှိလာသည့် အမှတ်(၅)တပ်မ၏တပ်မဟာ တစ်တပ်မှ ဘပ်ချင်းလဲလှယ်ပေးခဲ့သည်။ ထို့နောက် အမှတ်(၇)တပ်မသည် မြင်းခြံကို ပြန်လည်သိမ်းပိုက်ရန် ဆက်လက်ဆောင်ရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းခြံမှာ ချင်းတွင်းမြစ်ကြောင်းအတိုင်း သယ်လာသော စစ်လက်နက်ပစ္စည်းများတင်ချနိုင်ရန် အတွက် အရေးကြီးသော ဆိပ်ကမ်းမြို့ဖြစ်သဖြင့် မြင်းခြံကို မဖြစ်မနေ သိမ်းပိုက်ရန် လိုအပ်သည်။ သို့အတွက် မြင်းခြံကို စတင်တိုက်ခိုက်ရန် ပထမအကြိမ်ကြိုးပမ်းမှုမှာ မအောင်မြင်ဘဲ ပြန်ဆုတ်ခဲ့ရသည်။ နောက်တစ်ကြိမ် ပြင်းထန်စွာ တိုက်ခိုက်ပြီးနောက် မတ်လ ၁၈ရက်နေ့ညတွင် မြို့ဆင်ခြေဖုံး ရပ်ကွက်များကို ထိုးဖောက်နိုင်ခဲ့သည်။ ဂျပန်တို့ အသေခံ၍ တန်ပြန်တိုက်စစ်များကို အကြိမ်ကြိမ်ဆင်နွှဲခဲ့သည်။ နောက်ထပ်လေးရက်မျှ တိုက်ခိုက်ပြီးမှသာ မြင်းခြံမြို့ကို သိမ်းပိုက်မိသည်။ အမှတ်(၁၅)ဂျပန်တပ်မမှာ မြင်းခြံတွင် အကျအဆုံးများပြားခဲ့သည်။ မြင်းခြံကို သိမ်းပိုက်လိုက်နိုင်သဖြင့် မဟာမိတ်တို့အတွက် ထောက်ပံ့ ပို့ဆောင်ရေး ပြဿနာတစ်ရပ် ရှင်းသွားခဲ့သည်။ မြန်မာပြည်အလယ်ပိုင်းရှိ တပ်များအား မြစ်ကြောင်းမှထောက်ပံ့သွားနိုင်ပြီဖြစ်၏။ ဆက်လက်၍ မြင်းခြံ-မိတ္ထီလာ မီးရထားလမ်းကိုလည်း ပြန်ဖွင့်နိုင်ရန်ကြိုးပမ်းခဲ့၏။

မဟာမိတ်တပ်များ မိတ္ထီလာနှင့် မြင်းခြံတစ်ဝိုက်တွင် အကြိတ်အနယ်တိုက်ခိုက်နေကြစဉ်မှာပင် ဂျပန်တပ်တော်မှ





ဒုတိယဗိုလ်ချုပ်ကြီးဟွန်ဒက တောင်ဘက်တိုက်စစ်ကို စတင်ဆင်နွှဲတော့သည်။ ကျောက်ပန်းတောင်းတစ်ဝိုက်ရှိ အိန္ဒိယအမျိုးသားတပ်မတော်မှ တပ်ဖွဲ့များသည် ဂျပန်တပ်များနှင့်ပူးပေါင်းလျက် ညောင်ဦးသို့ ချီတက်တိုက်ခိုက်သည်။ ၄င်းတပ်များသည် ညောင်ဦးမှတောင်ဘက်သို့ ချီတက်လာသော အမှတ်(၇)တပ်မမှ တပ်များနှင့်တည့်တည့်တိုးကာ ရင်ဆိုင်တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားသည်။ အိန္ဒိယအမျိုးသားတပ်မတော် တပ်ဖွဲ့များမှာ အနည်းငယ်သာတိုက်ခိုက်ပြီး လက်နက်ချသူချ၊ ထွက်ပြေးသူထွက်ပြေးဖြင့် တပ်ပျက်သွားသည်။ ဂျပန်တပ်များကမူ အစဉ်အလာအတိုင်း ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ကြသည်။

ထိုစဉ်မှာပင် အမှတ်(၇)တပ်မမှ စစ်ကြောင်းတစ်ကြောင်းသည် ချောက်သို့ဦးတည်ချီတက်သွားရာ ရင်ဆိုင်ချီတက်လာသော ဂျပန်တပ်များနှင့်တွေ့ဆုံ တိုက်ပွဲဖြစ်ပွားခဲ့ပြန်သည်။ ချောက်မြို့ မြောက်ဘက် ၆ မိုင်အကွာတွင်ဖြစ်သည်။ အမှတ်(၇)တပ်မမှ တပ်များသည် ဂျပန်တပ်များအား ချေမှုန်းပြီးနောက်ဆက်လက်ချီ တက်ကာ ကျင်းတူးနေရာယူထားလိုက်ကြသည်။ ပုပ္ပားတောင် တစ်ဝိုက်၌ ဂျပန်တပ်များ အင်အားစုစည်းနေကြောင်း သတင်းရရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အမှတ်(၇)တပ်မသည် ရှေ့ဆက်မတိုးဘဲ ခံစစ်ဆင်ရန် ပြင်ဆင်ရခြင်းဖြစ်သည်။

ထိုစဉ်မှာပင် ရွှေဝတီမြစ်အနောက်ဘက်ကမ်း၊ လက်ဆယ်ရှိအမှတ်(၂၈)အရှေ့အာဖရိက တပ်မဟာအား ဂျပန်တပ်များက နှောင့်ယှက်တိုက်ခိုက်လျက်ရှိ၏။ ဗြိတိသျှတို့က ပန်ချာဘီတပ်ရင်းတစ်ရင်းကို အင်အားဖြည့် စေလွှတ်ခဲ့၏။ မကြာမီပင် ဂျပန်တပ်ကူများရောက်ရှိလာပြီး မတ်လ ၂၀ ရက်နေ့တွင် ဂျပန်တို့ကပြင်းပြင်းထန်ထန် တိုက်စစ်ဆင်တော့သည်။ အမှတ်(၂၈) အရှေ့အာဖရိက တပ်မဟာမှာ အဝိုင်းခံရပြီး နောက်သို့ ဆုတ်ခွာရတော့သည်။ ထို့ကြောင့် မြစ်အရှေ့ဘက်ကမ်းရှိ ဗြိတိသျှတပ်ရင်းတစ်ရင်းကို စစ်ကူလွှတ်ခဲ့ရသည်။ ထိုအခါတွင်မှ ဂျပန်တို့၏ တိုက်စစ်ကို ဟန့်တားနိုင်ကာ ဖြည်းဖြည်းချင်းတွန်းလှန်နိုင်ခဲ့သည်။ သို့ဖြင့် ညောင်ဦး–မိတ္ထီလာ ဆက်သွယ်ရေးလမ်းကြောင်းမှာ ဂျပန်တို့၏ ခြိမ်းခြောက်မှုကို ကျော်လွှားနိုင်ခဲ့သည်။

မတ်လနောက်ဆုံးအပတ် ရောက်သောအခါတွင်မူ မိတ္ထီလာတိုက်ပွဲ၌ မဟာမိတ်တို့ အနိုင်ရလိုက်ပြီ ဖြစ်ကြောင်း ထင်ရှားသွားတော့သည်။ သို့ဖြင့် မြန်မာပြည်အလယ်ပိုင်းနှင့် အောက်မြန်မာပြည်ကို ဗြိတိသျှတို့ ပြန်လည်သိမ်းပိုက်ရန်





သမ်းစပွင့်သွားပြီဖြစ်၏။

ဗြိတိသျှတပ်မှူးကြီး ဗိုလ်ချုပ်ကြီးစလင်းကမူ "မြန်မာပြည် အလယ်ပိုင်းကိုသိမ်းပိုက်ရာ မိတ္ထီလာတိုက်ပွဲသည် တိုက်ပွဲအားလုံး၏ တစ်ဝက်ဖြစ်၏။ ကျန်တစ်ဝက်ကို မန္တလေးမြို့တစ်ဝိုက်တွင် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ရသည်"

သူ၏ Defeat into Victory စာအုပ်ကြီး၌ ရေးသားခဲ့သည်။

## စစ်ဆင်ရေးနှင့် တိုက်ပွဲအရှုံးအမြတ်

မဟာမိတ်တပ်များအနေဖြင့် မိတ္ထီလာမြို့ကို တိုက်ခိုက်ရရှိလိုက်ခြင်းအားဖြင့်–

၁။ စစ်ရေးအရ အချက်အချာကျသော မိတ္ထီလာမြို့အား မဟာမိတ်တပ်များက လုံးဝထိန်းချုပ်ထားနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၂။ တိုက်ပွဲအပြီး မိတ္ထီလာမြို့ တစ်မြို့တည်းအတွင်း၌ ဂျပန်အလောင်း ၂၀၀၀ ခန့်တွေ့ရှိရသည်။ စစ်သုံ့ပန်း ၄၇ ယောက်နှင့်အမြောက် ၄၈ လက်ကိုလည်း ဖမ်းဆီးရမိသည်။

၃။ အရေးကြီးသည့် မိတ္ထီလာ လေယာဉ်ကွင်းအား မဟာမိတ်တို့ရရှိလိုက်ခြင်းဖြင့် ရှေ့ဆက်ဆောင်ရွက်မည့် စစ်ဆင်ရေးများအတွက် များစွာအကျိုးရှိစေခဲ့သည်။

## စစ်ဆင်ရေးနှင့်တိုက်ပွဲအတွင်း ကျင့်သုံးခဲ့သောနည်းဗျူဟာများ။

### ဂျပန်တပ်မတော်

ဂျပန်တပ်မတော် ကျင့်သုံးခဲ့သည့် စစ်နည်းဗျူဟာများမှာ ရောဝတီမြစ်ကမ်း၌ လှုပ်ရှားခံစစ်၊ မိတ္ထီလာမြို့အတွင်း၌ အနိုင်အမာ ခံစစ်နှင့်တန်ပြန်တိုက်စစ်





နည်းဗျူဟာများအပြင် ညတိုက်ပွဲများ၊ အသေခံစစ်နည်းဗျူဟာများကို ကျင့်သုံးခဲ့သည်။

### မဟာမိတ်တပ်များ

မဟာမိတ်တပ်များ ကျင့်သုံးခဲ့သည့် စစ်နည်းဗျူဟာများမှာ အောက်ပါအတိုင်းဖြစ်သည်–

၁။ စစ်မဟာဗျူဟာမြောက် လှည့်ဖြားခြင်း၊
၂။ ခရီးရှည်ထိုးဖောက်ချီတက်တိုက်ခိုက်ခြင်း၊
၃။ လေကြောင်းအကူဖြင့် ရန်သူအားဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခြင်း၊
၄။ ခြေလျင်၊ တင့် ပူးပေါင်းစစ်ဆင်ခြင်း၊
၅။ အခိုင်အမာခံစစ်အားတိုက်ခိုက်ခြင်း။

### သုံးသပ်ချက်

မိတ္ထီလာတိုက်ပွဲသည် မြန်မာပြည် ပြန်လည်သိမ်းပိုက်ရေးအတွက် အဆုံးအဖြတ်ပေးသော တိုက်ပွဲဖြစ်သည်။ မိတ္ထီလာတိုက်ပွဲပြီးဆုံးပြီး နောက်ပိုင်းတွင် မြန်မာပြည်စစ်မြေပြင်၌ တိုက်ပွဲကြီးကြီးမားမား မဖြစ်ပွားတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတိုက်ပွဲနောက်ပိုင်းတွင် ဂျပန်တို့မှာ တောက်လျှောက်ဆုတ်ခွာကြရတော့၏။ ထို့ကြောင့် မြန်မာပြည်စစ်မြေပြင်တွင် မိတ္ထီလာတိုက်ပွဲသည် သမိုင်းဝင်တိုက်ပွဲအဖြစ် မော်ကွန်းတင်ခဲ့ခြင်းဖြစ်သည်။

မိတ္ထီလာတိုက်ပွဲ ဖြစ်ပွားရခြင်း၏ အကြောင်းအရင်းကိုကြည့်လျှင် မိတ္ထီလာမြို့သည် မြန်မာပြည်အလယ်ပိုင်း၌ အချက်အချာလမ်းဆုံမြို့ ဖြစ်နေခြင်းနှင့် မီးရထားလမ်းဆုံဖြစ်သော သာစည်မြို့နှင့်နီးကပ်နေခြင်းတို့သည် အဓိကအကြောင်းအရင်းများဖြစ်သည်။ ယင်းအချက်သည် ယနေ့တိုင်မှန်ကန်လျက်ရှိနေသေး၏။ မိတ္ထီလာမြို့၏ အချက်အချာကျမှုကြောင့် မိတ္ထီလာကိုသိမ်းပိုက်မိလျှင် မြန်မာပြည်အထက်ပိုင်းနှင့် အလယ်ပိုင်းကို တစ်ပြိုင်တည်း ထိန်းချုပ်ထားနိုင်မည်ဖြစ်၏။ အလားတူပင် ကချင်ပြည်နယ်တွင် တရုတ်နှင့် ဗြိတိသျှတပ်များကို တိုက်ခိုက်နေရသော ဂျပန်တပ်များကိုလည်းကောင်း၊ လားရှိုးဘက်တွင် တရုတ်တပ်များကို တိုက်ခိုက်နေရသော ဂျပန်တပ်များကိုလည်းကောင်း နောက်ပိုင်းမှ အဆက်အသွယ်ဖြတ်တောက်ကာ တဖြည်းဖြည်းအမှည့်ခွေ တိုက်ခိုက်နိုင်မည်ဖြစ်၏။ ထို့အတူပင် မိတ္ထီလာကို လက်ဝယ်ရရှိထားခြင်းအားဖြင့် ရန်ကုန်မြို့တော်





ကို ဆက်လက်သိမ်းပိုက်ရေး အစီအစဉ်မှာ မဟာမိတ်တို့အတွက် ပိုမိုလွယ်ကူသွားမည်ဖြစ်ပေသည်။

## ဗြိတိသျှတို့၏ စစ်မဟာဗျူဟာနှင့် စစ်နည်းဗျူဟာ

အထက်ဖော်ပြပါ အကျိုးကျေးဇူးများကို မျှော်ကိုးလျှက် မဟာမိတ်တို့သည် မိတ္ထီလာကိုတိုက်ခိုက်ရန်စီမံခဲ့၏။ သင်ခန်းစာယူဖွယ်ရာအချက်မှာ ဗြိတိသျှအမှတ်(၄)တပ်မကြီးသည် ဂန့်ဂေါတောင်ကြားတစ်လျှောက် လျှို့ဝှက်စွာချီတက်လာပြီးနောက် ဧရာဝတီမြစ်ကို ဩောင်ဦးမှဖြတ်ကျော်ကာ မိတ္ထီလာကို ဝင်ရောက်တိုက် ခိုက်သိမ်းပိုက်ခြင်းကို ဂျပန်တို့လုံးဝ မမျှော်လင့်ထားခြင်းဖြစ်၏။ ဗြိတိသျှနှင့် အိန္ဒိယတပ်များသည် သမားရိုးကျ တပ်များသာဖြစ်၏။ တင့်များ၊ အမြောက်များစသည်ဖြင့် လေးလံသော စစ်ပစ္စည်းများကြောင့် တောလမ်းကို မသုံးနိုင်ဘဲ ကားလမ်းမှသာ လှုပ်ရှားနိုင်မည်ဖြစ်၏။ ထို့ကြောင့် ရွှေဘိုလွင်ပြင်မှ တစ်ဆင့်သာ မြန်မာပြည် အလယ်ပိုင်းကို ဝင်ရောက်နိုင်မည်ဟူ၍ ဂျပန်တို့ယူဆခဲ့၏။ ထို့ကြောင့်လည်း မန္တလေးမြို့ အနောက်ဘက်တွင် ဧရာဝတီမြစ်ကိုကူးလာမည့် ဗြိတိသျှတပ်များကို



www.burmeseclassic.com

www.burmeseclassic.com



ဆီးကြိုတိုက်ခိုက်ရန် တပ်များစုရုံးပြင်ဆင်ထားခဲ့၏။

ဗြိတိသျှတို့က မိမိတို့အနေဖြင့် တောလမ်းကို မသုံးနိုင်၊ မိမိတို့တပ်များက လေးလံသည်ဟူသော အချက်ကိုပင် ကောင်းစွာအသုံးချပြီး ဂန့်ဂေါတောင်ကြားအတိုင်း မဖြစ်ဖြစ်အောင် စစ်အင်ဂျင်နီယာတပ်များ အကူအညီဖြင့် ချီတက်ခဲ့သည်။ ချီတက်ရာတွင်လည်း စစ်ကြောင်းတစ်ကြောင်းတည်းမဟုတ်ဘဲ စစ်ကြောင်းလေးကြောင်းဖြင့် ကျယ်ပြန့်သော စစ်မျက်နှာဖြန့်ကာ ချီတက်ခဲ့၏။ သို့မှသာ သတ်မှတ်ထားသော ဖေဖော်ဝါရီလ ၁၅ ရက်မတိုင်မီ ဧရာဝတီမြစ်ကို ဖြတ်ကူးနိုင်မည်ဖြစ်၏။

ထူးခြားသည်မှာ ယင်းသို့ချီတက်ရာတွင် ချင်းတောင်အစပ်ရှိ တောင်ကြောများကို ရှင်းလင်းရန် ဒေသခံ ဖလမ်းကင်းထောက်တပ်ကို အသုံးပြုသွားခြင်းဖြင့် ဒေသခံ တပ်များ၏ နယ်မြေကျွမ်းကျင်မှုကို ထိရောက်စွာရရှိ အသုံးချသွားနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

စစ်သတင်းလုံခြုံမှုကိုလည်း အထူးဂရုပြုခဲ့သည်။ ဒေသခံတပ်များကို အသုံးပြုခြင်းကြောင့် မဟာမိတ်တို့၏ ကြံရွယ်ချက်ကို ရန်သူတို့သတင်းမရရှိနိုင်တော့ချေ။ထို့အပြင် အမှတ်(၄)တပ်မကြီး တစ်ခုလုံးချီတက်မှုကို ရန်သူ့လေ





ကြောင်းမှ မထောက်လှမ်းနိုင်အောင်အပြည့်အဝ စောင့်ကြပ်ကာကွယ်ခဲ့သည်။ ထို့ကြောင့်လည်း အမှတ်(၄)တပ်မကြီးဘစ်တပ်လုံး၏ ချီတက်မှုကို ဂျပန်တို့က အမှတ်(၂၈)အရှေ့အာဖရိကတပ်မဟာ၏ချီတက်မှု၊ယောင်ပြချီတက်မှုဟု လွဲမှားမှာသုံးသပ်ခဲ့သည်။မိတ္ထီလာကိုမဟာမိတ်တို့ လေးရက်နှင့် သိမ်းနိုင်ခြင်းသည် ဤအချက်က အဓိကဖြစ်ပေသည်။

တစ်ဖက်ရန်သူကို အမျိုးမျိုးသောနည်းလမ်း များဖြင့် လှည့်စားခဲ့သည်။ ရေဒီယိုဆိတ်ငြိမ်မှုအပါအဝင် ဘပ်မဌာနချုပ်အတု တည်ဆောက်ခြင်း၊ ကြေးနန်းအတုများကို ထုတ်လွှင့်ခြင်းသည်လည်း ဂျပန်တို့ကို လုံးဝအငိုက်မိစေခဲ့သည်။

ဧရာဝတီမြစ်ကို ဖြတ်ကူးရာတွင်လည်း အချိန်ဆိုင်းဘဲ ရသည့်အခွင့်အရေးကို လက်မလွှတ်စတမ်း အမြတ်ထုတ်အသုံးချကာ လျင်မြန်စွာဖြတ်ကူးခဲ့သည်။ မြစ်ဖြတ်ကူးမှုကိုလည်း ယောင်ပြဖြတ်ကူးမှုများဖြင့် လှည့်စားထားခဲ့ရာ မဟာမိတ်တို့၏ ကြံရွယ်ချက်ကို ဂျပန်တပ်မှူးကြီးကိမူရာသည် အချိန်လွန်မှ သိရှိခဲ့ရသည်။ ဤသည်မှာ စစ်မဟာဗျူဟာမြောက် အငိုက်ရရှိခြင်းဖြစ်သည်။ တောကျွမ်းသည်ဆိုသော ဂျပန်တပ်များ သည် တောလမ်းမှာပင်



www.burmeseclassic.com

www.burmeseclassic.com



အငိုက်မိခံခဲ့ကြရသည်။

ဗြိတိသျှတပ်မှူးကြီးအဆင့်ဆင့်တို့သည် ညွှန်ကြားချက်ကို တရားသေစွဲကိုင်မထားဘဲ အခွင့်အလမ်း ကောင်းကို အသုံးချသွားနိုင်ကြသဖြင့် ၄င်းတို့၏ မူလစီမံချက်များမှာ ပြောင်းလွယ်ပြင်လွယ်ရှိသည်ဟု ဆိုနိုင်သည်။ ထို့အပြင် မိတ္ထီလာကို တိုက်ခိုက်ရာတွင် အမှတ်(၁၇)အိန္ဒိယတပ်မကို တစုတစည်းတည်း အသုံးချပြီး ၄င်း၏စစ်နံများအား လုံခြုံ အကာအကွယ်ပေးနိုင်ခဲ့သဖြင့် စစ်အောင်ရသောအကြောင်းကြီးများဖြင့် ကိုက်ညီသည်ဟုဆိုနိုင်သည်။

ဗြိတိသျှရှေ့တန်းတပ်များ၏ အုပ်ချုပ်ထောက်ပံ့မှုကို နောက်ပိုင်းမှနည်းမျိုးစုံဖြင့် အလျင်မီအောင် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ လေကြောင်းပို့ဆောင်ရေးကဏ္ဍလည်း ထိရောက်တွင်ကျယ်စွာ အသုံးပြုခဲ့သည်။ အင်ဖာကိုဟီးမားမှ မိတ္ထီလာအရောက် မိုင် ၃၀၀ မျှသော ခရီးကိုကျော်ဖြတ်၍ ထောက်ပံ့ရေးပစ္စည်းများကို ထိရောက်စွာပေးပို့နိုင်ခဲ့သည်။ ဗြိတိသျှတပ်မတော်၏ အစဉ်အလာအတိုင်း အုပ်ချုပ်ထောက်ပံ့မှုကို အလေးပေးခဲ့ခြင်းသည် မိတ္ထီလာတိုက်ပွဲကို ကောင်းစွာအကျိုးပြုစေခဲ့၏။

မိတ္ထီလာမြို့တွင်းကို တိုက်ခိုက်သိမ်းပိုက်ချိန်တွင်







မိတ္ထီလာတိုက်ပွဲတွင်ပါဝင်ခဲ့သည့် ဗြိတိသျှအမှတ်(၂၅၅) သံချပ်ကာတပ်မဟာမှ တင့်ကားများ

www.burmeseclassic.com



၁၉၄၄ခုနှစ် ကလေး-တမူးလမ်းတစ်နေရာတွင်တွေ့ရသည့်ဗြိတိသျှစစ်ကားများ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ခြေလျင်၊ တင့်နှင့် အမြောက်တပ်ဖွဲ့များအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အပြန်အလှန် အထောက်အကူပြုနိုင်သလို အပြန်အလှန် နားလည် မှုရှိခြင်းကြောင့် ဂျပန်အနိုင်အမာစခန်းများမှာ တစ်ခုပြီးတစ်ခုဖြိုတိသျှ များ၏ချေမှုန်းခြင်းကို ခံခဲ့ရသည်။

မိတ္ထီလာမြို့ကို သိမ်းပိုက်နိုင်ခြင်းသည် မိတ္ထီလာ တိုက်ပွဲပြီးဆုံးခြင်းမဟုတ်ပေ။ မိတ္ထီလာတိုက်ပွဲကြီးကို အထောက်အကူပြု စစ်ကစားမှုများ၊ တိုက်ပွဲငယ်များ ဧရာဝတီအနောက်ဘက်ကမ်းရှိ လက်ဆယ်မှညောင်ဦး၊ မြင်းခြံ၊ တောင်သာ၊ ချောက်မြို့များအထိ ကျယ်ပြန့်သည့် တိုက်ပွဲဖြစ်စဉ်များသည် မိတ္ထီလာတိုက်ပွဲ၏ အနိုင်အရှုံးကို အဆုံးအဖြတ်ပေးသော တိုက်ပွဲဖြစ်စဉ်များဖြစ်ကြ၏။

အလားတူပင် မိတ္ထီလာမြို့အား ဂျပန်တို့က တန်ပြန်တိုက်စစ်ဆင်ရန် ပြင်ဆင်ချိန်တွင် အမှတ်(၁၇) အိန္ဒိယတပ်မ၏ လှုပ်ရှားခံစစ်သည် အထူးထိရောက်ခဲ့သည်။ မြို့ပတ်ဝန်းကျင် မိုင်၂၀အတွင်း ထွက်၍လှုပ်ရှား တိုက်ခိုက်ခြင်းဖြင့် ဂျပန်တပ်များစုစည်းမှုကို များစွာ အနှောင့်အယှက် ပေးနိုင်ခဲ့သည်။ မုံရွာရှိ အမှတ် (၁၄)တပ်တော်ဌာနချုပ်မှ ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များသည် ရန်သူ့ရေဒီယို ဆက်



www.burmeseclassic.com

www.burmeseclassic.com



သွယ်မှုများကို ကြားဖြတ်နားထောင်ကာ ရပ်ညွှန်းရှာ တည်နေရာဖော်ထုတ်ပေးနိုင်ခဲ့သဖြင့် ဘုရင့်လေတပ်မတော် နှင့် ကြည်းတပ်တပ်ဖွဲ့များက လိုက်လံတိုက်ခိုက်နိုင်ခဲ့သည်။ သို့အတွက် ဂျပန်တို့သည် မိတ္ထီလာကို တန်ပြန်တိုက်ခိုက်ရန် စုဖွဲ့ထားသော တပ်မနှစ်တပ်ကို အပြည့်အဝစုစည်း အသုံးပြုနိုင်ခြင်းမရှိတော့ချေ။ ထို့ကြောင့်လည်း ဂျပန်တို့သည် တန်ပြန်တိုက်စစ်ကို အောင်မြင်စွာမဆင်နွှဲနိုင်တော့ခြင်းဖြစ်၏။

## ဂျပန်တို့၏ စစ်မဟာဗျူဟာနှင့် စစ်နည်းဗျူဟာ

ဂျပန်တို့သည် မြန်မာပြည်အလယ်ပိုင်း ကာကွယ်ရေးတွင် မန္တလေးမြို့ကို အချက်အချာဟုယူဆပြီး မန္တလေး တစ်ဝိုက်တွင်သာ တပ်များစုရုံးခဲ့သည်။ ထို့အပြင် မဟာမိတ်တပ်များအား မြစ်ကူးပြီးမှစောင့်ကြိုတိုက်ခိုက်ရန် စီမံထားခြင်းဖြင့် ရန်သူ့ခြေအကြွကို စောင့်မျှော်ခဲ့သည်။ ဧရာဝတီမြစ်တစ်ဖက်ကမ်းကာကွယ်ရေးတွင်လည်း ခံစစ်သေမထားဘဲ လှုပ်ရှားခံစစ်ဆင်ခြင်းဖြင့် ရန်သူမြစ်ကူးမည့် နေရာကိုပိတ်ဆို့ရန် ရည်မှန်းခဲ့သည်။ ယင်းရည်မှန်းချက်သည်လည်း မိတ္ထီလာတိုက်ပွဲသာမဖြစ်ပွားခဲ့ပါက ဂျပန်တို့မျှော်မှန်းထားသည့်အ





တိုင်းဖြစ်လာနိုင်သည်။ မဟာမိတ်တို့မှာ မြစ်ကူးခြေကုပ်စခန်းများအတွင်းမှ ဖောက်ထွက်နိုင်ရန် အတော်ပင် ကြိုးပမ်းခဲ့ရသည်။ မိတ္ထီလာတိုက်ပွဲသာ မဖြစ်ပွားခဲ့ပါက ဖောက်ထွက်နိုင်မည်မဟုတ်ချေ။ ဤသည်မှာ ဂျပန်တို့၏ စစ်မဟာဗျူဟာအရ လှုပ်ရှားခံစစ်ကို ထိရောက်စွာ အသုံးပြုနိုင်ခြင်းဖြစ်၏။

ဂျပန်တို့က မန္တလေးတစ်ဝိုက်တွင် အဆုံးအဖြတ်တိုက်ပွဲဆင်နွှဲရန် ရည်မှန်းခဲ့သော်လည်း မိတ္ထီလာတိုက်ပွဲကြောင့် ထိုရည်မှန်းချက်ပျက်ပြားခဲ့ရသည်။ ထို့ကြောင့် မိတ္ထီလာတိုက်ပွဲသည် ဂျပန်တို့၏ မြန်မာပြည်ကာကွယ်ရေးစစ်မဟာဗျူဟာကို ပျက်ယွင်းသွားစေသော တိုက်ပွဲဖြစ်လေသည်။

ဂျပန်တပ်များသည် တန်ပြန်တိုက်စစ်၊ ခံစစ်များတွင် အစဉ်အလာကို ထိန်းသိမ်းပြီး ကြောက်ခမန်းလိလိ ရဲရဲဝံ့ဝံ့ အသေခံတိုက်ခိုက်ခဲ့ကြသည်။ မိတ္ထီလာမြို့တွင် ခံစစ်ပြင်ရန် ရက်အနည်းငယ်သာ အချိန်ရ သော်လည်း ရသမျှအချိန်ကို ကောင်းစွာအသုံးချကာ အချိန်တိုအတွင်း ထိရောက်စွာ ခံစစ်ပြင်နိုင်ခဲ့သည်။ ရသမျှတပ်အင်အားကို စုစည်းခဲ့ကြသည်။ ရသမျှလေယာဉ်ပစ်အမြောက်များ ကိုထုတ်၍ ဆင့်ပျက် ရန်စီစဉ်နိုင်ခဲ့သည်။ မိတ္ထီလာတိုက်ပွဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တပ်သားအများစုမှာ အုပ်ချုပ်ရေး၊ထောက်ပံ့ရေး တပ်သားများနှင့် လေတပ်သားများဖြစ်ကြသဖြင့် ခြေလျင် တပ်များလောက် တိုက်ရည်ခိုက်ရည်မရှိဟု ထင်မြင်ဖွယ်ရာ ရှိပေသည်။ သို့ရာတွင် တကယ်တမ်း တိုက်ခိုက်ရသောအခါ ဤအုပ်ချုပ်ထောက်ပံ့ရေးတပ်များနှင့် လေတပ်သားများသည် ဂျပန်ခြေလျင်တပ်သားများနည်းတူ မတွန့်မဆုတ် ရဲရဲဝံ့ဝံ့ အသက်စွန့်တိုက်ခိုက်နိုင်ခဲ့ကြသည်ကို ချီးကျူးဖွယ်ရာ တွေ့မြင်ခဲ့ရပေသည်။

မိတ္ထီလာကျဆုံးပြီးသည်တွင် ဂျပန်ဗိုလ်ချုပ်ကြီး ကိမူရာသည် တွေဝေခြင်း၊ စိတ်ပျက်ခြင်း မရှိဘဲ မိတ္ထီလာကို ချက်ချင်းတန်ပြန် တိုက်စစ်ဆင်ရန် စီမံခဲ့၏။ မဟာမိတ်တို့က ဤအချက်ကို ကြိုတင်မျှော်တွေးကာ ဌာနချုပ်များကို တိုက်ခိုက်ခြင်း၊ မိတ္ထီလာပတ်ဝန်းကျင်တွင် လှုပ်ရှားစိုးမိုးထားခြင်းတို့ကြောင့်သာ ၎င်း၏တန်ပြန်တိုက် စစ်စီမံချက်များ ပျက်ပြားခဲ့ရသည်။ ဂျပန်ဗိုလ်ချုပ်ကြီး ကိမူရာအား ဗြိတိသျှ ဗိုလ်ချုပ်ကြီးများကအထူးပင် လေးစားချီးကျူးခဲ့ကြသည်။ ဗြိတိသျှတပ်မှူးကြီးများက မိတ္ထီလာတပ်မှူးဗိုလ်ချုပ် ကာဆူယာကိုလည်း အထူးချီးကျူးကြသည်။ ရသမျှ အချိန် တိုအတွင်း မိတ္ထီလာမြို့ကို အခိုင်အမာခံစစ်အဖြစ် အုပ်ချုပ်





ထောက်ပံ့ရေးတပ်သားများ လေတပ်သားများဖြင့် တည် ဆောက်နိုင်သည့်စွမ်းရည်ကို မှတ်တမ်းတင်ကြသည်။

မည်သို့ပင်ဆိုစေကာမူ မိတ္ထီလာမြို့ကျဆုံးပြီးနောက် ဂျပန်တို့၏ တန်ပြန်တိုက်စစ်သည် မဟာမိတ်တပ်များ နှိမ်ရသည့်အခြေအနေအထိမူ ဆိုက်ရောက်စေခဲ့သည်။

မိတ္ထီလာတိုက်ပွဲသည် မိတ္ထီလာမြို့နေရာကွက်ကွက် ကလေးတွင်ဖြစ်ပွားသော တိုက်ပွဲကို လေ့လာရုံဖြင့်မလုံ လောက်ပါ။ မိတ္ထီလာကိုသိမ်းပိုက်ရန်စလင်း၏ တပ်တော် (၁၄)မှ အမှတ်(၄) တပ်မကြီး၏ လျှို့ဝှက်ပိရိစွာ ချီတက်မှု၊ ဧရာဝတီမြစ်ဖြတ်ကူးမှုနှင့်မြို့ကိုတိုက်ခိုက်မှုတို့အပြင် သက်ဆယ်၊ တောင်သာ၊ မြင်းခြံ၊ချောက်နှင့်ပုဂံညောင်ဦး တိုက်ပွဲများကိုပါထည့်သွင်းဆင်ခြင်မှသာ စစ်ရေး သင်ခန်းစာ များရယူနိုင်မည်ဖြစ်ပါသတည်း။

## မန္တလေးမြို့သိမ်းတိုက်ပွဲ

ဗိုလ်ချုပ်ကြီး စလင်းသည် ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာ လ ပထမပတ်တွင် ၎င်း၏အမှတ်(၁၄)တပ်တော် ထိုးစစ်များ ကို စတင်ဆောင်ရွက်ခဲ့၏။ ဧရာဝတီမြစ် အနောက်မှ



www.burmeseclassic.com

www.burmeseclassic.com



အရှေ့သို့ ၎င်း၏တပ်များကို ဖြတ်ကူးပြီးသည်နှင့် မိတ္ထီလာနှင့်မန္တလေးအား တိုက်ခိုက်သိမ်းပိုက်ရန် ရှေးဦးမဆွကပင် စီစဉ်ခဲ့လေသည်။ ဂျပန်များက သူ၏ထိုးစစ်အား ရွှေဘို လွင်ပြင်၌ အကြီးအကျယ် ခုခံဖို့မရှိခဲ့ချေ။ ထို့ကြောင့် ၎င်း၏တပ်များကို မန္တလေး၏ အနောက်ဘက်နှင့် မြောက်ဘက်တို့မှဖြတ်ကူးပြီး မန္တလေးနှင့်မိတ္ထီလာတို့အား တိုက်ခိုက်ရန် စီမံခဲ့လေသည်။ အမှတ်(၃၃)တပ်မကြီးမှ မန္တလေးကို တိုက်ခိုက်သိမ်းပိုက်ရန်နှင့် အမှတ် (၄) တပ်မကြီး သည် မိတ္ထီလာကို တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်သည်။ အမှတ် (၃၃) တပ်မကြီးဝ၌ တင့်ကားတပ်ရင်းများနှင့်အတူ အမှတ် (၁၉) ခြေလျင်တပ်မပါဝင်၏။ အမှတ်(၃၃)တပ်မကြီးသည် ရွှေဘို လွင်ပြင်အတိုင်း ဆင်းသက်လာ၍ မတ်လ ဒုတိယပတ်၌ ဧရာဝတီမြစ်ကို ဖြတ်ကူးပြီး မန္တလေးကို ဝိုင်းပတ်ပိတ်ဆို့ တိုက်ခိုက်လေတော့သည်။

ဧရာဝတီမြစ်ကို အစောဆုံး ကူးဖြတ်ခဲ့သော တပ်မ ဖြစ်သည့် ဗိုလ်ချုပ်ရီးစ်၏တပ်မ(၁၉)သည် မန္တလေးမြို့တော် ပြန်လည်သိမ်းပိုက်ရေးဟူသော ပေးထားသည့် ရည်မှန်းချက် ကို ပထမဦးဆုံး တိုက်ယူနိုင်လိုက်သော တပ်မလည်းဖြစ်ပေ သည်။ ၄/၄ ဂေါ်ရခါးတပ်ရင်းက မန္တလေး တောင်ထိပ်





သိမ်းပိုက်ပြီးသောအချိန်၌ပင် တောင်စောင်းများကို ဖောက်၍ တူးထားသော ဥမင်လိုဏ်ခေါင်းများထဲမှ ဂျပန်တို့က စောင့်၍ ၎င်းတို့ကို ထိုးစစ်ဆင်ခဲ့ သူများအား လစ်လျှင်လစ် သလို ထွက်၍ချောင်းပစ်လျက် စက်သေနတ် ဖြင့်မွှေ့ယမ်း လျက်ရှိကြသည်။ အကြမ်းမဖက်ရေးနှင့်ငြိမ်း ချမ်းရေး သဘောတရားများကို ဖော်ဆောင်လျက်ရှိသော စေတီပုထိုး များတည်ရာမြေဖြစ်သည့် ၎င်းတောင် ကုန်းတွင် ကွန်ကရစ်ခံ ကတုတ်များကို ယမ်းဘီလူးဖြင့် ဖောက်ခွဲကာပေါ်လာသည့် အက်ကွဲကြောင်းများထဲသို့ ဓာတ်ဆီလောင်း၍ အချက် ပြမီးကျည်ပစ်ထည့်ကာ မီးမြှိုက်လိုက်ရသလို အချို့ ကတုတ် များရှိ သံမဏိတံခါးကြီးများကို တင့်ကား ပစ်ကျည်များဖြင့် ဖြိုခွင်းပြီးနောက် ဓာတ်ဆီပီပါလိုက် လိမ့်သွင်းကာ လက်ပစ် ဗုံးပစ်ထည့်ဖောက်ခွဲခြင်း စသည့်နည်းများဖြင့်ရှင်းလင်း လိုက် ကြရသည်။ သို့နှင့်မတ်လ ၁၂ ရက်တွင်မန္တလေးတောင်ကို ရှင်းလင်းပြီးဖြစ်သွားသည်။ ဗိုလ်ချုပ်ရီးစ်က လေကြောင်းမှ စက်သေနတ်ဖြင့် ဂျပန်ခံစစ်စခန်းကို ပယ်ပယ်နယ်နယ် ပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း သာသနိကအဆောက်အအုံ များကို ဗုံးကြဲခွင့်မပေးခဲ့။ ဤသို့မကန့် သတ်ထားပါက ဒီ့ထက်စော၍ မန္တလေးတောင်ကို ရှင်းနိုင်ခဲ့ ဖွယ်ရာရှိသည်



www.burmeseclassic.com

www.burmeseclassic.com



ဟု အိန္ဒိယကြည်းတပ်စစ်သမိုင်း၌ ဖော်ပြထားပေသည်။

ဗိုလ်ချုပ်ရီးစ်သည် အရာရှိငယ်ဘဝဖြင့် မန္တလေး၌ တာဝန်ထမ်းဆောင်ခဲ့ဖူးရာ ဤသာသနိက အဆောက်အအုံများ၏ အရေးပါမှုကို သဘောပေါက်မိခြင်းကြောင့် ဤအသိတရားဖြင့် ဆုံးဖြတ်ခဲ့ဖွယ်ရာရှိပေမည်။ အဘယ့်ကြောင့်ဆိုသော် စစ်သမိုင်းဆရာ ကော်မွတန်မက္ကင်ဇီက အိန္ဒိယကြည်းတပ် စစ်သမိုင်းရေးသားရန် ၁၉၄၇ ခုနှစ်၌ မန္တလေးသို့ ရောက်ခဲ့စဉ်က မန္တလေးတောင်ကို ရှင်းရာ၌ တောင့်ကုန်းတစ်ခုလုံးကို မဖြိုမိစေဘဲ ရှင်းရသည်မှာ မည်မျှခဲယဉ်းလှကြောင်း ဂေါ်ရခါးတပ် တပ်ရင်းမှူးတစ်ဦးက ပြောရင်းနှင့် (အီတလီနိုင်ငံ) ကက်ဆီနို (ဘုန်းတော်ကြီးကျောင်းတိုက်) ကို အမေရိကန်တပ်တွေ ရှင်းလင်းစဉ်က ၎င်းတို့ထိန်းထိန်းသိမ်းသိမ်း ရှင်းခဲ့သလိုသာ ရှင်းခဲ့ကြရင် အကောင်းသားဟု သူ့သဘောထားပေးခဲ့ခြင်းကို စဉ်စားရန်ရှိပေသည်။ ဆက်၍ ဒပ်ဖရင်ခံတပ်ဆီသို့ ရီးစ်၏တပ်များဦးတည်ကြသည်။ နန်းမြို့ရိုးကို ၅.၅ လက်မ၊ ဟောင်ဝစ်ဇာအမြောက် ကြီးများဖြင့် ဖြိုခွင်း၍ ဝင်ပေါက်ဖောက်ကြသည်။ မိုးကြိုးသွား ဗုံးကြဲတိုက်လေယာဉ်များဖြင့် ကျုံးတောင်ဘက်ပိုင်းတံတားကို ဗုံးကြဲကြသည်။ ထို့နောက် ၈/၁၂ နယ်ခြား





တပ်နှင့် ၁/၆ ဂေါ်ရခါးတပ်တို့က ချဉ်းကပ်ရန် ကြိုးစားကြသည်။ ဤတွင်ဂျပန်တို့က ပြင်းပြင်းထန်ထန်ခုခံပြီး ဂေါ်ရခါးခြေလျင်တပ်နှင့် ပူပေါင်းတိုက်စစ်ဆင်နေသော ဘင့်ကားများကို ဆက်မတိုက်နိုင်အောင် ဂျပန်အမြောက်များက တားထားနိုင်ခဲ့သည်။ နောက်ရက်များတွင် ဗြိတိသျှအမြောက်ကြီးများက နန်းမြို့ရိုးကို ဆက်ဖြိုရန် ကြိုးစားသော်လည်း ပေ(၅၀) အထုရှိသော နောက်ခံမြို့ရိုးများကို ထွင်းဖောက်နိုင်ချေ။ ဤတွင် ဗိုလ်ချုပ်ရီးစ်က ဂျပန်သူရဲကောင်းဝတ္ထုများ၌ ကိုယ်ရောင်ဖျောက်၍ တိတ်တဆိတ်ချဉ်းကပ်သတ်ဖြတ် တတ်သော 'နင်းဂျား'တို့၏ နည်းဗျူဟာကို ကျင့်သုံးရန် တွေးမိသည်။

"ကျွန်တော်ရည်မှန်းတာကတော့ အငိုက်ဖမ်းတိုက်ဖို့ပဲ။ သိုသိုသိပ်သိပ် တိတ်တဆိတ်ထွက်ပြီး ခြေကုပ်ဘက်ယူဖို့ပဲ။ အတင်းအဓမ္မ ဖြစ်ချင်ရာဖြစ်သဘောနှင့် ရမ်းကာဝင်ဖို့မဟုတ်ဘူး။ ရန်သူက ပြင်ဆင်ထားပြီး အသင့်စောင့်နေလို့ အထိအနိုက်များမယ်ဆိုရင် အငိုက်မရဘူးဆိုရင် အတင်းဝင်တိုက်မှာ မဟုတ်ဘူး"

ဟု သူ့သဘောထားကို ပြောကြားခဲ့သည်။

ဤစစ်ဆင်ရေးတာဝန်ကို တပ်မဟာ(၆၄) မှ ၁/၅



www.burmeseclassic.com

www.burmeseclassic.com



ပန်ဂျပ်တပ်ရင်းနှင့် ၈/၁၂ နယ်ခြားတပ်ရင်းတို့ကို တိုက်လှေ
များဖြင့် ကျုံးကိုဖြတ်၍ ပို့ပေးမည်ဖြစ်ပြီး၊ လှေကားများ၊
နဂါးစက်လက်နက်များ တပ်ဆင်ပေးကာ စက်သေနတ်
တပ်ခွဲတစ်ခွဲက ပစ်ကူပေးမည်ဖြစ်သည်။မတ်လ ၁၇ ရက်
ည ၂၂း၀၀ နာရီတွင် စထွက်ပြီး မြို့ရိုးအရှေ့မြောက်နှင့်
အနောက်မြောက်ထောင့်များသို့ ချဉ်းကပ်မိကြသည်။ သို့သော်
အမြောက်မှန်၍ ပြိုပျက်နေသည့်နေရာများမှ တိုး
ဝင်ရန်ချဉ်းကပ်သည့်အခါတွင် ဂျပန်တပ်များ၏ ပစ်ခတ်မှု
ကြောင့် လှေတစ်စင်းနစ်သွားသည်။ နောက်တစ်နေ့ နံနက်
လင်းအားကြီးတွင် အနောက်မြောက်ထောင့်ရှိ မီးရထားတံ
တား၌ ခြေကုပ်ယူထားသောတပ်စုမှာ ရန်သူကအတင်းဖိပစ်
သဖြင့် မခံနိုင်ဘဲ၊ ပြန်ခွာလာရသည်။ နဂါးစက်များကလည်း
ထိရောက်မှုရှိမည့် အကွာအဝေးအထိ မချဉ်းကပ်နိုင်ကြသ
ဖြင့် နေထွက်လာလျှင် မြို့ရိုးပေါ်ရှိနေသူမှန်သမျှ လွတ်နိုင်
မည်မဟုတ်ဟု သုံးသပ်မိသဖြင့် ၀၃း၃၀ နာရီတွင် ဗိုလ်ချုပ်
ရီးစ်က ထိုးစစ်ကို ရုပ်သိမ်းလိုက်သည်။

ဤသို့ တိုးမပေါက်သည့်နောက်တွင် ဗြိတိသျှလေ
ယာဉ်များကဆက်လက်ဗုံးကြဲပြီး ဖလက်မအချင်းရှိ ဟော်ဝစ်
ဇာအမြောက်ကြီးများဖြင့် မြောက်ဘက်နှင့်အရှေ့ဘက်၌ မြို့





ရိုးကို ၁၇နေရာတွင် ဖြိုဖျက်ခဲ့သည်။ ထို့ပြင် ဘီ၂၅လေယာဉ်
များမှ ရှေ့ကာက်များပစ်လွှတ်၍ မြို့ရိုးကြီးများကို ဖြိုဖျက်ရာ
ရှေ့ကာက်ထိမှန်သော နေရာများ၌သာ ၁၅ ပေကျယ်သော
အပေါက်ကြီး ပေါက်သွားသည်မှအပ ထူခြားမှုမရှိချေ။

သို့သော် ကံအားလျော်စွာပင် မတ်လ(၂၀) ရက်နေ့
မွန်းလွဲပိုင်းတွင် လေကြောင်းမှ တိုက်ခိုက်၍အပြီး ယခင်
အဖမ်းခံနေရသော အင်္ဂလိပ်စစ်သုံ့ပန်း(၄)ဦးတို့က အလံ
ဖြူတစ်ဖက်၊ ယူနီယန်ဂျက်အလံတစ်ဖက်ကိုင်ပြီး မြောက်
ဘက်တံခါးမှ ထွက်လာကြသည်။ ဖြစ်ပုံမှာ ဂျပန်အမှတ်
(၁၅)တပ်တော်မှူး ကာတာမူရာက အိန္ဒိယတပ်မ(၁၇) သည်
မြန်မာပြည်အလယ်ပိုင်းသို့ ထိုးဖောက်ထားပြီးဖြစ်သည့်
အတိုင်း မိမိတပ်များ စိတ်ဓာတ်မကျဆင်းစေရန် တပ်ရင်းကြီး
(၅၁) နှင့် (၆၀) တို့ကို တပ်မ (၁၉) အား နောက်ဆုံးပွဲတစ်ပွဲ
တိုက်ပြီးလျှင် ဆုတ်ခွာခွင့်ပြုကြောင်း မတ်လ(၁၈) ရက်နေ့
ကပင် အမိန့်ပေးပြီး ဖြစ်လေသည်။ တပ်ရင်းကြီး (၆၀)က
အစိုးရစိုက်ပျိုးရေးဝင်းကို နေရာယူထားပြီးနောက် မတ်လ
(၁၉) ရက်နေ့ညတွင် တပ်တော် (၁၅) ၏ပင်မတပ်များ
သည် ကျုံးအောက် ပိုက်လိုင်းများမှတစ်ဆင့် ဖောက်ထွက်
ဆုတ်သွားခဲ့ပြီဖြစ်လေသည်။



www.burmeseclassic.com

တပ်မ(၂) တပ်မဟာ (၅)မှ ဗိုလ်မှူးချုပ်မိုက်ကယ်ဝက်စ်သည်လည်း ၎င်းနှင့်အတွဲဖြစ်သော တပ်မ(၁၉) မှ တပ်မှူးနှင့် ဆက်သွယ်ရန် တာဝန်ပေးချက်အရ ဒေါ်ဆက် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးပို့က်နှင့်အတူတင့်ကား၊ ခြေလျင်တင်သံချပ်ကာယာဉ်များပါလျက် မတ်လ(၂၁)တွင်ထွက်လာရာတပ်ထိန်းတစ်ဦးက ယောင်တီးယောင်တောင်နှင့် နန်းမြို့ဘက်သို့ ညွှန်လိုက်သဖြင့် ပျက်စီးနေသော နန်းတော်အဆောက်အအုံများကို ဖြတ်၍ အစိုးရအိမ်တော်နေရာ၌ အောင်ပွဲစစ်ရေးပြအတွက် တန်းစီလျက်ရှိသော တပ်မ (၁၉) တပ်များရှိရာသို့ တန်းရောက်သွားကြလေတော့သည်။ ဒေါ်ဆက်တပ်မှူးပို့က်ကမူ

"ကျွန်တော်တို့တပ်မက ကျွန်တော် တပ်ရင်းနဲ့ နောက်တပ်ရင်းတစ်ရင်းပဲ ဒီမန္တလေးတိုက်ပွဲမှာပါခဲ့တဲ့အတွက် ဒီပွဲကိုဖိတ်စာမရဘဲ အတင်းတက်ပြီး တပ်မကိုယ်စားပြုခွင့်ရလိုက်တာဟာ ကံကောင်းတယ်လို့ ဆိုရမှာပဲ" ဟု ပြောခဲ့သည်။

တပ်မဟာ (၇၂) ရောက်လာသည်နှင့် ဒပ်ဖရင်ခံတပ်ပေါ်တွင် ဗြိတိသျှအလံကိုတင်လိုက်ကြသည်။ စလင်း၏အဆိုအရ ဗိုလ်ချုပ်ရီးစ်ကိုယ်တိုင် အလံတင်ခဲ့သည်ဟု





သိရ၏။ ထိုမန္တလေးမြို့သိမ်းတိုက်ပွဲ၌ တပ်မတစ်ခုမက ပါဝင်ခဲ့ကြောင်းထင်ရှားစေရန် စလင်းကအလံတင် အခမ်းအနားကို နောက်တစ်ကြိမ် ကျင်းပရင်း "မန္တလေးမြို့တော်ကို သိမ်းပိုက်နိုင်ခဲ့ခြင်းမှာ မြို့တော်တွင် ဆင်နွှဲခဲ့သော စစ်ဆင်ရေးသာမက မိတ္ထီလာနှင့် အခြားနေရာများ၌ ဝင်ခဲ့သော စစ်ဆင်ရေးများ၏ အကျိုးရလဒ်လည်း ဖြစ်ပေသည်။ ကျွန်ုပ်ကွပ်ကဲမှုအောက်ရှိ တပ်မအားလုံးသည် သူ့သက်ဆိုင်ရာအခန်းမှ ပါဝင်ခဲ့ကြသည်ချည်းဖြစ်၍ ကြည်းတပ်မတော်၏ အောင်ပွဲပင်ဖြစ်သည်။ ဤ အချက်ကို အားလုံးသိအောင် ဖော်ထုတ်ရန် သင့်မြတ် သည်ဟုလည်း ကျွန်ုပ်ထင်မြင်ပါသည်" ဟုဆိုခဲ့လေ သည်။ ဤသို့ဖြင့် မဟာမိတ်တပ်များသည် ၁၉၄၅ ခုနှစ် မတ်လမကုန်မီ မန္တလေးမြို့ကို အပြီးအပိုင် တိုက်ခိုက်သိမ်းပိုက်လိုက်နိုင်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

## မြန်မာပြည်အလယ်ပိုင်းမှ သံချပ်ကာ စစ်ဆင်ရေးများ

မြန်မာပြည်အား ပြန်လည်သိမ်းပိုက်သည့် တိုက်ပွဲစဉ်များတွင် ဗိုလ်ချုပ်ကြီးစလင်းသည် သံချပ်ကာ တပ်များအားထည့်သွင်းအသုံးပြုခဲ့၏။ မြန်မာပြည်သည် တောတောင်ထူထပ်ပေါများသဖြင့် တင့်ကားနှင့် သံချပ်ကာကား အသုံးပြုရန် များစွာကန့်သတ်ချက်ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ရွှေဘိုလွင်ပြင်နှင့် မိတ္ထီလာလွင်ပြင်ဒေသများတွင်ကား တင့်ကားနှင့်သံချပ်ကာကားများ အသုံးချနိုင်သော အခြေအနေရှိ၏။ ထို့ကြောင့် ထိုဒေသများတွင်ဂျပန်တို့ မြန်မာနိုင်ငံအား သိမ်းပိုက်စဉ်ကလည်း သံချပ်ကာကားနှင့်တင့်ကားများ အတန်အသင့်ပါဝင်ခဲ့၏။ ယခု မဟာမိတ်တို့ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်သည့် တိုက်ပွဲစဉ်များ၌ အင်္ဂလိပ်တို့ဘက်မှ သံချပ်ကာကားနှင့် တင့်ကားများကို အသုံးပြုခဲ့ကြ၏။

ဤတိုက်ပွဲစဉ်များ၌ မြန်မာပြည်အလယ်ပိုင်း တိုက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



များတွင် ဗိုလ်ချုပ်ကြီးစလင်း၏ အမှတ်(၁၄) တပ်တော်မှ တင့်ကားနှင့်သံချပ်ကာကားများမည်ကဲ့သို့အသုံးချသွားသည် ကို လေ့လာနိုင်ရန်အတွက် မြန်မာပြည်အလယ်ပိုင်း သံချပ် ကာ စစ်ဆင်ရေးကို ထည့်သွင်း ဖော်ပြအပ်ပါသည်။


## တိုက်ပွဲအတွက် ဖွဲ့စည်းခြင်း (စစ်အင်္ဂါစဉ်)

မြန်မာပြည်အလယ်ပိုင်းစစ်မြေပြင်၌ စစ်ဆင်နွှဲ ရသော ဗိုလ်ချုပ်ကြီးစလင်း အမှတ်(၁၄)တပ်တော်၏ ၁၉၄၅ ခု၊ ဒီဇင်ဘာလစုဖွဲ့ပုံမှာ အမှတ်(၄) တပ်မကြီး၊ အမှတ် (၃၃)တပ်မကြီးဟူသော တပ်မကြီး၂တပ်နှင့် အောက်ဖော် ပြပါ သံချပ်ကာတပ်ဖွဲ့များပါဝင်ကြသည်။

## တပ်တော်ပိုင်တပ်များ

* အမှတ် (၈) အသေးစားမြင်းတပ် (ကေဗွီဂျီအို)
* အမှတ် (၁၁) မြင်းတပ် (ပီအေဗွီအို)။






မြန်မာပြည်သိမ်းစစ်ဆင်ရေးတွင် ပုံပါအတိုင်း မိတ္ထီလာလွင်ပြင်၌ ဗြိတိသျှတို့က သံချပ်ကာစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့သည်

www.burmeseclassic.com



အမှတ်(၄)တပ်မကြီး (ဒုဗိုလ်ချုပ်ကြီး မက်ဆာဗီ)

* အမှတ် (၂၅၅) တင့်ကားတပ်မဟာ (ရှားမင်းတင့်ကားများ)
* အမှတ် (၁၁၆) အာရ်အေစီ တပ်ရင်း၊
* အမှတ် (၅) မြင်းတပ် (ဘုရင့်ဒက်ကန်)
* အမှတ် (၁၆) အသေးစားမြင်းတပ် (သံချပ်ကာများ)
* အမှတ် ၄ /၄ ဘုံဘေဂရင်းနိတ်ဒီးယား (ခြေလျင်တပ်)

အမှတ်(၃၃)တပ်မကြီး (ဒုဗိုလ်ချုပ်ကြီး စတော့ဖိုဒ်)

* အမှတ် (၂၅၄) တင့်ကားတပ်မဟာ (စတူးဝပ်လီးနှင့်ဂရန့်တင့်ကားများ(**Stuarts and Lee Grants**)
* အမှတ် (၃) ဒရက်ဂွန်းအစောင့်တပ်(**Dragon Guards**)ကာရာဘီးနီးယား (**Carabiniers**)
* အမှတ် (၁၅၀) အာရ်အေစီ (**R.A.C**)တပ်ရင်း။
* အမှတ် (၇)အသေးစားမြင်းတပ်(သံချပ်ကားများ)။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



* အမှတ်၃ /၄ ဘုံဘောဂရင်းနိုင်ဒီးယားစ် (ခြေလျင်)
* အမှတ်(၂) ကင်းထောက်တပ်ရင်း(အမှတ်၂ ဗြိတိသျှတပ်မ)။

ဂျပန်တပ်မတော်အနေနှင့် မြန်မာပြည်စစ်နယ် တစ်ဝှမ်းလုံးအတွက် သံချပ်ကာတပ်ရင်းတစ်ရင်းသာရှိပါ သည်။ တင့်ကားတပ်ရင်း (၁၃) ရင်းပါဝင်သည့် ဗြိတိသျှနှင့် အိန္ဒိယတပ်ဖွဲ့များ၏ အင်အားနှင့် များစွာကွာခြားလှပါသည်။

## စစ်ဆင်ရေးများ

စစ်ဆင်ရေးများကို လေ့လာသုံးသပ်ရာတွင် ချင်း တွင်းမြစ်နှင့် ဧရာဝတီမြစ်နှစ်သွယ်ကြားတွင် ပြုလုပ်သော အမှတ် (၂၅၄) တင့်ကားတပ်မဟာ၏ စစ်ဆင်ရေးများနှင့် မိတ္ထီလာတိုက်ပွဲကို ဆင်နွှဲခဲ့သော အမှတ် (၂၅၅) တင့်ကား တပ်မဟာ၏ စစ်ဆင်ရေးများဟူ၍ နှစ်ပိုင်းကွဲပြားသွားမည် ဖြစ်ပါသည်။

ဖော်ပြပါဒေသများအနက် ပထမပိုင်းနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးစလင်းမ်က ဤသို့ ရေးသားခဲ့ ပေသည်။

''ကျွန်ုပ်တို့၏လေတပ်နှင့် သံချပ်ကာတပ်ဖွဲ့များ





ပိုမိုအရေးသာစေနိုင်မည့် မြေပြန့်ကွင်းပြင်ဒေသတို့၌သာ ကျွန်ုပ်သည်စစ်ပွဲကို ဆင်နွှဲတိုက်ခိုက်လိုပါသည်။ ဤမြေ အနေအထားမျိုးမှာ မန္တလေးမြို့၏ အနောက်မြောက်ဖက် ကျ ကျတည်ရှိသည့် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်စပ်ကြားမှ ရွှေဘိုလွင်ပြင်ပင်ဖြစ်ပါသည်။''

ဂျပန်တို့ဘက်မှ တစ်ပန်းရှုံးချက်များကို သုံးသပ်ပြီး နောက်သူက''စစ်ရှုံးနေလင့်ကစား ဂျပန်တို့အနေဖြင့် ရွှေဘို လွင်ပြင်၌သာ တိုက်ခိုက်ကြမည်ဟု ကျွန်ုပ် ကျိန်းသေယူဆ ထားပါသည်'' ဟု နိဂုံးချုပ်ရေးသားထားပေ သည်။ သို့ဖြစ်၍ သံချပ်ကာတပ်ကို ထုထည်ကြီးစွာဖြင့် အကျိုးအရှိဆုံး အသုံး ပြုနိုင်ရေးဟူသောအချက်က လွှမ်းမိုးသွားခဲ့ကြောင်း ထင်ထင် ရှားရှား ပေါ်ထွက်လာတော့သည်။

စလင်း၏ စီမံချက်မှာ အမှတ် (၄) တပ်မကြီးသည် စစ်သောင်ပေါင်းကူးခြေကုတ်စခန်းကို ဖြတ်ကျော်ပြီး ရွှေဘိုလွင်ပြင်သို့ ဖောက်ဝင်တိုက်ခိုက်ရန်နှင့် အကယ်၍ လိုအပ်ပါက လေကြောင်းချီတပ်များဖြင့် ရေဦး၊ ရွှေဘို ဒေသတစ်ဝိုက်ရှိ ဂျပန်လေယာဉ်ကွင်းများကိုပါ သိမ်းပိုက်ရန် ဖြစ်သည်။ သံချပ်ကာတပ်ဖွဲ့များအတွက် သင့်တော်သည့် ချည်းကပ်ရာလမ်းကြောင်းများ ယခင်ကထိုဒေသတွင်



www.burmeseclassic.com

www.burmeseclassic.com



မရှိသေးသောကြောင့် အမှတ် (၁၉) တပ်မအား စစ်တောင်း ပင်လယ်ဘူးချီတက်လမ်းတစ်လျှောက်တွင် အလတ်စား တင့်ကားများ အပါအဝင် အင်အားကြီးမားသောတပ်များ ချီတက်ရေးအတွက် သင့်မသင့်ကိုလမ်းကြောင်းကင်းထောက် မှုများ ပြုလုပ်စေရသည်။ ဤသို့ကင်းထောက်နေစဉ် အမှတ် (၃၃)တပ်မကြီးအား ကလေးဝပေါင်းကူးခြေကုတ်စခန်းမှ ချင်းတွင်းမြစ်ကို ဖြတ်ကူးပြီး ရေဦးရွှေဘိုဘက်သို့ ဦးတည် ချီတက်စေသည်။ ထိုသို့ ချီတက်လမ်းမှာသံချပ်ကာ တပ်များ အတွက် သင့်တော်သောကြောင့် အမှတ် (၂၅၅) တင့်ကား တပ်မဟာအား၎င်း ချီတက်ရာလမ်းကြောင်းအတိုင်း မိခင်တပ်မကြီးနှင့်ရွှေဘိုလွင်ပြင်တွင် တွေ့ဆုံရန် ချီတက် စေလေသည်။

ဤစီမံချက်မှာ ဂျပန်များသည် မန္တလေးမြို့ကို ကာ ကွယ်ရန်အတွက် ရွှေဘိုလွင်ပြင်တွင် တိုက်ခိုက် လာလိမ့် မည်ဟူသော သုံးသပ်ဖော်ထုတ်ချက်အား အခြေခံထားခြင်း ဖြစ်သည်။ ဤကဲ့သို့သော စီမံချက်မျိုး ရှိပင်ရှိနေစေကာမူ ထက်မြက်၍ တပ်တော်မှူးအသစ်ဖြစ်သော ဗိုလ်ချုပ်ကြီး ကီမူရာအနေဖြင့် ၎င်း၏ခံစစ်ကို ဧရာဝတီမြစ်တွင် အခြေပြု လျက် လက်ယာဘက်ကမ်းပေါ်၌ ချေမှုန်းရေး မြစ်ကူးစခန်း





တစ်ခု၊ သို့မဟုတ် နှစ်ခု ထားရှိရန် ဆုံးဖြတ်လိုက်လေသည်။ သို့ဖြင့် ၎င်းချထားသည့် တပ်စခန်းများမှနေ၍ မန္တလေးမြို့၏ အရှေ့မြောက်ဘက်ရှိ တောင်တန်းဒေသများနှင့် မြင်းမူနှင့် ပခုက္ကူဖြတ်ကူးစခန်းများ ပတ်ဝန်းကျင်ရှိ ကုန်းမြေမြင့်တို့ကို ကာကွယ်မှု ပြုလုပ်နိုင်လေသည်။ ဗိုလ်ချုပ်ကြီးကီမူရာသည် ဧရာဝတီမြစ်ကို အတားအဆီးအဖြစ်ထားရှိလျက် ၎င်းခံစစ် စခန်းများကို တန်ပြန်ထိုးစစ်အတွက် အခြေချဒေသများ အဖြစ်ထားရှိရန် ကြံရွယ်ထားလေသည်။ သူသည် မြင်းမူစစ် မျက်နှာ၌ အဆုံးအဖြတ်ပေးမည့်တိုက်ပွဲကို ဆင်နွှဲရန်စီမံချက် ချထားသည်။

ဒီဇင်ဘာလ ၃ ရက်နေ့တွင် အမှတ် (၁၄) တပ်တော်၏ ထိုးစစ် စတင်ခဲ့ပြီးနောက် ဒီဇင်ဘာလလယ် လောက်ရောက်သောအခါ ဗိုလ်ချုပ်ကြီးစလင်းသည် ဂျပန် များ ရေဦး/ရွှေဘို ဒေသတို့၌ တိုက်ခိုက်ရန် ရည်ရွယ်ချက် မရှိကြောင်းကို သဘောပေါက်လာခဲ့သည်။ ထို့ကြောင့် ၎င်း၏ စီမံချက်အား ပြင်ဆင်ခဲ့ပုံကို သူသည် အောက်ပါ အတိုင်း ရေးသားခဲ့ပေ၏။

“ဤပြန်လည် (ပြင်ဆင်သည့်စီမံချက်)မှာ အမှတ် (၃၃)တပ်မကြီးအပေါ် အခြေပြုထားပြီးလျှင် ကီမူရာ၏စစ်မ



www.burmeseclassic.com

www.burmeseclassic.com



များအား အများဆုံး အင်အားစုစည်းလာစေရန်အလို့ငှာ မန္တလေးမြို့၏ အနောက်ဘက်နှင့် မြောက်ဘက်တို့မှ ရောဝတီမြစ်ကို အပြင်းဖြတ်ကူးရန် အမှတ် (၁၉) တပ်မအား အမှတ် (၃၃) တပ်မကြီးသို့ ပြောင်းရွှေ့ပေးလိုက်သည်။ ဤအချိန်၌ပင် အမှတ် (၄) တပ်မကြီးသည် တောင်ဘက် ဂန့်ဂေါချိုင့်ဝှမ်းအထိ လျှို့ဝှက်စွာ ရွှေ့ပြောင်းချီတက်၍ ပခုက္ကူမြို့ဘက်သို့ ရုတ်တရက်ရောက်ရှိလာပြီး မြစ်ဖြတ်ကူး စခန်းကို သိမ်းပိုက်ကာ သံချပ်ကာနှင့် လေကြောင်းချီတပ်များဖြင့် မိတ္ထီလာမြို့သို့ မဆိုင်းငံ့ဘဲ ပြင်းထန်စွာ တိုက်ခိုက်ထိုးနှက်သွားရန် ဖြစ်သည်''

ရွှေဘို၊ မုံရွာ၊ ပခုက္ကူမြို့တို့အား သိမ်းပိုက်ပြီး ဖြစ်ရမည့် ရက်စွဲကို ဇန်နဝါရီလ (၃၁) ရက်နေ့ဟု သတ်မှတ်ထားသည်။ ဤသို့ စီမံချက် ပြင်ဆင်လိုက်ခြင်းဖြင့် ကလေးဝ ရွှေဘိုစစ်ကြောင်းတွင် စစ်ဆင်လျက်ရှိသော အမှတ် (၂၅၄) တင့်ကားတပ်မဟာသို့သာ ထိခိုက်သွားစေပေသည်။ဤတပ်မဟာသည် ထိုးစစ်မစမီ အချိန်က တမူး၏တောင်ဘက် (၁၅) မိုင်ခန့်အကွာရှိ ဝက်တုတ်ဒေသတစ်ဝိုက်၌သာ စုရုံးနေခဲ့ပြီး၊ ကဘော်ချိုင့်ဝှမ်း အတွင်းမှ နေ၍ ကလေးမြို့နှင့် ချင်းတွင်းမြစ်ပေါ်ရှိ ကလေးဝတို့သို့ အစဦးပိုင်းချီတက်ရာ၌





ပါဝင်ခြင်းမပြုခဲ့ပေ။ ထို့နောက် ရွှေဘိုသို့ ဆက်လက်ချီတက်သည့်အဆင့်တွင် အင်းတိုင်ကြီးဘက်၌သာ စုရုံးနေခဲ့သော အမှတ် (၂၅၄)တင့်ကား တပ်မဟာမှ တင့်ကားတပ်ရင်း ၂ ရင်းကို ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းရှိ မူတိုက်သို့ လှည်းလမ်းကြောင်းအတိုင်း ဒီဇင်ဘာလ ၃၀ ရက်နေ့အပြီး ရွှေ့ပြောင်းစေခဲ့သည်။

ဇန်နဝါရီလ ၂ ရက်နေ့တွင် အမှတ် (၁၁) မြင်းတပ်ရင်းအား အမှတ် (၃၃) တပ်မကြီး၏ ကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ပေးပြီး ကလေးဝ၌ စုရုံးရန် အမိန့်ပေးခဲ့သည်။ ဘင့်ကားချိန်းကြိုးများနှင့် အင်ဂျင်စက်များကို မြိုးခြံထားနိုင်ရန်အလို့ငှာ တိကျသည့် တိုက်ခိုက်ရေးတာဝန် ထမ်းဆောင်ခြင်းမျိုးမှလွဲ၍ သံချပ်ကာတပ်များသို့ ခွဲဝေပေးမည်မဟုတ်ဟု တပ်မှူးတိုင်းသို့ ညွှန်ကြားထားလေသည်။ရွှေကျင်မှ ကဒူးမသို့ တင့်ကားတပ်မဟာအနေနှင့် တင့်ကား သယ်ဆောင်ယာဉ်များဖြင့် ရွှေ့ပြောင်းနေစဉ်အတွင်း ဒေသဆိုင်ရာ စစ်ဆင်ရေးများကို ၄၈ နာရီကြာအထိ ရပ်ဆိုင်းထားနိုင်ရန်ခွင့်ပြုခဲ့သည်။

ဤသို့ချီတက်ရာတွင် တပ်တော်မှူး၏ ပြင်ဆင်သည့် စီမံချက်အရ အမှတ်(၄)တပ်မကြီးမှ အမှတ် (၃၃)



www.burmeseclassic.com

www.burmeseclassic.com



တပ်မကြီးလက်အောက်သို့ ရောက်ရှိလာသည့် အမှတ်(၁၉)တပ်မသည် ရန်သူများ၏ သက်စွန့်ကြိုးပန်း ဟန့်စစ်ဆင်မှုများကြားမှ ပြောင်မြောက်လျင်မြန်စွာ စစ်သောင်ပေါင်းကူးခြေကုပ်စခန်းမှနေ၍ ရွှေဘိုသို့ ဇန်နဝါရီလ ၇ ရက်နေ့၌ ရောက်ရှိခဲ့သည်။ ၎င်းနောက် အမှတ်(၃၃)တပ်မကြီးသည် မန္တလေးမြို့၏ မြောက်ဘက်နှင့် အနောက်ဘက်သို့ စစ်မျက်နှာကျယ်ပြန့်စွာဖြန့်ပြီး ဧရာဝတီမြစ်ဖက်သို့ စတင်ချည်းကပ်ချီတက်တော့သည်။ ဤစစ်ဆင်ရေးများ သည် ဧရာဝတီမြစ်အား နေရာများစွာမှ ဖြတ်ကျော်ရသည့် ပြင်မြစ်ကမ်းနှစ်ဖက်စလုံးမှ ရန်သူ၏တန်ပြန်တိုက်ခိုက်ခြင်းခံရသောကြောင့် အမှတ် (၂၅၄) တင့်ကားတပ်မဟာ၏ တင့်ကားတပ်ရင်းများကို တပ်မများသို့ ဖြန့်ခွဲပေးခဲ့ရပြီး သံချပ်ကာ/ခြေလျင် တပ်ရင်းစုများအဖြစ် ဖွဲ့စည်းပေးခဲ့ရသည်။ တပ်မဟာမှူးအား တပ်မကြီး၏ အရန်တပ်ဖွဲ့ကိုကွပ်ကဲစေ၍ ရွှေဘိုဒေသခံစစ်အတွင်း ပေါင်းစပ်ညှိနှိုင်းပေးရသည့်တာဝန်ကိုပါ ပေးအပ်ခဲ့လေသည်။

မြန်မာပြည်တွင် အမြဲဖြစ်လေ့ရှိသည့်အတိုင်း ထောက်ပံ့ပို့ဆောင်ရေးပြဿနာများက စစ်ဆင်ရေးအတိုင်း အတာကိုကန့်သတ်ထားပေရာ တင့်ကားများအတွက် ဓာတ်





ဆီဖြည့်တင်းရေးသည် စိတ်ဝင်စားဘွယ်ကောင်းသောကိစ္စတစ်ရပ်ဖြစ်တော့သည်။ ဤစစ်ဆင်ရေးတစ်လျှောက်လုံး အတွင်းအမှတ်(၁၄)တပ်တော်၏ ထောက်ပံ့ရေး ကိစ္စရပ်များကို ဒိုင်မာပူမြို့မှနေ၍ မြောက်ဘက် ဆက်သွယ် ရေးလမ်းကြောင်းအတိုင်းပေးပို့ဆောင်ရွက်ခဲ့သည်။ စက်ဆီ၊ ဓာတ်ဆီ၊ ချောဆီတို့သည် စစ်တကောင်းမြို့ ဓာတ်ဆီ သိုလှောင်ရေးစခန်းမှမီးရထားဖြင့် ချန်ဒရာနတ်ပါးမြို့သို့ ပို့ဆောင်ပေးကာ ၎င်းမှတစ်ဆင့် ဒိုင်မာပူမြို့သို့ ရောက်ရှိလာသည်။ ဒိုင်မာပူမြို့တွင် ဓာတ်ဆီပုံးနှင့် ပီပါသွင်းစက်ရုံရှိပြီး ချန်ဒရာနတ်ပါးမြို့နှင့်လည်း ၄ လက်မ ပိုက်လုံးဖြင့် ဆက်သွယ်ထားသည်။

ချင်းတွင်းမြစ်ကို ကျော်လွန်သွားသည့် ရှေ့တန်းလေယာဉ်လမ်းဆုံးနေရာများသို့ အင်ဖားလွင်ပြင်ရှိ လေယာဉ်ကွင်းများမှ ပို့ဆောင်ရေးလေယာဉ်ပျံများဖြင့် သယ်ယူပေးနိုင်ရန်အတွက် ဒိုင်မာပူမြို့ ဆက်သွယ် ရေးလမ်းကြောင်းမှ မော်တော်ယာဉ်တန်းများဖြင့် ပို့ဆောင်ပေးရသည်။ တပ်မတစ်တပ်သို့ နေ့စဉ်လေကြောင်း ထောက်ပံ့ရေးအတွက် ပစ္စည်းတန်ချိန် (၁၃၀)ကျ ပို့ပေးသည့်အနက်စက်ဆီ၊ ဓာတ်ဆီ၊ချောဆီတို့မှာ (၃၃) တန်မျှပါဝင်လေသည်။ ၎င်းပြင် ကဘော်ချိုင့်ဝှမ်းအတွင်းမှ တပ်များအား ထောက်ပံ့ရန်ထား



www.burmeseclassic.com

www.burmeseclassic.com



ရှိသည့် အင်းတော်ကြီးထောက်ပံ့ရေး စခန်းသို့လည်း ကုန်းလမ်းခရီးဖြင့် ပို့ဆောင်ပေးပေသည်။

## မိတ္ထီလာတိုက်ပွဲနှင့် မန္တလေးတိုက်ပွဲ

ဗိုလ်ချုပ်ကြီးစလင်းသည် စီမံချက်ကိုပြင်ဆင်၍ အမှတ်(၄)တပ်မကြီးအား ပခုက္ကူသို့ ချီတက်စေရန် ဆုံးဖြတ်လိုက်သောအခါ အမှတ် (၂၅၅) တင့်ကားတပ်မဟာသည် အင်ဖာ၌ပင် ရှိနေပြီးလျှင် ၎င်း၏ ရှေ့တန်းသို့ရွှေ့ပြောင်းချီတက်မှုကို အထူးလျှို့ဝှက်ထားရန် လိုအပ်ခဲ့သည်။ တမူးနှင့်ပခုက္ကူသည် (၃၂၈) မိုင်ဝေးကွာ၍ ပထမပိုင်း မိုင် (၁၁၀) ရှည်သော ကလေးမြို့သွားခရီးလမ်းမှာ အမှတ် (၃၃) တပ်မကြီး အသုံးပြုလျက်ရှိသည့် ဗင်မအသက်သွေး ကြောဆက်သွယ်ရေးလမ်းမကြီးဖြစ်လေသည်။ ကလေးမြို့မှကျော်လျှင် အခြေအနေ မထူးခြားသည့်သင့်ရုံသာ ကောင်းသော တစ်လမ်းမောင်း လမ်းဖြစ်သောကြောင့် လေးလံသည့် အကြီးစားယာဉ်များအတွက် လမ်းတစ်လျှောက်လုံးရှိ တံတားများကို ပြင်ဆင်ဆောက်လုပ်ရန် လိုအပ်နေပေသည်။

ဤလမ်းသည် အကွေ့အကောက်များ၍ လွယ်ကူ





မှာ ခံစစ်ဆင်နိုင်သော မြေအနေအထားတွင်ရှိပြီး အထူးသဖြင့် ထီးလင်းနှင့်ပေါက်မြို့အကြား ဒွန်ဒေါင်းတောင်တန်းပေါ်ရှိ ကျဉ်းမြောင်းလှသော မိုင်(၃၀)ရှည်သည့် တောင်ပေါ်လမ်းဖြစ်သည်။ ပခုက္ကူမြို့သို့ရောက်ခါနီး နောက်ဆုံးမိုင် ၅၀ ခရီးအကွာရှိ ပေါက်မြို့ကိုကျော်လွန်သွားမှသာ စစ်မျက်နှာကျဉ်းကျဉ်းဖြင့် သံချပ်ကာတပ်များကို တပ်ဖြန့် စစ်ဆင်နိုင်မည့်အခွင့်အလမ်း ရှိလာပေသည်။ တစ်ဖန်ပေါက်မြို့မှ မိတ္ထီလာမြို့အထိ မိုင် (၁၂၀) ဝေးကွာပြီးလျှင် ခရီးလမ်းအကြားတွင် ဧရာဝတီမြစ်ကြီးကလည်း ကာဆီး လျက်ရှိလေသည်။

အမှတ် (၂၅၅) တင့်ကားတပ်မဟာ၏ ချီတက်မှုနှင့်ပတ်သက်၍ အိန္ဒိယအစိုးရတရားဝင်သမိုင်း စာအုပ်၌ ဖော်ပြထားသည့် မြေပြင်အနေအထားမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

''ပခုက္ကူဘက်သို့ ချီတက်နေသည့် အမှတ် (၇) အိန္ဒိယတပ်မဟာနောက်သို့လိုက်ရန်အတွက် အမှတ် (၂၅၅) အိန္ဒိယတင့်ကားတပ်မဟာသည် အင်ဖာမှတမူးသို့ ဆင်းသွားရလေသည်။ တမူးမှ ဧရာဝတီမြစ်သို့ မိုင်(၄၀၀) ဝေးကွာပြီးလျှင် လမ်းအခြေအနေဆိုးရွားမှုနှင့် ပို့ဆောင်ရေးယာဉ်



www.burmeseclassic.com

www.burmeseclassic.com



ရှားပါးမှုကြောင့် ချိတ်ဆက်မှုတစ်ခုလုံး သည် ရက်သတ္တပတ် (၈)ပတ်ကျော်မျှကြာမြင့်ခဲ့ပေသည်။ ဘုရင့်အိန္ဒိယ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့မှ အမှတ် (၅၉၀) တင့်ကားသယ်ဆောင်ရေးတပ်ခွဲသည် အခြေအနေဆိုးများကြားထဲမှ အလွန်ခက်ခဲစွာဖြင့် တင့်ကားများကိုတစ်လျှောက်လုံး လွန်းပြန်ဆွဲပြီး သယ်ဆောင်ပေးခဲ့ရသည်။ ဂန့်ဂေါမြို့ တောင်ဘက်ခရီးတစ်နေရာ၌ တင့်ကားများကိုယာဉ်များ ပေါ်မှ (၁၇) ကြိမ်ထက်မနည်း တင်/ချ ပြုလုပ်ခဲ့ရသည်။ တစ်ခါတစ်ရံတွင် တင့်ကားသယ်ဆောင်သည့်ယာဉ်များကိုပင် တင့်ကားများက ပြန်ပြီးချိတ်ဆွဲပေးခဲ့ရ၏။ ပရိုတင်းမြင်းတပ်မှတ်တမ်းအရ ဆိုလျှင် တင့်ကားသယ်ယာဉ်များမောင်းနှင်ရာ၌ အလွန်ပင် ကြမ်းတမ်းခက်ခဲလှပါသည်ဟု ဖော်ပြထားပေသည်။ မူလရည်ရွယ်ချက်၌ တင့်ကားအားလုံးကို ကန်မြို့အထိ ရွှေ့ပြောင်းရန် ရှိပါသော်လည်း အချို့နေရာတို့၌ မိုးကွက်ကြား သည်းထန်စွာ ရွာသွန်းမှုကြောင့် လက်တွေ့တွင် မရွှေ့ပြောင်းနိုင်ခဲ့ပေ။ ဥပမာ ''ဘုရင့်ဒက် ကန်မြင်းတပ်'' မှတင့်ကားများဆိုလျှင် ရောဝတီမြစ်ရောက်သည်အထိ တစ်စီးလျှင် ပျမ်းမျှချင်းမိုင် (၂၀၀) ခန့် မိမိဖာသာ မောင်းနှင်ခဲ့ရသည်။ ဤသို့ခရီးကြမ်း





မောင်းနှင်ရာတွင် တောင်ပေါ်လမ်းဖြစ်သည့် အလျောက် အကွေ့အကောက်ရာပေါင်းများစွာ ရှိသောကြောင့် တင့်ကားဘိန်းသည့်လက်တံအား မကြာခဏ အသုံးပြုရပြီး အနှေးမောင်းဂီယာကို လည်း အမြဲတမ်းလိုလို သုံးစွဲကြရသည်။ ဤခရီးလမ်းတွင် ချိန်ဘီး (ဘော်ဂျီဘီး) သို့မဟုတ် ချိန်ညှိဘီး အသစ်လဲလှယ်ခြင်းနှင့် ချိန်းယက်ဘီးကြိုးပွဲ၍ သံဂဟေဆက်ခြင်းများ မပြုလုပ်ခဲ့ရသည့် တင့်ကားဟူ၍ မရှိသလောက်ပင် ရှားပါးလှသည်။ တပ်မဟာအလုပ်ရုံများနှင့် တပ်ရင်းယာဉ် ပြင်ဌာနများ၌ အိန္ဒိယတပ်မတော် လျှပ်စစ်နှင့် စက်မှုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တင့်ကားများ နောက်တစ်နေ့နံနက် ဆက်လက်မောင်းနှင်နိုင်ရန်အတွက် ညလုံးပေါက် ပြင်ဆင်ခဲ့ကြရသည်ကို အံ့သြစရာလိုမည် မဟုတ်သည့်ပြင် လိုအပ်သောအပိုပစ္စည်းများမရှိသည့် အခက်အခဲကြောင့် အပိုပစ္စည်းအားလုံးကို လေကြောင်းဖြင့် ပို့ဆောင်ပေးခဲ့ပေသည်။

ရောဝတီမြစ်ကိုဖြတ်ကူးပြီး မိတ္ထီလာသို့ ဆက်လက်ချီတက်ရမည့် တပ်မကြီး၏ စီမံချက်ကို လေ့လာသုံးသပ်လျှင် အမှတ်(၇)တပ်မသည် အရှေ့ဘက်ကမ်းရှိ ညောင်ဦးအသ တစ်ဝိုက်၌ မြစ်ဖြတ်ကူးမှုနှင့် ပေါင်းကူးခြေကုတ်



www.burmeseclassic.com

www.burmeseclassic.com



နေရာယူမှုတို့ကို ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် စတင် ပြုလုပ်၍(၁၉)ရက်နေ့တွင် အပြီးဆောင်ရွက်ရမည် ဖြစ်သည်။ အမှတ်(၁၇)တပ်မသည် သံချပ်ကာတပ်စုအကူဖြင့် ပေါင်းကူး ခြေကုတ်စခန်း၌ ဖေဖော်ဝါရီလ (၁၉)ရက်နေ့တွင် စတင် စုရုံးပြီး (၂၃) ရက်၌ ထိုးဖောက်တိုက်ခိုက်ရန် အသင့်ရှိနေခဲ (၂၅)ရက်နေ့ မိတ္ထီလာမြို့သို့ရောက်ရှိရန် ရည်ရွယ်ထားသည်။

အမှတ်(၇)တပ်မ၊ သို့မဟုတ် အမှတ်(၁၆၆) အာရ်အေစီတပ်ရင်းနှင့် အမှတ် (၁၆) မြင်းတပ်မှ တပ်ခွဲ တစ်ခွဲတို့ကို ခွဲဝေပေးပြီး အမှတ် (၂၅၅) တင့်ကားတပ်မဟာ မှ ကျန်ရှိသော တပ်အားလုံးကို အမှတ် (၁၇) တပ်မ၏ ကွပ်ကဲမှုအောက်သို့ ပေးပို့လိုက်သည်။

ဖေဖော်ဝါရီလ (၁၈) ရက်နေ့တွင် ပေါက်မြို့နှင့် ရောဝတီမြစ်စပ်ကြား၌ တပ်များစုရုံးမှု ပြီးဆုံး၍ ရှေ့လာ မည့် စစ်ဆင်ရေးများအတွက် အမှတ် (၆၃) တပ်မဟာသို့ ပရိုတင်းမြင်းတပ်ရင်းအားလည်းကောင်း၊ အမှတ်(၄၈) တပ်မဟာသို့ ဘုရင့်ဒက်ကန်မြင်းတပ်ရင်းအားလည်းကောင်း ခွဲဝေပူးပေါင်းထားလိုက်သည်။ တတိယတပ်မဟာ ဖြစ်သော အမှတ်(၉၉)တပ်မဟာကိုမူကား သိမ်းပိုက်ရရှိသော လေယာဉ်ကွင်းတစ်ကွင်းသို့ ပုလဲမှ လေကြောင်းဖြင့်





ပို့ဆောင်ပေးမည်ဖြစ်သည်။ ဗြိတိသျှတို့၏ စစ်ဆင်ရေးမှာ အောက်ပါအတိုင်း အပိုင်း (၆) ပိုင်းခွဲထားသည်။

(၁) မြစ်ကူးခြေကုတ်စခန်းမှ ထိုးဖောက်တိုက်ခိုက်၍ ဝဲလောင်းနှင့် ဆိတ်ထိန်းတို့ကို သိမ်းပိုက်ရန်၊

(၂) မလှိုင်နှင့် တောင်သာတို့ကိုသိမ်းပိုက်ရန်နှင့် တပ်မသည် မလှိုင်မြို့အနီး၌ စုရုံးရန်၊

(၃) အမှတ် (၉၉) တပ်မဟာလေကြောင်းမှ ဆင်းသက်နိုင်ရန်အတွက် မိတ္ထီလာအနီးရှိ လေယာဉ်ကွင်းကို သိမ်းရန်၊

(၄) မိတ္ထီလာမြို့အား ဝိုင်းရံပြီး အဆက်ဖြတ် ထားရန်၊

(၅) မိတ္ထီလာမြို့ကို သိမ်းပိုက်ရန်၊

(၆) သာစည်မြို့ကို သိမ်းပိုက်ရန်။

အမှတ် (၇) တပ်မ၏ စစ်ဆင်ရေးများအထူး အောင်မြင်ခဲ့ခြင်းနှင့် အမှတ် (၁၇) တပ်မသည် စစ်မျက်နှာ ရှေ့တန်း မြစ်ကူးစခန်း၌ အလွန်လျှင်မြန်စွာ အင်အားစုစည်း နိုင်ခဲ့ခြင်းတို့ကြောင့် အပိုင်း (၁) ကို ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် စတင်နိုင်ခဲ့ပြီး တင့်ကားတပ်ရင်း ၂ ရင်းမှ တင်းထောက်များ၊ လော်ရီတင်ခြေလျင်တပ်ခွဲ တစ်ခွဲနှင့်



www.burmeseclassic.com

www.burmeseclassic.com




သံချပ်ကာတပ်ခွဲတစ်ခွဲတို့ ပေါင်းစပ်ဖွဲ့စည်းထားသည့် ကင်းထောက်တပ်ဖွဲ့ တွမ်ကိုးလ်သည် တပ်မ၏ ပင်မတပ်ဖွဲ့ကြီးကို ဦးဆောင်ချီတက်သွားနိုင်ခဲ့လေသည်။

မိတ္ထီလာမြို့သို့ ချီတက်နေစဉ်အတွင်း တပ်မ၏ နောက်ပိုင်းဆက်သွယ်ရေးလမ်းကြောင်းများကို ပွင့်နေအောင်မကြိုးစားခဲ့ပေ။ တပ်မသည် မိမိ၏ ကြံ့ခိုင်ထိန်းသိမ်းရေးအတွက် လေကြောင်းထောက်ပံ့မှုကိုသာ အားထားခဲ့ပြီး ချီတက်ရာတွင် နောက်ပိုင်းကို ပိတ်ဆို့ပြီး ချီတက်ခဲ့လေသည်။ ပင်မတပ်မကြီး၏ရှေ့ဦးမှ သံချပ်ကာနှင့် ခြေလျင်တပ်များ စုပေါင်းထားသည့် ရှေ့ကာတပ်က ဦးဆောင်ချီတက်သည်။ ၎င်း၏ နောက်မှ ခြေလျင်တပ် ပင်မအင်အားစုနှင့် ယာဉ်အမျိုးမျိုး (၃၀၀၀) ကျော်ပါသော ယာဉ်တန်းလိုက်ပါကာ နောက်ဆုံးတွင် နောက်ရန်တပ်ဖွဲ့ လိုက်ပါချီတက်ခဲ့လေသည်။ ညစဉ်တပ်မစခန်းချရပ်နားရာ တပ်ဝန်းကျင်ဘေးပတ်လည်အား လက်နက်မျိုးစုံနှင့် ကာကွယ်ထားသဖြင့် ဂျပန်တို့၏ အကြိမ်ကြိမ်ဖောက်ဝင်ရန် ကြိုးစာမှုများမှာ မအောင်မြင်ဘဲ အချည်းနှီးဖြစ်သွားရတော့သည်။

ဂျပန်များအား ပျင်းပင်ရွာ၌ ရှင်းလင်း လိုက်နိုင်သော်လည်း ရှေ့ပိုင်းမိုင်အနည်းငယ်အကွာရှိ အိုယင်းရွာ





www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတိုက်ပွဲတွင် တိုက်ပွဲဝင်နေသည့်
ဗြိတိသျှစစ်တပ်မှ ပန်ချာပီစစ်သားများ

www.burmeseclassic.com

www.burmeseclassic.com



တွင် အသေအလဲခုခံမှုနှင့်ရင်ဆိုင်ရပြီး မြို့ဖျက်တိုက်ခိုက်ရလေသည်။ ထို့နောက် တောင်သာမြို့သို့ ၂ ဖက်ညှပ်ချီတက်ရာတွင် အမှတ် (၆၃) တပ်မဟာစုသည် ပျဉ်းပင်/ဆိတ်ထိန်းလမ်းကြောင်းမှ မြောက်ဖက်သို့ကွေ့ကာ ဝဲလောင်သို့လည်းကောင်း၊ တပ်မ၏ ကျန်တပ်ဖွဲ့များသည် တွမ်ကိုးလ်တပ်ဖွဲ့မှ ဦးဆောင်လျက်ပင် ပျဉ်းပင်ကံမြဲ လမ်းကြောင်းမှလည်းကောင်း ချီတက်ကြသည်။ ရန်သူတို့၏ ခုခံမှုများမှာ မျှော်မှန်းထားသလောက် မများလှသဖြင့် စစ်ကြောင်း ၂ ကြောင်းသည် တောင်သာမြို့၌ လျင်မြန်စွာ ပေါင်းဆုံနိုင်ခဲ့ပြီးလျှင် တောင်သာမြို့ကိုဖေဖော်ဝါရီလ ၂၄ ရက်တွင်လည်းကောင်း၊မလှိုင်မြို့ကို ၂၆ ရက်နေ့တွင် လည်းကောင်း၊ နောက်တစ်နေ့တွင် သဘွတ်ကုန်းရှိ လေယာဉ်ကွင်းကိုလည်းကောင်း သိမ်းပိုက်နိုင်ခဲ့လေသည်။ ၂၇ ရက်နေ့ နေ့လယ်ဘက်တွင်အမှတ်(၉၉)တပ်မဟာ၏လေကြောင်းမှ ဆင်းသက်မှု စတင်နိုင်ခဲ့၍ မတ်လ ၂ ရက်နေ့တွင် ပြီးဆုံးသွားခဲ့သည်။

နောက်အဆင့်မှာ မိတ္ထီလာမြို့အား ဝိုင်းရံအဆက်ပြတ်ခြင်းနှင့် သိမ်းပိုက်ခြင်းတို့ဖြစ်သည်။ မိုင်တိုင် (၈) ၌ အမှတ်(၁၆)မြင်းတပ်ရင်းသည် လမ်းပိတ်ဆို့မှုနှင့် တွေ့ကြုံနေလေရာ အမှတ် (၆၃) တပ်မဟာက ဤအတားအဆီး



www.burmeseclassic.com

www.burmeseclassic.com



ကိုဘေးမှပတ်တက်ပြီး ရင်ဆိုင်တိုက်ခိုက်ချေမှုန်း လိုက်နိုင်သောကြောင့် မိုင်တိုင် (၆)၌ ညအိပ်ရပ်နားနေခဲ့ရသည့် မိတ္ထီလာအား သိမ်းပိုက်ရန် စီမံချက်မှာ ၃ ဘက်ညှပ်တိုက်ရန်ဖြစ်သည်။ တင့်ကား တပ်မဟာသည် (ယခုစုပေါင်းဖွဲ့စည်းပုံအတိုင်း) မြို့၏မြောက်ဘက်နှင့် အရှေ့ဘက်တို့သို့ပန်း၍ ချီတက်ပြီး၊ အရှေ့ဘက်မှ လည်းကောင်း၊ အမှတ် (၄၈)တပ်မဟာသည် မလှိုင်ဘက်မှလာသည့် အဓိကလမ်းမကြီးအတိုင်း မြောက်ဘက်မှလည်းကောင်း၊ အမှတ်(၆၃) တပ်မဟာကအနောက်ဘက်မှချီတက်၍လည်းကောင်း တိုက်ခိုက်သိမ်းပိုက်ရန်ဖြစ်သည်။ ၎င်းပြင်မိတ္ထီလာမြို့သို့ ဦးတည်နေသည့် လမ်းအားလုံးကို ပိတ်ဆို့ ထားရမည်ဖြစ်သည်။

ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် မြို့ကိုစတင်တိုက်ခိုက်ခဲ့ရာ ဂျပန်စစ်သည်အင်အား (၃၀၀၀) ခန့်တို့က ခုခံကာကွယ်ထားသဖြင့် မိတ္ထီလာမြို့နှင့်အတူမြို့အရှေ့ဘက်ရှိ လေယာဉ်ကွင်းကြီးကို မတ်လ(၃)ရက်နေ့ရောက် မှပင် သိမ်းပိုက်ရရှိခဲ့သည်။ ဂျပန်များသည် မိတ္ထီလာမြို့ကျဆုံးမှုကြောင့် ပြင်းထန်စွာ တုန့်ပြန်လျက် ပြန်လည်တိုက်ခိုက်သိမ်းယူနိုင်ရန် အစွမ်းကုန် ကြိုးစားကြပြန်လေသည်။ ဂျပန်တို့သည် တောင်သာလမ်းကို ဖြတ်တောက်ပြီး





မြို့ကို ပြန်လည်သိမ်းပိုက်နိုင်သော်လည်း အမှတ် (၁၇)တပ်မက မိတ္ထီလာမြို့ကို အောင်မြင်စွာ ဆက်လက်ထိန်းသိမ်းနိုင်လျက် လှုပ်ရှားတိုက်ခိုက်ရေးတပ်ဖွဲ့များစွာ စေလွှတ်ကာလမ်းပိတ်ဆို့မှုများနှင့် ချုံခိုတိုက်ခိုက်မှုများ ပြုလုပ်နိုင်ခဲ့လေသည်။ ဤ ခံစစ်တိုက်ပွဲ များသည် မတ်လတစ်လလုံးဆက်လက် ဖြစ်ပွားနေခဲ့ပေသည်။

အမှတ် (၁၇) တပ်မသည် ဧရာဝတီမြစ်ကိုဖြတ်ကျော်ပြီးနောက် စစ်မျက်နှာကျယ်ပြန့်စွာဖြင့် လမ်းကြောင်းအများဆုံးအသုံးပြု၍ ဆက်လက်ချီတက်ခဲ့သည်။ မလှိုင်မြို့တွင် တပ်များစုရုန်းစေခဲ့ခြင်းမှာ အုပ်ချုပ်မှုကိစ္စရပ်များ ကြောင့်ဖြစ်သော်လည်း မိတ္ထီလာမြို့အား နောက်ဆုံးအဆင့်တိုက်ခိုက်ရာတွင် ဤအချက်က အထောက်အကူ ပြုခဲ့လေသည်။ တင့်ကားအလုံးအရင်းပါဝင်လျက် အလွန်လျင်မြန်သည့်အရှိန်ဖြင့် အဟုန်ပြင်းစွာချီတက်လာမှုကြောင့် ဂျပန်တို့အား အငိုက်မိသွားစေသည့်ပြင် ၎င်းတို့၏တန်ပြန်ခံမှုများမှာလည်း အချိန်ကိုက်မဟုတ်တော့ဘဲ နှေးကွေးကာပေါင်းစပ်ညှိနှိုင်းမှုနည်းပါးပြီး ထိရောက်မှုမရှိတော့ချေ။

တပ်များချီတက်စဉ်အတွင်း အုပ်ချုပ်မှုပြဿနာကိုလေကြောင်းထောက်ပံ့မှုဖြင့် ဆောင်ရွက်ဖြေရှင်းခဲ့ပြီး သံချပ်



www.burmeseclassic.com

www.burmeseclassic.com



ကာ စစ်ကြောင်းငယ်တို့အား ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီများ ဖြည့်တင်းရေးကိုပင် လေယာဉ်များမှ ချပေးခဲ့သည်။ နေ့စဉ် ထောက်ပံ့ပေးလိုအပ်ချက်များနှင့်ပတ်သက်၍ ခြေလျင် တပ်မ တစ်တပ်အတွက် နေ့စဉ် တန်(၁၀၀)နှုန်းဖြင့်လည်း ကောင်း၊ တင့်ကားတပ်မဟာတစ်တပ်အတွက် နေ့စဉ်တန် (၇၀) နှုန်းဖြင့်လည်းကောင်း၊ တွက်ချက်သတ်မှတ်ပေး ခဲ့သည်။ သို့သော် မန္တလေးမြို့၏ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် စစ်ဆင်နွှဲနေသည့် မြောက်ပိုင်းတိုက်ခိုက်ရေးနယ်မြေ စစ်ဌာန ချုပ် (မတနခ) အောက်ရှိ တရုပ်တပ်ဖွဲ့များ၏ လိုအပ်ချက် ကြောင့် အမှတ်(၁၄)တပ် တော်မှ တရုတ်ပြည်သို့ လွှဲပြောင်း ပေးရမည့် လေယာဉ်များ လျော့နည်းသွား မည်ဖြစ်သဖြင့် မတ်လ ၂ ရက်နေ့အထိသာ ဤနှုန်းအတိုင်း အပြည့်အဝ ထောက်ပံ့နိုင်မည် ဖြစ်သည်။ ဤအချက်ကြောင့် လေယာဉ် များလျော့နည်းသွားသော လည်း စစ်ဆင်ရေးနှင့်ပတ်သက်၍ မပြောပလောက်ယုံသာ ထိခိုက်မှုရှိခဲ့သည်မှာ ကျွမ်းကျွမ်း ကျင်ကျင်ဖြင့် သေချာစွာ တွက်ချက်ထောက်ပံ့ ပေးခဲ့သူများ ၏ ကျေးဇူးပင်ဖြစ်ပါသည်။





## သုံးသပ်ချက်

တိုက်ပွဲစဉ်တစ်ခုလုံးကို ခြုံ၍ သုံးသပ်မည်ဆိုလျှင် ဂျပန်တို့သည် ဤစစ်နယ်တစ်ဝှမ်းလုံး၌ သူတို့၏ စစ်အင်အားနှင့် မဟာမိတ်တို့၏ မြန်မာပြည်တွင်း တိုက်စစ်ဆင်နိုင်စွမ်းတို့ကို စစ်ရေးသုံးသပ်ချက်ပြုလုပ်ရာတွင် မှန်ကန်ပြည့်စုံမှုမရှိခြင်းသည်သာလျှင် ၎င်းတို့စစ်ရှုံးရမှု၏ လတ်တလော အကြောင်းရင်းအဖြစ်ပေါ်ထွက်လာသည်။ မစ်ဒ်ဝေး ကျွန်း၌ ဂျပန်ရှုံးနိမ့်ရခြင်းနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်း အမေရိကန်များ အောင်မြင်စွာ ချီတက်နိုင် ခြင်းတို့နှင့် ဆက်စပ်ကာ မြန်မာပြည်သည် ဒုတိယစစ်နယ်ဝှမ်း အဖြစ်သို့ ပြောင်းလဲသွားပြီးလျှင် ဂျပန်ပြည်အား တိုက်ရိုက်ခြိမ်း ခြောက်မှုမှာလည်း မြန်မာပြည်ဘက်မှမဟုတ်ဘဲ ဖိလစ်ပိုင်နှင့် အိုကီနာဝါကျွန်းများဘက်မှ ဖြစ်လေသည်။ မဟာမိတ် တို့အတွက် မြန်မာပြည်အား ပြန်လည် သိမ်းပိုက် ရေး၏ အရေးကြီးပုံနှင့်အထောက်အကူဖြစ်ခဲ့ပုံမှာ ယိမ်းယိုင်ပြိုကွဲ၍ အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် တရုတ်ပြည်ကြီးအား ကယ်တင်ရန်ပင်ဖြစ်ပါသည်။

ဂျပန်တို့သည် အင်ဖာ၌ စစ်ရှုံးခဲ့ရခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စစ်အခြေခံသဘောအရ ရွေ့ပြောင်းလွယ်မှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှုတို့ကိုပါ ဆုံးရှုံးသွားခဲ့ပေသည်။ ၎င်းတို့၏ ရွေ့ပြောင်းချီတက်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့မှာ ခြေလျင်တပ်များအပေါ်၌သာ အခြေပြုထားပြီး ထောက်ပံ့ရေးပစ္စည်းများကိုလည်းခြေလမ်းခရီးဖြင့်သာ ပို့ဆောင်ကြရပေသည်။ မဟာမိတ်တို့၏ အမှတ်(၁၄)တပ်တော်တွင်မူကား ရှေ့ဆိုဒေသသို့ ရောက်သည်နှင့် လွင်ပြင်တိုက်ပွဲများ ဆင်နွှဲရမည်ဟူသော ကြိုတင်ပြင်ဆင်ချက်ဖြင့် အချို့တပ်ဖွဲ့များကို ပြန်လည်ဖွဲ့စည်းခဲ့ရာ ဤသို့ ဖွဲ့စည်းခဲ့သော တပ်မများ၌ ပါဝင်သောတပ်မဟာ ၂ တပ်ကို ယန္တရားအပြည့်တပ်ဆင်သည့် တပ်မဟာများ အဖြစ် ဖွဲ့စည်းပြီးလျှင် ကျန်တတိယတပ်မဟာကိုမူကား လေကြောင်းသယ် တပ်မဟာအဖြစ်သာထားရှိခဲ့လေသည်။

မဟာမိတ်တို့ စွမ်းဆောင်အောင်နိုင်မှု၏ အဓိကသော့ချက်မှာ လေကြောင်းအင်အားပင်ဖြစ်သည်။ လေကြောင်းထောက်ပံ့မှုစွမ်းအား၏အနှစ်သာရမှာ (မော်တော်ကားလမ်းများ အလွန်ရှားပါးသည့် ကန့်သတ်ချက် များရှိလင့်ကစား) ရှေ့တန်းလေယာဉ်ကွင်းများကို အသုံးပြု နိုင်ပြီး တိုက်ခိုက်ရေးတပ်ဖွဲ့များအား ရှေ့တန်းသို့ ပို့ဆောင်ပေးနိုင်ခြင်းနှင့် ချေမှုန်းရေးအတွက် စစ်ကူများစွာပေးနိုင်ခဲ့ခြင်းတို့ကြောင့် စစ်ဆင်ရေးအတိုင်းအတာတစ်ခုလုံးကို ပြောင်းလွဲပစ်နိုင်ခဲ့ပေသည်။ မြင်တွေ့ရသောပုံပန်းသဏ္ဌာန်ကား အလွန်ပင်ပန်းနွမ်းနယ်၍ စစ်လက်နက်ပစ္စည်းချို့တဲ့စွာဖြင့် ခြေလျင်ချီတက်နေရသော ဂျပန်တပ်မတော်သည် လေတပ်၊သံချပ်ကာနှင့်အမြောက်တပ်ပစ်ကူများ များပြားလှသည့် ခေတ်မီယန္တရားများတပ်ဆင်ထားသည့် ဗြိတိသျှတပ်မတော်အား ရင်ဆိုင်တိုက်ခိုက်နေရသည့် ပုံပန်းသာဖြစ်ပေသည်။ထို့ကြောင့်အမှတ် (၁၄) တပ်တော်သည် မိမိဖာသာ အရှိန်အဟုန်ထိန်းပြီး တိုက်ခိုက်နိုင်ခဲ့လေသည်။





အင်ဖာတိုက်ပွဲတွင် ရှုံးနိမ့်ခဲ့ရပြီးနောက် ဂျပန်တပ်မတော်၏ ကွပ်ကဲမှုအပိုင်း ပြောင်းလဲလာခဲ့ခြင်းကြောင့် ၎င်း၏ စစ်ဆင်ရေး မဟာဗျူဟာသည် တိုးတက်ကောင်းမွန်လာသည့် အခြေတွင်ရှိပေသည်။ ဧရာဝတီမြစ်၏ အနောက်ပိုင်းသို့ ဆုတ်ခွာရန်ဆုံးဖြတ်မှုသည် သူရသတ္တိရှိပြီး သဘာဝကျသော်လည်း နောက်ဆက်တွဲ စစ်ဆင်ရေးများတွင်မူကား အထက်ဌာနချုပ်သည် ထောက်လှမ်းရေးသတင်းခေါင်းပါးကာ မန္တလေးတွင်လည်း စိတ်ဓာတ်ပျက်ပြားနေမှုကြောင့် အဆုံးအဖြတ်ပေးရမည့်နေရာတို့၌ ရှိသမျှ



www.burmeseclassic.com

www.burmeseclassic.com



စစ်အင်အားကို စီမံချက်ချ၍ ခွဲဝေသုံးစွဲရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရပြီး တိုက်ပွဲ၏ အဓိကနေရာတွင် အသုံးပြုပုံအားလုံးမှာ လုံးဝလွဲမှားသွားသည့်အခြေသို့ ရောက်ရှိနေပေသည်။ ဤဖြစ်ရပ်များမှ ဂျပန်တို့အတွက်ရလဒ်မှာ ချီတက်ရာအရပ်မျက်နှာ၊ တပ်အသုံးပြုပုံများ၊ တိုက်ပွဲ၏ လျင်မြန်မှုနှင့် ဗိုလ်ချုပ်ကြီးစလင်း၏ မဟာဗျူဟာမြောက် အောင်မြင်နိုင်မှုအလားအလာတို့ကို မှားယွင်းစွာ တွက်ချက်ဆုံးဖြတ်မိခဲ့ခြင်း ဖြစ်ပေတော့သည်။

## သံချုပ်ကာတပ် အသုံးချမှု

သံချုပ်ကာတပ်မဟာ ၂ တပ်အနက် အမှတ် (၄) တပ်မကြီးတွင် တာဝန်ယူရသည့် အမှတ် (၂၅၄) တပ်မဟာကို တပ်မဟာလိုက် သုံးစွဲခဲ့ခြင်းမရှိခဲ့ပေ။ ဤအချက်ဖြင့် တပ်မကြီးစစ်ဆင်ရေးများ၏ လျင်မြန်မှုအပေါ် ထိရောက်ပုံကို အကဲဖြတ်ရန် ခက်ခဲလှပေသည်။ ကလေးဝ သို့ချီတက်မှုသည် ရန်သူ၏လေကြောင်းနှင့်အမြောက်တပ် အန္တရာယ်တို့မရှိကင်းဝေးခဲ့သောကြောင့် ရွှေ့ပြောင်းချီတက် ရေးလေ့ကျင့်သည့် သဘောသက်ရောက်နေလေသည်။ ချင်းတွင်းမြစ်





ဖြတ်ကျော်ပြီးနောက် ပထမမိုင် ၅၀ အတွင်း ချုပ်ကာတပ်များ၏ ချီတက်မှုနှောင့်နှေးကြန့်ကြာခဲ့ရခြင်းမှာ ပန်များဖြန့်ကြဲမြှုပ်နှံထားခဲ့သော မိုင်းများကြောင့်သာဖြစ် သည်။နောက်ပိုင်းတွင်မူကားဂျပန်တို့၏ ဟန့်စစ်ဆင်နွှဲတိုက် ကိုက်မှုအနည်းအကျဉ်းကိုသာ ခုခံတွန်းလှန်ခဲ့ရသည်။

မန္တလေးမြို့ပတ်ဝန်းကျင်တွင်ကျင်းတူး၍ အမြောက် ကာတာဝန်ကိုယူထားသည့် ဂျပန်တင့်ကားအနည်း ငယ်နှင့် င်ဆိုင်ရပြီးနောက် ဂျပန်တို့တွင် တင့်ကားပစ်လက်နက် င်အားမှာ ချို့တဲ့လျက်ရှိကာ လေတပ်အကူမှာလည်း သလောက်ပင် နည်းပါးခဲ့လေသည်။ ဂျပန်တို့မှာ ရန်သူ၏ က်ဖက်မှ မနိုင်းယှဉ်လောက်အောင် အင်အားသာ မှုများနှင့် ရင်ဆိုင်နေရပြီးလျှင် ၎င်းအနေနှင့် သူရသတ္တိ ရှိပေတော့ရာ တစ်ခါတစ်ရံ တစ်ဇွတ်ထိုး ပြုလုပ် ကြလေသည်။ ဤ စစ်မျက်နှာအကန့်မှ သံချုပ်ကာ ဆင်ရေးများမှာ အစာရေစာပြတ် နေသည့် သူခိုးသူဝှက် ကျွန်းမာသန်စွမ်းပြီး အစားအသောက်ကောင်းများကိုသာ းသုံးနေရသည့် နပန်းသမားတို့ ယှဉ်ပြိုင်ထိုးသတ် သည့်ပြိုင်ပွဲကဲ့သို့ ဖြစ်နေတော့သည်။

အမှတ် (၂၅၅) တင့်ကားတပ်မဟာ၏ စစ်ဆင်ရေး



www.burmeseclassic.com

www.burmeseclassic.com



အဆင့်တိုင်း၌ အစွမ်းထက်သည့် ခေါင်းဆောင်မှုသည် ပေါ်လွင်နေခဲ့ပေသည်။ ၎င်းအချက်သည် စစ်ပွဲကို အဆုံးအဖြတ်ပေးခဲ့သည့် အကြောင်းရင်းဖြစ်နေကြောင်း သံသယဖြစ်ရန်လိုမည်မဟုတ်ပါ။ အခြားအထောက်အကူ ပြုသောအချက်များမှာ မြေအနေအထားသည် လွင်ပြင် ဖြစ်နေခြင်း တပ်နှင့်လက်နက်အင်အား အချိုးအစား၌ သာလွန်ခြင်း ရာသီဥတုအခြေအနေနှင့် တင့်ကား အမျိုးအစား တွင်လည်း (ရှားမင်း)တင့်ကားသစ်များဖြစ်၍ အရေအတွက် များပြားခြင်းတို့ ဖြစ်ကြသည်။

မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်သည့် စစ်ဆင်သံချပ်ကာတပ်ဖွဲ့များအား စွမ်းစွမ်းတမံ တပ်ဖြန့်စစ်ကစားခြင်းမျိုးကို ထူးခြားစွာ မပြုလုပ်နိုင်ခဲ့ပါ။ သံချပ်ကာ ယာဉ်တန်းများသည် မော်တော်ကားလမ်းတစ်လျှောက် မိုင်များစွာထိ ရှည်လျားနေသောလည်း ရန်သူ၏ တိုက်ခိုက်မှု မခံရသောကြောင့် မည်သို့မျှ ထူးခြားမှုမရှိခဲ့ပေ။ အဆိုးရွား ဆုံးဆိုရမည့်အခြေအနေမှာ လက်ဖြောင့်တပ်သားတို့၏ ချောင်းမြောင်းပစ်ခတ်ခြင်းနှင့် လမ်းပိတ်ဆို့မှုပြုလုပ်ခြင်း မျှသာဖြစ်၍ ချီတက်ရာတွင် အချိန်အနည်းငယ် ကြန့်ကြာမှု သာရှိခဲ့သည် ချီတက်နေသည့်ယာဉ်တန်း၏ နောက်ကျောမှ ဖြတ်တောက်





တိုက်ခိုက်နိုင်ခဲ့သည့်တိုင်အောင်(ဥပမာ–တောင်သာမှ မိတ္ထီလာသို့ချီတက်စဉ်) ချီတက်မှုအမြန်နှုန်း၊ သို့မဟုတ် ထောက်ပံ့ပို့ဆောင်ရေးအပိုင်းကို ထိရောက်စွာဒုက္ခမပေး နိုင်ခဲ့ပါ။တပ်ဖွဲ့များသို့လေကြောင်းဖြင့် ထောက်ပံ့နိုင်ပြီး လက်တွေ့တွင်လည်းထောက်ပံ့ခဲ့သည့်အခြေတွင်ရှိပါသည်။

နိဂုံးချုပ်တွင် စလင်း၏အမှတ် (၁၄) တပ်တော်အနေနှင့် သံချပ်ကာတပ်မဟာများကို တပ်တော်ပိုင် တပ်ဖွဲ့အဖြစ် ဖြင့် စစ်နယ်ဝှမ်း၏စီမံချက်ကို ထပ်ဖြည့်သုံးစွဲ ရုံသာသဘောထားခဲ့သည်ဟူ၍လည်း ဖော်ထုတ်နိုင်သည်။

၎င်းတို့ အား အသုံးပြုခဲ့ပုံမှာ

"ရန်သူ၏တပ် ဖြန့်ထား သည့်နေရာ များတွင် ဟန်ချက်ပျက်ပြားစေရန် အခြားတပ်ဖွဲ့များအား ကြိုတင်စစ်ဆင်စေခြင်း (အမှတ် ၇၊ ၁၉ နှင့် ၂၀ တပ်မများ) ဖြင့်ထိန်းသိမ်းထားရန် သို့မဟုတ်လေးနက်ခိုင်မြဲစေရန်နှင့် ဤအခြေမှနေ၍ စစ်မဟာ ဗျူဟာမြောက် အရေးသာမှုသို့ ပြောင်းလွှဲနိုင်ရေး အတွက် (မိတ္ထီလာမြို့ သိမ်းပိုက်ရေး) အမြတ်ထုတ် စစ်ဆင်ခြင်းနှင့် ထက်ကြပ်လိုက် စစ်ဆင်နွှဲစေခြင်းတို့ သာဖြစ်ကြပါသည်"

မည်သို့ဆိုစေ ဗိုလ်ချုပ်ကြီးစလင်းသည် သူ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



ထားသော သံချပ်ကာတပ်မဟာနှစ်ခုအား သူ၏ကြည်း တပ်များနှင့်ပေါင်းစပ်ကာ ခြေလျင်တပ်ပူးပေါင်း၍ မြန်မာပြည်အလယ်ပိုင်းတိုက်ပွဲစဉ်များ၌ အသုံးချသွား ကြောင်းကို တွေ့မြင်သုံးသပ်ရပါသည်ခင်ဗျား။



# အခန်း(၁၁)

## ပျော်ဘွယ်မှ ရန်ကုန်သို့ ချီတက်ခြင်း

### ချီစစ်နိဒါန်း

မိတ္ထီလာမှ ရန်ကုန်သို့ ကားလမ်းခရီးမှာ (၃၃၈) မိုင်မျှသာ ဝေးသဖြင့် တစ်နေ့ခရီးမျှသာ ရှိပေသည်။ ၁၉၄၅ ခုနှစ်တွင် စလင်း၏အမှတ်(၁၄)တပ်တော်သည် ဤလမ်းခရီးအစ မိတ္ထီလာကိုရှင်းပြီးသည့် မတ်လကုန်မှ ရန်ကုန်နှင့် ၂၇မိုင်ကွာသည့် လှည်းကူးသို့ တပ်မ(၁၇)မှ ရှေ့ဖျားဘပ်များရောက်သည်အထိ ဧပြီလ (၆) ရက်နေ့မှ (၃၆) ရက်တိုင်တိုင် ချီတက်ခဲ့ကြရသည်။

ရန်ကုန်မြို့သို့ပေါက်သော အခြားတစ်လမ်းဖြစ်သည့် မိတ္ထီ၊ တောင်သာ၊ ရေနံချောင်းမှ ပြည်သို့ လမ်းအတိုင်း မိုင် (၄၄၁) မိုင်ရှိသည့်ခရီးကို အမှတ် (၃၃) တပ်မကြီးနှင့် တပ်မ (၇) နှင့် (၂၀)နှင့် တပ် မဟာ (၂၆၈) တို့ ချီတက်ရန် သတ်မှတ်ပေးပြီး မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူ၊ ...ခူးလမ်းကိုမူ အမှတ် (၄) တပ်မကြီး တပ်မ(၅)



www.burmeseclassic.com

www.burmeseclassic.com



၊(၁၇)နှင့်တပ်မဟာ (၂၅၅)တို့အတွက် သတ်မှတ်ပေးလိုက်သည်။ စလင်း၏အကြံမှာ လမ်းနှစ်လမ်းစလုံးကို ပိတ်ဆို့ရန်ဂျပန်တို့တွင် အင်အားမရှိတော့သဖြင့် တပ်မကြီးတစ်ခုမဟုတ်တစ်ခု ရန်ကုန်သို့ ရောက်ရှိနိုင်မည်ဟူသော မျှော်မှန်းချက်ပင်ဖြစ်သည်။

မိုးမကျမီ ရန်ကုန်ကိုသိမ်းနိုင်ရန်မှာ ပဓာနကျသော လိုအပ်ချက်ပင် ဖြစ်တော့သည်။ မိတ္ထီလာမြို့၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားလျက်ရှိစဉ်အတွင်းမှာပင် အမှတ်(၁၄)တပ်တော်မှ သယ်ယူပို့ဆောင်ရေးလေယာဉ်များကို ပြန်နုတ်၍ တရုတ် ဘက်သို့ လွှဲပေးခဲ့ခြင်းကြောင့် ချီစစ်အဟုန် ကျဆင်းမှုကို အလေးပေးဆွေးနွေးခဲ့ကြသည်။ မောင့်ဘက်တန်အတွက်မူ ရန်ကုန်သိမ်းပိုက်ရေးမှာ နောက်တစ်ဆင့်မာလာယုနှင့်စင်္ကာပူတို့ကို ဆက်လက်သိမ်းပိုက်ရေးအတွက် စခန်းထောက်အဖြစ်သာမြင်သည်။ သူ၏စစ်ဦးစီးအဖွဲ့က ရန်ကုန်ကို ဖွန် ၁ ရက်နေ့မတိုင်မီ သိမ်းပိုက်နိုင်မည်ဖြစ်ရာ ရန်ကုန်ပြီးက ယိုးဒယားတို့၏ ဖူးခက်ကျွန်းကို သိမ်းရန်ကိုပင် အမိန့်ပေးပြီး ဖြစ်သည်။ ဖူးခက်မှတစ်ဆင့် မာလာယုကျွန်းဆွယ် အနောက်ဘက်ကမ်း ခြေပေါ်၌ရှိသော ပို့တ်ဒစ်ဆင်ဆိပ်ကမ်းကို အောက်တိုဘာတွင် သိမ်းပိုက်နိုင်မည်။ ပို့တ်





ဒစ်ဆင်ဆိပ်ကမ်းကို အောက်တိုဘာတွင် သိမ်းပြီးနောက် စင်္ကာပူကို ဆက်လက်သိမ်းရန်ပင်ဖြစ်သည်။ မောင့်ဘက်တန်၏စိတ်ထဲတွင် ကြည်းကြောင်းစစ်ဆင်မှုဖြင့် ရန်ကုန်ကို အချိန်မီ သိမ်းနိုင်ပါမည်လားဟူသော သံသယရှိသည်။ ထို့ကြောင့် ကမ်းတက်နှင့် လေကြောင်းချီစစ်ဆင်မှုဖြင့် ပင်လယ်ပြင်ဘက်မှ မြို့သိမ်းတိုက်ပွဲ စီမံချက်ရေးဆွဲထားသည်။ ရန်ကုန်မြစ်ပင်လယ်ဝတွင် ချထားသော ဂျပန်ကမ်းခြေစောင့်အမြောက်များကို လေထီးစစ်ဆင်ရေးဖြင့် ချေမှုန်းရေးစီမံချက်တစ်ရပ်လည်း ပါဝင်သည်။ ဤမျှပမာဏရှိသည့် စစ်ဆင်ရေးအတွက် အမှတ်(၁၄)တပ်တော်ထံမှ လူအင်အား၊ ထောက်ပံ့ပို့ဆောင်မှုအင်အားများ နုတ်ယူရဖွယ်ရာရှိသဖြင့် အမှတ် (၁၄) တပ်တော်၏ ချီစစ်အဟုန် ကျမည်စိုးရိမ်သဖြင့် ကြည်းတပ်မတော် ထိပ်ပိုင်းခေါင်းဆောင်များဖြစ်ကြသည့် စလင်း၊ဂစ်ဖတ်နှင့် ရီးစ်တို့က ကန့်ကွက်ကြသည်။

၁၉၄၄ ခုနှစ်၊ အောက်တိုဘာတွင် ချာချီကမောင့်ဘက်တန်ကို ကိုင်ရိုတွင် ခေါ်ယူတွေ့ဆုံစဉ်က ပြောကြားသည်မှာ ဂျာမဏီတို့က မျှော်မှန်းသည်ထက် ပိုမိုပြင်းပြင်းထန်ထန်ခုခံနေသဖြင့် ရန်ကုန်ကို ရေကြောင်း၊လေကြောင်းတို့မှ ဝင်သိမ်းရေး “ဒရက်ကူလာ” စစ်ဆင်ရေး အတွက်လို



www.burmeseclassic.com

www.burmeseclassic.com



အပ်မည့် လူအင်အား၊ ပစ္စည်းအင်အားကို တော်တော်နှင့် ပေးနိုင်ဦးမည့် အခြေအနေမရှိကြောင်း ပြောကြားခဲ့ပါသည်။ ဤအချက်နှင့် ကြည်းတပ် တပ်မှူးကြီးများ၏ကန့်ကွက်မှု တို့ကြောင့် ''ဒရက်ကူလာ'' စစ်ဆင်ရေးအတွက် အလား အလာမကောင်းဘဲ ရှိနေချေသည်။ ၁၉၄၅ ခုနှစ်၊ ဖေဖော် ဝါရီလ ၁၄ ရက်တွင် မောင့်ဘက်တန်နှင့် ၎င်း၏တပ်မှူးကြီးများ တွေ့ဆုံဆွေးနွေးကြရာတွင် အမှတ် (၁၄)တပ် တော်သည် ဧပြီလလယ်ခန့်တွင် ရန်ကုန်သို့ဝင်နိုင်ခြေရှိ ကြောင်း၊ ၎င်းအားတင်ပြကြသည်။ နောက်(၉)လခန့်အကြာ တွင် မဟာမိတ်ကြည်းတပ်များ၏ တပ်မှူးချုပ်ဖြစ်သူ ရီးစ်က အမှတ် (၁၄) တပ်မတော်၏ ချီစစ်အဟုန်မှာ ကျေနပ်ဖွယ်ရာ ဖြစ်သဖြင့် အထက်ဖော်ပြပါ ရန်ကုန်ကို ရေကြောင်း လေကြောင်းမှစစ်ဆင်ရေး ပြုလုပ်ရန်လိုအပ်မည်မထင် ကြောင်း ဖူးခက်ကျွန်းစစ်ဆင်ရေးအတွက် လျာထားသော တပ်အင်အားများထဲမှ အင်အား နုတ်ရဖွယ်ရာမရှိကြောင်း မောင့်ဘက်တန်ကို ကာလကတ္တားသို့ရှိစဉ် တင်ပြသွားသည်။ ဤသုံးသပ်တွေ့ရှိချက်၌ ထည့်သွင်းမစဉ်းစားထားသည့် အချက်မှာ အမှတ် (၁၄)တပ်တော်၏ ချီစစ်အဟုန်ကို ဂျပန်တို့က ကျားကုတ်ကျားခဲခုခံမည့် အလားအလာတင်း





တည်းသာ ကျန်တော့သည်ဟု အိန္ဒိယစစ်သမိုင်းဆရာများ က ခနဲ့တဲ့တဲ့ ဆိုကြပေသည်။

မုံရွာ၌ကျင်းပသော အစည်းအဝေး၌မူ ဗိုလ်ချုပ် ရီးစ်က မိုးမကျမီ အမှတ် (၁၄) တပ်တော်သည် ရန်ကုန်ကို သိမ်းနိုင်ရန် မသေချာသဖြင့် ရန်ကုန်မြို့ကို ပင်လယ်ပိုင်းမှ ဝင်သိမ်းနိုင်ရေးအတွက် မူလဒြက်ကျူလာ စစ်ဆင်ရေး စီမံချက်ကို ပမာဏလျှော့၍ ဆောင်ရွက်နိုင်ရေးအတွက် ဖူးခက်စီမံချက်အတွက် လျာထားသောတပ်အချို့ကို ထုတ်သုံးသင့်ကြောင်း မောင့်ဘက်တန်ထံ ကြေးနန်းဖြင့် ဘင်ပြလိုက်သည်။ စလင်းကိုယ်တိုင်ကပင် အချိန်ဇယား အတိုင်းဝင်ရန် သံသယရှိလာနေပြီဖြစ်သည်။ မိတ္ထီလာ ဘိုက်ပွဲ၌ ဂျပန်တို့က ကျားကုတ်ကျားခဲခေါင်းမာမာ ခုခံခဲ့ ခြင်းကြောင့် ရန်ကုန်အဝင်တွင် မိုးနှင့်လေနှင့်နောက်ပိုင်း ဆက်သွယ်ရေးလမ်းကြောင်းကလည်း ခနော်နီခနော်နဲ့နှင့် မိတ္ထီလာတိုက်ပွဲမျိုး ပြန်ရင်ဆိုင်ရမည့်အရေးက စိတ်ချွေ ခြောက်လန့်လျက်ရှိသဖြင့် အမှတ် (၁၄) တပ်မတော်က ရန်ကုန်သို့ ချဉ်းကပ်မိချိန်တွင် ကမ်းတက်နှင့်လေကြောင်း စစ်ဆင်မှုတစ်ရပ်ဖြင့် ဝင်ပေးသင့်ကြောင်း ''ကျွန်တော် အိမ်ရှေ့ပေါက်ကပြေးဝင်ချိန်မှာ နောက်ဖေးပေါက်က တံခါး



www.burmeseclassic.com

www.burmeseclassic.com



ကို တဒုန်းဒုန်းထုပေးဖို့'' လိုကြောင်းသူကပါဆိုလာသည်။ သို့ဖြစ်၍ ဧပြီလ (၂) ရက်နေ့၌ ကျင်းပသော အစည်းအဝေးတွင် ယခင် ကာလကတ္တားမြို့၌ ဆွေးနွေးချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ပြောင်းပြန်လှန်၍ မေလ ၅ ရက်နောက်ဆုံးထား၍ တပ်မတစ်ခုဖြင့် ကမ်းတက်ဝင်ရောက်ရန်၊ လေထီးတပ်ရင်းတစ်ရင်းဖြင့် ရန်ကုန်မြစ်ဝ (အဲလစ်ဖင့်ပွိုင့်) တွင် လေထီးဆင်း၍ သိမ်းရန်ဟူသော စစ်ဆင်ရေးအမိန့်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

## မဟာမိတ်တပ်များ ချီတက်ကြပြီ

မတ်လ (၃၀)ရက်နေ့တွင် တပ်မ(၁၇)သည် မိတ္ထီလာမှတောင်ဘက်သို့ စဆင်းသည်။ ဂျပန်အမှတ်(၃၃) တပ်တော်သည် ဒုဗိုလ်ချုပ်ကြီးဟွန်ဒ၏ကွပ်ကဲမှုဖြင့် ပျော်ဘွယ်တွင် ဗြိတိသျှအမှတ် (၄)တပ်ကို ပိတ်ဆို့ထားရန် စီမံလျက်ရှိသည်။ တပ်မ(၁၈)သည် အနိုင်အမာအစိက ခံစစ်ယူထားရန်ဖြစ်ပြီး တပ်မ(၄၉)ကိုမူ ပျော်ဘွယ် မိတ္ထီလာလမ်းတစ်လျှောက်၌ ဖြန့်ထားသည်။ ထိုစဉ်တွင် တပ်မ(၃၁) နှင့်(၃၃)တို့မှ တကွဲတပြားဆုတ်ခွာလာသော အင်အားစုများ





မှာ ရှမ်းပြည်နယ်ဘက်သို့ ဦးတည်၍ဆုတ်ခွာ လျက်ရှိသည်။ တပ်မ(၅၃)သည် တောင်သာမှဆုတ်ခွာလာရာ ပျော်ဘွယ်၏ အနောက်ယွန်းယွန်းရှိ ရန်အောင်သို့ ရောက်လာသည်။

## ပျော်ဘွယ်ကိုတိုက်ခိုက်ခြင်း

တပ်မမှူးကိုဝင်က တပ်မဟာ (၉၉)ကို သာစည်မှတစ်ဆင့် ပျော်ဘွယ်သို့ ချီတက်ရန် ညွှန်ကြားလိုက် သည်။ ဘပ်မဟာ(၄၈) ကမူ မိတ္ထီလာမှပျော်ဘွယ်သို့ လမ်းမအတိုင်း တိုက်ရိုက်ဝင်ရန် ဖြစ်သည်။ တပ်မဟာ (၆၄) ကလည်း အနောက်ဘက်မှ ပျော်ဘွယ်သို့ပန်း၍အနောက်တောင်ဘက်မှဝင်ရန်ဖြစ်သည်။ ဤသို့ တိုက်စစ်ပုံစံဖော်လိုက်သည့်ပြင် ဗိုလ်မှူးချုပ်ကလော့ဒ်ပတ် ကွပ်ကဲသောကလော့ဒ်စစ်ကြောင်းဟု အမည်ပေးလိုက်သည့် သံချပ်ကာစစ်ကြောင်းကိုပျော်ဘွယ်အနောက်ပိုင်းရှိ ရင်းတော်၊ ရွာတင်၊ ရန်အောင်နှင့် ရွာတန်း တို့ကိုဖြတ်သန်း၍ ပျော်ဘွယ်နှင့်ရမည်းသင်းလမ်းကို ဖြတ်တောက်ထားရန် တာဝန်ပေးလိုက်သည်။

"ကလော့ဒ်စစ်ကြောင်းကို သံချပ်ကာ(၅) မှ က နှင့် ဂ တပ်ခွဲများ၊ အမှတ် (၁၆) သံချပ်ကာမှ သံချပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



တပ်ခွဲ ၂ ခွဲနှင့်ယာဉ်တင်အမြောက်တပ်ခွဲ ၁ ခွဲ၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့နှင့်အတူ ခြေလျင်တပ် အဖြစ် ၄/ ၄ ဘုံဘိုင်ဗုံးပစ်သမားတပ်နှင့် ၆/ ၇ ရာ့ဂျ်ပွတ်တပ်တို့ ပါဝင်သည်။ ဗိုလ်မှူးချုပ် ပတ်သည် စစ်ကြောင်းကို ဦးစီး၍ မိတ္ထီလာမှ ဧပြီလ (၄) ရက်နေ့တွင်ထွက်၍ ရင်းတော်ကိုစတိုက်သည်။

ရင်းတော်ရွာကို ပတ်လည်ဝိုင်းထားသော တာရိုးနှင့်မြောင်းရှိပြီး ရွာ၏တစ်ဖက်၌ ကန်ရှိနေသဖြင့် လမ်းအတိုင်းသာ ဝင်သာသည့် အနေအထားရှိသည်။ ရင်းတော်တွင် ဂျပန်တပ်မ(၄၉) မှအင်အား (၁၀၀၀) ခန့်သည် တင့်ကားပစ်အမြောက်များနှင့် အခိုင်အမာယူထားပြီး လေယာဉ်ပုံးကြဲမှုနှင့် မြေပြင်မှ အမြောက်ဖြင့် ပစ်ခတ်မှုကို (၃) ရက်တိုင်တိုင် ပေခံလျက်ရှိသည်။ ရာ့ဂျ်ပွတ်တပ်က ဝင်တိုက်သောအခါ ထိုနိုက်ကျဆုံးမှုအများအပြားဖြင့် ပြန်လှည့်လာသည်။ တင့်ကားများက ရွာကိုမကပ်နိုင်ဘဲ၊ လေကွဲကျည်များဖြင့်သာ တောအုပ်ထဲ ပစ်သွင်း၍ ခြေလျင်ကို ထောက်ကူနိုင်ခဲ့သည်။ ရာ့ဂျ်ပွတ်တပ်ခွဲမှတပ်ခွဲမှူး (၂) ဦးကျသွားသည့်နောက်တွင် ဗိုလ်မှူးချုပ်ပတ်သည် ရင်းတော်ကို ပန်း၍ နောက်ကလိုက်လာမည့် တပ်မ(၅)ရှင်းရန်ထားခဲ့ပြီး ဆက်လက်ချီတက်ရန် ဆုံးဖြတ်လိုက်သည်။ သို့နှင့်ဤစစ်ကြောင်းသည် ရန်အောင်





ကို ဧပြီလ (၈) ရက်နေ့တွင်ဝင်ရန် ဂျပန်တပ်မ (၅၃)မှလက်ကျန်အင်အားစုနှင့် တိုးမိတော့သည်။ ဂျပန်တပ်၏အခြေအနေမှာ သနားဖွယ်ဖြစ်သည်။ စုစုပေါင်း တင့်ကားပစ်အမြောက်(၂) လက်နှင့် တပ်ရင်းပိုင်အမြောက် (၂) လက်၊ ဗုံးလောင်ချာ (၃၈)လက်၊ စက်ကြီး (၁၁) လက်နှင့်စက်ကလေး (၂၇) လက်တို့ဖြင့် ဗြိတိသျှသံချပ်ကာ ယန္တရားတပ်မဟာတစ်ခုကို ရင်ဆိုင်ရမည် ဖြစ်လေသည်။ ဂျပန်တို့အဆိုအရ "ဓားခုတ်ကောင်တစ်ကောင်က သူ့လက်တံချည်းသက်သက်နှင့်သူ့ကိုယ်သူ ကာကွယ်နေသကဲ့သို့" ပင်ဖြစ်လေသည်။ တိုက်ပွဲပြီးဆုံးသွားသောအခါ ဗြိတိသျှစစ်ကြောင်းက တင့်ကားပစ် အမြောက်များကို ဖျက်ဆီးနိုင်ခဲ့ပြီး ရန်သူအလောင်း (၂၃၀) ရရှိခဲ့သည်။ ဂျပန်တပ်က ပြန်လည်စုဖွဲ့ပြီးသောအခါ ဗိုလ်ချုပ်ဟွန်ဒက ဆင်သေချောင်းဘွင် တပ်ကုန်းရှိ တပ်မ (၄၉) နှင့်ဆက်စပ်၍ ခံစစ်ယူထားရန် တာဝန်ပေး လိုက်သည်။

ထိုစဉ် ဗိုလ်မှူးချုပ်ပတ်၏ စစ်ကြောင်းသည် ရွာတန်းသို့ဆက်ဝင်ကာ အလစ်အငိုက်ရမိလိုက်သဖြင့် ရန်သူအလောင်း (၂၀၀) နှင့် အမြောက် (၄) လက်ရမိလိုက်သည်။ စစ်ကြောင်းမှူးက အင်အား အချို့အဝက်ကို ရမည်းသင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ခွဲလွှတ်လိုက်သည်။ နောက်ကျန်အင်အားဖြင့် ပျော်ဘွယ်ကို လမ်းမကြီးအတိုင်း တောင်ဘက်မှ ဝင်တိုက်လေတော့သည်။

ဗိုလ်မှူးချုပ်ပတ် ထိုအချိန်က မသိခဲ့သည်မှာ ဗိုလ်ချုပ်ဟွန်ဒ ကိုယ်တိုင်ပင် သူ၏ဌာနချုပ်နှင့် ပျော်ဘွယ် အနီးတွင် ရှိနေသောအချက်ပင် ဖြစ်သည်။ ဗိုလ်ချုပ်ဟွန်ဒ သည် ရင်းတော်မှ တပ်မ (၄၉) တပ်မမှူး တာကဲဟာရာနှင့် တွေ့စဉ်က အင်အားကောင်းသော သံချပ်ကာ စစ်ကြောင်း တစ်ကြောင်းသည် ရင်းတော်ကို ကွင်း၍ တောင်ဘက်သို့ ဦးတည်လျက်ရှိကြောင်း သိလိုက်ရသည်။ ထိုအချိန်၌ ဗိုလ်ချုပ်ဟွန်ဒ၏ တပ်မတော် အင်အားမှာ တပ်မတစ်ခုစာ မျှသာ ရှိတော့သည်။ သူက ပျော်ဘွယ်ကို ဆက်ထိန်းထား နိုင်ရန် တပ်မ(၅၃) မှ တပ်ရင်းကြီး (၁၁၉) ဖြင့် ပျော်ဘွယ်ကို အင်အားထပ်ဖြည့်ရန် စီစဉ်ပြီး အီနိုဒိုပျောက်ကျားတပ်ကို လမ်းမအား ဖြတ်တောက်ထားရန်လွှတ်လိုက်သည်။

ပတ်၏ စစ်ကြောင်းသည် လမ်းတွင် ရမည်းသင်းမှ ထွက်လာသော စစ်ကားကြီး (၁၁) စီးဖြင့် စစ်ကူလာနေ သော ဂျပန်ယာဉ်တန်းကို တိုက်ခိုက်ဖြိုခွဲဖျက်ဆီးလိုက်သည်။ ထိုစဉ်မှာပင် ပျော်ဘွယ်မှ ညမှောင်ချိန် ဆုတ်ခွာလာသော ဂျပန်တင့်ကားတပ်ဖွဲ့ကိုပါ ချေမှုန်းနိုင်လိုက်သည်။ ထိုတိုက်ပွဲ





ဖြစ်စဉ်နှင့်ပတ်သက်၍ ဗိုလ်မှူးချုပ်စမီးတန်က ဤကဲ့သို့ ပြန်လည်ပြောပြခဲ့သည်။

''ဂျပန်တင့်ကားမျက်နှာချင်းဆိုင်တည့်တည့် ရောက်လာချိန်မှာ ကျွန်တော်ကလှမ်းပြီး မဟာဒူးဆင်ရဲ့ ပခုံးကို ပုတ်လိုက်တာနဲ့ အမြောက်ပြောင်းထဲက မားမြှောင် တွေ ဆုတ်ပေါက်လိုက်သလို မီးလျှံတွေထွက်လာတယ်၊ ရန်သူတင့်ကားဟာ ရဲရဲညီးလာရာကမီးတောက်ကြီး ဟုန်းခနဲ ထတောက်ကာပေါက်ကွဲသွားတော့တယ်။ ဒီတင့်ကား နောက်ကလိုက်လာဘဲ့တင့်ကားဟာ ရှေ့ကတင့်ကား ထိမှန် ပေါက်ကွဲတာနဲ့ ညာဘက်ဆွဲချပြီး တစ်ရှိန်ထိုးမောင်းရင်း သူ့ရှေ့တည့်တည့် ကျွန်တော်တို့ ရှားမီးတင့်ကားတွေ ဘစ်တန်းကြီး တန်းစီပြီး ပိတ်နေတာ တွေ့တော့မှထပ်ပြီး ညာဘက်တံထောင်ဆစ် ချိုးကွေ့ချပြီး ကျွန်တော်တို့ အမြောက်တွေနဲ့ ကိုက်အနည်းငယ်လောက်အကွာက ဖြတ်မောင်းချတယ်။ ကျွန်တော်တို့ အမြောက်သမားတွေက အမြောက်ပြောင်းတွေကို ကမန်း ကတန်းရစ်ချပေမယ့် ဂျပန် ဘင့်ကားက နိမ့်တော့ ကျွန်တော်တို့ တင့်ကားတန်းကြီးက ဘစ်စီးပြီးတစ်စီး အစဉ် အလိုက် ပစ်လိုက်ကြတာတွေဟာ သူ့အပေါ်ကချည်း ကျော်သွားနေပြီး ပျော်ပွဲရှင်ပွဲ တန်းစီ



www.burmeseclassic.com


www.burmeseclassic.com



အမြောက်ဖောက်တဲ့ ပွဲလိုပါပဲ။ သူလည်း ကျွန်တော်တို့ တင့်တွေရဲ့လက်ရင်းနားကပ်ပြီးမောင်းပြေးရင် လွတ်တောင် သွားနိုင်ပါရဲ့။ ဒါပေမယ့် လမ်းမဘက်ချိုးအထွက်မှာ မှန်ပြီး မီးလောင်ကာပက်လက်လန်သွားပါတယ်။ တတိယတင့်ကား ကတော့ လမ်းအတိုင်းပြန်ဆုတ်အပြေးမှာ တံတားအတက် လမ်းချိုးမှာ အရှိန်လွန်ပြီး သဲချောင်းထဲထိုးဆင်းသွားရာမှာ ကျွမ်းပြန်သွားပါတယ်''

ဤစစ်ကြောင်းသည် ပျော်ဘွယ်သို့ဆက်လက်ချီစဉ် လမ်းတွင် ကားကြီး (၃၉) စီးနှင့် ကားငယ်အချို့ ပါသော ယာဉ်တန်းတစ်ခုကို ချေမှုန်းလိုက်သေးသည်။ ပျော်ဘွယ် အနီးသို့ ချဉ်းကပ်မိသောအခါ မြို့မြောက်ဘက်တွင် ဒက္ခိဏမြင်းသံချပ်ကာ (၉) တပ်အကူဖြင့် တပ်မဟာ (၄၈) နှင့် (၆၉) တို့ တိုက်ပွဲဖြစ်သံကို ကြားနေရ သည်။ ဂျပန်တို့က နောက်ဆင်ခြေလျောတွင် နေရာယူပြီး စစ်သေနတ်များနှင့် ပစ်ခတ်မှုကြောင့် ခြေလျင်တပ်မ ထိခိုက်ဒဏ်ရာရမှုများ လာသည်။ တင့်ကားများကလည်း ရန်သူ့နောက်ဆင် ခြေလျောတွင် ရှိနေသောကြောင့် ထိရောက်စွာ ပစ်ကူမပေး နိုင်ဘဲရှိရာမှ ဗိုလ်ကြီးရှီယိုဒန်းဆင်းက အရဲစွန့်၍ကုန်း နောက်ကျောထဲသို့ ဦးဆောင်ကျော်ဝင်လိုက်မှ ခြေလျင်






၁၉၄၅ ဧပြီလတပတ်ပိုင်းအတိုင်း ဗြိတိသျှစစ်ကြောင်းများ ပျော်ဘွယ်ဒေသသို့ဝင်ရောက်ခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း လိုက်ပါလာပြီး ဂျပန်တပ်သည် ရေစက်ထဲသို့ ဆုတ်သွားတော့သည်။ နောက်တစ်နေ့တွင် ရေစက်ရုံကို ဗြိတိသျှတပ်က သိမ်းနိုင်လိုက်သည်။ ထို့ကြောင့် ဧပြီလ (၁၀) ရက်နေ့တွင် ပျော်ဘွယ်မြို့ အနောက်ခြမ်းတစ်ခုလုံးမှာ ဘပ်မဟာ (၆၃) လက်ထဲတွင် ရှိနေပြီး နောက်တစ်ရက်တွင် ဂျပန်များ ဆုတ်ခွာသွားတော့သည်။

## ပျော်ဘွယ်ရှိဂျပန်တပ်များ အခြေအနေ

ထိုအချိန်က ဒုဗိုလ်ချုပ်ကြီးဟွန်ဒနှင့် အမှတ်(၃၃) ဘပ်မတော်ဌာနချုပ်သည် ပျော်ဘွယ်မြို့တောင်ဘက် ကိုက် (၁၀၀၀)ခန့်တွင်ရှိသော ရွာကလေးတွင် အခြေပြုလျက်ရှိသည်။ ထိုကျေးရွာကလေးပတ်ဝန်းကျင်တွင် လှေခါးထစ် စိုက်ခင်းများ၊နိမ့်ဝင်နေသောလမ်းရာများနှင့် ရွာနံဘေးတစ် ဘက်တွင် စပျစ်ပင်စိုက်ခင်းများရှိသည်။ တင့်ကားများအတွက် ဒုပ်ရှားစစ်ကစားရန် အခွင့်မသာသော မြေပြင်အနေအထား မျိုးဖြစ်သည်။ အမှတ်(၁၅)တပ်မတော်တပ်မှူး ဒုဗိုလ်ချုပ်ကြီး ကာတာမူရာသည် သူ့တပ်မတော်ဌာနချုပ်အောက်သို့ ဘပ်ရင်းကြီး (၂၁၄)ကို ဗိုလ်ချုပ်ဟွန်ဒအနေဖြင့် အခက်အခဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့်တိုက်နေရသည့်ကြားမှပင် ပြန်လှဲပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်ပြီးတောင်ငူဘက်သို့ ဆက်ထွက်သွားသည်။ ထို့နောက် ဟွန်ဒနှင့် ဗိုလ်မှူးကြီး ဆူဂီျအပါအဝင် တပ်မတော်ဌာနချုပ် ဦးစီးအရာရှိများ ထမင်းစားနေစဉ် အနောက်တောင်ထောင့်ဆီမှ လက်နက်ကြီးပစ်သံများကြားရပြီး တင့်ကား(၁၀)စီးတက်လာသည်ကို ဖုန်လုံးကြီးများအကြား တွေ့ကြရသည်။ နေ့ခင်းကြောင်တောင်၌ ဂျပန်တင့်ကားများ လှုပ်ရှားလေ့မရှိသဖြင့် ရန်သူ့တင့်ကားများဖြစ်မည်ဟု သိလိုက်သည်နှင့် ဆူဂီျက မှန်ပြောင်း ယူကြည့်ရာ ရှားမင်း (အမ်-၄) အလတ်စားတင့်ကားများဖြစ်ကြောင်းသိရသည်။ တပ်မ (၅၃)ခံစစ်ကြောင်းကို ဖောက်ဝင်လာပြီး ပျော်ဘွယ်မြို့ကို ဆီးဆို့တိုက်သည့် ခြေလှမ်းပင်ဖြစ်ကြောင်း သဘောပေါက်မိလိုက်သည်။ ထိုတင့်ကားများသည် လမ်းမဘေးသို့ ဖဲ့ဆင်းလာကြပြီး စပျစ်ခင်းကို စဖြတ်ကာ အမှတ် (၃၃) တပ်မတော်ရှိရာသို့ တည့်မတ်စွာ ဝင်လာလေသည်။ ဗိုလ်ချုပ်ဟွန်ဒနှင့် ဌာနချုပ်အဖွဲ့ထံသို့ အမြောက်ဆန်များနှင့် စစ်သေနတ်ကျည်များကျလာသည်။ မော်တော်ယာဉ်စခန်းမှမီးတောက်မီးလျှံများလည်းတက်လာသည်။ ဗိုလ်ချုပ်ဟွန်ဒအနေဖြင့် လက်





နက်ငယ်ပစ်ခတ်ခြင်းခံရသည်မှာ၍အကြိမ်မျှမက သော်လည်းရန်သူတင့်ကားများ၏ တိုက်ရိုက်ပစ်ခတ်မှုကို ပထမဆုံးအကြိမ်နဖူးတွေ့ဒူးတွေ့ကြုံရခြင်းပင်ဖြစ်တော့သည်။

ဌာနချုပ်နှင့် ပတ်ဝန်းကျင် စပျစ်ခင်းများထဲသို့ ညအမှောင်ကျသည်အထိ ရန်သူ့အမြောက်ဆံကျည်ဆန် များကျရောက်ပြီးနောက် အပစ်ရပ်သွားခဲ့သည်။ ဗိုလ်ချုပ် ဟွန်ဒတို့ကံကောင်းသွားခြင်းပင်။ မုံရွာတွင် အခြေစိုက် ထားသောစက်မှ ဂျပန်တပ်၏ ကြေးနန်းများကို ကြားဖြတ် ဖမ်းယူ၍ ဝှက်စာဖော်ကာ စလင်းထံသို့ ပေးပို့လျက်ရှိ သဖြင့် ဂျပန်တပ်မတော်၊ တပ်မ စသည့်ဌာနချုပ်တပ်တည် အပါအဝင် သတင်းပေးပို့သော်လည်း ပျော်ဘွယ်တွင် အမှတ်(၃၃) တပ်မတော်ဌာနချုပ်ရှိသောသတင်းကို ဗြိတိသျှ တို့၏ တပ်မ (၁၇)က မရရှိချေ။ အကြောင်းမှာ ရှင်းပါသည်။ အမှတ်(၃၃) ဘပ်တော်တွင် ရေဒီယိုဆက်သွယ်မှုပြုလုပ်နိုင်ခြင်း ဆိတ်သုန်းသွားပြီဖြစ်၍ ကြားဖြတ်ဖမ်းယူရန် ကြေးနန်းပို့၊ ဖမ်းမှု မရှိတော့၍ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဗိုလ်မှူးချုပ် ပတ်အနေဖြင့် သူနှင့် လက်လှမ်းတစ်မိုင်တွင် အမှတ် (၃၃) တပ်တော်ဌာနချုပ်ရှိကြောင်း ရေးရေးမျှပင်မသိရ၍ သာမန် ထိတွေ့မှု တစ်ရပ်အဖြစ်သာ သဘောထားပြီး၊ ရှင်း



www.burmeseclassic.com

www.burmeseclassic.com



တော်တွင်ရန်သူနှင့်အဆက်ဖြတ်၍ ဆက်ထွက်ခဲ့သကဲ့သို့ ယခုလည်းပျော်ဘွယ်သို့ဦးလှည့်ထွက်ခွာသွားခြင်းဖြစ်လေသည်။

ဗိုလ်ချုပ်ဟွန်ဒ၏ဌာနချုပ်သည် ရေဒီယိုဆက်သွယ်မှုမလုပ်နိုင်သည့်အတွက် တပ်များနှင့်ဆက်ဆံရေး အရာရှိများလွှတ်၍ ကွပ်ကဲနေရသည်။ ပျော်ဘွယ်ရှိ တပ်မ (၁၈)ကို အကြောင်းကြားရန် ဆူဂျီက ဒုဗိုလ်ဖူဂျီမိုတို ကို ရွေးချယ်လိုက်သည်။ ဖူဂျီမိုတိုသည်နာကာဒို ကျောင်းဆင်း တစ်ဦးဖြစ်၍ တပ်မတော်ဌာနချုပ်၏ ထောက်လှမ်းရေး စစ်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင် နေသူဖြစ်ပြီး ရန်သူနှင့် ပစ်ခတ်မှုဖြစ်စဉ်က တည်တည် ငြိမ်ငြိမ်ရှိသည်ကို ဆူဂျီက သတိမူမိသည်။ ''ဖူဂျီမိုတို၊ မင်းဒီအမိန့်ကိုယူသွားပြီး တပ်မ(၁၈) တပ်မမှူးကိုပေး၊ ပြီးတော့ တပ်မ (၃၃) ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းပြီး အဲဒီကိုလည်း ဝင်လိုက်ဦး''ဟု အမိန့်ပေးလိုက်သည်။ ဖူဂျီမိုတို၏ မျက်နှာမှာ စိတ်လှုပ်ရှားမှု ဘာမျှမပြဘဲ သူ့ယူနီဖောင်းကိုချွတ်၍ ဗမာအဝတ်အစား ဝတ်လိုက်သည်။ အမိန့် စာရွက်ကို ခါးပုံစထဲ ဝှက်လိုက်ပြီး သူ့ရှပ်အင်္ကျီထဲ လက်ပစ်ဗုံး တစ်လုံး ထည့်ပြီးနောက် ဆူဂျီ၏ ယခင်ရဲဘော် အကူဖြစ်သော တပ်သားကျော် မိယာဂျီနှင့်အတူ အေးအေး မွန်မွန် လျှောက်၍ ထွက်သွားကြသည်။





မှန်းတည့်ချိန် နေပူကျဲကျဲ အောက်တွင် ထွက်ပြေးလာသည့် ရွာသားနှစ်ဦး ပုံဖြင့် ဗြိတိသျှတင့်ကားများအကြားမှပင် ဖောက်သွား သည်ကို ယမ်းငွေ့လုံးများက သူတို့သဏ္ဌာန်ကို ဖုံးလွှမ်းလိုက် သည်အထိ ဆူဂျီက လိုက်ကြည့်နေမိသည်။

သူတို့ပျော်ဘွယ်အဝင်တွင် အိန္ဒိယတပ်နှင့် သွားတိုးကာ အိန္ဒိစစ်သားများက သူတို့ကိုဝိုင်းထားသည်။ ဖူဂျီမိုတိုက အရှာမခံနိုင်သဖြင့် ဝိုင်းထားသူများ အနီးသို့ ကပ်လာမှ လက်ပစ်ဗုံးထုတ်ပြီးပစ်ကာ ဗုံးကွဲသည်နှင့် မရှေးမနှောင်း တိုးထွက်ပြီး ခြေကုန်သုတ်လိုက်ကြသည်။ မိနစ်ပိုင်းမှာပင် သူတို့တပ်မ (၁၈) တပ်မဌာနချုပ်သို့ ရောက်ရှိပြီး၊ စစ်ဆင်ရေးအမိန့်ကို ဒုတိယဗိုလ်ချုပ်ကြီးနာကာထံပေးအပ်ပြီးနောက် နာကာ၏တပ်မအခြေအနေနှင့် သူ၏စီမံချက်ပြောကြားသည်ကို မှတ်သားကြသည်။ ထို့နောက် တိုက်ပွဲဖြစ်သည့်ကြားကပင်ဖြတ်၍ ပြန်ထွက်လာသည့် တပ်မ (၃၃) နှင့်တွေ့ဆုံပြီးနေဝင်ရိုးရီတွင် မိမိတပ်မတော်ဌာနချုပ်သို့ ငှက်ပျောသီးတစ်လုံးနွှာစားရင်း အေးအေးလူလူပြန်ရောက်လာသည်။

ဖူဂျီမိုတိုက တပ်မများထံ ဗိုလ်ချုပ်ဟွန်ဒ၏ ပြောင်းလဲနေသောအခြေအနေပေါ် သူ၏ သုံးသပ်တွေ့ချက်အရ စစ်ဆေးရေးညွှန်ကြားချက်ကို ပေးပို့ခဲ့ပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းစစ်ဆင်ရေးညွှန်ကြားချက်၏သဘောမှာ မြေကိုထိန်းထားရေးသက်သက်မဟုတ်တော့ဘဲ မိမိတို့အချိန်ရနိုင်သမျှရနိုင်ရေးအတွက် အချိန်ကို မြေနှင့်လဲယူရေးပင် ဖြစ်တော့သည်။ ဖြစ်နိုင်က ဗြိတိသျှတို့၏ ထိုးစစ်ကို မိုးကျသည်အထိတောင်မကျမြောက်မကျနေရာ၌ အချိန်ဆွဲထားနိုင်လျှင် ရွှံ့တောဗွက်တောထဲ၌ တင့်ကားနှင့်သံချပ်ယာဉ်များ နွံနစ်သွားမည် ဖြစ်သကဲ့သို့ လေကြောင်း ထောက်ပံ့ပေးနိုင်မှုကိုလည်း ကန့်သတ်ချက်ရှိလာမည်ဖြစ်သည်။ ဧပြီလ (၁၄) ရက်နေ့ကာလ၌ ဟွန်းဒ အစီရင်ခံစာ၌ တပ်မ (၁၈) တွင်အင်အား(၃၁၀၀) နှင့် တောင်ပေါ်ပစ်အမြောက် (၄)လက်၊ တပ်မ(၄၉)တွင် အင်အား(၁၆၀၀)နှင့်တောင်ပေါ်ပစ် တစ်လက်၊တပ်မ (၅၃)တွင်အင်အား (၁၆၀၀)အမြောက်မရှိ၊ တပ်မ(၂)မှ ခြေလျင်တပ်ရင်းကြီး(၄)တွင်အင်အား (၈၀၀)နှင့် တပ်ရင်းပိုင်အမြောက် တစ်လက်၊ တပ်တော်၏ အမြောက်တပ်ဖွဲ့တွင် ၁၅၀ မမ အမြောက် (၃) လက်တိတိနှင့်တပ်မ (၅၃)တပ် ဖြစ်သော်လည်း ကွပ်ကဲမှုယူထားသော တပ်ရင်းကြီး (၁၉၉)၌ အင်အား (၅၀၀)တို့ရှိကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ဗိုလ်ချုပ်ဟွန်ဒ ကွပ်ကဲမှုအောက်တွင်ရှိသော စုစုပေါင်းအင်အား (၈၀၀၀)မှာ ပုံမှန်တပ်မတစ်ခု၏ အင်အား





ထက်ဝက်မျှသာ ရှိလေသည်။ ဤပုံစံဖြင့် ဗြိတိသျှအမှတ် (၁၄) တပ်တော်၏ သံချပ်ကာ ယန္တရားတပ်များ ပါဝင်သောအင်အားကြီးကို ဆီးဆို့ ခုခံထားရန်၊ ရန်ကုန်ဌာနချုပ်မှ ဗိုလ်ချုပ်ကြီးကိမူရာက ဝန်နှင့်အား၊ မြားနှင့်လေး မျှမမျှ မချိန်ဆဘဲ ဖွတ်အမိန့်ပေးနေခြင်းပင် ဖြစ်လေသည်။

## ပျော်ဘွယ်မှသည် ရန်ကုန်သို့

စလင်းသည် ရန်ကုန်သို့ရောက်ရန် (၃၁၂)မိုင်ကို (၃)ပတ်အတွင်း ချီတက်ရပေမည်။ သို့သော် မိတ္ထီလာနှင့် ရန်ကုန်အကြားလမ်းခရီးတွင် ပျော်ဘွယ်သည် နောက်ဆုံးအနိုင်အမာခံစစ်ဆင်နိုင်သည့် နေရာပင်ဖြစ်သည်။ ရှေ့လျှောက်သဲသဲမဲမဲတိုက်ရသည့်တိုက်ပွဲများ ကြုံရဦးမည် ဖြစ်သော်လည်း ပျော်ဘွယ်တိုက်ပွဲတွင် ဟွန်ဒ၏ တပ်တော်ကို နာလန်မထူနိုင်အောင် ခြေမှုန်းလိုက်နိုင်သဖြင့် စလင်းက မြန်မာပြည်တိုက်ပွဲစဉ်၌ ပျော်ဘွယ်တိုက်ပွဲသည် အဆုံးအဖြတ်ပေးသည့် တိုက်ပွဲများအနက် အရေးပါဆုံး တိုက်ပွဲ ဘစ်ပွဲဟု သတ်မှတ်လေသည်။

ပျော်ဘွယ်တိုက်ပွဲအပြီး၌ စလင်းက သူ၏တပ်မကြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုအား မြောက်မှတောင်သို့ ဧရာဝတီမြစ်ရိုးအတိုင်း တပ်မကြီး(၃၃)နှင့် မီးရထားနှင့်ကားလမ်းမအတိုင်း တပ်မကြီး (၄)ကို ချီတက်စေပါသည်။ လမ်းတလျှောက်ခုခံမှုအားလုံးကို ရှင်းလင်း၍ ရန်ကုန်သို့ အပြင်းချီတက်ရာ ပြေလကုန်တွင် ပဲခူးမြို့မြောက်ဘက် မိုင်အနည်းငယ်အကွာတွင်သို့တိုင် ရောက်ရှိခဲ့လေသည်၊ထိုနေ့၌ မိုးသည်းထန်စွာရွာသွန်း လိုက်ရာ ပဲခူးပတ်ဝန်းကျင်တစ်ခုလုံး ရေဖုံးသွားသဖြင့် စလင်း၏ ချီစစ် များရပ်တန့်သွားတော့၏။ စလင်းက မိုးထဲလေထဲ ဆက်ပြီး ချီတက်စေရာ မေလ ၂ ရက်နေ့တွင် ရန်ကုန်နှင့် ပဲခူးကြား၌ ရန်ကုန်ကို ရေကြောင်းမှသိမ်းသော ဒရက်ကူလာ စစ်ဆင် ရေးတွင် ပါဝင်သော အမှတ်၂၆တပ်မမှတပ်များနှင့် ဆုံရာ တွင်ရန်ကုန်မြို့သိမ်းတိုက်ပွဲကြီးပြီးဆုံးသွားလေတော့သည်။

ဤတွင် စလင်း၏တပ်မကြီးများ ရန်ကုန်ဒေသတွင် ခေတ္တအနားရသွားတော့၏။ ထိုနေ့ကား ၁၉၄၅ ခုနှစ်၊မေလ ၂ ရက်နေ့ပါတည်း။

ရန်ကုန်သိမ်းပြီးသည့်နောက်တွင်ကား တိုက်ပွဲ ကြီးကြီးမားမားမရှိတော့ချေ။ ဂျပန်တို့က ပဲခူးရိုးမမှ ဖောက် ထွက်ပြီး စစ်တောင်းနှင့်အရှေ့ရိုးမကိုကျော်ကာ ယိုးဒယား ပြည်တွင်းသို့ကူးဝင်ကြသည်၊ စလင်း၏တပ်များနှင့် ဗိုလ်ချုပ်






ဗိုလ်ချုပ်ကြီးဝီလီယံစလင်း လေးစားသော ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com




မြန်မာနိုင်ငံကို ဗြိတိသျှတို့ ပြန်လည်သိမ်းပိုက်စဉ်က ဝင်ရောက်ခဲ့သော
စစ်ကြောင်းများနှင့် မြို့အသီးသီးကို ပြန်လည်သိမ်းပိုက်ခဲ့သော ရက်စွဲများ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်စစ်မြေပြင်တွင် တပ်မ (၃၁) တပ်မမှူး ဒုဗိုလ်ချုပ်ကြီး ကာဝါဒါ ရှုနီတာရို
က လက်နက်ချသည်ကို အိန္ဒိယတပ်မ (၁၇)၊ တပ်မမှူး ဗိုလ်ချုပ်ခရောဝ်သာက လက်ခံစဉ်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်း၏ မြန်မာ့တော်လှန်ရေးတပ်မတော်တို့က ဂျပန်တပ်များကို ကောက်သင်းကောက် ချေမှုန်းနိုင်လိုက်လေသည်။

ဤသို့ဖြင့် သုံးလကျော်ခန့်ဂျပန်တို့အား ကောက်သင်းကောက်ချေမှုန်းရေးလုပ်နေစဉ် ဩဂုတ်လတွင် အနုမြူဗုံးကြဲချခြင်းခံရ၍ ဂျပန်တို့ရှုံးချက်မရှိ လက်နက်ချလေ သည်။ မြန်မာ့မြေပေါ်မှ အင်္ဂလိပ်ဂျပန်စစ်ပွဲများ လည်း ၁၉၄၅ စက်တင်ဘာလတွင် မြန်မာနိုင်ငံရောက် ဂျပန် တပ်များ လက်နက်ချသဖြင့် လုံးဝပြီးဆုံးသွားပါတော့သည် ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

## ဗိုလ်ချုပ်ကြီးဝီလီယံစလင်း၏ တိုက်ပွဲကွပ်ကဲမှုများ

### နိဒါန်း

ဤစာအုပ်ငယ်တွင်လည်း အခြားစာအုပ်များကဲ့သို့ တိုက်ပွဲကွပ်ကဲမှုနှင့် ကြီးကြပ်မှုအခန်းမှာ အဓိက ဖြစ်ပါသဖြင့် ဗိုလ်ချုပ်ကြီးဝီလီယံစလင်း၏တိုက်ပွဲကွပ်ကဲမှု Command and Control ကို Emphasize လုပ်၍ စစ်အောင်ရာသော အကြောင်းတရားကြီးများနှင့် ချိန်ထိုးသုံးသပ်ဘင်ပြသွားပါမည်။

ဝီလီယံစလင်းသည် စစ်သားမဖြစ်မီက ကျောင်းဆရာကလေးလုပ်ခဲ့၏။ စစ်တပ်ထဲတွင်လည်း စစ်ကျောင်းနည်းပြဆရာလုပ်ခဲ့ရသူလည်းဖြစ်၏။ စစ်ပညာများကို စစ်ကျောင်းတွင်နေခဲ့စဉ်က အပီအပြင်လေ့လာခဲ့ယုံမက စာရေးဆရာလည်းဖြစ်သောကြောင့် စစ်နှင့်ပက်သက်သော စာအုပ်အချို့ကိုလည်း ရေးသားခဲ့၏။ လက်တွေ့နှင့် သဘော



www.burmeseclassic.com

www.burmeseclassic.com



တရားကို မှူတအောင် ပေါင်းစပ်နိုင်ခဲ့သူလည်းဖြစ်၏။ စာအရေးကောင်းသောကြောင့် Imperial Defence College ခေါ် စစ်နှင့်ပက်သက်သော ဘုရင့်ကာကွယ်ရေးကောလိပ်ကျောင်းအုပ်ကြီးလည်းလုပ်ခဲ့ရ၏။

ဒုတိယကမ္ဘာစစ်တွင် သူလေ့လာခဲ့သော စစ်ပညာများကို သူကြုံခဲ့ရသော ခံခွာတိုက်ချိစစ်ဗျူဟာကြီး ၄ ရပ်လုံး၌ အသုံးချခဲ့၏။ ဆင်းရဲသားအောက်ခြေလူတန်းစားဘဝမှ တဖြည်းဖြည်းတစ်ဆင့်ပြီးတစ်ဆင့်တိုးတက်ကြီးပြင်းလာခဲ့ရသူဖြစ်ခြင်းကြောင့် အောက်ခြေလူတန်းစားရဲဘော်များ၏ ဘဝကို စာနာနိုင်ခဲ့သူဖြစ်၏။ အာရှတိုက်နှင့်အာဖရိကတိုက်များတွင် အချိန်ကြာမြင့်စွာနေထိုင်ခဲ့ရပြီး ထိုအရပ် ဒေသများမှ တိုင်းရင်းသားစစ်သားများနှင့် လက်ပွန်းတတီး နေထိုင်ခဲ့ဘူးသောကြောင့် သူတို့၏ဓလေ့ထုံးစံအမူအကျင့် လုပ်ရည်ကိုင်ရည်များကို နားလည်သူဖြစ်လေသည်။ ထိုကြောင့်လည်း အာရှအာဖရိကတိုက်သားများပါဝင်သည့် တပ်မကြီးနှင့် တပ်တော်များကို သူအောင်မြင်စွာ ကွပ်ကဲနိုင်ခဲ့လေသည်။

ထိုသို့ကွပ်ကဲနိုင်ခဲ့သောကြောင့်လည်း ရှုံးနိမ့်မှုကို အောင်မြင့်မှုအဖြစ်ရောက်အောင်သူဆောင်ကြဉ်းနိုင်ခဲ့၏။

သို့ဖြစ်ပါ၍ ဗိုလ်ချုပ်ကြီးစလင်း၏ တိုက်ပွဲကွပ်ကဲမှု





များကို လေ့လာကြည့်ကြပါစို့ခင်ဗျာ။

**စစ်အောင်ရာသော အကြောင်းတရားကြီးများနှင့် ချိန်ထိုးနိုင်းယှဉ်သုံးသပ်ခြင်း**

ဝီလီယံစလင်း၏ တိုက်ပွဲကွပ်ကဲမှုများကို စစ်အောင်ရာသော အကြောင်းတရားများနှင့်ချိန်ထိုးနှိုင်းယှဉ် သုံးသပ်ဖော်ပြသွားပါမည်။

(က) **ရည်ရွယ်ချက်တိကျခိုင်မြဲခြင်း။** ဝီလီယံစလင်းသည် မြန်မာပြည်စစ်မြေပြင်သို့ ၁၉၄၂ခုနှစ် မတ်လတွင် ရောက်ရှိခဲ့ပြီး၊ မြန်မာ့တပ်မကြီး(၁)ကို တပ်မကြီးမှူး အနေဖြင့်တာဝန်ယူခဲ့ရ၏။ ဘုမသိဘမသိဖြင့် မြန်မာပြည်ခွာစစ်ကိုတာဝန်ယူခဲ့ရ၏။ လောလောလတ်လတ်တာဝန်မှာ အောင်မြင်စွာခွာစစ်ဆင် နိုင်ရေးသည်သာအဓိက ဖြစ်သဖြင့် ပြည်မှအင်ဖာအထိ ခြေလျင်တပ်မနှစ်ခုနှင့် သံချပ်ကာတပ်မဟာတစ်ခုကို အထိအခိုက်အကျအဆုံး နည်းနိုင်သမျှနည်းအောင် ခွာစစ်ဥပဒေသများကိုကျင့်သုံးကာ ခွာစစ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခဲ့၏။အလားတူပင်ခံစစ်၌လည်း အင်ဖာကိုဟီးမား တိုက်ပွဲစဉ်များ၌ ရန်သူကို အင်ဖာလွင်ပြင် စစ်မြေကျုံး သွင်းကာချေမှုန်းနိုင်ခဲ့၏။တိုက်စစ်တွင်လည်း ရန်သူအများဆုံးကျေပြုံးသွားအောင် ဆောင်ရွက်နိုင်ခဲ့၏ခံခွာတိုက်ချီစစ် ကဏ္ဍကြီးလေးရပ်လုံး၌စစ်ဥပဒေသကြီးများကိုApply လုပ်ကာရည်ရွယ်ချက်အားထိန်းသိမ်းနိုင်ခဲ့ကြောင်းတွေ့ရပါသည်။

(ခ) **စိတ်ဓာတ်ကောင်းမွန်ခြင်း။** မြန်မာပြည်ခွာစစ်၌ စိတ်ဓာတ်ကျဆင်းသွားခဲ့သော သူ၏တပ်များကို စိတ်ဓာတ်မြင့်မားလာအောင်ကောင်းစွာကျွေးမွေးစောင့်ရှောက်ပေးခဲ့၏။ တောတွင်းတိုက်ပွဲများ တိုက်နိုင်အောင်လပေါင်းအတော်ကြာ လေ့ကျင့်ပေးခဲ့၏။ ဒုတိယမြောက်ရခိုင်တိုက်ပွဲစဉ်မှစ၍ အောင်မြင်မှုများစရသဖြင့် သူ့၏တပ်တော် (၁၄)သည်ဂျပန်တို့ကဲ့သို့ တောတွင်းတိုက်ပွဲများ တိုက်စွမ်းရည်ရှိကြောင်းပြသနိုင်ခဲ့၏။စကားပြောတိုင်း''ဘီလ်ပြောနေပါတယ်'' ဟုဝါယာလက်မှ ယဉ်ကျေးသိမ်မွေ့သော သူ၏အသံက ကြားရသူတိုင်းအတွက် အားဆေးသဖွယ်





ဖြစ်ခဲ့၏။သူသည် အောက်ခြေအဆင့်ရဲဘော်များနှင့်ပင်အမိန့်သံမပါဘဲ ရင်းရင်းနှီးနှီးဟာသနှောပြောတတ်ပေရာ သူ့အားတွေ့ကြုံရသူတိုင်းက သူ့ကိုချစ်ခင်သွားကြလေသည်။မြန်မာ့တပ်မကြီး (၁)ဘားကိုး၏ခွာစစ်၌ စစ်သည်အများစုမှာ အလွန်ခရီးပန်းပြီး အများအပြားသေကြေခဲ့လင့်ကစား တိုက်ခိုက်ရေးစိတ်မပျက်မယွင်း အကောင်းပကတိယဖြင့် အင်ဖာသို့ ရောက်အောင် စလင်းစွမ်းဆောင်နိုင်ခဲ့လေသည်။

(ဂ) **အင်အားကိုစံနစ်တကျအသုံးပြုခြင်း။** စလင်းသည် စစ်ကဏ္ဍကြီးလေး ရပ်လုံး၌သူ၏ အင်အားကို ခြိုးခြံခဲ့ပြီး စုစည်း၍ သုံးသင့်သည့်နေရာများ၌ သုံးစွဲခဲ့လေသည်။အင်ဖာကိုဟီးမားခံစစ်၌ ပုလဲနှင့် တစ်ဒင်တို့တွင် ရှိနေသော တပ်မများကို အင်ဖာလွင်ပြင်သို့ ပြန်သွင်းကာ စုစည်းခုခံခဲ့၏။ ထိုသို့မဟုတ်ပါက ဂျပန်တို့က ပြန့်ကျဲနေသည့် တပ်မတစ်ခုခြင်းကို ချေမှုန်းသွားမည်ဖြစ်လေသည်။စစ်ကူအဖြစ်လည်း ရခိုင်စစ်မျက်နှာမှတပ်များကို RAFနှင့်



www.burmeseclassic.com

www.burmeseclassic.com



AAF တို့ အကူအညီဖြင့် အင်ဖာစစ်မျက်နှာသို့ လေကြောင်းမှ Air Lift လုပ်ပြီး ဖြည့်တင်းခဲ့၏။ စစ်တကောင်းရှိ အနီးဆုံးတပ်မကိုမူ ခြေလျင်အမြန် ချီတက်စေခဲ့၏။ ကိုဟီးမားအတွက်စစ်ကူများကို လည်းအိန္ဒိယမှ ရထားဖြင့်လည်းကောင်း၊ လေယာဉ် ဖြင့်လည်းကောင်း မှာယူဖြည့်တင်းနိုင်ခဲ့၏။ ဤသို့ အားဖြင့် လေးငါးလ ကြာသည့်အင်ဖာကိုဟီးမား တိုက်ပွဲစဉ်ကြီးကိုအနိုင်ရခဲ့၏။ အလားတူပင်မိတ္ထီလာ တိုက်ပွဲတွင်လည်း ဧရာဝတီမြစ်ကို အဒိုက်ဖမ်း ဖြတ်ကူးကာ သံချပ်ကာကားများ အကူအညီဖြင့် ခြေလျင်တင် ပူးပေါင်းစစ်ဆင်ကာ လေးငါးရက်နှင့် ရည်မှန်းချက် မိတ္ထီလာကို သိမ်းနိုင်ခဲ့၏။ အင်အား ကိုစနစ်တကျအသုံးချနိုင်ခဲ့လေသည်။

(ဃ) **သတင်းစုံစွာရယူခြင်း။** သတင်းရယူခြင်းအပိုင်း၌ အစပထမပိုင်းကအားနည်းခဲ့သော်လည်း စလင်း သည် ဖက်တပ်ဖွဲ့ကဲ့သို့ ထောက်လှန်းရေးတပ်ဖွဲ့ များအား မြန်မာနိုင်ငံမြောက်ပိုင်းသို့ စေလွှတ်ပြီး သတင်းရယူနိုင်ခဲ့၏။ ဝင်းဂိတ်၏ ခြသေ့်များထံက လည်း သတင်းရယူနိုင်ခဲ့၏။ ဒေသခံတိုင်းရင်းသား





များထံမှလည်း သတင်းရယူနိုင်ခဲ့၏။ ၁၉၄၅တွင် မြန်မာမျိုးချစ် တပ်မတော်နှင့်ဆက်သွယ်မိပြီးသည့် အခါတွင်ကားသူလိုခြင်သည့်သတင်းအားလုံး ရရှိခဲ့ လေသည်။

(င) **လုံခြုံမှုရှိခြင်း။** စလင်းသည်ထိုးစစ်၌ သတင်း လုံခြုံမှုကို အထူးဂရုပြုခဲ့၏။ အထူးသဖြင့် မန္တလေး ကို တိုက်ဟန်ပြကာမိတ္ထီလာကို အရင်တိုက်ခိုက် သည့်တိုက်ပွဲ၌ သတင်းလုံခြုံမှုအထူးဂရုပြုခဲ့၏ တပ်တော်အတုနှင့်တပ်မကြီးအတုလုပ်ကာဆက် သွယ်ရေးစက်များကို အတုလုပ်စေကာ ဂျပန်တို့ လှည့်စားခဲ့၏။ သူ၏တပ်တော် ၁၄ နှင့်တပ်မကြီး (၄)တို့ ပခုက္ကူမှဧရာဝတီကို ဖြတ်ကူးပြီးမှသာ ဂျပန် တို့သတင်းရသွားကြ၏။ ထို့ကြောင့်ဂျပန် တို့မိတ္ထီလာ ခံစစ် ပြင်ဆင်ရန်များစွာ အချိန်နှောင်းသွားခဲ့၏။ သံချပ်ကာတပ်မဟာအကူဖြင့်မိတ္ထီလာကို လေးရက် ဖြင့် အရသိမ်းနိုင်ခဲ့၏။ မိတ္ထီလာရလိုက်သောကြောင့် ဂျပန်တို့ စစ်ယန္တရားပျက်ဆီးသွားပြီး တောင်ဘက် သို့ ခွာစစ်ဆင်သွားရသောအကျိုးကား သတင်း



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံမှု၏အကျိုးဆက်ဖြစ်ပါ၏။

(စ) **အငိုက်ဖမ်းနိုင်ခြင်း။** ဂျပန်တို့သည် စစ်တိုက်ရာတွင်အငိုက်ဖမ်းခြင်းSurprise ကိုအလွန်ကြိုက်သူများဖြစ်၏။ထိုသူများကို စလင်းကပြန်ပြီးအငိုက်ဖမ်းနိုင်ခဲ့၏။ ဥပမာမိတ္ထီလာတိုက်ပွဲ၌ မန္တလေးကိုရောင်ပြကာ မိတ္ထီလာကိုအရင်တိုက်ခဲ့ခြင်း၊ဧရာဝတီမြစ်ကိုအငိုက်ဖမ်းကာ ကူးနိုင်ခဲ့ခြင်း၊အင်ဖာကိုဟီးမားခံစစ်၌ အကူတပ် များကို လေကြောင်းမှ သယ်ယူဖြည့်တင်းနိုင်ခဲ့ခြင်းစသည့်တို့ကားစလင်း၏ အငိုက်ဖမ်းနိုင်ခဲ့မှုတစိတ်တဒေသဖြစ်လေသည်။

(ဆ) **လှုပ်ရှားမှုကောင်းမွန်ခြင်း။** စလင်းသည် ခွာစစ်၌သူ့တပ်များကို စနစ်တကျ ဟန့်စစ်ဆင်ကာဆုတ်ခွာခဲ့၏။ အလားတူပင် ချီစစ်နှင့်တိုက်စစ်၌လည်း အလျှင်စလိုဆောင်ရွက်ခြင်းများမရှိခဲ့ သေချာအောင်စနစ်တကျစီစဉ် ပြီးမှတစ်ဆင့်ပြီးတစ်ဆင့်လှုပ်ရှားချီတက်ခဲ့၏။ အင်ဖာထိုးစစ်မအောင်မြင်၍ ဂျပန်တို့ခွာစစ်ဆင်သွားရာနောက်သို့ သူ၏တပ်များအား





အတင်းအဓမ္မထပ်ချပ်မလိုက်စေဘဲ၊ စနစ်တကျစုဖွဲ့ကာ တစ်ထောက်နား စနစ်ဖြင့်သာလိုက်စစ်ဆင်ခဲ့လေသည်။ တကာယ်ပြည်သိမ်းစစ်ဆင်ရေးကို ၁၉၄၄ ခုနှစ် ဒီဇင်ဘာမှသူစခဲ့၏။အင်ဖာတိုက်ပွဲအပြီး လေးငါးလကြာအောင်ပြင်ဆင်ပြီးမှ သူ၏မြန်မာပြည်သိမ်း အထွေထွေထိုးစစ်ကြီးကို စတင်ခဲ့လေသည်။ စလင်း၏လှုပ်ရှားမှုများ မှန်ကန်ကြောင်းအောင်မြင်မှုများက သက်သေခံခဲ့ပါ၏။

(ဇ) **တိုက်စစ်ဆင်စွမ်းခြင်း။** စလင်းသည် သူ့တပ်တော်တစ်ခုလုံး တိုက်စစ်ဆင်နွှဲနိုင်အောင်Fighting Spirit ရှိအောင် နည်းမျိုးစုံနှင့် စွမ်းဆောင်ပေးခဲ့၏။ အာမံပြည်နယ်၌ တောတွင်း စစ်ဆင် ရေးများလေ့ကျင့်ပေးခဲ့၏။အိန္ဒိယတွင်လည်း လေ့ကျင့်ပေးခဲ့၏။ ပစ်ကူစစ်ကူနှင့် အုပ်ချုပ်မှုကိစ္စများ အတွက်လည်းRAFနှင့်AAFတို့အား အစွမ်းကုန် အသုံးချကာ သူ၏ခံစစ်တိုက်စစ်တို့၌ ထိရောက်အောင်ဆောင်ရွက်နိုင်ခဲ့၏။ ခြေလျင်တင့်ပူးပေါင်းစစ်ဆင်ရေးများကိုလည်း ရွှေဘိုလွင်ပြင်နှင့်မိတ္ထီလာလွင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



တို့တွင် ဆင်နွှဲပြလိုက်ခြင်းအားဖြင့် သူတပ်တော်၏တိုက်စစ်ဆင်စွမ်းခြင်းကို မြှင့်တင်နိုင်ခဲ့လေသည်။

(ဈ) ပူးပေါင်းဆောင်ရွက်ခြင်း။ စလင်းသည်ပင်ကိုယ်စိတ်နေသဘောထား အလွန်ကောင်းသူဖြစ်ခြင်းကြောင့် မည်သူနှင့်မဆို တွဲအောင်ပေါင်းခဲ့၏။ အမေရိကန်လူကတ်ကြီး စတီဝဲလ်နှင့်လည်း သူတွဲ၏။ထင်ရာမြင်ရာ ဖွတ်ရွှတ်လုပ်တတ်သည့်ဗိုလ်ချုပ်ဝင်းဂိတ်လို ခပ်ပေါက်ပေါက် လူများနှင့်လည်းအဆင်ပြေ၏။ ဉာဏ်နီဉာဏ်နက်အလွန် များသည့်တရုတ် ဗိုလ်ချုပ်ကြီး ချန်ကေရှိန်နှင့်လည်းသင့်အောင်နေ၏ဗိုလ်ချုပ် ကြီးဂစ်ဖစ်နှင့် အရှေ့တောင်အာရှသေနာပတိဗိုလ်ချုပ်ကြီး မောင့်ဘက်တန်တို့ကိုမူသူလေစား၏။ ထို့ကြောင့်သူ့အားအမေရိကန်တွေ၊တရုတ်တွေကပိုင်းကူသည်။ သူ၏အောင်မြင်မှုများတွင်အမေရိကန်လေတပ်A.A.F အကူအညီကားအများကြီးပါပေ။ ရေတပ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန် သူ့အထက်တပ်မှူးကြီးဖြစ်လာသောအခါသူသည် RoyalNavy နှင့်လည်းအဆင်ပြေ





အောင်နေခဲ့သည်။ရန်ကုန်ကို ဘုရင့်ရေတပ်မှတက်သိမ်းပိုက်ရေးကိုသူလက်ခံခဲ့သည်။ ထို့ကြောင့်လည်းနောက်ဆုံးတော့ သူအောင်မြင်မှုများအဆက်မပြတ် . ရရှိပြီးအမြင့်ဆုံးရာထူးသို့ပင် ရောက်ရှိခဲ့လေသည်။

(ည) အုပ်ချုပ်မှုထောက်ပံ့မှုကောင်းမွန်ခြင်း။ စလင်းသည် စစ်ပွဲဆင်နွှဲရာ၌ အုပ်ချုပ်ထောက်ပံ့မှု အလွန်အရေးကြီးကြောင်း သဘောပေါက်သူဖြစ်၏။ တကယ့်အင်္ဂလိပ်စစ်သားကြီးပီပီ အုပ်ချုပ်ထောက်ပံ့မှုကို အလွန်အလေးထားခဲ့၏။ မြန်မာပြည်ခွာစစ်တွင် အုပ်ချုပ်ထောက်ပံ့မှုညံ့ဖျင်းခြင်းကြောင့် သူ့လူတွေအများအပြား သေကျေခဲ့ရသည်ကို သူသိသည်။ ထို့ကြောင့် သူ့တပ်တွေရှိသည့်နေရာတိုင်းစားနပ်ရိက္ခာနှင့်ဆေးဝါး၊ ခဲယမ်းမီးကျောက်ပြည့်စုံရေးကို သူအလေးထားပြီးဆောင်ရွက်ခဲ့၏။အင်ဖာကိုဟီးမားကို ဂျပန်တွေဝင်တိုက်စဉ်ကသူ့အုပ်ချုပ်ထောက် ပံ့မှု Logistics ကို လေကြောင်းမှ လုပ်ပေးခဲ့၏။ ဂျပန်တို့မှာအင်ဖာလွင်ပြင်အထိ ခရီးဝေး



www.burmeseclassic.com

www.burmeseclassic.com



ချိတက်ပြီး တိုက်ရသဖြင့် ရေရှည်တွင် အုပ်ချုပ် ထောက်ပံ့မှု မပြည့်စုံ တောဘဲ ရိက္ခာဆေးဝါး၊ ခဲယမ်းမီးကျောက် စသည်တို့ပြတ်လပ်ကာ မိုးဒါဏ်၊ ရေဒါဏ်၊ လေဒါဏ်နှင့် ရောဂါဘယ ဒါဏ်များကိုခံ စားရကာ နောက်ဆုံးခွာစစ်ဆင်ရတော့၏။ စလင်းက ဆုတ်ခွာသွားသောဂျပန်များနောက် ချက်ချင်းမ လိုက်ဘဲ သူ့တပ်တွေအတွက် လမ်းဖောက်၊ တံတားဆောက်၊ အုပ်ချုပ်ထောက်ပံ့မှု ကိစ္စများ ပြည့်စုံစွာဆောင်ရွက်ပြီးမှ တဖြည်းဖြည်းလိုက်စစ် ဆင်ခဲ့လေသည်။ သူသည် အာဖရိကားတွင်လည်း နေခဲ့ဖူးသဖြင့် အာဖရိကားမှ တိုက်ပွဲသတင်းများ ကိုလည်း သူကြားပြီးဖြစ်လေသည်။ အုပ်ချုပ် ထောက်ပံ့မှုပြည့်စုံခဲ့သော ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီ က အုပ်ချုပ်ထောက်ပံ့မှုညံ့ဖျင်းသော ဂျာမန်သဲ ကန္တာရမြေခွေးကြီး ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်ကို နိုင်လိုက်သည်ကိုလည်း သူသိပြီးဖြစ်သည်။ ထို့ ကြောင့်အုပ်ချုပ်ထောက်ပံ့မှုကို အလွန်ပြည့်စုံ ကောင်းမွန်အောင်ဆောင်ရွက်ပြီးမှ တိုက်ပွဲဝင်ခဲ့ရာ အရှုံးမှအနိုင်သို့ ပြောင်းလဲပြီး မြန်မာပြည် သိမ်းစစ်





ဆင်ရေးကို အောင်မြင်စွာ သူဆင်နွှဲနိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်ခင်ဗျား။

## စလင်းနှင့်ခံခွာတိုက်ချိစစ် ကဏ္ဍကြီး ၄ ရပ်

စလင်းနှင့် မြန်မာပြည်တိုက်ပွဲစဉ်များတွင် စလင်း သည် ခံခွာတိုက်ချိစစ်ကဏ္ဍကြီး လေးရပ်လုံးနှင့် ကြုံဆုံရ၏။

## စလင်းနှင့်ခွာစစ်

၁၉၄၂ ခု မတ်လတွင် အမှတ် (၁)မြန်မာ့တပ်မကြီး ၏ တပ်မှူးကြီးတာဝန်ကို အလက်စန္ဒားထံမှ ပြည်မြို့တွင် သူလွှဲပြောင်းလက်ခံခဲ့ရ၏။

သူတာဝန်လက်ခံပြီးဘာမျှမကြာလိုက် နာမည် ကျော်ရွှေတောင်တိုက်ပွဲကြီးနှင့် တန်းတိုးတော့၏။ သူ့တပ် အကြောင်းဘာမျှကောင်းကောင်းမသိသေးချိန်မှာပင် နောက်က ဆိုက်လာသည့် ဂျပန်တပ်များနှင့် သူ့တပ်များ ရွှေတောင် တွင် ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားတော့၏။

တောင်ငူတွင် အမှတ်(၅၅)ဂျပန်တပ်မ၏ ဝင်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကိုခံနေရသည့် အမှတ်(၂၀၀)တရုတ်တပ်မဖိအား လျော့သွားအောင် ရိုးမအနောက်က တန်ပြန်တိုက် စစ်တစ်ခု လုပ်ပေးရန် စတီးဝဲနှင့် ချန်ကေရှိုလ်တို့၏ မေတ္တာရပ်ခံချက်ကြောင့် သူ၏သံချပ်ကာတပ်မဟာကို ပြည်၏တောင်ဘက် ပေါင်းတည်ထိ ဆင်းခိုင်းရာမှလိုက်လာသည့် အမှတ်(၃၃) ဂျပန်တပ်မနှင့် ဟင်္သာတဘက်မှ ရန်ကုန်ကူးလာသည့်B.I.A များ၏တိုက်ခိုက်ခြင်းကို သူခံလိုက်ရခြင်းပါပေ။ သုံးရက် တိုင်တိုင်တိုက်ပွဲ ပြင်းထန်စွာဖြစ်ပြီးမှ သူ့တပ်များကို ရွှေတောင်မှဆုတ်၍ရသည်။

ပြည်မှမြောက်ဘက်သို့ အပြင်းဆုတ်ခွာသည်။ မကွေးမှသည် ရေနံချောင်းရောက်တော့ သူ့အထက်က ရေနံမြေကို ထိမ်းထားပါဦးဆို၍ ခဏ စစ်ရှန်တန့်သွားရာ နောက်ကလိုက်လာသည့် ဂျပန်များ၏ တိုက်ခိုက်ခြင်း ကိုခံရ ပြန်သည်။ ရေနံချောင်းတိုက်ပွဲတွင်လည်း သူ့တပ်မကြီး ကိုတောင်တွင်ကြီးရောက်နေသည့်တရုတ် ဗိုလ်ချုပ်လီကျင်၏ အမှတ် (၃၈)တရုတ်တပ်မက အတင်းလာဆွဲထုတ်မှ သူတပ်မကြီး ရေနံချောင်းကဆုတ်နိုင်တော့သည်။ ပြည်တိုက် ပွဲနှင့် ရေနံချောင်းတိုက်ပွဲတွင် သူ့တပ်မကြီး အထိနာသွား၏

ထို့ကြောင့် စလင်းက ခွာစစ်ကို ကြည့်မလိုမယ်



[illegible]၅ခုနှစ် မတ်လ(၉)ရက်နေ့က မန္တလေးတိုက်ပွဲကို ကွပ်ကဲနေသည့် အမှတ်(၁၉)အိန္ဒိယတပ်မ၊ တပ်မမှူး ဗိုလ်ချုပ်ရီးစ်



www.burmeseclassic.com

www.burmeseclassic.com



ထိန်မချန်မချန် ဟူသော Procedure အတိုင်းဆောင်ရွက်တော့သည်။ ထိုအခါကျမှ သူသက်သာသွား၏။ မန္တလေးဆုတ်သည့် ပင်မတပ်ကြီးသက်သာအောင် ကျောက်ဆည်တွင်တပ်မဟာ တစ်ခုထားခဲ့သည်။ မန္တလေးကတပ်တွေ ရောဝတီမြစ်ကြီးကူးပြီးမှ စစ်ကိုင်းတံတားကြီးကို ဖောက်ခွဲဖျက်ဆီးလိုက်သည်။ ဂျပန်တွေ ယန္တရားများနှင့် သူ့နောက်မလိုက်နိုင်အောင်လျှင် လုပ်ထားခဲ့ခြင်းဖြစ်၏။

စစ်ကိုင်းမှရွှေဘိုရေဦး၊ကလေးဝ လမ်းအတိုင်းဆုတ်သည်။ မဟာမြိုင်တောကြီးကို ဖြတ်သည်။ ချင်းတွင်းကူးပြီး ကဘော်ချိုင့်ဝှမ်း တမူးမှသည် အိန္ဒိယနိုင်ငံမိုးရေး ထိုမှသည် အင်ဖာအထိ ဒရကြမ်းချီတက်သွားသည်။အင်ဖားရောက်မှ သူ၏ အောင်မြင်စွာချီတက်ဆုတ်ခွာခြင်းကိုစွန့်ပြီတံတော့သည်။ တော်လဆန်းမှ နှစ်လကျော်သုံးလနီးပါး ဘုမသိဘမသိဖြင့် တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသော ဒေသဒွစလင်းသည် သူ၏အမှတ်(၁) မြန်မာ့တပ်မကြီးကို အကျအဆုံးနည်းနိုင်သမျှနည်းအောင်၊အောင်မြင်စွာ ချီတက်ဆုတ်ခွာသွားနိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com




## စလင်းနှင့်ခံစစ်

အိန္ဒိယရောက်တော့ သူ၏ဘားကိုးခေါ်အမှတ်(၁) မြန်မာ့တပ်မကြီးအား ဖျက်သိမ်းလိုက်ပြီး အာသံနယ် ခြားစောင့်အမှတ်(၄) အိန္ဒိယ တပ်မကြီး အောက်သွတ်သွင်း လိုက်တော့၏။ မသွတ်သွင်း၍လည်းမဖြစ်တော့၊ သူ့တပ်မ ကြီး၌မသေလို့ကျန်ခဲ့သော လူသောင်းဂဏန်းမျှသာကျန် တော့၏။ အားလုံးကလည်း သုံးလေးငါးလ ပြေးလာကြ ရသူများဖြစ်၍ အနားပေးအစားကျွေး၍ အားမွေးရပေဦးမည်။

စလင်းကိုမူအိန္ဒိယတွင် အရန်ထားရှိသည့် အမှတ် (၁၅) အိန္ဒိယတပ်မကြီး၏ တပ်မကြီးမှူးအဖြစ်တာဝန်ပေး လေသည်။ အမှတ်(၁၅)တပ်မကြီးက ကမ်းခြေစောင့်နှင့် မြို့စောင့်တာဝန်ယူရ၏။ စလင်းက သူ့တပ်မကြီးအား မြန်မာ နိုင်ငံပြန်တိုက်က အရံ့သင့်ဖြစ်စေရန် တောတွင်းစစ်ဆင်ရေး လေ့ကျင့်ခန်းများကို ပြုလုပ်စေ၏။

၁၉၄၃ ခုနှစ်ဩဂုတ်လတွင် အမှတ်(၁၅)တပ်မကြီး ကို ပြန်လည်ဖွဲ့စည်းပြီး ၁၉၄၃ ခုနှစ် ဒီဇင်ဘာလတွင် ဒုတိယဗိုလ်ချုပ်ကြီး ခရစ္စတီးဆင်ဦးစီးလျှက် ထိုတပ်မကြီး ရခိုင်ပြည်သိမ်း စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့လေသည်။






ဒရက်ကူလာစစ်ဆင်ရေးတွင် ရန်ကုန်သို့ မဟာမိတ်တပ်များကမ်းတက်ဝင်ရောက်လာပုံ (၁၉၄၅ ခု မေ ၂)

www.burmeseclassic.com

www.burmeseclassic.com




မြစ်ကြီးနားမြို့နှင့်ခလယာဉ်တွင်းမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



ဒုဗိုလ်ချုပ်ကြီးစလင်းကိုမူ ဗိုလ်ချုပ်ကြီးအဆင့်တိုးမြှင့်ပေးလိုက်ပြီး မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ရန်အတွက် အသစ်ဖွဲ့စည်းလိုက်သည့် အမှတ်(၁၄)တပ်တော်၏တပ်တော်မှူးအဖြစ် ခန့်အပ်ခဲ့လေသည်။

အမှတ်(၁၄) တပ်တော်မှူးတာဝန်ယူလိုက်ရသဖြင့် စလင်းသည် မြန်မာနိုင်ငံအပါအဝင်အိန္ဒိယအရှေ့ဖက်စစ်မျက်နှာများကိုတာဝန်ခံရသည့် တပ်မှူးကြီးဖြစ်လာခဲ့လေသည်။

တပ်တော်မှူးတာဝန်နှင့် သူသည် အမှတ်(၁၅) တပ်မကြီးအား ဒုတိယမြောက် ရခိုင်ပြည်သိမ်းစစ်ဆင်ရေးအားဆောင်ရွက်စေခဲ့၏။ ထိုတိုက်ပွဲတွင် သူအနိုင်ရလိုက်လေသည်။ သို့ရာတွင် ဤရခိုင်တိုက်ပွဲစဉ်များမှာဂျပန်တို့၏ အင်ဖာကိုဟီးမားသိမ်းပိုက်ရေးထိုးစစ် U.Go ဦးဂိုးစစ်ဆင်ရေးအတွက် ဂျပန်တို့က အင်္ဂလိပ်တို့၏ အရံတပ်များကို ထိမ်းချုပ်သည့် ယောင်ပြစစ်ဆင်ရေးဖြစ်ရာ စလင်း၏အောင်ပွဲမှာ ပြောပလောက်ဖွယ်ရာမရှိခဲ့ပါချေ။

၁၉၄၄ ခုနှစ် မတ်လတွင် ဗိုလ်ချုပ်ကြီး မူတာဂူချိအုပ်ကဲသည့် အမှတ်(၁၅) ဂျပန်တပ်တော်က အာသံပြည်နယ်ရှိ အင်ဖာနှင့် ကိုဟီးမားမြို့ကြီးနှစ်မြို့အား ထိုးစစ်ဆင်နွှဲလေတော့သည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ထောက်ပံ့မှုသာမက ပစ်ကူစစ်ကူများပါရရှိခဲ့ရာ ငါးလအကြာ အင်ဖာကိုဟီးမားတိုက်ပွဲ၌ အုပ်ချုပ်ထောက်ပံ့မှုညံ့ဖျင်းသော ဂျပန်တို့ လုံးဝအရေးနိမ့်သွားပြီး ဇွန်၊ ဇူလိုင်တွင် မြန်မာနိုင်ငံအနောက်ဘက်တောင်တန်းကြီးများပေါ် ပေါက်က ဒယီးဒယိုင်ဖြင့် ဆင်းချသွားကြရလေ တော့သည်။

အမှတ်(၁၅)တပ်တော်၏ အင်အားတစ်ဝက်ကျော်မှာ မြန်မာနိုင်ငံ၏ အနောက်ဘက်တောင်တန်းများပေါ်၌ ဖိဝိနှံချုပ်ငြိမ်းသွားခဲ့ရ၏။

## စလင်းနှင့် လိုက်စစ်ချီစစ်

ဂျပန်တို့ အရေးနိမ့်၍ အင်ဖာက ခွာသွားတော့ စလင်းနှင် သူ့တပ်မကြီးက နောက်မှလိုက်စစ်ဆင်တော့ သည်။

ယခင်ကမူ မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှ ကြည်းတပ်ဖြင့် ပြန်သိမ်းရန် အင်္ဂလိပ်တို့ မစဉ်းစားရဲကြ တောတွင်းတိုက်ပွဲကျွမ်းကျင်သည့် ဂျပန်စစ်သား နှစ်သိန်း သုံးသိန်းနှင့် မြန်မာတောတောင်များအတွင်း စစ်တိုက်ဘို့ အရေးဝန်လေးခဲ့ကြ၏။ သို့ရာတွင် အင်ဖာကိုဟီးမား





တိုက်ပွဲစဉ်များ၌ စလင်း၏နည်းဗျူဟာမှန်ကန်မှုကြောင့် ဂျပန်တို့ခွက်ခွက်လန်အောင် စစ်ရှုံး၍ ခေါင်းဆောင်ပိုင်းအားလည်း ဂျပန်ဘုရင့်စစ်ဌာနချုပ်က ဖယ်ရှားပစ်လိုက်ပြီဖြစ်၏။

စိတ်ဓာတ်ကျပြီး ကစဉ့်ကလျားဖြစ်နေသော ရန်သူအားလိုက်စစ်ဆင်ကာ လက်စတုန်းချေမှုန်းရန်မှာ ကြည်းတပ်၏တာဝန်သာဖြစ်၏။ ထို့ကြောင့်စလင်းက မြန်မာနိုင်ငံအတွင်း ချီစစ်လိုက်စစ်ကို လိုလိုလားလား တောင်းဆိုကာ ဆုတ်ခွာသွားသောရန်သူများနောက်သို့ လိုက်စစ်ဆင်ခဲ့၏။

အရှေ့တောင်အာရှ တပ်ပေါင်းစု သေနာပတိ မောင့်ဘက်တန်ကမူ ရေတပ်ဗိုလ်ချုပ်ကြီးဖြစ်၍ ရန်ကုန်ကို ရေကြောင်းမှပြန်သိမ်းရန်အားသန်ခဲ့၏။ သို့ရာတွင် စလင်း၏ လိုက်စစ်ကို မှခွင့်ပြုခဲ့၏။

စလင်းက တပ်မကြီးနှစ်ခုနှင့် လိုက်စစ်ဆင်ခဲ့၏။

ဒုဗိုလ်ချုပ်ကြီးမက်ဆာဗီ အုပ်ချုပ်သော အမှတ်(၄)တပ်မကြီးနှင့် ဒုဗိုလ်ချုပ်ကြီးစတော့ဖို့ဒ် အုပ်ချုပ်သော အမှတ်(၃၃)တပ်မကြီးတို့ ဖြစ်လေသည်။

ဂျပန်တို့ဘက်မှ မြန်မာပြည်တာဝန်ခံဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကဝါဘီကို ဖယ်ရှား၍ တိုကျိုစစ်ဌာနချုပ်က စစ်ရေးစွမ်းရည် ထက်မြက်လှသည့် ဗိုလ်ချုပ်ကြီး ကီမူရာကို မြန်မာပြည် စစ်မြေပြင် တာဝန်ခံအဖြစ်စေလွှတ်ခဲ့၏။ ကဝါဘီကို တိုကျိုသို့ ပြန်ခေါ်လိုက်၏။

ကီမူရာက ကစင့်ကလျားဖြစ်နေသော သူ့တပ်များကိုပြန်လည်စုစည်းကာ ခံစစ်အား ဧရာဝတီမြစ်ကြီး၏ အရှေ့ဖက်ကမ်းမှ တည်ဆောက်ခဲ့၏။

စလင်းက သူ့တပ်မကြီး ၂ ခုအား အောက်ပါအတိုင်း ချီတက်ရန် တာဝန်ပေးခဲ့၏။

**အမှတ်(၃၃) တပ်မကြီး။** ဟုမ္မလင်းဖောင်းပြင်မှ ရွှေဘိုလွင်ပြင်အား ဖြတ်ရှင်းပြီး မန္တလေးကို သိမ်းပိုက်ရန်။

**အမှတ်(၄)တပ်မကြီး။** ကလေးဝမှ တောင်ဘက်ကိုဆင်းပြီး ဧရာဝတီမြစ်အား ဖြတ်ကူး၍ မိတ္ထီလာကို သိမ်းပိုက်ရန်။

စလင်းက သူ့ချီစစ်ကို သတိကြီး စွာဆောင်ရွက်သည်။ U-GO စစ်ဆင်ရေးအရေးနိမ့်ပြီး ဂျပန်တို့ ဖူလိုင်လတွင် အင်ဖာမှဆုတ်ခွာသွားကြသော်လည်း စလင်းက ဒီဇင်ဘာလမှ သူ့ချီစစ်ကို စတင်သည်။

ချီစစ်ဥပဒေသမှာ ပါသည့်အောက်ပါအချက်များကို





သူရနိုင်သမျှ Apply လုပ်သည်။

ကျယ်ပြန့်စွာကင်းထောက်ခြင်း
ချီစစ်အဟုန်ထိမ်းသိမ်းခြင်း
လေကြောင်းအကူအသုံးပြုခြင်း
လက်အောက်သို့ အာဏာဖြန့်ဝေပေးခြင်း
မှန်ကန်စွာ စုဖွဲ့ခြင်း
စိတ်ဓာတ်ကောင်းမွန်ခြင်း
အုပ်ချုပ်မှုပြည့်စုံလုံလောက်ခြင်း

ဝသည့်တို့ဖြစ်ပါသည်။

သူ့တပ်မကြီးများတွင် သံချပ်ကာတပ်မဟာများပါဝင်လာရာ မြန်မာနိုင်ငံ၏အနောက်ရိုးမကို ဖြတ်၍ သံချပ်ကာ တပ်မဟာများကို ရအောင်ခေါ်လာသည်။ ချီစစ်ကို ဘဖြည်းဖြည်းသာဆောင်ရွက်သည်။ ဂျပန်တို့က ရွှေဘိုလွင်ပြင်တွင် မခုခံတော့မှန်းသူသိသောအခါ မိတ္ထီလာ ွင်ပြင်မှာ မလွဲမသွေအဆုံးအဖြတ် တိုက်ပွဲကြီးဆင်နွှဲရ ည်ကို သူသိသည်။ လွင်ပြင်စစ်ပွဲများတွင် သံချပ်ကာ ားများ၊ တင့်ကားများကားအစွမ်းထက်လှ၏။

ဂျပန်စစ်သူကြီး ကီမူရာက မိတ္ထီလာမှ ခုခံလိမ့် ည်မဟုတ်သည်ကို သူမှန်းဆရသည်နှင့် လေကြောင်းကင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်ခြင်းနှင့် လေကြောင်းအကူများကို A.A.F နှင့် RAF မှသူရယူခဲ့သည်။ သူ့တပ်မကြီး ၂ ခုလုံးကို အထိအခိုက် အရှုအနာ အနည်းဆုံးနှင့် ရည်မှန်းချက်မန္တလေးနှင့် မိတ္ထီလာ ကို ရောက်စေခဲ့သည်။ ဤသည်မှာ သူ၏ချီစစ်စုဖွဲ့မှုမှန်ကန် ခြင်းကြောင့်ဖြစ်လေသည်။

အခိုက်ဖမ်းကာ ဧရာဝတီမြစ်ကူး၍ မိတ္ထီလာကို တိုက်ခိုက်နိုင်ခဲ့သည်။

## စလင်းနှင့်တိုက်စစ်

စလင်းက ဧရာဝတီအရှေ့ဖက်မှ မိမိတို့အားခုခံရန် ကြံရွယ်ထားသည့် ဂျပန်စစ်သူကြီး ကိမူရာ၏ အကြံအစည်ကို မန္တလေးနှင့် မိတ္ထီလာ တိုက်သိမ်းလိုက်နိုင်ခြင်းအားဖြင့် အောင်ပွဲခံလိုက်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် မန္တလေးနှင့် မိတ္ထီလာ သိမ်းလိုက်နိုင်ခြင်းအားဖြင့် ပွဲပြီးသွားတော့သည်။ မန္တလေးက မျှော်လင့်ထား၍ ရက်သတ္တနှစ်ပတ်ခန့်ကြာအောင် တိုက်ယူရသည်။ မိတ္ထီလာကား ချီစစ်အခိုက်ရ၍ လေးရက်လောက်သာတိုက်ရသည်။ ဖေဖော်ဝါရီလ ၂၈ ရက်မှမတ်လ ၃





ရက် နေ့ထိဖြစ်သည်။

မြန်မာပြည်တိုက်ပွဲစဉ်များတွင် မန္တလေးတိုက်ပွဲနှင့် မိတ္ထီလာတိုက်ပွဲပြီးသွားသောအခါ ကြီးကြီးမားမား တိုက်ပွဲများမရှိတော့ပေ။ထိုတိုက်ပွဲများနောက်ပိုင်းတွင် ဂျပန်တို့မှာ ၁၉၄၅ ခုနှစ် စက်တင်ဘာလ လက်နက်ချသည့်အထိ တောက်လျှောက်ဆုတ်ခွာကြရတော့၏။

ဤကားစလင်း၏ အဆင့်မြင့် တပ်မှူးကြီး တစ်ဦး အနေဖြင့် စစ်ရေးအတွေး အခေါ်ကောင်းမွန်ကြောင်းပြသနိုင်ခဲ့မှုပင်ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

## ဝိလီယံစလင်းအပေါ် စာရေးသူ၏ ရှုမြင်သုံးသပ်ချက်

စစ်သူကြီးဆာဝိလီယံစလင်းအား ရှုမြင်သုံးသပ်ရာတွင် သူ၏စစ်ရေး စစ်ရာအရည်အသွေးများသာမက တစ်ကိုယ်ရေ ကိုယ်ရည်ကိုယ်သွေးများကိုပါ ခြုံငုံသုံးသပ်မှ ပြည့်စုံမည်ဖြစ်ပေသည်။

(စလင်းအား အခြားသော စစ်ခေါင်းဆောင်များ၊ နိုင်ငံအကြီးအကဲများ၊ စာရေးဆရာကြီးများ၏ သီးခြားသုံးသပ်ထားသည့်စာတမ်းစာစောင်များ မတွေ့ရသဖြင့် ကျွန်တော်၏ အမြင်နှင့် သုံးသပ်ချက်ကိုသာ ဖော်ပြလိုက်ရပါသည်။ စာရေးသူ)

စလင်းတွင် ဂျာမန်ဗိုလ်ချုပ်ကြီး အာဝင်ရွမ်မဲလ်လို ခင့်ဝါမှုနှင့် တဖွတ်ထိုးလုပ်မှုမျိုး၊ လူထူးလူဆန်းဗြိတိသျှ ဗိုလ်ချုပ်အော်ဒီဝင်းဂိတ်လို တယူသန်ရဲရဲညီးညီး ဖွဲ့နပဲမျိုး၊ အမေရိကန်ဗိုလ်ချုပ်ကြီးဂျော့ချ်ပက်တန်လို အလျင်စလို အတင်းအဓမ္မလုပ်မှုမျိုး၊ အမေရိကန်ဗိုလ်ချုပ်ကြီး ဂျိုးဇက်



www.burmeseclassic.com

www.burmeseclassic.com



စတီးဝဲလ်လို ကြမ်းကြုတ်ခက်ထန် ရိုင်းပြမှုမျိုး လုံးဝမရှိဟု ဆိုကြသည်။

**စလင်း၏ဥပဓိရုပ်။** ။စလင်းသည် ကြီးမား ကြံ့ခိုင်သော ကိုယ်လုံးနှင့်အရပ် ၆ပေကျော်မြင့်၏။ မေးရိုး ကားကား စူးရှတောက်ပသောမျက်လုံးနှင့် ဗြိတိသျှတပ်မတော်သုံး တောခေါင်းဦးထုပ်ကို အမြဲလိုလိုဆောင်းထားတတ်၏။ ယုံကြည်အားထားဖွယ်ရာ ဥပဓိရုပ်နှင့်ပြည့်စုံလေသည်။ စလင်းသည် သူ၏တပ်ကို သိမ်သိမ်မွေ့မွေ့ အုပ်ချုပ်ကွပ်ကဲတတ်ပြီး တပ်မှူးပီသသူ ဖြစ်ယုံမက ထိုစဉ်က ဗြိတိသျှအရာရှိကြီးအတော်များများတွင် တွေ့ရတတ်သည့် ဟိတ်ဟန်နှင့် ကိန်းကြီးခန်းကြီးနိုင်မှုသူ့မှာ မရှိခဲ့ချေ။ ထို့ကြောင့် သူအုပ်ချုပ်ခဲ့သည့် အမှတ်(၁၄)တပ်တော်က သူ့ကို **"Uncle Bill"** ဦးလေးကြီးဘီလ်ဟု ကင်ပွန်း တတ်ကာ အရာရှိအရာခံ အကြပ်တပ်သားအားလုံး၏ ချစ်ခင်မှုကို ရခဲ့လေသည်။ သူ၏နာမည်အပြည့်အစုံမှာ William Bill Slim ဖြစ်၏။

**စိတ်နေသဘောထား။** ။စလင်းသည် စစ်သားနှင့်စာရေးဆရာဉာဉ်နှစ်မျိုးလုံးပါလာသည့် စာဆိုစစ်သူဖြစ်၏။ သူသည် တပ်မတော်ထဲမဝင်မီက ဘာမင်ဂမ်Birmingham မြို့တွင်





တစ်ပတ်လျှင် ၁၇သျှီလင် ၆ပဲနီသာရသည့် ကျောင်းဆရာလေးလုပ်ခဲ့ရ၏။သူစာသင်ပေးခဲ့ရသည့်ကလေးများမှာအဆင်းရဲဆုံး အကြမ်းတမ်းဆုံးနှင့် သူတို့ဘဝအခက်အခဲများကြောင့် ခေါင်းမာ သူကလေးများဖြစ်ကြသည်။

ရေမချိုး၊ မိုးမချိုးနှင့်ညစ်ညစ်ပေပေ ရိုင်းရိုင်းစိုင်းစိုင်းကလေးများကို ကြုံတွေ့ရသောအခါ သူ့အရင်ကကျောင်းဆရာများကအလုပ်မှချက်ချင်းနှုတ်ထွက်သွားကြ၏။ စလင်းမှုကား ဤကလေးများ၏ ကြေးညှော်အညစ်အကြေးတို့ဖုံးအုပ်နေသည့်အတွင်းပိုင်းမှ ကြံ့ခိုင်ခွဲမြဲသော သူရသတ္တိကိုလည်းကောင်း၊ အာဟာရချတ်ချို့တဲ့မှုဖြင့် ပိန်ကပ်နေသောမျက်နှာများတွင်ဒုက္ခသုက္ခကိုကြံ့ကြံ့ခံနိုင်သည့် စိတ်ဓာတ်များကိုလည်းကောင်း၊ ဆင်းရဲမွဲတေသည့်ကြားမှ သစ္စာစောင့်သိမှုနှင့် ရယ်မောနိုင်မှုတို့ကိုလည်းကောင်း သိမြင်ခဲ့သဖြင့် ဘပ်ထဲမဝင်မီ ထိုအလုပ်တွင် စွဲမြဲနိုင်ခဲ့လေသည်။

စလင်း တပ်မတော်အရာရှိဖြစ်လာချိန်တွင် ဤကျောင်းဆရာဘဝအတွေ့အကြုံများက သူ့အားအောက်ခြေအဆင့်စစ်သည်များနှင့် ဆက်ဆံရေး၌ များစွာ အထောက်အကူပြုခဲ့ပေသည်။

သူ့၏ကွပ်ကဲမှုအောက်မှ အခြားအဆင့် Other



www.burmeseclassic.com

www.burmeseclassic.com



Rank သာမန်စစ်သည်များအား မည်သည့်အချက်က လှုံ့ဆော်တိုက်တွန်းနိုင်သည်၊ မည်သည့်အချက်က သူတို့ကို စိတ်ပျက်အားငယ်သွားစေနိုင်သည်၊ မည်သည့်အချက်များက စိတ်ဓာတ်တက်ကြွလာအောင်နှိုးဆွပေးနိုင်သည်တို့ကို သူနားလည်ခဲ့လေသည်။

စလင်းသည် သူ၏ရဲဘော်များအား စကားပြောရာတွင် မည်သည့်အခါမှ အထက်စီးကပြောလေ့ပြောထ မရှိ၊ တန်းတူရည်တူထားပြောတတ်၏။ ဤအချက်က သူ့ရဲဘော်များက သူ့ကို သစ္စာရှိနေပြီး ထာဝရရိုသေလေးစားမှုကို ရရှိခဲ့လေသည်။

စလင်းသည် အကောင်းမြင်ဝါဒသမား Optim - istic တစ်ယောက်ဖြစ်၏။ လူတိုင်းကို အကောင်းမြင်တတ်၏။ မည်သူနှင့်မှ မတဲ့သည့်အမေရိကန် ဗိုလ်ချုပ်ကြီး စတီးဝဲလ်နှင့် ပင်တဲ့အောင်သူပေါင်းခဲ့၏။ စတီးဝဲလ်က အင်္ဂလိပ်လူမျိုး နှင့် အင်္ဂလိပ်အငွေ့အသက်ဟူသရွေ့ အလွန်မုန်းတီးသူဖြစ်၏။ စတီးဝဲလ်သည် အင်္ဂလိပ်တပ်တော်မှူး ဗိုလ်ချုပ်ကြီးဂစ်ဖတ်နှင့် ဗိုလ်ချုပ်ကြီးဝေဗယ်လ်တို့အား ''အလကား အခြောက်တိုက် ဘဝင်မြင့်နေတဲ့သူတွေ၊ သူတို့ထဲမှာ ပေါင်းလို့သင်း လို့ကောင်းတာ ဗိုလ်ချုပ်စလင်းဘဲရှိတယ်''





မြန်မာပြည်စစ်မြေပြင်တွင် ဝီလီယံစလင်း၏ရဲဘော်ရဲဘက်ဖြစ်သူ
အမေရိကန်ဗိုလ်ချုပ်ကြီးစတီးဝဲလ်

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်အတွင်းက ဗိုလ်ချုပ်ဝင်းဂိတ်နှင့် ဗိုလ်ချုပ်ကြီးစလင်း
တို့ကိုအာသံပြည်တစ်နေရာတောတွင်း၌တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ခါက ပြောခဲ့ဘူး၏။ စလင်းကလည်း လူတကာ့ ချဉ်ဖတ်ကြီး စတီးဝဲလ်ကို အကောင်းမြင်ခဲ့၏။

"သူ့အသက်အရွယ်နဲ့ စစ်မြေပြင်မှာ ဒီလောက် အလုပ်လုပ်နိုင်တာ သူပဲရှိပါတယ်၊ အံ့သြစရာပါပဲ"

ဟု သူ၏ Defeat into Victory စာအုပ်ထဲ၌ ရေးသားခဲ့ဘူးပါသည်။

အလားတူပင် လူတကာနှင့်မတည့်သည့် ဝင်းဂိတ် ကိုလည်း သူက အကောင်းမြင်ခဲ့၏။ ဝင်းဂိတ်သေဆုံးသွား သောအခါ "ရဲရဲငြီးငြီး မီးတောက်တစ်ခု အချိန်မတိုင်ခင် ငြိမ်းသွားခဲ့ရရှာချေပြီ" ဟုဆိုခဲ့သည်။ ဝင်းဂိတ်ကို သူကောင်းကောင်းထိမ်းနိုင်ခဲ့၏။

အလားတူပင် စစ်တောင်းတိုက်ပွဲ၌ အရေးနိမ့်သွား သဖြင့် ဖယ်ရှားခံခဲ့ရသည့်တပ်မမှူး ဂျေဂျီစမိုက်နှင့် ပထမ အိုင်တိုက်ပွဲစဉ်တွင်အရေးနိမ့်သွားသဖြင့် ဖယ်ရှားခံခဲ့ရသည့် တပ်မ(၁၄)တပ်မမှူး လွိုက်တို့အားလည်း ဂရုဏာသက် ကြောင်း သူ၏စာအုပ်တွင် ဖော်ပြခဲ့လေသည်။

သူ့လက်အောက် အရာရှိအားလုံးနီးပါးကိုအကောင်း မြင်ကသာကြည့်ပြီး အထက်အရာရှိကြီးများ ဖြစ်သည့် ဗိုလ်ချုပ်ကြီးဂစ်ဖတ်၊ ဗိုလ်ချုပ်ကြီးဝေဗယ်လ်၊ ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမောင့်ဘက်တန် တို့ကိုလည်း သူအကောင်း မြင်ခဲ့၏။ မောင့်ဘက်တန်ရုပ်ရည်အလွန်ချောမောကြောင်း ဥပဓိရုပ်အလွန်ကောင်းကြောင်းကိုလည်း သူစာများ၌သူ ဖော်ပြ၏။ သူ့ထက် အသက်၁၀နှစ်ငယ်သော်လည်းမောင့်ဘက်တန် ကို အရှေ့တောင်အာရှသေနာပတိအနေနှင့် သူအလွန်လေးစားခဲ့၏။ သူကကြည်းတပ်၊ မောင့်ဘက်တန်က ရေတပ်ဖြစ်၍ စစ်ရေးစစ်ရာ အမြင်ခြင်းမတူသော်လည်း အတိုက်အခံ မလုပ်ခဲ့ပေ။

နောက်ဆုံးကြည်းတပ်နှင့်ရေတပ် ရန်ကုန်ကို အပြိုင်သိမ်းကြရာ ကြည်းတပ်က အရင်ရောက်နိုင်သော်လည်း ရေတပ်ကို ဦးစားပေး၍ သူကတစ်ရက်ခွာပြီးမှ ရန်ကုန်ကိုဝင်ရောက်ခဲ့လေသည်။

သူသည်ယုတ်စွအဆုံး သူနှင့်ဖက်ပြိုင်ခဲ့သည့် ဂျပန်စစ်သားများကိုပင် အကောင်းမြင်ခဲ့သူဖြစ်၏။ သူ့ကို ခံတိုက်သည့်မိတ္ထီလာမြို့စောင့် တပ်မှူးဂျပန်ဗိုလ်ချုပ်ကာဆူယာနှင့် ဂျပန်မြို့စောင့်တပ်များ၏သူရသတ္တိကို သူချီးကျူး၏ ဂျပန်စစ်သူကြီးကီမူရာ၏ စစ်ရေးအတွေးအခေါ်များကို လေးစား၏။ အင်ဖာမှခွာစစ်ဆင်သွားသည့် ဂျပန်တပ်များ စနစ်တကျ ဟန့်စစ်ဆင်နိုင်သည်ကို သူအသိအမှတ်ပြု၏





"နောက်ဆုံးတစ်ယောက်ကျန်သည့်အထိ တိုက်မယ်လို့ စစ်သားတိုင်းကပြောကြတယ်။ အဲဒီစကားအတိုင်း တကယ်တိုက်သွားတာကတော့ ဂျပန်စစ်သားပဲ"

BURMESE CLASSIC

ဟု ဂျပန်စစ်တပ်ကို သူ Credit ပေးခဲ့၏။

ဤကား အလွန်လူကြီးလူကောင်းပီသသော စလင်း၏စိတ်နေသဘောထားများပါတည်း။

နိဂုံးချုပ်ဖော်ပြရပါက စစ်သူကြီးဆာဝီလီယံ စလင်းသည်ကား ထင်ရှားကျော်ကြားမှု၊ ချီးကျူးဂုဏ်ပြုခံရမှုအောင်မြင်မှုတို့ကို ရရှိသူတိုင်း၌ ချွတ်ယွင်းချက်ကလေး အနည်းအကျဉ်းတော့ရှိစမြဲ၊ ကျောက်ကောင်းမှန်ရင် အနာပါ စမြဲဟူသောဥပဒေသကြီးနှင့် အကျုံးမဝင်ဘဲ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လျက် ယုံရခက်လောက်အောင်ပင် အလွန်အကောင်းလွန်နေသော စစ်သားကြီးတစ်ဦး ဟုသာ ဆိုရပါပေခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



## စလင်း၏ဘဝနိဂုံး

မြန်မာပြည်တိုက်ပွဲစဉ်များ အဆုံးသတ်၍ ရန်ကုန်သိမ်းပြီးသည်နှင့် စလင်းသည် အရှေ့တောင်အာရှဒေသ မဟာမိတ်ကြည်းတပ်ဖွဲ့များ၏ သေနာပတိချုပ် အဖြစ်ခန့်အပ်ခံခဲ့ရသည်။

၁၉၄၅ ခုနှစ် ဂျပန်လက်နက်ချခြင်း အခမ်းအနားများပြီးဆုံးသွားပြီးနောက် စလင်းအား ဗြိတိသျှအစိုးရက ဗြိတိသျှအင်ပိုင်ယာ ကာကွယ်ရေးကောလိပ် British Empire Defence College ၏ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်ခဲ့လေသည်။

၁၉၄၈ ခုနှစ်၌ စလင်းအား အနားယူသွားသည့် စစ်သူကြီးမောင်ဂိုမာရီ၏ နေရာတွင် ဗြိတိသျှအင်ပိုင်ယာ စစ်ဦးစီးအဖွဲ့ ၏ ဦးစီးချုပ်အဖြစ်ခန့်အပ်ခဲ့ပြန်၏။

စလင်းကားဗြိတိသျှတပ်မတော်၏ အမြင့်ဆုံးရာထူး ကြည်းရေလေ ဦးစီးချုပ်ဘဝသို့တိုင်ရောက်ရှိခဲ့လေသည်။

ဤကိစ္စနှင့်ပတ်သက်ပြီးစလင်းက

''သိပ်အံ့ဩဖို့ကောင်းတာပဲ၊ သူတို့ကကိုယ့်ကို ဦးစီးချုပ်ခန့်လိုက်ပြီ''





ဟု ဇနီးသည် Aileen အီလင်းအား ရာထူးခန့်ခံရသည့်နေ့က အစိုးရအဖွဲ့အစည်းအဝေးတက်ရောက်ပြီး ပြန်လာသည်နှင့် အထက်ပါအတိုင်းပြောခဲ့သည်ဟုဆို၏။ ထိုအချိန်က သူ့အသက် ၅၁ နှစ်သာရှိပါသေးသည်။

၁၉၅၃ ခုနှစ်တွင် ဩစတေးလျ ဘုရင်ခံချုပ်ခန့်အပ်ခံရ၍ ၁၉၆၀ ခုနှစ်ထိ ထိုတာဝန်ကိုထမ်းဆောင်ရသည်။ တာဝန်များမှ အနားယူပြီးချိန်ထိ ဝင်ဆာရဲတိုက်မှူးနှင့်ဘုရင်ခံအဖြစ် ဂုဏ်ပြုတာဝန်ပေးခြင်းခံခဲ့ရလေသည်။

၁၉၇၀ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် သူ့အသက်(၇၃) နှစ်တွင် အေးချမ်းစွာဖြင့် စလင်းကွယ်လွန်ခဲ့ပါသည်။

ဤသည်ကား ဒုတိယကမ္ဘာစစ်က မြန်မာပြည်မြေပြင်၌ မဟာမိတ်တို့ဘက်မှ အကျော်ကြားဆုံးသော ဗြိတိသျှစစ်သူကြီးဆာဝီလီယံစလင်း၏ ဘဝနိဂုံးပါခင်ဗျား။

ပြီးပါပြီ။

သောင်းဝေဦး

၂၂-၃-၂၀၁၀



www.burmeseclassic.com

www.burmeseclassic.com



## မှီငြမ်းကိုးကားသော စာအုပ်များ

1. Defeat into Victory, William Slim.
2. Second World War, Winston Churchill.
3. Beyond The Chindwin, Fergusson.
4. The Road past Mandalay, John Masters.
5. Burma Campaign, Major K.L Shama.
6. Slim, Brenda Ralph Lewis.



## သောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ

၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်
၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း
၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)
၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)
၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)
၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)
၇။ သေကံမရောက် သက်မပျောက်
၈။ ဣတ္ထိယခေါ် မိန်းမတို့သည်
၉။ ယောကျ်ားတို့အကြောင်း
၁၀။ ကျွန်တော် လယ်သမားကြီး
၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ
၁၂။ ဒါ့သားများ စစ်ထဲဝင်ရင်လေ
၁၃။ ကြည်း ရေ လေ တပ်မတော်အတွင်းက သူငယ်ချင်းတွေ
၁၄။ မြစ်မှသည် ရောဝတီ
၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ
၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များအမှတ်(၁)
၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များအမှတ်(၂)
၁၈။ ဣတ္ထိယခေါ် မိန်းမတို့သည်နှင့် ယောကျ်ားတို့အကြောင်း
၁၉။ ဒင်ကိုတို့စစ်သား
၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များအမှတ်(၃)
၂၁။ ကျွန်တော် ဂေါက်သီးသမား
၂၂။ ဒိုင်းဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ



www.burmeseclassic.com